www.burmeseclassic.com

# ဇနဝ

## လှိုင်းမပုတ်လို့ပြိုတဲ့ကမ်း



ဒီည ... နေမပူပါဘူး

ဒါပေမဲ့ ... နှလုံးသားတွေ

ခြောက်သွေ့အက်ကွဲနေတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၆၁၁၀၇၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၁၉၇၀၈၀၉
ထုတ်ဝေသူ - ဒေါ်သင်းသင်းမွန် (သင်းစာပေ)
(မြ-၀၄၂၃၂)၊ အမှတ် (၁၀)၊
ရတနာမြိုင်လမ်း၊ (၁၂)ရပ်ကွက်၊
လှည်းတန်း၊ ကမာရွတ်မြို့နယ်။
မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးကျော်စိန် (ကျောက်စိမ်းပုံနှိပ်တိုက်)
အမှတ် (၁၇၁)၊ ၃၃-လမ်း(အထက်)၊
ရန်ကုန်။
ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်၊
နိုဝင်ဘာလ။
တန်ဖိုး - ၁၂၀၀ ကျပ်
အုပ်ရေ - ၅၀၀
ဖြန့်ချိရေး - မြတ်စာပေ
အမှတ် (၁၉၀)၊ ၃၁-လမ်း၊
ရန်ကုန်မြို့။ ဖုန်း-၇၀၄၄၉၀
အထက်မြန်မာပြည်ဖြန့်ချိရေး - နဂါးစာပေ (မန္တလေး)
ထွန်းဦးစာပေ (မန္တလေး)

၈၉၅ . ၈၃
နေခ
လှိုင်းပုတ်လို့ ပြိုတဲ့ကမ်း /နေခ။ - ရန်ကုန်
သင်း၊ ၂၀၀၉
၁၇၀ - စာ ၊ ၁၃. ၅ × ၁၈ စင်တီ။
(၁) လှိုင်းပုတ်လို့ပြိုတဲ့ကမ်း

www.burmeseclassic.com

www.burmeseclassic.com

# ဓနုဒ

# လှိုင်းပုတ်လို့ပြိုတဲ့ကမ်း

(အချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

# နေခ

BURMESE CLASSIC .com

# လှိုင်း
# ပုတ်
# လို့
# ပြို
# တဲ့
# ကမ်း

---

ဖြန့်ချိရေး
**မြတ်စာပေ**
အမှတ်(၁၉၀)၊ ၃၁-လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၄၄၄၉၀

www.burmeseclassic.com

www.burmeseclassic.com

ဘဝမှာ အရိုးစွဲနေတဲ့ ခံယူချက်နဲ့ အယူအဆတစ်ခုက သူ့ရင်ထဲမှာ အမြဲတိန်းမအောင်းနေပါတယ်။ အဲဒါဘာလဲဆိုတော့ ထူးစစ်နဲ့ပတ်သက်ပြီး ဘယ်သူ့တို့မှ အရှုံးမပေးဘူးဆိုတဲ့ ခံယူချက်နဲ့ ထူးစစ်သာလျှင် သူ့မစတာနဲ့ အရိပ်အောက်မှာ ရှိနေမယ်ဆိုတဲ့ အယူအဆတစ်ခုပါ။

စုနဒီ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

အဆောင်ပိုင်ရှင် ဦးလေးသောင်းက အပေါ်ထပ်ကို တက်လာပြီး ဆူညံသည်လာတယ်လို့ ပြောလိုက်တာကြောင့် လူးစစ်အိပ်ယာကနေ လူးလဲ ထလိုက်ပါတယ်။

နာရီကြည့်လိုက်တော့ မနက်ခုနစ်နာရီပဲ ရှိသေးတယ်။ ညက တစ်နာရီ တော်မှ အိပ်ရတဲ့အတွက် အိပ်ရေးက သိပ်မဝချင်ဘူး။ သူနဲ့အတူတူနေတဲ့ လွင်ဦးတတော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်လို့။ ပါးစပ်ကလည်း ပွစိ ပွစိနဲ့ တေနှ အိပ်မက်ထဲမှာ ရည်းစားနဲ့ချိန်းတွေ့နေတာ ဖြစ်မယ်။

လူးစစ်ပုဆိုးကို သေသေချာချာပြင်ဝတ်ပြီး အောက်ကိုဆင်းလာခဲ့တယ်။ အောက်ရောက်တော့ ဖုပ်သိုးသိုးမျက်နှာနဲ့ရပ်နေတဲ့ စုနဒီကိုတွေ့လိုက်လို့ အလိုလို ပခုံးတစ်ချက် တွန့်မိသွားတယ်။ အမှန်က အစောကြီးထဲက စုနဒီ မှန်းသိဖို့ တောင်းပါတယ်။ သူ့ဆီကို သူမကလွဲပြီး ဘယ်သူလာတတ်လို့လဲ။ ခုဆို စောင့်ရလို့ စိတ်ဆိုးနေမှန်း မျက်နှာမှာ ပေါ်လွင်နေတယ်။

"မနက်အစောကြီး သွားစရာရှိလို့လားတင်"

သူက စုနဒီနဲ့မျက်နှာချင်းဆိုင်လိုက်တဲ့အချိန်မှာ လေသံကို အတတ်နိုင်ဆုံး လျော့ချပြီး မေးလိုက်တာပါ။ ဒီလိုပါပဲ သူတာ ဘယ်လောက်ပဲ သတ္တိရှိတဲ့လူ ဖြစ်ပါစေ။ သူမရှေ့ကိုရောက်တိုင်း လေသံနဲ့အပြုအမူကို အတတ်နိုင်ဆုံး ပြေပြစ်အောင် ပြုမူပြောဆိုရလေ့ရှိပါတယ်။

"ဘာအစောကြီး ရှိသေးတာလဲ။ အခု မနက်ခုနစ်နာရီ ထိုးနေပြီ။ နင်တို့ ယောက်ျားလေးတွေတာ အရမ်းကို အအိပ်ကြီးတာပဲ"

စလာပြီ။ ဒါတာ ပြဿနာ[illegible]ကိုဖို့ဖို့ စကားလုံးတွေ ရွေးချယ်လိုက် တာ။

"ထားပါတော့တာ. . .အခု နင်ဘယ်သွားမလို့လဲ"

"ဘုရားသွားပြီး ယကြာချေရမှာလေ . . . ဘာလဲ နင် မေ့သွားပြီလား"

www.burmeseclassic.com



"မမေ့ပါဘူးတာ . . . ငါက မနေ့ကပြောတဲ့ ဗေဒင်ဆရာ စကားကို နင်မယုံဘူးထင်နေတာ"

"ထူးစစ် . . . နင်အရမ်းစကားများတာပဲ။ အခုမြန်မြန် မျက်နှာသွားသစ်၊ မြန်မြန်ဆိုတာ အမြန်ဆုံးကို ပြောတာ နော်။ ယခုကြာက ခုနစ်နာရီတနေ ရှစ်နာရီကြား အပြီး ချ ရမှာ"

"ငါ မလိုက်လို့မရဘူးလား"

"လုံးဝမရဘူး . . . နင်လိုက်ခဲ့ရမယ်"

သူရဲ့မဖြစ်နိုင်မှန်းသိတဲ့ အယူခံကို သူမက ရှုမ်းချက်ဖြေ ပယ်ချလိုက် အခြင့် ဘယ်မှမပြောတော့ဘဲ အခဆောင်ထဲ ပြန်ဝင်လိုက်တယ်။ ထို့နောက် ကိုယ်လက်သန့်စင်ပြီး အဝတ်အစားလဲကာ အမြန်မြန်ထွက်လာခဲ့တယ်။

"ဒီလိုကျတော့ မြန်သားပဲ"

သူမက သူမြန်ထွက်ထွက်လာခြင်း ဆီးပြောပြီး ရှေ့ကနေ ထွက်သွားလို့ နှဲအောင် မနည်းလိုက်ခဲ့ရတယ်။ ဒီလိုနဲ့ နှစ်ယောက်အတူတူ ယှဉ်လျှောက် ခဲ့တဲ့အချိန်မှာ သူမက ဂုဏ်ယူဝင့်ကြွားတဲ့လေသံနဲ့ သူ့ကိုလှည့်ပြီး ထပ်ပြော တယ်။

"ဒီမှာ ထူးစစ် . . . ငါ့လိုသူငယ်ချင်းမျိုး နင့်တစ်သက် ဘယ်တော့မှ ရှာတွေ့မှာမဟုတ်ဘူး"

"ဘယ်လို အထောက်အထားမျိုးနဲ့ ပြောတာလဲ စုနဒီ"

"နင့်ကို ကုသိုလ်ရမယ့် နေရာမျိုးခေါ်သွားလို့လေ"

"ဘာမှမဆိုင်ပါဘူးတာ . . . ကုသိုလ်၊ အကုသိုလ်ဆိုတာ ဘုရားရှိခိုး၊ ပုတီးစိပ်၊ သတ်သတ်လွတ်စားမှ ရတာ မဟုတ်ပါဘူး။ အဲဒါတွေကို လုကြားကောင်းအောင်လုပ်ပြီး စိတ်ဓာတ်က ညစ်ညမ်းပေစုတ်နေရင် အလကားပဲ။ အရေး ကြီးတာ စိတ်နဲ့ပဲဆိုင်တယ်။ စိတ်သာလျှင် ဘဝတစ်ခုကို ပြောင်းလဲနိုင်တယ်"

"အပိုတွေမပြောနဲ့ ထူးစစ်။ နင်တို့ယောကျ်ားလေးတွေ တာ ဘုရားနဲ့ဘုန်းကြီးကျောင်းသွားရမယ်ဆိုရင် ချေးပြည် သွားရသလို အသေအလဲ ကြောက်နေကြတာ။ မဟုတ်တဲ့ နေရာဆို ရှေ့ဆုံးကပဲ"

"အဲဒီထဲမှာ ငါမပါဘူး . . . စုနဒီ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကြင့် ငါ့ခေါ်တာ ဘာလိုပြင်းလဲ"

"အရမ်းအိပ်ချင်နေလို့ပါ . . . ညက တစ်နာရီလောက်မှ အိပ်ရတယ်"

"ဟင် . . . ဘာလုပ်နေတာလဲ"

သူစဉ်းစားလိုက်ပြီး . . .

"ဒီလိုလေတာ . . . မရသေးတဲ့စာတွေများနေလို့ ကျက်နေတာ"

သူလိမ်တာ မပိရိလို့ ထင်ပါတယ်။ သူမက ရိပ်မိသွားတယ်။

"ဘာလို့ လိမ်ပြောနေတာလဲ ထူးစစ်။ ညက မိန်းကလေး အဆောင်ရှေ့မှာ ဝစ်ကာသွားတီးတာ မဟုတ်လား"

သူမစကားကြောင့် ပြဿနာတော့ စပြီလို့ စိတ်ထဲမှာ တွေးလိုက်မိတယ်။ အဲ့ကြောင့် အဆင်ပြေဆုံးနဲ့ သူမကျေနပ်လောက်မယ့်စကားကို ရွေးချယ်ကာ ဆင်ခြေပေးလိုက်တယ်။

"ငါ ဆန္ဒလုံးဝမပါဘူးဆိုတာ အတိအကျ အာမခံတယ် စုနဒီ၊ လွင်ဦး တောင်းတောင်းပန်ပန်နဲ့ အတင်းခေါ်လို့ အားနာပြီး လိုက်တီးပေးတာ။ အခု နင်ဘုရားသွားပြီး ယကြာခွေမှာ မဟုတ်လား။ ကုသိုလ်လုပ်မဲ့လူက ဒေါသ မထွက်ရဘူး။ စိတ်မဆိုးရဘူး . . . ပြီးတော့ ကိုယ့်ကို ကူညီမဲ့လူကိုလည်း ရန်မရှာရဘူး။ နင့်စိတ်ကို ထိန်းလိုက်ပါတာ . . . ငါတောင်းပန်ပါတယ်"

စုနဒီ အောက်နှုတ်ခမ်းလေးကို ကိုက်ကာ သက်ပြင်းချလိုက်တယ်။ ငယ်ငယ်လေးထဲက ခင်မင်လာသူမို့ ထူးစစ်နဲ့ပတ်သက်ရင် ဘယ်အရာကိုမှ သည်းမခံချင်ပါ။

"ငါ ဘုရားသွားမှာမို့ စိတ်လျှော့လိုက်တာနော်။ အခြား အချိန်ဆို နင်မလွယ်ဘူး"

"ကျေးဇူးတင်ပါတယ် ဟာ"

သူစိတ်ထဲမှာ သူမစိတ်လျှော့သွားလို့ အရမ်းဝမ်းသာတယ်။ တော်သေးတာပေါ့။ ဘုရားတယ်လို့ . . . နို့မို့ဆိုရင် မလွယ်ဘူး။

"ထူးစစ်"

"ဟင်"

"ငါ မကြိုက်တာကို နင်ဘာဖြစ်လို့ လုပ်နေတာလဲ"

www.burmeseclassic.com



"ငါ့သနားဆိုတာ ခက်တယ်ကွ၊ ဝဲ့ကို ဝစ်တာတီးတာ ကချာရေးတာနဲ့ဆွယ်ရင် ဘယ်လိုမှနေလို့မရဘူး"

"အဲဒီ လွယ်လွယ်လေးပဲ၊ နင် ဝစ်တာတီးချင်ရင် ငါ့ကို ပြော"

"ဘာလုပ်မလို့လဲ"

"ငါလာ နားထောင်ပေးမယ်"

"ကချာရေးချင်ရင် ဘယ်လိုလုပ်မလဲ"

"အဲဒါ ပိုလွယ်တယ်၊ ကိုယ့်စာအုပ်ထဲမှာ ကိုယ်ရေးပြီး သိမ်းထားပေါ့"

"နင်ပြောမှပဲ ရှင်းရှင်းလင်းလင်းသိရတော့တယ်၊ ပညာရှိမရယ်

တင်း တင်း တင်း

သူမ သဘောကျစွာနဲ့ ရယ်မောလိုက်ပါတယ်၊ သူ့အရို့ သူမရယ်သံတော နှလုံးသားမှာ အမြဲတမ်း ပျော်ဝင်နေတဲ့ သံယောဇဉ်အစိုင်အခဲလေးတွေဆိုတာ ဘယ်သူသိနိုင်မှာလဲ၊ သူငယ်ချင်းဆိုတဲ့ သံယောဇဉ်တံတိုင်းကို အကြိမ်ကြိမ် ခြတ်ကျော်ပြီး သူမရင်ထဲက ချစ်တံခါးကို နိုးကြောင်နိုးရှတ်နဲ့ ဖွင့်ဖို့ကြိုးစား နေတာကြာပါပြီ၊ သူ့ရင်ထဲမှာ သူမကို ချစ်လိုက်မိတဲ့အချိန်တစပြီး မှုန်ကြွပ် ဝိတ်လှောင်နေတဲ့ အခန်းကျဉ်းလေးထဲမှာ ချက်မမြင်လူတစ်ယောက်လို ထွက်ပေါက်ပျောက်နေပြီ မတုတ်ပါလား။

www.burmeseclassic.com



❀❀❀

သုရားရင်ပြင်ပေါ်ရောက်တော့ သုမက ယူလာတဲ့ ဖယောင်းတိုင်နဲ့ အမွှေးတိုင်များကို အစီအစဉ်တော်မှာ သေချာတပ်လျှုပြီး ဘုရားရှိခိုးနေတယ်။

သုလည်း တစ်ယောက်ထဲ ငေါင်တောင်တောင်ဖြစ်နေလို့ ဆုတောင်းပြည့် ကျောက်တုံးဆီ လျှောက်သွားပြီး အောက်ပါအတိုင်း ဆုတောင်းလိုက်တယ်။

"တပည့်တော်သည် စုနန်းအား အမှန်တကယ်ချစ်မြတ်နိုး ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ဤကျောက်တုံး သည် ပေါ့ပါးစေသတည်း"

သုဆုတောင်းပြီးတာနဲ့ တပြိုင်တည်း ကျောက်တုံးကို တောက်မလိုက် တယ်။ ဒါပေမယ့် ကျောက်တုံးက ထင်သလိုမပေါ့ဘဲ တော်တော်ကြီး လေးနေ သဖြင့် စိတ်ထဲမှာ မကျေမနပ်ဖြစ်သွားပြီး နောက်တစ်ကြိမ် ထပ်ဆုတောင်း လိုက်ပါတယ်။

"တပည့်တော်သည် စုနန်းအား အမှန်တကယ်ချစ်မြတ်နိုး ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် ဤကျောက်တုံး သည် စောစောကအတိုင်း လေးပါစေသတည်း"

သု ဒုတိယအကြိမ်ဆုတောင်းပြီး ကျောက်တုံးကို တောက်မလိုက်တယ်။ ဒီတစ်ခါတော့ ကျောက်တုံးက စောစောကထက် ပိုလေးသလို ခံစားမိလိုက်လို့ အမြန်ပြန်ချကာ အားရဝမ်းသာနဲ့ လက်အုပ်ချီပြီး ပြောလိုက်တယ်။

"အရှင်မြတ်ဘုရား . . . သားတော်ဒုတိယကိုပဲ အတည် သတ်မှတ်ပါတယ် ဘုရား။ ပထမက အစမ်း 'မ' ကြည့်တာပါ ဘုရား"

သုပြောပြီးတဲ့အချိန်မှာပဲ အနားကို သုမရောက်လာတယ်။

"ဘာလုပ်နေတာလဲ"

"တဲ . . . တဲ . . . ဆုတောင်းနေတာ"

"ထူးထူးဆန်းဆန်း ဘာဆုတောင်းတာလဲ"

"စာမေးပွဲအောင်ပါစေလို့"

www.burmeseclassic.com

www.burmeseclassic.com


ဒီတစ်ခါတော့ သူ့စကားကိုယုံသွားပြီး ဘာမှဆက်မမေးတော့ဘဲ ရေ့ထွက်သွားတယ်။

ဒီလိုနဲ့ သူမကိုပြန်ပို့ပြီး အဆောင်ပြန်လာတော့ လွင်ဦးက ကျောင်းသွားဖို့ အသင့်ဖြစ်နေပြီ။

"အစောကြီး စုနဒီလာခေါ်တာဆို"

"တုတ်တယ် . . . ဘုရားသွားတာပါ"

"ဘယ်လိုလဲ . . . တော်တော်ပျော်လာရဲ့လား"

"အချစ်ဆိုတဲ့အရာက လူတွေရဲ့စိတ်ကို အစဉ်နုပျို လန်းဆန်းစေမှန်း မင်းသိပါတယ်"

"ထင်လို့ပါကွာ . . . အချစ်အဆိပိလို့ ဆိုစာနေတဲ့လူမျိုး မင်းမှ မတွေ့ဘူးတာ"

"ဘယ်လိုလူမျိုးလဲ"

"အသဲကွဲတဲ့ လူတွေလေ"

"ဒါတော့ မင်းပြောမှလား"

သူ နံရံမှာချိတ်ထားတဲ့ ဝစ်တာကိုဖြုတ်လိုက်တော့ လွင်ဦးက . . .

"မင်း ဘာလုပ်မလို့လဲ"

"ဝစ်တာတီးမလို့"

"မတီးနဲ့တော့ကွာ . . . ငါဗိုက်ဆာနေပြီ"

"မတီးနဲ့တော့ကွာ . . . ငါဗိုက်ဆာနေပြီ"

"တစ်ပုဒ်ထဲပါကွာ"

"ဒီလောက်တီးချင်လည်း နေခဲ့တော့၊ ငါသွားတော့မယ်"

"တာ . . . ငါပါလိုက်မယ်"

သူ ဝစ်တာပြန်ချိတ်ပြီး လွယ်အိတ်ကို ကောက်ကိုင်ကာ လွင်ဦးနောက် ကပ်လိုက်လာခဲ့တယ်။ လမ်းမရောက်တော့ သူနဲ့လွင်ဦး ပခုံးချင်းယှဉ်ပြီး လျှောက်မိကြတယ်။

"မင်း ငါ့ခံစားချက်ကို လုံးဝနားလည်မပေးဘူး"

"ဘာခံစားချင်လဲ . . . ငါက ဘာကို နားလည်ပေးရမှာလဲ"

"စုနဒီနဲ့ ပတ်သက်ပြီးပြောတာ"

"တော်စမ်းပါ ထုးစစ်ရယ်၊ မင်းရဲ့ အပ်ကြောင်းထပ်နေတဲ့ အကြောင်းအရာကို နားထောင်ရတာ ငြီးငွေ့လာပြီ၊ မင်း ချင်ရင် တနင်္ဂနွေမှ ဆက်ပြော . . . နားလည်ပေးရ


www.burmeseclassic.com

www.burmeseclassic.com



မိုက်လည်း ဆာဆိုရင် အမြန်ဆုံး ငါသေသွားလိမ့်မယ်”

လွင်ဦးရဲ့ ခပ်ဆတ်ဆတ် စကားလုံးတွေကြောင့် သူအောင့်သက်သက်နဲ့ ငါ့စော်ပိတ်ထားလိုက်ရတယ်။ ခုချိန်မှာ လွင်ဦးက သူ့ရဲ့ဆရာ . . . အချစ်နဲ့ ပတ်သတ်ထားရင် လွင်ဦးဆိုတဲ့အကောင်က PHD တောင် ယူလို့ရနေပြီ။ ယခုအချိန်အထိ လွင်ဦးရဲ့ဘဝမှာ လိုက်လို့မရဘူးဆိုတဲ့ မိန်းမ,မရှိခဲ့ဘူး။ လွင်ဦးကလည်း လုပါ။ မရနိုင်ဘူးထင်တဲ့ မိန်းကလေးတွေဆိုရင် ယောင်လို့တောင် မငဲ့ဘူး။ ဘာပဲဖြစ်ဖြစ် လွင်ဦးက သူ့ထက် အများကြီးသာပါတယ်။

ကန်တင်းရောက်တော့ လွတ်နေတဲ့စားပွဲဝိုင်းမှာ သူတို့နှစ်ယောက် ထိုင်လိုက်ကြတယ်။ အချိန်က နည်းနည်းစောနေသေးလို့ ထင်တယ်။ ကန်တင်းမှာ ကျောင်းသား၊ ကျောင်းသူအချို့သာ တွေ့ရတယ်။

“မင်းဘာစားမလဲ . . . ထူးစစ်”

“တင့်အင်း . . . စုနဒီနဲ့ စားလာပြီးပြီ”

လွင်ဦး ဘာမှဆက်မမေးတော့ဘဲ ထမင်းကြော်ကို ကြက်ဥနဲ့မှာလိုက်တယ်။ အမှန်က သူဘာမှမစားရသေးပါ။ စုနဒီနဲ့ အတူတူစားချင်လို့သာ လိမ်ညာလိုက်တာ။ ကြက်ဥက အဆင်သင့်ကြော်ပြီးသားမို့ ခဏဆိုတဲ့အချိန်အတွင်းမှာပဲ လွင်ဦးရှေ့ကို ထမင်းကြော်တစ်ပွဲရောက်လာတယ်။

“ဒီနေ့ထမင်းကြော် နည်းနည်းများတယ်နော်”

“ထင်လို့ပါ”

သူဘာမှထပ်မပြောဘဲ နှုတ်ပိတ်နေလိုက်တယ်။ လွင်ဦးကလည်း တော်တော် တော်ပါတယ်။ အားနာ ပါးနာနဲ့ စားပါဦးလို့တောင်မပြောဘဲ ထမင်းကြော်ကို တစ်ယောက်ထဲ စားနေတယ်။ ဒီတော့ သူလည်း အလကား ရတဲ့ ရေနွေးပဲ အဖော်ပြုရတော့တာပေါ့။ အဲ့ကို လွင်ဦးက ရိပ်မိသွားတယ်။

“မင်းဘာဖြစ်နေတာလဲ ထူးစစ်”

“ငါဘာဖြစ်လို့လဲ”

“ရေနွေးပဲ နင်းကန်သောက်နေလို့ပေါ့ကွာ”

“ပြော် . . . အဲ့လား။ ငါရေနွေးသောက်တာ အကြောင်း ရှိတယ်ကွ။ ပြောချင်တဲ့စကားလုံးတွေ ထွက်ကျလာမှာ စိုးလို့ ရေနွေးသောက်ပြီး ဖြန်ထည့်နေတာ”

လွင်ဦးစိတ်ပျက်စွာနဲ့ စားနေတာကို ခဏရပ်လိုက်တယ်။ ဘယ်လို တောင်မှန်းမသိဘူး။ တစ်နေ့တစ်နေ့ ဒီအကြောင်းအရာချည်း ထပ်ပြောနေ တော့ စိတ်ညစ်လာမိရော။ မပြောပါနဲ့လို့ တားရင်လည်း နားမထောင်ချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com


ဆို့ထင်ဦးမယ်။ ဒါကြောင့် သိပြီးသားအဖြေကို မေးခွန်းအဖြစ်နဲ့ မေးလိုက်တယ်။

"မင်း စုနဒီကို ဘယ်လောက်ချစ်တဲ့အကြောင်းပြောမလို့ မတုတ်လား ထူးစစ်"

"အေး . . . မင်းဘယ်လိုသိလဲ"

"ဒီမှာ ငါပြောမယ် ထူးစစ်။ စုနဒီကို တကယ်ချစ်ရင် ဖွင့်ပြောလိုက်လေ . . . ဘာမှအချိန်ဆွဲနေစရာမလိုဘူး။ ငါပြောတာ ရှင်းလား"

"ရှင်းပါတယ်ကွာ . . . ဒါပေမယ့် မဖြစ်ဘူးထင်တယ်။ ငါဖွင့်ပြောလိုက်လို့ ပြန်မချစ်ဘဲ စိတ်ဆိုးသွားရင် ခင်မင်တဲ့ သူငယ်ချင်းသံယောဇဉ်လေးပါ ဆုံးရှုံးသွားလိမ့်မယ်။ စုနဒီကို ငါအဆုံးရှုံးမခံနိုင်ဘူး။ အခုအချိန်ထိ သူ့ကိုငါချစ်တယ်လို့ ဖွင့်မပြောဘဲ မြိုသိပ်နေရတာဟာ ငါ့ကိုစွန့်ပစ်သွားမှာ ကြောက်လို့။ ခုလောလောဆယ်မှာ သူ့ကိုချစ်သူတစ်ယောက် အဖြစ် ပိုင်ဆိုင်ခွင့်မရပေမယ့် သူ့အနားမှာ နေခွင့်ရှိတယ်။ သူ့ရယ်သံမှာ မိန်းမော ဘာယာခွင့်ရှိတယ်။ ငါ့အပေါ် တဖက်သတ် အနိုင်ယူ စိုးမိုးနေတာတွေကို ကြည်နူးခွင့် ရှိတယ်"

"မတုတ်သေးဘူး ထူးစစ်။ မင်းရဲ့ အတွေးအခေါ်တွေ မှားပြီ။ ဒီမှာ ငါပြောပြမယ် . . . သေသေချာချာ နားထောင်။ စုနဒီကို ဖွင့်ပြောခွင့်ရတဲ့အချိန်မှာ မင်းရဲ့ သံယောဇဉ်၊ မင်းရဲ့ ချစ်ခြင်းမေတ္တာကို မဖွင့်ထုတ်ဘူးဆိုရင် ဒီလို အခွင့်အရေးမျိုး နောက်ဆိုတာရှိမှာ မတုတ်ဘူး။ ဒီလိုသာ သူငယ်ချင်းဆိုတဲ့ အတိုင်းအတာတစ်ခုထဲနဲ့ ကျေနပ်နေပြီး ချစ်တဲ့စိတ်ကို မြိုသိပ်ထားမယ်ဆိုရင် ကျိန်းသေပါတယ်။ တစ်နေ့ကျရင် စုနဒီက မင်းကိုစွန့်ပစ်သွားလိမ့်မယ်။ ပိုင်ဆိုင်ခွင့်နဲ့ မျှော်လင့်ချက်ရှိတဲ့အချိန်မှာတောင် မကြိုးစားခဲ့ဘူးဆိုရင် စွန့်လွှတ်ရတဲ့အချိန်ကြမှ မှားယွင်းတဲ့ နောင်တတွေနဲ့ . . . ငါ့ကိုတွေ့တွဲမပြန်နဲ့။ လုံးဝ ဝမ်းနည်းမှာ မတုတ်ဘူး . . . ထူးစစ်"

လွင်ဦးအပြတ်ပြောလိုက်လို့ ထူးစစ် တွေဝေ ဆေးဆေးသွားတယ်။ ရင်ထဲ


www.burmeseclassic.com

www.burmeseclassic.com



မှာတော့ စုနန္ဒီကိုချစ်တဲ့အချစ်တွေ ပြည့်ကြပ်သပ်နေပါတယ်။ လွင်ဦးပြောသလို စုနန္ဒီကိုသာ စွန့်လွှတ်ခဲ့ရရင် သူအမြန်ဆုံး သေသွားနိုင်ပါတယ်။

"လွင်ဦး . . . ငါ့သူ့ကို အရမ်းချစ်တယ်ကွာ"

"မင်း တကယ်ချစ်တယ်ဆိုတာ ငါယုံတယ် . . .ထူးစစ်၊ ဒါကြောင့်လည်း ဝိုင်းဆိုင်ခွင့်ရဖို့ ကြိုးစားနိုင်းတာပေါ့။ စစ်ပွဲတစ်ပွဲရဲ့အဖြေကို သိချင်ရင် တိုက်ကြည့်ရတယ်ကွ။ ဒီအတိုင်းထိုင်ပြီး စိတ်တူးယဉ်နေရင် ဘယ်တော့မှတိကျတဲ့ အဖြေထွက်လာမှာ မဟုတ်ဘူး။ တကယ်လို့ အဖြေထွက်လာရင်လည်း လက်တွေ့မဟုတ်တဲ့အတွက် မှန်ချင်မှပဲ ဖြစ်လိမ့်မယ်။ အောင်မြင်မှုကို လိုချင်ရင် ဆုံးရှုံးခြင်းကိုလည်း ရင်ဆိုင်နိုင်ရမယ်။ မင်းက ကဗျာနဲ့သီချင်းရေးချင်တဲ့လူ၊ အနုပညာသမားဆိုတာ လက်တွေ့ထက် အတွေးသမားက ပိုများတယ်။ ဒါကြောင့် မင်းရဲ့အတွေးတွေကို ကဗျာနဲ့ သီချင်းရေးတဲ့နေရာမှာပဲ အသုံးချပါ။ ဘဝမှာဖြစ်ပေါ်လာတဲ့ ကိစ္စတိုင်းကို လက်တွေ့ကျကျရင်ဆိုင်ဖို့ ငါတိုက်တွန်းချင်တယ်။ ဒီအတိုင်း မင်းရဲ့အတွေးတွေမျောနေရင် စုနန္ဒီဆိုတဲ့ မိန်းမတစ်ယောက်ကို စွန့်လွှတ်ရလိမ့်မယ်။ အဲဒါကို မင်း စိတ်ထဲမှာ စွဲစွဲမြဲမြဲထားလိုက်"

"တာ"

လွင်ဦးပြောတဲ့အတိုင်း တကယ်ဖြစ်လာနိုင်မလား။ ဒါပေမယ့် စုနန္ဒီရဲ့ စိတ်ဓာတ်ကို အကြွင်းမဲ့ယုံကြည်ထားသဖြင့် လွင်ဦးစကားလုံးများကို ငြင်းဆန်မိတယ်။

"မဖြစ်နိုင်ဘူး . . . လုံးဝမဖြစ်နိုင်ဘူး။ စုနန္ဒီမှာ အဲဒီလို စိတ်ဓာတ်မျိုး မရှိဘူးဆိုတာ ငါယုံကြည်တယ်၊ ဒီမှာလွင်ဦး မင်းကို ငါအနူးအညွှန့် တောင်းပန်ပါတယ်ကွာ။ စုနန္ဒီရဲ့ ဝေးရမယ်ဆိုတဲ့ အကြောင်းအရာကလွဲပြီး ကျန်တဲ့စကားလုံး တွေကို ရှာလို့မတွေ့ဘူးလား။ သူ့နားမှာနေပြီး ချစ်နေခွင့်ရှိတဲ့ကာလမှာတောင် ငါ့နှလုံးသားတွေ ကွဲကြေမတတ် ခံစားနေရတာ။ တကယ်သာ စွန့်လွှတ်ရမယ်ဆိုရင် ဘာတွေ ဖြစ်လာမလဲဆိုတာ လုံးဝမတွေးရဲဘူး . . . တွေးတောင်း မတွေးခဲ့ဘူး"

www.burmeseclassic.com


"လောကမှာ ဘယ်အရာမှ ကြိမ်းသေတွက်ထားလို့ မရဘူး ထူးစစ်၊ အထူးသဖြင့် မိန်းမတွေရဲ့ အပြောင်းအလဲ မြန်ပြီး သာယာနားတတ်တဲ့စိတ်ကို တသက်မတ်ထဲ ထင်ထားရင် မှားသွားလိမ့်မယ်၊ အဲကြောင့် ဘာမှမစဉ်းစား နဲ့တော့"

"ငါ့ဘဝတစ်ခုလုံး နောင်တတွေ တသိကြီးနဲ့တစ်စီ စုတ်ပြတ် သွားမှာကို စိုးရိမ်တယ် . . . လွင်ဦး"

"အဲဒီလိုလည်း မင်းသဘောပဲလေ"

လွင်ဦးကျွန်တဲ့ ထမင်းကြော်ကို ဆက်စားလိုက်တယ်၊ သူကတော့ လွင်ဦး ထမင်းကြော်စားနေတာကို မမြင်နိုင်တဲ့အထိ ကြေကွဲနေပါတယ်၊ ပြီးနောက် ခုံအောက်မှာရှိတဲ့ ခဲလုံးလေးကိုကောက်ယူပြီး ကန်ရေပြင်ထဲကို ပစ်ချလိုက်တော့ ရေပြင်မှာ ရေပွက်သေးသေးလေးပေါ်လာတယ်၊ ပြီးတော့ တဖြည်းဖြည်းကြီးလာပြီး ကမ်းကိုရောက်တဲ့အချိန်မှာ ပျောက်ကွယ်သွားပါ တယ်၊

စုနှင်း ငါ့ရဲ့အချစ်တွေလည်း ရေပွက်လေးလို ဖြစ်မှာလားတင်၊ နှင့်အပေါ်မှာ အသယ်လေးထဲက ထားခဲ့တဲ့ သံယောဇဉ်သေးသေးလေးဟာ အရွယ်ရောက်လာတာနဲ့ တပြိုင်တည်း တဖြည်းဖြည်းထုထည်ကြီးမားလာပြီးမှ မထင်မရှား ပျောက်ကွယ်ရမှာလား . . . .။

www.burmeseclassic.com

www.burmeseclassic.com



ထူးစစ် ဝရယ်တီတယ် အခန်းထဲဝင်အထိုင်မှာ အရင်ရောက်နေတဲ့ စုနဒီက မျက်စောင်းထိုးလိုက်သဖြင့် ရယ်ပြုလိုက်တယ်။ သူတို့နှစ်ယောက်က **roll-no** ကပ်လျက်ပဲလေ။ သူမက စာကိုစိတ်ဝင်စားသလောက် သူကတော့ တစ်နေ့တစ်နေ့ သူမရဲ့အလှအပေါ်မှာပဲ သာယာနေမိတယ်။

"နင် ဘယ်သွားနေတာလဲ"

သူမမေးသံက တိုးတိုးလေးပါ။ ဘေးက ကျောင်းသူ၊ ကျောင်းသားတွေ ကြားမှာစိုးလို့ ထင်တယ်။

"လွင်ဦးနဲ့ တန်တင်းမှာထိုင်ပြီး စကားပြောနေတာ ဘာမှ တောင် မစားရသေးဘူး"

သူက သူမသနားသွားမလားလို့ ပြောလိုက်မိတာပါ။ ဒါပေမယ့် သူမဆီက ပြန်ပြီးထွက်ပေါ်လာတဲ့ စကားသံမှာ သနားဂရုဏာခြင်းတွေ ပါမလာပေ။

"ရေအသွားအလာ ဆင်ခြင်နော် . . . တော်ကြာမှ ငါ့အဆိုး မဆိုနဲ့"

"အေးပါဟာ . . . တိုမှာ . . . ဆရာမ ဘာတွေပြောမှန်း မသိဘူး"

သူတို့နှစ်ယောက်က စကားပြောနေကြသဖြင့် ဆရာမရှင်းပြနေတဲ့ လက်တွေ့သင်ခန်းစာတွေကို မကြားလိုက်မိပေ။ ခုမှ သေချာပြန်ပြီးနားစိုက် ထောင်မိကြတယ်။ ဆရာမက ပုစ္ဆာတစ်ပုဒ်ကို ရှင်းပြပြီး လက်တွေ့စမ်းသပ် အဖြေရှာခိုင်းတယ်။ သူမက ကြိုးကြိုးစားစားနဲ့ စမ်းသပ်အဖြေရှာနေပေမယ့် သူကတော့ အေးအေးဆေးဆေးပဲ။ ပြီးမှ သူမဆီက ကူးချလိုက်မယ်လေ။ ဒီလိုလုပ်လာတာ ကျောင်းစတက်တဲ့ အချိန်တည်းက ဆိုပါစို့။ ခဏကြာတော့ သူမက အဖြေတစ်ခုရသွားသဖြင့် သူ့ကိုပြကာ မေးလိုက်တယ်။

"ငါ့အဖြေမှန်လား ထူးစစ်"

"အေးမှန်တယ်"

သူက သူမတွက်ထားတဲ့ ပုစ္ဆာရဲ့ အဖြေကိုကြည့်ပြီး ခပ်တည်တည်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ရေးလိုက်တယ်။

ဒီလိုနေရာမှာ သူမက တော်ပါတယ်။ ကူးရေနေကြဆိုတော့ ရှောရှော ခွဲ ခွင့်ပြုတယ်။ ကူးရေးပြီးတဲ့အချိန်မှာ သူမစာအုပ်ကိုပါယူကာ ဆရာမ တွဲပေါ် သွားတင်လိုက်တယ်။

လတ်တွေ့စမ်းသပ် သင်ခန်းစာပြီးသွားသောကြောင့် ကျောင်းသား၊ ချောင်းသူအားလုံး ရှုပ်စိ၊ ရှုပ်စိဖြစ်လာကြတယ်။ သူ့စိတ်ထဲမှ- သူမရဲ့ သိသင်းရနံ့လေးကို မြတ်မြတ်နိုးနိုး ရှူရှိုက်ပြီး နင်ဘာကြောင့် အရမ်းလှ ထဲလို့ မေးကြည့်ချင်မိတယ်။ ဒါပေမယ့် သူမဆီက ပြန်လာမယ့် ဒေါသ အေးတွေက မုန်းတိုင်းထက်ပိုပြီး ကြောက်စရာကောင်းမှန်း သိနေသဖြင့် ရဲပေ။

စုနဒီဆိုတဲ့ သူမဟာ တက္ကသိုလ်တစ်ခုလုံးရဲ့ အလှဘုရင်မပါ။ သူမ ရှာနေပြီး သူမအချစ်ကို လိုချင်တဲ့လူတွေဆိုတာ ရေတွက်လို့ရမယ် သူး။ ဒါပေမယ့် ဘယ်သူမှအနားကို မကပ်ရဲကြပေ။ ဘာကြောင့်လဲဆို ့ သူမဟာ မာနကြီးတယ်။ စကားပြောရင် ပြတ်သားတယ်။ စိတ်မထင်လျှင် ခုတ်စက်စက် တုံ့ပြန်တတ်တယ်။ ဒါတွေကြောင့် သူမကို ကြောက်လန့် ကြတာ။

ဆရာမက အမှတ်ခြစ်ပြီး roll-no ခေါ်ကာ စာအုပ်တွေ ပြန်ပေးတယ်။ နှစ်ယောက်လည်း စာအုပ်တွေပြန်ရတော့ ကန်တင်းဘက်ကို ထွက်လာ တယ်။ သူ ဘာမှမစားရသေးဘူးဆိုလို့ပါ။ ကန်တင်းရောက်တော့ ဦးကို ကောင်မလေးတစ်ယောက်နဲ့ ထိုင်တာတွေ့လိုက်ရတယ်။ (ဖြော် တွေ တုသိုလ်ကံကောင်းလိုက်တာများ အားကျစရာကြီး . . . သူ့မှာ

"ဘာစားမှာလဲ အစ်ကို"

"နန်းကြီးသုတ်နှစ်ပွဲပေးကွာ။ အသားများများလေး"

"ဟုတ်ကဲ့ . . . အစ်ကို"

စားပွဲထိုးလေးလာမေးပြီး ပြန်ထွက်သွားတော့ သူက ငြိမ်သက်နေတဲ့ နှာလေးကို တစိမ့်စိမ့်ကြည့်လိုက်တယ်။ အချစ်ဆိုတဲ့ အရသာတ ့ ခံစားမှုကောင်းတာပါ။ ဒါကိုကြုံဖူးမှ သိကြလိမ့်မယ်။ ထိုအချိန်မှာ င်းကို ကျောင်းသားတစ်ယောက် ရောက်လာသဖြင့် သူတို့နှစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားကြတယ်။

"တိုယ့်ကို ထိုင်ခွင့်ပြုပါ စုနဒီ"

www.burmeseclassic.com



ထိုကျောင်းသားက သူတို့ခွင့်ပြုချက်မရခင် ဆက်ခနဲထိုင်လိုက်တယ်။ ပုံစံက ဗိုလ်အပြည့်နဲ့ပါ။ တစ်ကိုယ်လုံးလည်း တန်ဖိုးကြီးတဲ့အရာတွေချည်း ဆင်မြန်းထားတယ်။ အမှန်ပြောရရင် ကျောင်းသားနဲ့မတူပါဘူး။ ဆယ်တန်းကို ဖြစ်ကတက်ဆန်းအောင်ပြီး တက္ကသိုလ်ရောက်လာတာနဲ့ တူပါတယ်။ ခုတော့ သူ့မျက်နှာလေးက တင်းမာခက်ထန်နေတယ်။ သူက သူ့မဘာဆက်လုပ်မလဲ ဆိုတာ စောင့်ကြည့်နေပါတယ်။ ဒီသူတောင်းစား စုနဒီအကြောင်းမသိဘူး ထင်ပါရဲ့။

"ရှင်ဘာလုပ်တာလဲ"

သူ့မအသံက အေးစိမ့်လို့ အမှတ်တမဲ့ဆိုရင် ရေခဲမြစ်တွေ စီးမျောလာသလားလို့ ထင်ရတယ်။ ထိုကျောင်းသားပုံစံက အခြေအနေကို လုံးဝ မမှုသလိုဘဲ။

"ကိုယ် စုနဒီနဲ့သူငယ်ချင်းဖြစ်ချင်လို့ပါ"

"အတင်း . . . ရယ်ဖို့ကောင်းလိုက်တာ။ ရှင်က ဘယ်မေဂျာတလဲ"

"မရယ်ပါနဲ့စုနဒီ၊ ကိုယ်က သင်္ချာကပါ . . . နာမည်က ချစ်လွင်တဲ့ . . . ဘယ်သူနဲ့မှမတူတဲ့ လူတစ်ယောက်ပေါ့"

သူ့မျက်နှာလေး တင်းမာနေရာမှ အရောင်တစ်ချက် ပြောင်းသွားတယ်။ ထို့နောက် သဘောကျသလိုနဲ့ 'တက်' ခနဲ ရယ်မောကာ . . .

"အဲဒီ ရှင့်ကိုကျွန်မ ဂဏန်းနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခု မေးမယ် . . . ဖြေနိုင်လို့ရှိရင် ကျွန်မတို့နှစ်ယောက် သူငယ်ချင်းတွေ ဖြစ်သွားကြပြီပေါ့။ တကယ်လို့ မဖြေနိုင်ရင် လမ်းတွေ့ရင်တောင် ပြုံးမပြနဲ့၊ ဘယ်လိုလဲ စိန်ခေါ်ရလား"

"ကြိုက်သွားပြီ စုနဒီ၊ ကဲ . . . ဘာမေးမှာလဲ၊ ကိုယ်က ဖြေဖို့အဆင်သင့်ပဲ"

ချစ်လွင် ပျော်သွားတယ်။ သင်္ချာနဲ့ပတ်သက်လာရင် မေဂျာမှာ သူ့ ဆရာကြီးမတုတ်လာ။ ဂဏန်းတွေရဲ့ ပရိယာယ်၊ တန်ဖိုး ဩဇာ၊ ထက်မြက်ပုံ စိတ်ဝင်စားလွန်းလို့ လက္ခပညာရှင် ဆရာတိုင်ရှိရဲ့ ဂဏန်းဗေဒင်ကို လေ့လာ နေတာကြာပေါ့။

"မေးလေ . . . ဖြေနိုင်ရင် ကိုယ်တို့နှစ်ယောက် သူငယ်ချင်း ဖြစ်သွားပြီနော်"

သူ့မ ပြုံးလိုက်ပါတယ်။ ထိုအပြုံးက လူတစ်ဘဝ်သားကို အရမ်း



www.burmeseclassic.com

www.burmeseclassic.com


ခတ်စေမှန်း သူမဘာသာလည်း သိနေတယ်။ စုနဒီဆိုတဲ့သူမဟာ ထိုအခြုံး တစ်ခုကို ပိုင်ဆိုင်နိုင်ဖို့အတွက် တစ်ညလုံးမအိပ်ဘဲနဲ့ မှန်ရှေ့မှာ လေ့ကျင့်ခဲ့တယ် မဟုတ်လား။

"တဲ . . . မေးမယ်။ သူညမပါဘဲ ကိုးဆယ်ဖြစ်အောင်

ဘယ်လိုရေးမလဲ။ အဲဒါတွေ့နှမ မေးခွန်းပဲ"

"ရှာ"

ချက်ချင်းပဲ ချစ်လွင်မျက်နှာ ဖြူစပ်ဖြူရော်ဖြစ်သွားပြီး ခပ်ဆတ်ဆတ်လေး ပြန်ပြောတယ်။

"အဲမဖြစ်နိုင်တာကို မေးတာပဲ"

"ရှင်ညံ့တယ်ဆိုတာ ဝန်ခံလိုက်ပါ"

"ကိုးဆယ်ပါဆို သုညမပါလို့ရမလား"

"ရတယ်"

"ဘယ်လိုရတာလဲ"

"ရှင် . . . လမ်းတွေ့ရင်တောင် ပြုံးမပြနဲ့နော်"

ချစ်လွင် တခဏစဉ်းစားလိုက်ပြီး ဆုံးဖြတ်ချက်ချတဲ့ လေသံနဲ့ . . .

"စိတ်ချ စုနဒီသာမှန်အောင်ပြောနိုင်ရင် ကိုယ်မျက်နှာ

ဘယ်တော့မှ မတွေ့စေရဘူး"

"အဲဆို သေချာမှတ်ထားပါ . . .ကကြီးလုံးကြီးတင်

တစ်ချောင်းငင် ဝစ်စံနှလုံးပေါက်ကို။ ဆလိမ်ယပလတ်

သေဝ်ဆယ်၊ ကိုးဆယ် တွေ့လား။ သုညမပါဘူး"

"ဟာ"

ချစ်လွင်ခေါင်းငိုက်စိုက်ကျတာ အလိုက်တသိနဲ့နေရာမှ ထထွက်သွားသော့မှ သူလည်း သက်ပြင်းချမိတယ်။ မကြာခင်မှာ ချစ်လွင်နဲ့ပတ်သက်ပြီး ရေးမိခဲ့သတင်းတစ်ပုဒ်က ပြန်နှံ့ဦးမှာပါ။


www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

"လူတွေအားလုံးရဲ့ ရင်ထဲမှာ ကိန်းအောင်းနေတဲ့ အချစ်ရဲ့ ခံစားချက်အယူအဆတွေဟာ မတူညီဘဲ ကွဲပြားခြားနား နေတယ်ဆိုတာ ယုံလား လွင်ဦး"

ထူးစစ်ရဲ့အစမရှိတဲ့ စကားကြောင့် လွင်ဦးတစ်ယောက် စာရေးနေရာ အုကြောင်ကြောင်နဲ့ လှည့်ကြည့်မိသွားတယ်။ အံ့မယ် ... ကိုယ်တော်ချော သူ့ကိုယ်သူ ဘာထင်နေလဲမသိဘူး။ အိပ်ယာထဲမှာ ကျောခင်းလို့။

"မင်း ဘာအဓိပ္ပာယ်နဲ့ မေးတာလဲ ထူးစစ်၊ မအိပ်သေး ဘူးလား"

"မမေးနဲ့ ... ငါမေးတာ ဖြေစမ်းပါ"

"မင်းအရူးပဲ ... အရူးတောင်မှ အချစ်အတွက်နဲ့ အသေ အလဲကို ရူးသွပ်နေတဲ့ အကြီးစားအရူးပဲ"

"ဘာတွ"

"ကြားတဲ့အတိုင်းပဲ"

"ဒီမှာ လွင်ဦး။ ငါပြောတာကို လက်ခံလားလို့ မေးနေတာ။ ပြန်ပြီး ဝေဖန်ခိုင်းတာမဟုတ်ဘူး"

"လက်မခံလို့ ရမလားကွ"

"ငါလိုချင်တာ အဲ့ပဲ ... ချောက်"

ထူးစစ် အားရဝမ်းသာနဲ့ လက်ဖျောက်တီးလိုက်တယ်။ ထိုကြော လွင်ဦးက ပြီးသွားပြီလို့ထင်သဖြင့် စာဆက်ရေးဖို့ အာရုံစိုက်လိုက်တယ် ဒါပေမယ့် ...

"လွင်ဦး ... ငါမဟုတ်တဲ့အခြားလူက အချစ်ကို ဘယ်လို ခံစားသလဲဆိုတာ ပြောပြကွာ"

"ဟာကွာ"

လွင်ဦး ဘောပင်ကို စာအုပ်ပေါ်ပစ်ချပြီး ထူးစစ်နဲ့သဘောချင်း ချုပ်နှာချင်းဆိုင်လိုက်တယ်။ (ထမင်းစား စားပွဲနဲ့စာရေးဘဲဆိုတော့ လှည့်



www.burmeseclassic.com

www.burmeseclassic.com



ရှာတာ လွယ်ပေါ့) ဒီအရူးကို နိုင်တွယ်မှရတော့မယ်။ နို့မို့ဆိုရင် တခရေးရှာ ဆာတ်တော့ဘူး။ ဒီတော့ သိချင်စိတ်နဲ့စောင့်မျှော်နေတဲ့ ထူးစစ်မျက်နှာကို နေစေ့ကြည့်ပြီး တစ်လုံးချင်းပြောလိုက်တယ်။

"သေချာမှတ် ထူးစစ်၊ လူတစ်ယောက်ရဲ့ ခံစားချက်က စိတ်ဆတ်နဲ့လည်း ဆိုင်တယ်။ အသိဉာဏ်၊ ထိန်းချုပ်နိုင်တဲ့ စွမ်းအားတွေလည်း ပါတယ်။ ဥပမာနှိုင်းယှဉ်ပြီးပြောရ မယ်ဆိုရင် မင်းက အချစ်ကို ကိုးကွယ်တယ်။ အချစ်ကို တန်ဖိုးထားတယ်။ အဲဖြင့် မင်းရဲ့အချစ်က ဘယ်မှာလဲဆို တော့ စုနဒီဆီမှာ . . . အဲဒီတော့ မင်းက စုနဒီကို ကိုးကွယ် တယ်၊ စုနဒီကို တန်ဖိုးထားတယ်ပေါ့၊ ငါပြောတာ သဘောပေါက်လား"

"သိပ်ကြိုက်တဲ့ စကားလုံးတွေပဲ။ ဆက်ပြောကွာ"

လွင်ဦး သိုသိုသိပ်သိပ်နဲ့ ပြုံးလိုက်မိတယ်။ သူက ပါးစပ်ထဲရှိတာ လျှောက်ပြောတာပါ။ အဲကို သိပ်ကြိုက်တယ်တဲ့ . . . ဒီသောက်ရူး ဘာမှ ဦးနှောက်ရှိတာ မဟုတ်ဘူး။ အင်း . . . အချိုအချောင်စားလို့ရအောင် ဘာဆင်ဦးမှပဲ။

"ဆက်တော့ ပြောချင်ပါတယ်ကွာ။ အဲပေမယ့် ဗိုက်ဆာ နေတော့ ဆက်ပြောလို့ဖြစ်မှာ မဟုတ်ဘူး။ တော်ကြာ စကားတွေ အများကြီးပြောလို့ ဒီထက်မက ပိုဆာလာရင် ခက်လှချည်းရဲ့"

"မင်း တကယ်ဆာလို့လား"

"ဗိုက်ဆာတာ လိမ်စရာမှ မဟုတ်တာ"

ထူးစစ် စဉ်းစားလိုက်ပါတယ်။ သူ့မှာ ဝယ်ပြီးသားပေါင်မုန့်တစ်ထုတ်က ဆာင်သင့်ရှိနေတယ်။ ကျွေးရင်ကောင်းမလား . . . မကျွေးရင်ကောင်းမလား။ ကျွေးလို့ရှိရင်လည်း သူ့ပေါင်မုန့်ကလေး ကုန်သွားမယ်။ မကျွေးပြန်ရင်လည်း ကြားချင်တဲ့စကား ကြားရမှာမဟုတ်ပေ။ နောက်ဆုံး ဆန့်ကျင်ဘက်အရှာ စ်ခုကို လွန်ဆွဲပြီး ဆုံးဖြတ်ချက်ချလိုက်တယ်။

"ပေါင်မုန့်စားမလား လွင်ဦး"

လွင်ဦး သဘောခွေ့သွားတယ်။ အဲပေမယ့် မစားချင်တဲ့လေနဲ့ . . .

"မင်းမှာရှိလို့လား . . . ငါက ပေါင်မုန့်ဆို သိပ်မကြိုက် ဘူးကွ"

www.burmeseclassic.com



"ဒီပေါင်မုန့်က ကောင်းပါတယ်။ အထဲမှာ အစာတွေ အများကြီးပဲ"

"ဒါဆိုလည်း စားကြည့်မယ်လေ"

"ခဏစောင့်"

ထူးစစ် အိပ်ယာမှဆတ်ခဲ့ထတာ ဖွက်ထားတဲ့ ပေါင်မုန့်ထုတ်ကိုယူပြီး ပေးလိုက်တယ်။

"ရော့ . . . မကုန်ရင်လည်း ဒို့အတွက် ချန်ထားပေါ့ကွာ"

"တင် ဒါလေးကို"

လွင်ဦးက ပေါင်မုန့်ထုတ်ကို ကိုင်ပြီးပြောတော့ ထူးစစ်လည်း မျှော်လင့်ချက်တွေကို အသေသတ်လိုက်ရတယ်။

"အေးပါ . . . မင်းပဲအကုန်စားလိုက်တော့"

လွင်ဦး သဘောကျသွားပြီး . . .

"ဘယ်အချိန်က ဝယ်ထားတာလဲ။ ငါခိုးစားမှာစိုးလို့ဖွက်ထားတာ မဟုတ်လား"

"မဟုတ်ပါဘူး . . . ကြွက်တွေချီမှာစိုးလို့ သိမ်းထားတာပါ"

"ကြွက်တွေချီမှာစိုးလို့ . . . အင်းလေ . . . ထားလိုက်ပါတော့"

လွင်ဦးသိသိကြီးနဲ့ ငြင်းတော့ဘဲ ပေါင်မုန့်ထုတ်ကို ဖောက်စားလိုက်တယ်။ ထူးစစ် တံတွေးတွေ မျိုချနေပါတယ်။ အမှန်ဆို ဒီပေါင်မုန့်ထုတ်ကို ဖွက်ထားရတဲ့အကြောင်းရင်းက လွင်ဦးခိုးစားမှာစိုးလို့ပါ။ ဒါကိုလည်း လွင်ဦးက သိနေပုံရတယ်။ အရင်က သူ့ရဲ့မုန့်ထုတ်တွေ ခဏ၊ ခဏ ပျောက်တတ်တယ်။ တစ်ဆောင်လုံးမှာ ကျောင်းသားဆိုလို့ သူနဲ့လွင်ဦးပဲရှိတာ။ ပြီးတော့ သူတို့နေတာက အပေါ်ထပ်မှာ အဆောင်ပိုင်ရှင်တွေကလည်း အကြောင်းမရှိရင် ယောင်လို့တောင် အပေါ်ထပ် တက်မလာကြဘူး။ ကြွက်ချီတယ်ဆိုရင်လည်း အစအနတော့ ကျန်မှာပေါ့။ အဲဒီတော့ တရားခံက ရှင်းရှင်းလေးရယ်။ သူငယ်ချင်းတွေဆိုတော့ အစားတစ်လုပ်နဲ့ မစွပ်စွဲချင်ဘူး။ ဒါကြောင့် ပိုပြီးလုံလုံခြုံခြုံ ဖွက်ထားရတယ်။ အချိုကောင်းတဲ့မုန့်ဆိုရင် တစ်နေ့ထဲ နေရာသုံးလေးခါပြောင်းထားမှ တော်ရုံပဲရှိတယ်။ လွင်ဦးက ခွေးတို့၊ ကြွက်တို့၊ ပုရွက်ဆိတ်တို့ထက်ပိုပြီး အနံ့ခံကောင်းတယ်။ နှာခေါင်း ကြည့်ပါလား ပွစိစိနဲ့၊

www.burmeseclassic.com



အရ လွင်ဦးစားနေတာကိုကြည့်ပြီး နှမျောလိုက်တာ ဓမ္မဆောန့်ခဲ။ အသိုလ်မရတဲ့အပြင် အတုသိုလ်တွေတောင် အတုံးလိုက်အတစ်လိုက် တိုး အတယ်။

"စားပြီးရင် ဆက်ပြောနော်"

"အေးပါကွာ . . . မုန့်က သိပ်မကောင်းလို့လား မသိဘူး နင်တယ်"

(တွန်း . . . ကောင်းသောမကောင်းတယ်။ တစ်တုံးပဲကျန်တော့တယ်။ င်မှာပေါ့ . . . ဒီလောက် မြိုးဆို့နေတာ)

"ရေသောက်မလား . . . ငါခပ်ပေးမယ်"

"ကောင်းသားပဲ"

(သေချင်းဆိုး . . . အပင်းဆို့ပြီး သေစမ်း)

ထူးစစ်စိတ်ထဲက ကြိမ်ဆဲတာ ရေတစ်ခွက်ခပ်ပေးလိုက်တယ်။

လွင်ဦးက ထူးစစ် မသဒ္ဓါလို့လားမသိဘူး။ စားလို့သောက်လို့ ကောင်း နေတယ်။

"ရေသောက်ပြီးရင် ပြောပြနော် . . . လွင်ဦး"

"မင်းအိပ်တော့မလား"

"မအိပ်ချင်သေးပါဘူး"

"အဲဒီ အိပ်ခါနီးမှ ငါပြောပြမယ်"

လွင်ဦးစကားကြောင့် ထူးစစ်အိပ်ယာပေါ်မှ ဆတ်ခနဲလှဲချပြီး . . .

"ကဲ . . . ပြောတော့ကွာ။ ငါအရမ်းအိပ်ချင်နေပြီ"

"တင် . . . စောစောက အိပ်ချင်ဘူးဆို"

"တုတ်တယ် . . . အခုမင်းနဲ့စကားပြောရင်း အိပ်ချင် သွားတာ"

"ငါက မင်းကိုအိပ်ချင်အောင် ပြောနေတာ မဟုတ်ဘူးကွ"

"သိပါတယ်ကွာ . . . ငါပြောချင်တဲ့သဘောက မင်းစကား ပြောကောင်းလွန်းလို့ နားထောင်ရင်း ရှာန်ဝင်ပြီးအိပ်ချင် လာတာကို ပြောတာ"

"စကားပြောကောင်းတဲ့အတွက် အိပ်ချင်ပြတာပဲ . . . ကြားဖူးတယ်"

လွင်ဦးတိုးတိုးဖလေး ပြောတာကို ထူးစစ်က ကြားသွားတယ်။

"အဲဒီစကားက အများကြီး . . . ငါပြောတာအရှင် . .



www.burmeseclassic.com

www.burmeseclassic.com


တဲ . . . ပြောတော့"

ထူးစစ်ပြောရင်း သမ်းပြလိုက်သဖြင့် လွင်ဦးတစ်ယောက် တုတ်တုတ်မတုတ်တာ အသာထား၊ စားထားတာလေးတွေ ကြေအောင်ပြောပြဖို့ အားယူလိုက်တယ်။ ဒါမှလည်း မြန်မြန် နားအေးမှာလေ။

"ဇွဲစကား ဘယ်ရောက်သွားပြီလဲ ထူးစစ်"

"စုနဒီကို ကိုးကွယ်တယ် . . . ."

"ကြော် . . . အေးသတိရပြီ၊ ဒီတော့ မင်းအိပ်ယာဝင်တိုင်း စုနဒီကို ရင်ထဲမှာထားပြီး အာရုံပြုရှစ်ခိုးအိပ်ကြားလား"

"တာ . . . ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့၊ ဒါကြောင့် မင်းမှာ ဒါလိုတယ်လို့ပြောတာ"

လွင်ဦးက ခေါင်းကိုလက်ညှိုးထိုးပြပေမယ့် ထူးစစ်ပြူးကြောင်ကြောင်နဲ့ ကြည့်နေတယ်။

"ဒါကို သိလား ထူးစစ်"

"သိသားပဲ လက်ညှိုးကိုပြောတာ"

"သွားပြီ . . . အလွဲကြီးလွဲသွားပြီ၊ နိုင်လူကြီးက ဂိုးပေးချင်လွန်းလို့ ပင်နယ်တီပေးပြီး တန်ခိုးတာတောင် အပေါ်ထောင်တက်အောင် တန်တဲ့ ဘောလုံးသမားရဲ့ ကန်ချက်မျိုးလို အလွဲကြီးလွဲသွားပြီ၊ မှတ်ထား တော်ရဲ့ဉာဏ်ပညာကိုပြောတာ"

"ကြော် . . . . ."

စုမှ ထူးစစ်လည်း ရှင်းရှင်းလင်းလင်း သဘောပေါက်သွားတော့တယ်။ အင်းလေ . . . ဒီလောက်ပြောတာမှ သဘောမပေါက်လည်း သူ့လိုလူ ဇွဲမှာရှိမှာ မတုတ်တော့ဘူး။

"မြတ်စွာဘုရားကို မင်းရင်ထဲမှာထားပြီး အာရုံပြုရှိခိုးရင် တုသိုလ်မရဘူးလား"

"တာ . . . ရတာပေါ့"

"အေး . . . ဒီလိုပဲ၊ စုနဒီကို ညတိုင်းရှစ်ခိုးအိပ်ရင် သူ့ကို ရလိမ့်မယ်၊ လူရမှာတော့ အချစ်လည်းရပြီပေါ့ . . ရှင်းလား . . ."

"မရှင်းဘူး"


www.burmeseclassic.com

www.burmeseclassic.com


"အမ် . . ငါတရှင်းတယ်ထင်တာ

' ဘယ်လိုလုပ်ရှင်းမှာလဲ . . . မင်းပြောတာ ရှုပ်နေတာ

"လွယ်လွယ်ကိုများတွော . . တဲ . . . ဘာမရှင်းတာလဲ"

"ဒီလို မြတ်စွာဘုရားကို ရှစ်ခိုးတုန်းက ကုသိုလ်ရပြီး စုန္ဒီကို ရှစ်ခိုးတော့ ဘာဖြစ်လို့လူရတာလဲ"

"မင်းသိပ်ညံ့တာပဲ . . . ဘုရားက လောကမှာ မရှိတော့ဘူး၊ နိဗ္ဗာန်ဝင်သွားပြီ . . . စုန္ဒီက အခုလောကမှာ ရှိသေးတယ် . . . ရှင်းလား"

"ဩော် . . ."

ထူးစစ် ဒုတိယအကြိမ် သေသေချာချာသဘောပေါက်သွား ပြန်တယ်၊ ဒါပေမယ့် စိတ်ထဲမှာ မတင်မကျကြီးတစ်ခုကတော့ ရှိနေတုန်းပဲ၊

"ငါ စုန္ဒီကို ရှစ်ခိုးအိပ်ရင် ဘုန်းမနိမ့်ဘူးလား"

"ကပ်သီးကပ်သပ်ကွာ . . . မိန်းမရှစ်ခိုး သွားမကျိုးဆိုတဲ့ စကားရှိသားပဲ"

"ဒါဆို ငါမရှစ်ခိုးတတ်လို့ မင်းရှစ်ခိုးပြပါလား"

"အမ်"

ချက်ချင်းပဲ လွင်ဦးစားပြီးသားပေါင်မုန့်တွေ ပြန်အမ်ထွက်ချင်သွားတယ်၊ ဘယ်လိုအကြောင်းပြရမှာလဲ၊ တစ်ချက်မှားသွားတာနဲ့သူ မတုတ်တာပြောမှန်း ထူးစစ်သိသွားလိမ့်မယ်၊ ဒီကောင် သိပ်လွယ်တာမဟုတ်ဘူး၊ သဘောကောင်းသလောက် လက်သီးပြင်းတယ်၊ နောက်ဆုံး စဉ်းစားရင်းနဲ့ အကြောတစ်ခုက နိုင်းခနဲပေါ်လာပါတယ်၊

"တာ . . . ငါရှစ်ခိုးပြလို့ မဖြစ်ဘူးကွ"

"ဘာဖြစ်လို့လဲ"

"မင်းစဉ်းစားကြည့်လေ . . . ငါရှစ်ခိုးလိုက်လို့ စုန္ဒီကို ရသွားရင် ဘယ်လိုလုပ်မလဲ"

"ဒါလည်း တုတ်တာပဲ"

ထူးစစ် တတိယအကြိမ် သေသေချာချာ သဘောပေါက်သွားပြန်တယ်၊

"နောက်ထပ် ပြောစရာရှိသေးတယ် ထူးစစ်၊ မင်းကို စုန္ဒီက ဝစ်တာတီးတာ၊ ကျောရေးတာတို့ကို ဘာဖြစ်လို့ အားမပေးတာလဲ သိလား"

"သူမကြိုက်လို့ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“မတုတ်ဘူးတွ . . . မိန်းမတိုင်းဟာ မိခင်စိတ်ရှိကြတဲ့ အတွက် အနုပညာကို ငါတို့ယောက်ျားတွေထက်ပိုပြီး ခံစားတတ်တယ်။ သူတို့တွေရဲ့နှလုံးသားဟာ ငါတို့ထက် ပိုပြီး နူးညံ့ရှုထားတယ်။ သူတို့ခြတ်မိုးတဲ့အရာဆိုရင် မှုပိုင်ပဲ ဖြစ်ချင်ကြတယ်။ ဘယ်သူ့ကိုမှ မျှဝေ မခံစားစေချင်ဘူး”

“ခြေဘ် . . .”

“ငါ စကားမဆုံးသေးဘူးတွ”

“ခြေဘ် . . .”

“ခဏ ခဏ မခြေဘ်နဲ့ကွာ”

“အံ့ဩလို့ပါ . . . လွင်ဦးရယ်”

“ဒါဆို ဆက်နားထောင် . . . မင်းက ကဗျာရေးတယ် ကွာ။ မင်းရေးလိုက်တဲ့ ကဗျာက လူသားအားလုံးထက် ခံစားနိုင်ဖို့ဆိုပြီး ရည်ရွယ်ရေးသားပေမယ့် မင်းကိုနှစ်သက် သဘောကျတဲ့ မိန်းမတစ်ယောက်ကတော့ မင်းရေးတဲ့ ကဗျာတိုင်းဟာ သူ့အတွက်ပဲဖြစ်စေချင်တယ်။ မခြေဘ်နဲ့ဦး ကျန်သေးတယ်”

ထူးစစ်ရဲ့ ‘ခြေဘ်’ မလို့တလာတဲ့ ပါးစပ်လေးပြန်ပိတ်သွားတယ်။

“စုနဒီက ဂစ်တာတီးတာ၊ ကဗျာရေးတာတို့ကို မကြိုက်လို့ မတုတ်ဘူး။ (မြောက်ပေးမှ) တစ်ယောက်ထဲ ခံစားချင်လို့ သူတလွဲပြီး ဘယ်သူ့ကိုမှ မင်းရင်ထဲမှာရှိနေတာကို လက်မခံချင်လို့ . . . ရှင်းရှင်းပြောမယ်ကွာ . . . တက္ကသိုလ် ကျောင်းသားဘဝမှာ ဂစ်တာကျွမ်းကျွမ်းကျင်ကျင် တီးနိုင် တဲ့လူ . . . ကဗျာရေးတတ်တဲ့လူဆိုရင် အရမ်းစန်းပွင့်တာ။ ညညမင်းကို မိန်းကလေးအဆောင်တွေက ဂစ်တာလာတီးဖို့ ဖိတ်နေတာ လက်တွေ့ပဲ။ ဒါတွေကို စုနဒီက မလုပ်နိုင်းတာ မင်းရဲ့ ဂရုစိုက်မှုတွေ လျော့နည်းလာမှာစိုးလို့။ သူ့ရှေ့ ရောက်တိုင်း ဖြစ်ပေါ်နေတဲ့ ပျာပျာသလဲ အမူအယာတွေနဲ့ ဖြစ်ချင်တဲ့ဆန္ဒကို မငြင်းပယ်ဘဲ လိုက်လျောနေတာတွေကို ရှုံးဆုံးမှာကြောက်လို့ သိပြီလား”

“ခြေဘ် . . .”

ဒီတစ်ခါတော့ လွင်ဦးလည်း ထူးစစ်ရဲ့ ‘ခြေဘ်’ ကို ဟားမြစ်နိုင်တော့

www.burmeseclassic.com



ပေး

"မပြီးသေးဘူးကွ"

"ဩော် . . . "

ထူးစစ် အံ့ဩလို့ 'ဩော်' သာဩော်လိုက်ရတာ မျက်လုံးတွေတာ တတယ်အိပ်ချင်လာလို့ မှေးစင်းနေတယ်။ လွင်ဦးစကားလုံးတွေက အလွန်မဲ နားထောင်လို့ ကောင်းပါတယ်။ ဒါကြောင့်မို့လို့လားမသိ အိပ်ချင်စိတ်ကို တားလို့ မရတော့ပေ။

"မင်း မိန်းမတွေရဲ့ စိတ်ဓာတ်ကို သေချာနားမလည်ပါဘူး ကွာ။ ငါဆို ရည်းစားတွေ အများကြီးထားခဲ့ဖူးတယ်။ မင်းလည်း အောင်မြင်ကျော်ကြားတဲ့ အချစ်ကဗျာဆရာ တစ်ယောက်ဖြစ်ချင်ရင် ငါ့လို မိန်းမတွေအကြောင်း များများ သိဖို့လိုအပ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မိန်းမတစ်ယောက်ရဲ့ အယူအဆနဲ့ အတွေးအခေါ်တာ နောက်တစ်ယောက်နဲ့ ဘယ်တော့မှ မတူဘူး။ ဒါတွေကိုသိမှ တချိန် ရေကြီးကြီး မိုးပြိုပြို ဝေဖျပဲ လုပ်လုပ်၊ မတော်မဆ ကဗျာဆရာဖြစ်လာရင် ပုံစံအမျိုးမျိုးနဲ့ရေးလို့ရမှာ။ ဒါပေမယ့်ကွာ မင်းတာ ဘယ်တော့မှ အောင်မြင်တဲ့ ကဗျာဆရာဖြစ်လာမှာ မဟုတ် ဘူး။ ငါတာ ကဗျာဆရာဖြစ်ကြတဲ့လူတွေရဲ့ နောက်ကြောင်း ကို လေ့လာဖူးတယ်။ တစ်ယောက်မှ မင်းလောက် မတုံး ဘူး . . . မအဘူး"

လွင်ဦးစကားကို အဆုံးသတ်ကာ ထူးစစ်ကိုဘာကြောင့် မဩော်သလဲ ဆိုတဲ့အတွေးနဲ့ သေချာကြည့်လိုက်တယ်။ အံမယ် ကျေးဇူးရှင်တာ သူ့ကို မပြောသည့်အလား အိပ်လို့။

"ခွေး . . . မလော . . . ခွေးခလော"

သူကြည့်ကာမှ တောက်သံတောင် ပေါ်ထွက်လာတယ်။ မသာကောင် ဘယ် အချိန်က အိပ်ပျော်သွားတာလဲ။ သူ့မှာတော့ ပြောကောင်းကောင်းနဲ့ မြော ဆိုတ်ရတာ။ သူများကို ပိုးစိုးပက်စက် ပြောရလို့လားမသိဘူး။ မောင်ေ ခဲ့သေးဘူး။ ဒါပေမယ့် အာခြောက်လို့ ရေတော့ဆာတယ်။ ထို့ကြောင့် ကိုယ်တိုင်ပဲ ရေအိုးစင်သွားပြီး ခပ်သောက်လိုက်ပါတယ်။

ဘာကြောင့်မှန်း မသိဘူး။ ကိုယ်တိုင် ခပ်သောက်ရတော့ ထူးစစ် ခပ်ပေးတဲ့ရေလောက် မအေးမြတာကတော့ အမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

အခန်းထဲကို ထူးစစ်နဲ့အတူ စုနဒီဝင်လိုက်တယ်ဆိုရင်ပဲ ဆံပင်မှာ တစ်ခုခုတပ်လိုက်ပြီဆိုတာ ချက်ချင်းသိလိုက်လို့ ဆက်ခနဲ လှည့်ကြည့်မိတယ်။ အဲဒီမှာတွေ့လိုက်ရတာကတော့ မျက်နှာစပ်ဖြဲဖြဲနဲ့ ကျောင်းသားတစ်ယောက်။ သေးတာ ကျောင်းသားနှစ်ယောက်ကလည်း ပြုံးစိစိဖြင့် သူမက ဆံပင်မှာတပ်လိုက်တဲ့အရာကို ဆွဲခွာတော့ တိပ်နဲ့ကပ်ထားတဲ့ စာရွက်တစ်ရွက်။ ဒီလောက်ဆို သက်သေက ခိုင်လုံသွားပြီ။ ဒါပေမယ့် ပိုပြီး တိကျအောင် မေးလိုက်တယ်။

"နင်တပ်တာလား"

"ချစ်လို့ပါ နဒီရယ်"

စုနဒီ အံတင်းတင်းကြိတ်လိုက်ပါတယ်။ ဘေးမှာပါလာတဲ့ ထူးစစ်က ဘာမှနားမလည်တဲ့ပုံစံနဲ့ ကြည့်နေတယ်။ တစ္ဆသိုလ်မှာ ကျောင်းသားကျောင်းသူအချင်းချင်း ဒီလိုပဲစကြ၊ နောက်ကြ၊ ပြောင်ကြတာ မထူးဆန်းဘူးလေ။ ဒါပေမယ့် ထူးဆန်းသွားပါတယ်။

"ဖြန်း"

"တာ"

"တင်"

"မှတ်ထား ငါ့နာမည် စုနဒီ၊ အဲဒါ ပထမဆုံးသင်ခန်းစာပဲ"

"နင်က . . ."

ပါးရိုက်ခံရတဲ့ ကျောင်းသားက ရှက်စိတ်မွန်ပြီး စုနဒီကို လက်သီးနဲ့ လှမ်းထိုးလိုက်တယ်။ ဒါပေမယ့် ထိုကျောင်းသားထိုးလိုက်တဲ့ လက်သီးက စုနဒီဆီမရောက်ပေ။ ဘာကြောင့်လဲဆိုတော့ ဘေးမှာရပ်နေတဲ့ ထူးစစ်က ဆက်ခနဲ ချုပ်ကိုင်လိုက်လို့ပါ။ ပြီးတော့ ခပ်ဆတ်ဆတ်လေး မေးလိုက်တယ်။

"မင်းက စုနဒီကို ထိုးမလို့လား"

ထူးစစ်က အမေးကို ထိုကျောင်းသားက ချစ်တပ်တပ်စနဲ့ . . .

"မင်းနဲ့ ဘာဆိုင်လဲ ငါလက်လွှတ်"

www.burmeseclassic.com

www.burmeseclassic.com



"ကြော် ဒီလိုလား"

ထူးစစ်ရဲ့ အားပါတဲ့ ညာဘက်လက်သီးက ထိုကျောင်းသား မျက်နှာပေါ် ကျရောက်သွားတယ်

"ခွပ်"

"အား"

လက်သီးက ပြင်းတော့ ထိုကျောင်းသား နောက်လန်သွားတယ်။ ထို့ကြောင့် စထာအတွင်း ဆွဲကြ၊ ခွဲကြရင်း ရှုန်းရင်းဆန်ခပ်ဖြစ်သွားတယ်။

"ထူးစစ် . . . တော်တော့"

စုနဒီက သူမနဲ့ပတ်သက်လာရင် ဒေါသကြီးတတ်တဲ့ ထူးစစ်ရဲ့ ဟန်ကို သိနေသဖြင့် တားမြစ်လိုက်တယ်။ ဒါပေမယ့် ထူးစစ်ဒေါသတွေ မပြေသေး ဘူး။

"မင်းတို့အားလုံးမှတ်ထားကြ . . . စုနဒီလက်မခံဘူးဆိုရင် ဘယ်လိုအရာကိုမှ လုပ်ခွင့်၊ ပြောခွင့်မရှိဘူး။ ငါ့နာမည် ထူးစစ် . . . မတော်နပ်လို့ စိတ်ဒေါ်ထိုးချင်ရင် အချိန်မရွေးဘဲ"

"တော်တော့လို့ ငါပြောနေတယ် လာစမ်း"

စုနဒီစိတ်မရှည်တော့သဖြင့် ထူးစစ်ကိုဆောင့်ဆွဲပြီး ခေါ်လိုက်တယ်။ ကျန်ခဲ့တဲ့ ကျောင်းသားသုံးယောက်ရဲ့ မျက်နှာတွေမှာတော့ ဒေါသတွေနဲ့၊ ပြီးတော့ မတော်မနပ်ဖြင့် 'တောက်' ခေါက်ကာ အခန်းထဲမှ ထွက်သွားကြ တယ်။

"ဘာဖြစ်တာလဲ စုနဒီ"

"အမိုက်တစ်စပါ နီလာဝင်း၊ ခုတော့ ရှင်းသွားပါပြီ"

"ဘာပဲဖြစ်ဖြစ် သတိတော့ထားပေါ့တာ။ သူတို့သုံးယောက်က 'ဇ'ရှိတယ်၊ တော်ရုံတန်ရုံဘယ်သူ့ကိုမှ ဂရုစိုက်တာ မဟုတ်ဘူး။ ငါတောင် အစခံရသေးတယ်"

"ကျေးဇူးတင်ပါတယ် . . . နီလာဝင်း"

"ဆရာမ လာပြီ"

နီလာဝင်းက သတိပေးလာတော့ သူတို့အားလုံး ဆိမ်ငြိမ်မျက် ထိုင် လိုက်တယ်။ ခုတော့ တစ်ခန်းလုံးဆရာမရဲ့ လှုပ်ရှားမှုကိုသာ ကြည့်နေကြ တယ်။ ဆရာမကတော့ သင်ပုန်းပေါ်က အတွင်းအကျန်စာများကိုဖျက်ပြီး သင်ခန်းစာအသစ်ကို အစပျိုးလိုက်တယ်။ ထို့နောက် ရှင်းပြလိုက် ဆက်သင် လိုက်နဲ့ အချိန်မှာ စထာလေးနဲ့ပြီးဆုံးသွားခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

ညတ မတိတ်ဆိတ်ဘဲ ဆူညံနေတယ်။ လွင်ဦးခေါ်လို့သာ လိုက်ခဲ့ရတာ ရင်တော့ တထိတ်ထိတ်ပဲ။ မိန်းကလေးအဆောင်ရှေ့မှာ ဂစ်တာတီးတဲ့ကိစ္စကို စုနှီက ပြင်းပြင်းထန်ထန် တားမြစ်ထားတာ။ သိများသွားရင် တကယ် မလွယ် ဘူး။

အခုဂစ်တာတီးမယ့်အဆောင်က လွင်ဦးအသစ်လိုက်တဲ့ ကရင်မလေး အဆောင်။ မနက်ဖြန်တစပြီး ရည်းစားစကားပြောတော့မယ်လို့လည်း ကြွေး ထားတယ်။

အဆောင်ရှေ့ရောက်တော့ လွင်ဦး ကရင်မလေးနေတဲ့အခန်းရှေ့ လမ်းဘေးထိုင်ပြီး ဂစ်တာသံပေးလိုက်သဖြင့် အရိပ်ကလေးတစ်ခု ခေါင်းပြူလာ တယ်။ တေးနှုတ်ကြိုပြောထားတယ်ထင်ပါရဲ့။

"ရှေ့တွာ . . . ဘယ်တော့မှ မရိုးတဲ့ တူနှစ်ကိုယ်
တိုင်းပြည် အရင်တီး"

သူက ဂစ်တာကိုယူကာ ကြိုးညှိပြီး လွင်ဦးပြောတဲ့သီချင်းကို တီးလိုက် တယ်။ တခဏအတွင်းမှာပဲ ဂစ်တာသံနဲ့အတူ သီချင်းဆိုသံတာ အဆောင် တစ်ပိုက် ပျံ့နှံ့သွားတယ်။ ထူးစစ်ရဲ့ စွဲမက်စရာကောင်းတဲ့ အသံလှိုင်းကြောင့် အဆောင်သူလေး ငါးယောက် ဝရံတာကို ထွက်လာကြပါတယ်။ အဲဒီအချိန် မှာပဲ လွင်ဦးကြိုက်တဲ့ ကရင်မလေးက ပြန်ဝင်သွားတယ်။

ထူးစစ် ဒုတိယတစ်ပုဒ်ကို ဆက်တီးလိုက်တော့ အဆောင်မှာထွက်ပြီး သီချင်းနားထောင်တဲ့ အဆောင်သူတွေ ပိုများလာတယ်။ ခုလိုအားပေးတာ ပရိသတ်ရှိလို့ကတော့ ထူးစစ်ဆိုတဲ့ကောင်က မိုးလင်းသွားပါစေ။

လွင်ဦးစိတ်ထဲ ကရင်မလေး ပြန်ဝင်သွားသဖြင့် သိပ်မကျေနပ်တာ ထူးစစ်ဂစ်တာတီးလို့များလာလို့ တွေးမိပြန်တယ်။ ဒါလည်း ဖြစ်နိုင်တာပဲ လွင်ဦး ကိုယ့်ဘက်ကိုယ်ယက်ပြီး တွေးကာ ထူးစစ်သီချင်းဆုံးရှာ ဂစ်တာကို ဆွဲယူလိုက်တယ်။

"ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတီးမလို့"

"ဘယ်လို"

"ဒါတီးမလို့ဆိုမှဘဲ"

"မြတ်စွာဘုရား"

ဝစ်တာမတီးတတ်တဲ့လူက ဝစ်တာတီးမလို့တဲ့ . . . ကြားရတာ နားထဲ နေ့လန့်ကြီး။ လွင်ဦးလည်း ခပ်တည်တည်နဲ့ လက်ထဲရောက်လာတဲ့ ဝစ်တာကို ခေါင်တီးခပ်လိုက်တယ်၊ ဆိုတဲ့ သီချင်းက အဆိုတော် ဇော်ဝင်းထွဋ်ရဲ့ အသွာရခရီးသည်၊ အသံက သေးသေးညှပ်ညှပ်လေး ဝစ်တာသံက ကြိုးပေါ်မှာ တွတ်ပြေးနေတဲ့အတိုင်းပဲ၊ ဒီတော့ သီချင်းနားထောင်ချင်ဘဲ့ အဆောင်သူ တွေ ချက်ချင်းပဲ ပြန့်ဝင်သွားတယ်၊ ဝစ်တာနဲ့ ပတ်သက်လာရင် လွင်ဦးက ဆယ့် ပါရမီရှင်ပါ။ A.Cm.F.G တောင်မသိဘဲနဲ့ အဆိုတော် ဇော်ဝင်းထွဋ်ရဲ့ အသွာရ ခရီးသည်ကိုတီးပြီး ဆိုနေတာ တော်တော်အံ့ဩဖို့ကောင်းတယ်၊ လေးစားစရာကောင်းတာက သီချင်းသာဆုံးသွားတယ်၊ ဘာလက်ဆွဲမှ ကိုင်သူ၊ ကြိုးသာခေါက်နေတာ (လေးစားပါတယ် ဆရာလွင်ဦးခင်ဗျာ) လွင်ဦးသီချင်းဆုံးတော့ အဆောင်ကို လှမ်းကြည့်လိုက်ပါတယ်၊

"တာ"

တရင်မလေး ထွက်မလာတဲ့အပြင် ထူးစစ်တုန်းက အားပေးတဲ့ ဆောင်သူလေးတွေတောင် မတွေ့ရတော့ပါလား၊ လွင်ဦးအံ့ဩသွားတဲ့ အချိန်မှာပဲ အဆောင်စောင့်တဲ့အဒေါ်ကြီး ထွက်လာပြီး သူတို့ကို စာတစ်စောင်ဆီ ပေးတယ်၊ ထူးစစ်က သူ့ကို ပေးတဲ့စာကို ဖတ်ကြည့်တော့ . . .

ကိုထူးစစ်

ဖခင်ရဲ့ စိတ်နာနာနဲ့ချစ်နေမိတယ် သီချင်းကို ကိုယ်တိုင် တီး ကိုယ်တိုင်ဆိုပေးပါ။

မှတ်ချက်၊ ၊ ကိုလွင်ဦးကို လုံးဝမတီး၊ မဆိုခိုင်းပါနဲ့၊ အနုပညာအရသာ ပျက်မှာစိုးလို့ပါ။

စာပေးသူ

အဆောင်သူများ။

ထူးစစ်စာဖတ်ပြီး အဆောင်ကို လှမ်းကြည့်တော့ အဆောင်သူလေးတွေ ခေါင်းထွက်ရယ်နေတာ တွေ့ရတယ်၊ ထိုအချိန်မှာပဲ လွင်ဦးက ကြိတ်ရွဲရွဲနဲ့ လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com


"ပြန်တြမယ် ထူးစစ်"

"တင် . . . ဘာဖြစ်လို့လဲ"

"ရော့ . . . ဖတ်ကြည့်"

လွင်ဦးက သူ့လက်ထဲက စာဖတ်ခိုင်းလိုက်သဖြင့် ထူးစစ်လည်း ဖတ်ကြည့်လိုက်တယ်။

ကိုလွင်ဦး

ဝစ်တာမတီးတတ်ဘဲ အသံသေး၊ အသံညှောင်နဲ့ ကျွန်မကို လာပြီး အရှက်ခွဲတာပေါ့လေ။ ကျွန်မက ကရင်လူမျိုးပါ။ ဝစ်တာနဲ့ ပတ်သက်ပြီး ငယ်ငယ်လေးထဲက ဘုရားကျောင်းမှာ နားရည်ဝခဲ့တယ်။ ကိုထူးစစ်ကို အားနာပေမယ့် ရှင်တီးမှာစိုးလို့ ချက်ချင်း ပြန်ပါ။

အိပဲ။

ထူးစစ်စာဖတ်ပြီး ရယ်မောလိုက်ပါတယ်။ ဘယ်နှယ့်ရှိစ . . . ကြောင်ရှေ့သွားပြီး တွက်စုတ်ပြတာကို။

"ပြန်တြမယ်ကွာ"

"ငါ့ကို သိချင်းတောင်းထားတာ အားနာစရာကြီး"

"လာစမ်းပါကွာ . . . မင်းမဆိုလို့ ဘာမှမဖြစ်ဘူး။ မနက်ဖြန် ငါ့ကိစ္စက အရေးကြီးတယ်"

ထူးစစ်လည်း လွင်ဦးအတင်းဆွဲခေါ်နေသဖြင့် တောင်းထားတဲ့သီချင်းကို မဆိုနိုင်တော့ဘဲ ယက်တန်၊ ယက်တန်နဲ့ ပြန်ပါလာခဲ့တယ်။

ဒီညတော့ လွင်ဦးကို ကံဆိုးမှုတွေ ပေးလိုက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"ဒီမှာ ပိုက်ဆံမရှိတော့ဘူး စုနဒီ"

"တင် . . . ကိုနေ့က ပေးထားတဲ့ နှစ်ထောင်ကုန်ပြီလား"

"အေးတ . . . တတီတိနဲ့ ဘယ်လိုကုန်သွားမှန်းတောင် မသိဘူး"

"နင်တော်တော် အသုံးကြီးနေပါလား။ ထူးစစ် ပိုက်ဆံဆိုတာ ဘယ်လောက်ပဲရှိရှိ သုံးရင်ကုန်နေမှာပဲ။ ဒါကြောင့် စည်းကမ်းနဲ့သုံးရတယ်။ ရော့ . . . နှစ်ထောင် တစ်ပတ်စာ နော် . . . နောက်ထပ် လာမတောင်းနဲ့ မပေးဘူး"

ထူးစစ်က စုနဒီပေးတဲ့ ငါးရာတန်လေးရွက်ကိုယူပြီး လွယ်အိတ်ထဲ ထည့်လိုက်တယ်။ ဒီလိုပါပဲ ပိုက်ဆံတစ်ခါတောင်းတိုင်း တစ်ခါ အပြောခံနေရလို့ စိတ်ထဲမှာ မှတ်မထားတော့ပေ။ တက္ကသိုလ်စတက်ထဲက သူ့ရဲ့ပိုက်ဆံ အားလုံးကို စုနဒီက ကိုင်ထားတာ။ ကျောင်းကုန်ကျစရိတ်အားလုံးကို သူမကပဲ ဦးဆောင်ပြီးပေးတယ်။ မိဘတွေကိုယ်တိုင်ကလည်း ပိုက်ဆံပို့ရင် သူမ အဆောင်လိပ်စာနဲ့ပဲ ပို့တယ်။ ခုအချိန်ထိ အိမ်က ဘယ်လောက်ပို့မှန်းမသိ သလို သူမကလည်း လုံးဝမပြောပေ။

အတန်းထဲရောက်တော့ ကျောင်းသား၊ ကျောင်းသူတွေက သူတို့ နှစ်ယောက်ကို ဝိုင်းကြည့်ကြတယ်။ မျက်လုံးတွေက တစ်မျိုးကြီးပဲ။ နီလာဝင်း ဆို သူတို့နားကို ကယောင်သောပါးနဲ့ရောက်လာပြီး စိုးရိမ်တကြီးမေးတယ်။

"နင်တို့နဲ့တွေ့လား . . . ငါတို့အားလုံး စိုးရိမ်နေတာ"

နီလာဝင်းစကားကြောင့် စုနဒီမျက်မှောင်ကြုံသွားပြီး . . .

"ဘာတွေ့ရမှာလဲ . . . ဘာကိုစိုးရိမ်တာလဲ"

"နင်တို့နဲ့ ပြဿနာဖြစ်တဲ့ကောင်တွေလေ စောစောတုန်းက အခန်းထဲမှာ နင်တို့ကိုလာရှာသွားတယ်။ ငါးစပ်တုန်းကလည်း ကြိမ်းမောင်းနေတာ အစုံပဲ။ အခန်းထဲမှာ မတွေ့တော့

www.burmeseclassic.com



တန်တင်းသက်သွားရှာမယ်လို့ပြောပြီး ထွက်သွားတယ်”

“ကြော် . . . ဒီလိုလား”

စုနဒီအကြည့်တ ထူးစစ်ဆီရောက်သွားတယ်။ စုနဒီဆိုတဲ့ မိန်းမ တစ်ယောက်တ ပြဿနာတစ်ခုကို ရှောင်လွှဲပြီး ပုန်းရှိတတ်တာမှ မတုတ် တာ။

“ထူးစစ် . . . နင်လိုက်သွားပြီး ပြတ်ပြတ်သားသား
မေး မတွေ့နပ်ဘူးဆိုရင် တွေ့တဲ့နေရာမှာပဲ တွေ့နပ်
အောင်ရှင်းခဲ့ ကြားလား”

ထူးစစ် ခေါင်းညိတ်ပြီး အခန်းထဲမှ ပြန်ထွက်လာခဲ့တယ်။ စိတ်ထဲမှာ တော့ စုနဒီကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တဲ့ကောင်တွေကို အမှုန့် ချေချင်မိတယ်။

အဲဒီအချိန်မှာပဲ . . .

တန်တင်းသွားတဲ့လမ်းတစ်ဝက်မှာ ထူးစစ်နဲ့ ပြဿနာဖြစ်တဲ့ ကျောင်းသားသုံးယောက် ရင်ဆောင်တန်းပြီး ဒီဘက်ပြန်လျှောက်လာနေတယ်။ တော့ ထူးစစ်တို့ကို တန်တင်းမှာမတွေ့လို့ ပြန်လာတာဖြစ်မယ်။ ထူးစစ် ရှေ့တ ဝိတ်ရပ်လိုက်တော့ ရုတ်တရက် အံ့ဩတုန်ကြတယ်။

“ငါ့ကို တွေ့ချင်လို့ဆို”

ထူးစစ်မေးခွန်းကြောင့် အထိုးခံရဖူးတဲ့ ကျောင်းသားရှေ့ကို တစ်လှမ်း တိုးလာပြီး . . .

“မင်းက စုနဒီကိုစောင့်တဲ့ ခွေးလား”

“အဲဒါကိစ္စကို မင်းတို့က မကျေနပ်ဘူးလား”

“ငါတို့နေရာမှာဆိုရင်လည်း မင်းက ကျေနပ်မှာလား”

ထူးစစ် လှုံ့ဖွက်စွာပြုံးလိုက်ပြီး . . .

“ငါဘာ မင်းတို့နေရာမှာဆိုရင် ဘယ်မိန်းကလေးကိုမှ
‘စ’မှာမဟုတ်ဘူး။ အခုကိစ္စက မင်းတို့လွန်တာ . . .
ဒါကြောင့် ငါပြောမယ် . . . မင်းတို့ကျေနပ်သည်ဖြစ်စေ
မကျေနပ်သည်ဖြစ်စေ . . . ဖွတ်မိုက်ပြီး ကျေနပ်လိုက်”

“တောက် . . . ကောက်ရိုးပုံစောင့်တဲ့ခွေးက ခွေးစကား
ပြောတာ။ ငါတို့က ပညာပေးရမှာပေါ့”

အထိုးခံရတဲ့ ကျောင်းသားကပြောရင်း ထူးစစ်ကို ခြေထောက်နဲ့ စတင် တန်ကျောက်လိုက်သလို ကျန်နှစ်ယောက်တလည်း ဝိုင်းဝန်းပြီး ထိုးကြိတ်



www.burmeseclassic.com

www.burmeseclassic.com


ကြတယ်။ ဒါပေမယ့် သူတို့ရဲ့ တိုက်ခိုက်မှုက ဘယ်လိုမှအရာမရောက်ပေ။

ထူးစစ်လှုပ်ရှားမှုက အတော်မြန်ပါတယ်။ ဖယ်သက်က တိုက်ခိုက်မှုတို အသာပုတ်ထုတ်ဖယ်ရှားပြီး ပြန်တိုက်ခိုက်ပုံက သက်တောင့်သက်သာရှိလှ တယ်။ ခဏကြာတော့ ထူးစစ်ရဲ့ လက်သီးချက်တွေကို ကျောင်းသားသုံးယောက် မရှောင်နိုင်တော့ပေ။ ထိုအချိန်မှာ အောင်မြင်ခန့်ညားတဲ့ ကျောင်းအုပ်ဆရာကြီးရဲ့ အမိန့်သံထွက်ပေါ်လာသဖြင့် ရန်ပွဲက ရပ်တန့်သွားတယ်။

"မင်းတို့ လေးယောက်စလုံး ရုံးခန်းကိုလိုက်ခဲ့"

ထိုတစ်ခွန်းပဲ ကျောင်းအုပ်ကြီးကပြောပြီး ပြန်လှည့်ထွက်သွားတယ်။ ဒါကြောင့် ထူးစစ်ရင်ထဲ နည်းနည်းတော့ စိုးရိမ်မိသွားတယ်။ ရန်ဖြစ်တဲ့ အတွက် ဆရာကြီးဘယ်လိုအပြစ်ပေးမလဲ။ ကျောင်းထုတ်လိုက်ရင်တော့ သူရဲ့ ပညာရေးက နောက်ကျဦးမယ်။ ဒါတလည်း စုနဒီကြောင့်ဖြစ်ခဲ့တာပဲ။ သူ ချစ်တဲ့ ချစ်သူအတွက်ဆိုရင် တလောကလုံးကို စိန်ခေါ်ရဲတဲ့ သတ္တိအပြည့် ရှိပါတယ်။

"ဘာဖြစ်တာလဲ ထူးစစ်"

လွင်ဦးက ကျောင်းသားတွေရန်ဖြစ်နေတယ်ဆိုတဲ့ သတင်းကိုကြားလို့ အကြည့်ရင်း ထူးစစ်ကိုတွေ့တော့ မေးလိုက်တာ ထူးစစ်က ရန်ဖြစ်တဲ့ ကျောင်းသားသုံးယောက်ကို လက်ညှိုးထိုးပြပြီး . . .

"ဟို . . . သုံးကောင်ပေါ့။ စုနဒီကိုပြဿနာရှာလို့ ငါဆုံးမ နေတာ"

"မင်းကွာ လူကြားလို့မှ မကောင်းဘူး။ မိန်းမတစ်ယောက် အတွက်နဲ့များ ရန်ဖြစ်ရတယ်လို့"

"မင်းပါးစပ်ပိတ်ထား လွင်ဦး"

ထူးစစ်စိတ်တိုတိုနဲ့ပြောပြီး ဆရာကြီးရုံးခန်းဆီကို ထွက်လာခဲ့တယ်။ နေဒီတာ သူသိပ်ချစ်တဲ့မိန်းမဆိုတာ လွင်ဦးသိရဲ့သားနဲ့။

ရုံးခန်းရောက်တော့ သူတို့အားလုံးဆရာကြီးရှေ့မှာ မတ်တပ်ရပ်လိုက် ကြတယ်။ ခဏကြာတော့ သူတို့ရဲ့ မေဂျာဆရာမှ ရောက်လာတယ်။ ရန်ဖြစ်တဲ့ သတင်းကို ဆရာမကြီးလည်း ကြားပြီးမှာပါ။ ထိုအချိန်မှာ ဆရာကြီးအသံ ထွက်လာတယ်။

"ကျောင်းဝင်းထဲမှာ ကျောင်းသားအချင်းချင်း ရန်မဖြစ် ရဘူးဆိုတာ မသိဘူးလား"


www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ပြိုင်တူပြန်ဖြေလိုက်ကြတယ်။

"နားလည်ပါတယ် ဆရာကြီး"

"ဒါဆို ဘာကြောင့်ရန်ဖြစ်တာလဲ"

ထူးစစ်က . . .

"သူတို့ကအရင်ဆုံး ကျွန်တော့်ကိုပြဿနာရှာဖို့ကြိုးစားတာပါ။ ဒါကို တစ်ခန်းလုံး သိပါတယ်ဆရာကြီး။ ပြီးတော့ ကျွန်တော့်ကို ခွေးနဲ့နှိုင်းပြီး ဝိုင်းထိုးကြတယ်"

"သူပြောတာ တုတ်လား"

ထူးစစ်ပြောတာမှန်နေသဖြင့် သူတို့သုံးယောက်စလုံး မငြင်းရဲပေ။

"တုတ် . . . တုတ်ပါတယ် ဆရာကြီး"

ဆရာကြီးက ကျောင်းသားသုံးယောက် ဝန်ခံပေမယ့် သိပ်မယုံချင်ပေ။ ဘာကြောင့်လဲဆိုတော့ ဝိုင်းထိုးတယ်လည်းဆိုသေး . . . အထိုးခံရတဲ့ ကျောင်းသားက အထိရာမရဘဲ ထိုးတဲ့လူတွေမျက်နှာပေါ်မှာသာ အထိရာတွေနဲ့ ဖြစ်နေလို့ပါ။

"ဒါဆို ဘာကြောင့်မင်းတို့က ပြဿနာရှာပြီး ဝိုင်းထိုးကြတာလဲ"

အထိုးခံရတဲ့ ကျောင်းသားက . . .

"မနေ့က အခန်းထဲမှာ သူက ကျွန်တော့်ကို လက်သီးနဲ့ ထိုးလို့ပါ"

ဆရာကြီးအကြည့်က ထူးစစ်ဆီရောက်သွားပြီး . . .

"မင်းက ဘာဖြစ်လို့ လက်သီးနဲ့ထိုးတာလဲ"

ထူးစစ်လည်း မဆိုင်းမတွဘဲ . . .

"စုနဒီကို လက်သီးနဲ့ရွယ်လို့ပါ ဆရာကြီး"

"ဟေ . . . စုနဒီက ဆရာမ မေရှာက မဟုတ်လား"

ဆရာကြီးက မေရှာဆရာမကို လှည့်မေးလိုက်တာပါ။

"ဟုတ်ပါတယ် ဆရာကြီး"

"ဒါဆို ဆရာမပဲ သွားခေါ်လိုက်ပါ"

"ဟုတ်ကဲ့ ဆရာကြီး"

မေရှာဆရာမ လစ်ခနဲထွက်သွားတော့မှ ဆရာကြီးက ဆက်မေးတယ်။

"မင်းက စုနဒီကိုဘာကြောင့် လက်သီးနဲ့ရွယ်တာလဲ"

"ကျွန်တော့်ကို ပါးရိုက်လို့ပါ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com


"ဘာ . . . ပါးရိုက်လို့ ထုတ်လား"

"ထုတ် . . . ထုတ်ပါတယ်"

ဆရာကြီးအံ့ဩစွာနဲ့ ခဏစဉ်းစားသွားတယ်။ ပြီးတော့မှ လေသံမာမာနဲ့

"ပါးရိုက်တာ အကြောင်းရှိရမယ်။ မင်းဘာသွားလုပ်လဲ မှန်မှန်ပြောစမ်း"

ထိုကျောင်းသား ဆွံ့အသွားတယ်။ အချိန်အတော်ကြာတဲ့အထိ ဖြေသံပေါ်မလာသဖြင့် ထူးစစ်က . . .

"စုနဒီအခန်းထဲဝင်လာချိန်မှာ သူက ဆံပင်ကိုစာရွက်တပ်ပြီး ရည်းစားစကားပြောလို့ပါ ဆရာကြီး"

"ဩော် . . . ဒါကြောင့်ကိုး"

ဆရာကြီးက ပြဿနာရဲ့ရေသောက်မြစ်ကို သိရှိသွားတယ်။ ဒါပေမယ့် သူ့ရဲ့ကျောင်းဆရာသက်တမ်းတလျှောက်မှာ ရည်းစားစကားပြောလို့ ပါးရိုက်ခံရတာ ဒီတစ်ခါပဲ ကြားဖူးပါတယ်။

"ဒီမှာ အားလုံးပဲ နားထောင်ကြပါ။ မင်းတို့တာ တက္ကသိုလ်ရဲ့အရိပ်ကိုခိုပြီး တက္ကသိုလ်မှာ ပညာသင်နေကြတာ။ မိဘရင်ခွင်က ထွက်လာကြတယ်ဆိုပေမယ့် မင်းတို့ကို အုပ်ချုပ်တဲ့ ဆရာ၊ ဆရာမတွေ တက္ကသိုလ်မှာ အဆင့်ဆင့်ရှိကြတယ်။ ဘယ်သူပဲ မှားမှား၊ ဘယ်သူပဲ မှန်မှန် ပြဿနာတစ်ခုဖြစ်လာရင် မေဂျာဆရာမကို အရင်တင်ပြရမယ်။ ဆရာ၊ ဆရာမတွေကလည်း အမှား၊ အမှန်ကို ဆုံးဖြတ်ပေးမှာပဲ။ ခုတော့ မင်းတို့တွေတာ ကိုယ့်သဘောနဲ့ ကိုယ်လုပ်ချင်တာ လုပ်နေကြတယ်"

ထိုအချိန်မှာပဲ မေဂျာဆရာမနဲ့အတူ စုနဒီအခန်းထဲကို ရောက်လာတတယ်။ သူမက ရောက်ရောက်ခြင်း မျက်နှာမှာ အထိရာတွေနဲ့ မတ်တပ်ရပ်နေတဲ့ ကျောင်းသားသုံးယောက်ကိုကြည့်ပြီး ထူးစစ်လုပ်ရပ်ကို တွေးနစ်သွားတယ်။

"ဩော် . . . စုနဒီပါလား"

စုနဒီလည်း ဆရာကြီးစကားသံထွက်ပေါ်လာတော့မှ သတိပြန်ဝင်လာပြီး ပြန်ဖြေလိုက်တယ်။

"ထုတ်ပါတယ် ဆရာကြီး"

ဆရာကြီးက သူမကို ခြေဆုံး၊ ခေါင်းဆုံး သေချာကြည့်ပြီး . . .

www.burmeseclassic.com


"ခင်းတာ တစ်ကျောင်းလုံးရဲ့ အလှဘုရင်မတွဲ့ရထားသလို လက်သံကလည်း ပြောင်တယ်နော်။ ထိုကောင်ကလည်း ခင်းလိုပဲ ထင်တယ်"

ဆရာကြီးရှေ့မှာဆိုတော့ သူတို့နှစ်ယောက် ငြိမ်ကုတ်နေကြရတယ်။

"တဲ . . . ဆရာမ အပြစ်ကတော့ သူတို့ ငါးယောက်မှာ ရှိတယ်။ အဲဒီတော့ နောက်တစ်ခါပြဿနာ မဖြစ်ပါဘူး ဆိုတဲ့ ကတိနဲ့ ပြဿနာထပ်ဖြစ်ရင် ကျောင်းသုံးနှစ်ထုတ် မယ့်အကြောင်းပြောပြီး ဝန်ခံကတိထိုးခိုင်းလိုက်ပါ"

"ထုတ်တဲ့ . . . ဆရာကြီး"

မဟေရာဆရာမက လိုအပ်တဲ့စာရွက်၊ မှတ်တမ်းများကိုယူပြီး ကျောင်းအုပ် ဆရာကြီးရှေ့မှာပဲ ဝန်ခံကတိထိုးခိုင်းတယ်။

အဲဒီနေ့ကစပြီး စုနဒီနဲ့ထူးစစ်တာ တက္ကသိုလ်ကျောင်းမှာ နာမည်ကြီး သထက် ကြီးလာပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



“ငါ ကရင်မလေးနဲ့ အဆင်ပြေသွားပြီ”

“မြန်လှချည်လား။ မင်း လူမှုတုတ်ရဲ့လား”

“ချစ်တယ်လို့ပြောပြီးထဲက တစ်ခါတည်း အဖြေတန်း တောင်းတာကွ၊ သူကလည်း ချက်ချင်းပဲ ခေါင်းညိတ်ပြတယ်။ အဲဒါနဲ့ ငါက ဗွဗွလေးနမ်းတော့ ရှက်ပြုံးလေးပြုံးသွားသေးတယ်”

လွင်ဦးကပြောရင်း နှာခေါင်းကိုပွတ်လိုက်သဖြင့် ထူးစစ်အသဲယားသွားတယ်။

“မိန်းမဆိုတာ ငါးတွေလိုပဲကွ။ သူတို့ကြိုက်တဲ့အစာနဲ့ မျှားမှလာတပ်တာ။ မိန်းမတွေအကြောင်းကိုသိရင် ရည်းစားရဖို့ ဘာမှမခဲယဉ်းဘူး”

“အေးကွာ . . . မင်းကတော့ တစ်ယောက်ပြီးတစ်ယောက် စွံသလောက် ငါ့မှာသာ ခုအချိန်ထိ စုနီအချစ်ကို မရသေးဘူး”

“အဲဒါမင်းညံ့တာပေါ့ အစောကြီးထဲက ဖွင့်ပြောရင် ချစ်သူဖြစ်လို့ နှစ်ပတ်လည်အထိမ်းအမှတ်တောင်လုပ်လို့ရနေပြီ”

“မင်းထင်သလောက် မလွယ်ဘူး . . . လွင်ဦး။ စုနီစိတ်ခေတ်ကို ငါငယ်ငယ်လေးထဲက သိတယ်။ ပထမအကြိမ်ကြိုးစားလို့မရရင် ဒုတိယအကြိမ်ဆိုတာ မရှိဘူး . . . ဒါကြောင့် စုနီနဲ့ပတ်သက်လာရင် ကြိုးတန်းပေါ် လမ်းလျှောက်ရသလို အရမ်းသတိထားနေရတာ”

“ဒါဆို ငါပြောတဲ့အတိုင်း မင်းလုပ်ကြည့်ပါလား။ စုနီအချစ်ကို ကြိမ်းသေရလိမ့်မယ်”

ထူးစစ်စိတ်ဝင်စားသွားသဖြင့် မျက်လုံးတွေက တဖျတ်ဖျတ်အရောင်

www.burmeseclassic.com

www.burmeseclassic.com



လတ်သွားတယ်။ စုနှီးရဲ့အချစ်ကိုဘာရမယ်ဆိုရင် သူဟာ ဘာမဆိုလုပ်ဝံ့သူပါ။ အဲဒီအတွက်ပဲ သူ့မှာ အားအင်တွေအပြည့်ရှိပါတယ်။

"ငါ ဘယ်လိုလုပ်ရမှာလဲ လွင်ဦး"

"ဒီလိုကွ . . . မနက်က မေရှာကကောင်မလေးတွေ အခုတ်တရအဖြစ် ကဗျာစာအုပ်ထုတ်မလို့ စီစဉ်နေကြရင်း ငါနဲ့စကားစပ်မိသွားတယ်။ အဲဒါနဲ့ငါက မင်းကဗျာရေးတယ် မဂ္ဂဇင်းတွေမှာလည်းပါဖူးတယ်လို့ ပြောမိတော့ သူတို့နဲ့ အတူတူကဗျာရေးဖို့ ပြောခိုင်းလိုက်တယ်။ မင်းကိုလည်း သိတယ်တဲ့"

ထူးစစ် စိတ်ဝင်စားသွားခြင်းတယ်။ ဒီတစ်ခါစိတ်ဝင်စားခြင်းက စောစောက စိတ်ဝင်စားခြင်းမျိုး မဟုတ်တာသေချာတယ်။ သူဟာ အနုပညာဝါသနာရှင် တစ်ယောက်ပါ။ လွင်ဦးပြောသလို ကဗျာရေးလို့ရှိရင် သူကဗျာလေးတွေကို ကျောင်းသား၊ ကျောင်းသူတွေ လက်ထဲရောက်မှာ၊ အနုပညာရဲ့ခြေလှမ်းလို့ ပြောရင်လည်းရတယ်။ ဘာပဲဖြစ်ဖြစ် အခွင့်ကြုံကြိုက်တုန်းရေးတာ မမှားဘူး လို့ ထင်တယ်။ တစ်ဖက်ကလည်း လိုလို့လားလားဆိုတော့ ပိုကောင်းတာ ပေါ့။

"မင်းကဗျာရေးမယ်ဆိုရင် မနက်ဖြန် ငါမိတ်ဆက်ပေးမယ်။ အတုန်အကျအားလုံးကို သူတို့ကပဲစိုက်မှာ . . . ပြီးတော့ ကဗျာစာအုပ်ကိုလည်း ရောင်းမှာမဟုတ်ဘူး။ အမှတ်တရ ဖြစ်အောင် လက်ဆောင်ပေးမှာကွ"

"အဲ့ဆို ရေးမယ်ကွာ"

"တကယ်လား ထူးစစ်"

ထူးစစ်ပြောပြီးမှ တစ်စုံတစ်ယောက်ကို ချက်ချင်းသတိရသွားတယ်။

"ဟာ . . . မဖြစ်ဘူး၊ စုနှီးသိသွားရင် ဘယ်လိုမှ ရှင်းလို့ ရမှာမဟုတ်ဘူး"

"ဘာဆိုင်လို့လဲကွာ . . . ကျောင်းသားဘဝမှာ အမှတ်တရ အဖြစ် လုပ်ကြတာပဲ"

"အဲ့ဒါ ငါတို့ပဲနားလည်တာ၊ စုနှီးကို သွားပြောရင် အပိုတွေပါဆိုပြီး ရန်ရှာလိမ့်မယ်"

လွင်ဦး စိတ်ပျက်သွားတယ်။ ထူးစစ်ပုံစံက စုနှီးကို ကြောက်ကြနေသ ပဲ၊ အဲဒီစွဲကို မရရအောင် ဆွယ်ရမယ်။ သူက ထူးစစ်ကဗျာရေးအော

www.burmeseclassic.com

www.burmeseclassic.com



ပြောပေးမယ်လို့ တကတိခံထားတာ မတုတ်လား။

"စုနှီအချစ်ကို မလိုချင်ဘူးလား ထူးစစ်"

"တာ . . . လိုချင်တာပေါ့"

"ဒီဆို မင်းကိုငါတစ်ခု ပြောပြမယ်။ မိန်းမတစ်ယောက်ရဲ့ ဘဝကို လွှမ်းခြုံဖို့ အချစ်တစ်ခုတည်းနဲ့ မလုံလောက်ဘူးကွ၊ အဲဒီလိုပဲ မိန်းမတစ်ယောက်ကလည်း အချစ်တစ်ခုတည်းကိုပဲ ပိုင်ဆိုင်ထားတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်ထဲကို ရဲရဲဝင့်ဝင့်တိုးဝင်လာမှာ မဟုတ်ဘူး။ ခုတော့ မင်းက သေနတ်တစ်လက်၊ ကျည်တစ်ထောင့်ထဲနဲ့ ကိုယ့်ကိုကိုယ် သူရဲကောင်းလို့ ကြွေးကြော်ပြီး ရန်သူစခန်းကို သွားတိုက်ဖို့ ကြိုးစားနေသလိုပဲ။ ဒီအတိုင်းဆို သေချာပါတယ် ထူးစစ်။ မင်းကြိမ်းသေ ရှုံးမှာပါ"

"တင်"

ထူးစစ်ရင်ထဲ ပြင်းထန်တဲ့ လျှောင်လေးသိသိသာသာ လှုပ်ရှားသွားတယ်။ ...ဦးတာ ရည်းစားတွေ အများကြီးထားဖူးတဲ့လူ၊ မိန်းမတွေအကြောင်းကို ...ထက်အများကြီး ပိုသိတယ်။ စုနှီကို ဖွင့်ပြောဖို့လည်း တိုက်တွန်းနေတာ ...ကြိမ်အပေါင်းမနည်းတော့ဘူး။ သူ့မှာသာ တွေဝေပြီး အစိုးရိမ်ကြီးနေတာ။

"မင်းက တချာရေးလို့ရရင် ကျောင်းမှာနာမည်ကြီးလာမယ်။ ဒီဆို မိန်းကလေးတွေက အရမ်းစိတ်ဝင်စားကြမှာ၊ အဲဒီ အချိန်ရောက်ရင် စုနှီက မင်းကို လက်လွှတ်သွားမှာစိုးလို့ အရင်က အပေါ်စီးက ဆက်ဆံရဲမှာ မဟုတ်တော့ဘူး။ သတ္တိရှိလို့ မင်းကဖွင့်ပြောရင်လည်း ရှောရှောရှူရှူပြန်ချစ်မှာ ကြိမ်းသေတယ်။ ဒါကြောင့် ငါပြောတဲ့အတိုင်း လုပ်စမ်းပါ။ မင်း စုနှီအချစ်ကို ရလိမ့်မယ်"

လွင်ဦးပြောရင်း ထူးစစ်မျက်နှာကို အကဲခပ်လိုက်တယ်။ ဒီတောင် ...နှစ်ခွဖြစ်နေပြီဆိုတာ သူသိတာပေါ့။ တစ်စုံတစ်ရာကို လေးလေးနက် ...က် စဉ်းစားတွေးတောနေတာတာ သူ့ဘက်ပါဖို့ ခြောက်ဆယ်ရာခိုင်နှုန်း ...တ်သေချာနေပြီ။

"တကယ်လို့ မင်းကချာရေးရင်လည်း ခုလောလောဆယ် စုနှီက မသိပါဘူးကွာ။ သိတဲ့အချိန်မှာလည်း မင်းက နာမည်ကြီးနေပြီ"

www.burmeseclassic.com



"ငါ ရေးမယ် လွင်ဦး"

ထူးခင်ရဲ့ ပြတ်သားတဲ့လေသံကြောင့် လွင်ဦးမျက်နှာကြီး ဝင်းထိ
သွားတယ်။

"အဲဒီ ဓာတ်ပြန် ခင်နဲ့မိတ်ဆက်ပေးမယ်"

"ရှုနီ သေချာနေနဲ့နော်"

"စိတ်ချပေါ့ဗျ"

ထူးခင်တစ်ယောက် တချာရေးချင်တဲ့စိတ်ကြောင့်သာ ပြောလိုက်ရတ
ရင်တော့ သောနေပါတယ်။

ထိုကြောင့် အိပ်ယာခေါ်လဲချတာ မျက်လုံးမှိတ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၄)

"သူ့နာမည်က နှင်းပွင့်ဖြူ"

"သူက နော်တဲလယ်"

"သူက ခင်သက်ရှိ"

ထူးစစ်တစ်ယောက်ထဲ တန်တင်းမှာထိုင်နေတဲ့အချိန် လွင်ဦးက ကောင်မလေးသုံးယောက်နဲ့အတူ ရောက်လာပြီး မိတ်ဆက်ပေးတယ်။ ထူးစစ်အားလုံးကို ပြုံးပြလိုက်ပါတယ်၊ ထို့ကြောင့် ထင်တယ်။ ကောင်မလေး သုံးယောက်တလည်း အပြုံးပါးပါးနဲ့ ပြန်ပြုံးပြပြီး ထိုင်လိုက်ကြတယ်။

"ဒါ ငါ့သူငယ်ချင်း ထူးစစ်လေ"

"ကျွန်မ ကိုထူးစစ်ကိုသိပါတယ်၊ စုနဒီနဲ့ တွဲပြီးလို့ပေါ့"

ဒီစကားကို နှင်းပွင့်ဖြူဆိုတဲ့ ကောင်မလေးက ပြောလိုက်တာပါ။ သူတို့ သုံးယောက်ထဲမှာ နှင်းပွင့်ဖြူက အလှဆုံးပဲ၊ ရယ်လိုက်ရင် သွားစွယ်လေးနဲ့ ကြည့်လို့ကောင်းတယ်။

"စုနဒီက ကျောင်းမှာ နာမည်ကြီးပဲ"

ခင်သက်ရှိဆိုတဲ့ ကောင်မလေးက ပလုပ်ပလောင်းအသံကြီးနဲ့ ဝင်ပြောတယ်၊ လက်ထဲမှာ ဘယ်အချိန်က မှာလိုက်မှန်းမသိတဲ့ ထမင်းကြော် တစ်ပန်းကန်နဲ့ . . .

"ဟုတ်လား . . . ဘာနာမည်ကြီးတာလဲ"

"ကိုထူးစစ်ကြီး နောက်နေပြန်ပြီ"

"ကျွန်တော် တကယ်မသိလို့ပါ"

"ဒါဆို ကိုထူးစစ်ကြီး ညံ့သွားပြီ"

"ဟုတ်တဲ့ . . . ကျွန်တော် ညံ့ပါတယ်"

"ညံ့တာမှ အရမ်းကြီးညံ့"

ညံ့ပါတယ်လို့ ဝန်ခံတာတာမှ ထပ်ပြီးကဲ့ရဲ့နေပြန်သေးတယ်။

"အဲဒီလောက်အထိ ကျွန်တော်ညံ့နေလား"

"သိပ်ညံ့တာပေါ့ . . . ကိုယ်နဲ့တွဲနေတဲ့လူ ဘာဖြစ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှန်းမသိအောင် ကိုထူးစစ်ကြီးညွှံချက်တာ လွန်ပါတယ်။ မှတ်ထား ကျောင်းသားတွေရဲ့ ပါးစပ်များမှာ စုနန္ဒီဆိုတဲ့ နာမည်က ထိပ်ဆုံးကပဲ။ သာတွေပြောနေတာလဲလို့ သိချင်ရင် တစ်ယောက်ဆီ လျှောက်မေးကြည့်ပါလား။ ကျွန်မတော့ မသိဘူး"

ခင်သက်ရှိကပြောပြီး ထမင်းကြော်ကို ဆက်စားနေတယ်။ 'ဝ အမှောင်သော် တော်တော်စားနိုင်တဲ့ ကောင်မလေးပဲ။

"ကိုထူးစစ်ကို ကျွန်မတော ဓာနကြီးမယ်ထင်ထားတော"

ထူးစစ်နားထဲကို နှင်းပွင့်ဖြူရဲ့ စူးရှရှအသံလေးတိုးဝင်လာပြန်တယ်

"ဓာနဆိုတဲ့ စကားကို ကျွန်တော်သိတယ်။ ဒါပေမယ့် ဘယ်လိုအရာမျိုးကို ဓာနလို့ခေါ်တာလဲ . . . အဲဒါတော့ ကျွန်တော် မသိဘူး"

"ဒါဆို ကိုထူးစစ်က ဓာနမကြီးဘူးပေါ့"

"ကျွန်တော် ပြောပြီးပြီလေ"

"ကျွန်မ နောက်တစ်ခု ထပ်ပြောချင်တယ်"

ထူးစစ် စိတ်ဝင်တစားနဲ့ ငြိမ်သက်စွာနားထောင်နေလိုက်တယ်။

"ကျွန်မတို့မှ မဟုတ်ပါဘူး။ တော်တော်များများက ကိုထူးစစ်နဲ့ စုနန္ဒီကို ချစ်သူတွေပဲလို့ ထင်နေကြတာ။ ကိုထူးစစ်တို့ နှစ်ယောက်တွဲသွားရင်လည်း အရမ်းကြည့်လို့ကောင်းတယ်"

"တာ . . . ကျွန်တော်တို့က သူငယ်ချင်းတွေပါ"

နှင်းပွင့်ဖြူစကားကြောင့် စုနန္ဒီဘက်မှ အဖြေကိုတာတွယ်လိုက်တယ် သူ့ကြောင့် ဒီမှမတုတ် ဘယ်ယောက်ျားလေးကြောင့်မှ စုနန္ဒီရဲ့ ဂုဏ်သိက္ခာ ထိပါးသွားမှာကို လုံးဝဒလိုလားပါ။

"ဒါဆို ကိုထူးစစ်တို့ သူငယ်ချင်းနှစ်ယောက်က အရမ်း သံယောဇဉ်ရှိတာပဲနော်"

"ငယ်သူငယ်ချင်း သံယောဇဉ်တစ်ခုကြောင့်ပါ"

"အဲဒါဆို တော်တော် သံယောဇဉ်ကြီးမှာပေါ့"

"ဟင်း"

ထူးစစ် နှင့်သီးတဲ့ သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်မိတယ်။ သူမ ဘယ်လိုပြန်ပြောရမလဲ။ ရင်ထဲမှာ ကြီးမားတဲ့ချစ်ခြင်းတစ်စုံက ထုတ



www.burmeseclassic.com

www.burmeseclassic.com



ကြီးမားစွာနဲ့ ခိုင်ခန့်နေပြီး ထိုအချိန်မှာပဲ လွင်ဦးက မျက်လွှင်းသွားတဲ့ ထူးစစ်မျက်နှာကိုကြည့်ပြီး အခြေအနေကို ဝင်ထိန်းလိုက်ပါတယ်။

"နင်တို့တွေ စုန္ဒီအကြောင်းပြောမှာလား။ ကမ္ဘာကိစ္စ ဆွေးနွေးမှာလား"

ထူးစစ်တစ်ယောက် လွင်ဦးကို ကျေးဇူးတင်တဲ့မျက်ဝန်းနဲ့ကြည့်လိုက်တယ်။ တကယ်လို့သာ သူတို့နှစ်ယောက်ရဲ့ စကားဝိုင်းထဲကို လွင်ဦးက ကြားမဝင်ခဲ့ရင် နှင်းပွင့်ဖြူရဲ့စကားတွေ သူ့ရင်ကိုဆက်ပြီး ထိမိုက်ပြောတွဲ စရာ အမှန်ပါပဲ။

"ကျွန်မတို့ သူငယ်ချင်းတွေစုပြီး ကဗျာစာအုပ်လုပ်ချင်တယ်။ ကျောင်းသားသဘာ အမှတ်တရပေါ့။ အဲဒါ ကိုထူးစစ်က မဂ္ဂဇင်းတွေမှာ ကဗျာပါဖူးတော့ ကျွန်မတို့ စာအုပ်မှာ ရေးပေးစေချင်ပါတယ်"

"ဟုတ်ကဲ့ . . . လွင်ဦးပြောပြလို့ ကျွန်တော်သိပါတယ်။ ဘယ်နှစ်ပုဒ်ရေးပေးရမလဲ"

"ငါးပုဒ်ဆိုရင် ရပါပြီ"

"ဟုတ်ကဲ့ . . . ကျွန်တော်ရေးပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ် . . . ကိုထူးစစ်"

"ကဲ . . . နင်တို့ကဗျာကိစ္စ အဆင်ပြေသွားပြီဆိုတော့ အစားအသောက်ဘက် အာရုံလှည့်ဦး ဗိုက်ကဆာနေပြီ"

လွင်ဦးပြောလည်းပြော လက်ယပ်ခေါ်လိုက်တာကြောင့် စားပွဲထိုးလေး တစ်ယောက် အနားရောက်လာတယ်။

"ဘယ်မှာမလဲ အစ်ကို"

"နော် . . . ဘာစားမလဲ"

"ဆီချက်နဲ့ လက်ဖက်ရည်"

"ဒါဆို ဆီချက်နှစ်ပွဲ၊ လက်ဖက်ရည်ချိုဆိမ့်နှစ်ခွက်"

"ကျွန်မ မုန့်တင်းခါး"

နှင်းပွင့်ဖြူက ဝင်ပြောတာ။ . . .

"အဲဒါဆို ဆီချက်နှစ်ပွဲ၊ မုန့်တင်းခါးတစ်ပွဲ၊ လက်ဖက်ရည်တစ်ခွက်"

စားပွဲထိုးလေးက သေချာမှတ်ပြီး ပြန်လှည့်ထွက်သွားမှ ထူးစစ်လည်း နော်ထဲလယ်ဆိုတာ လွင်ဦးရဲ့တရင်းမလေးမှန်း သေသေချာချာသိလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကြော် . . ."

"ဘာဖြစ်တာလဲ ထူးစစ်"

"အတွေးထဲမှာ အံ့ဩသွားလို့ပါ"

"ကိုထူးစစ်က ပျော်တတ်တယ်နော်။ အရင်က စုနှဒီဘေး နားမှာ အမြဲတွေ့နေရတော့ မာနကြီးမယ်ထင်တာ"

လာဖြန်ပြီ ဒီမာန၊ ထူးစစ်အတွေးနဲ့အတူ နှင်းပွင့်ဖြူမျက်နှာကြည့်ပါ တော့ ကြည်လင်တဲ့မျက်နှာလေးမှာ ရောင်စဉ်တွေဖြာထွက်နေတယ်။

"ကျွန်တော့်မှာ မာနမရှိပါဘူး"

"အင်း . . . ကျွန်မ ယုံလိုက်ပါပြီ"

ထိုအချိန်မှာ လက်ဖက်ရည်နှစ်ခွက်က အရင်ရောက်လာတယ်။ နော်ထဲလယ်က လက်ဖက်ရည်တစ်ခွက်ကို မွှေပြီး ကြည်နူးရိပ်တွေနဲ့ လွင်ဦး ရှေ့ချပေးတယ်။ ချစ်သူတွေဖြစ်ကြပြီးတော့လည်း တစ်ယောက်နဲ့တစ်ယောက် ဝရုတစိုက်နဲ့ ကြင်နာမှုလေးတွေ ရှိကြမှာပေါ့။

"လွင်ဦး ငါသွားတော့မယ်"

"တင် . . . ဘာဖြစ်လို့လဲ၊ အတန်းတက်ဖို့လိုပါသေးတယ်"

"စုနှဒီ စောင့်နေမှာကွ"

"အဲဒီလိုလည်း သွားလေ၊ မင်းသောက်တာ ငါရှင်းလိုက်မယ်"

ထူးစစ်အားလုံးကို နှုတ်ဆက်ပြီး ကန်တင်းကနေ ထွက်လာခဲ့တယ်။ ရင်ထဲမှာတော့ စုနှဒီမသိအောင်လုပ်ရတဲ့ကိစ္စမို့ စိုးရိမ်စိတ်ကလေး မသိမသာ ကြီးစိုးနေပါတယ်။ အဲဒီပေမယ့် သူတချာလေးတွေ ကျောင်းသား၊ ကျောင်းသူ ကြားထဲ ပြန်နှံ့ဖို့ဖဲလေဆိုတဲ့ အတွေးနဲ့ စိတ်ကိုတင်းထားလိုက်တယ်။

နောက်ဆုံးတော့ ငါသနားနဲ့ဗီဇက စိုးရိမ်ထိတ်လန့်ခြင်းကို အနိုင်ယူ သွားတော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com


※ ※ ※

၅

"ဘာ"

ကြားလိုက်ရတဲ့ သတင်းစကားက ဗုနဒီနားထဲဘယ်လိုမှ မယုံနိုင်လောက်အောင် ဖြစ်မိသွားတယ်။

"နင်မြင်တာ သေချာလား"

"တုတ်တယ် . . . ငါက ထူးစစ်ရုပ်ကြီးကို မှားမလား"

"ဘယ်အချိန်တုံးလဲ"

"စောစောကပဲ ဘာမှမစားရသေးလို့ တန်တင်းသွားစားရင်းနဲ့ တွေ့ခဲ့တာ၊ သူနဲ့ထိုင်နေတဲ့ အုပ်စုထဲမှာ နှင်းပွင့်ဖြူလည်းပါတယ်၊ ပြီးတော့ အတူတူနေတဲ့ လွင်ဦးလည်းပါတယ်"

"နင်က နှင်းပွင့်ဖြူကို သိလို့လား"

"ဘာဖြစ်လို့ မသိရမှာလဲ၊ နင်ပြီးရင် နှင်းပွင့်ဖြူက နာမည်အကြီးဆုံး အလှဘုရင်မပဲ၊ ဘာလဲ . . ဒီလောက်ငါသေချာပြောနေတာကို နင်က မယုံဘူးလား"

"မယုံတာထက် အံ့ဩနေတာဆိုရင် ပိုမှန်တယ် နီလာဝင်း၊ ထူးစစ်အကြောင်းကို ငါအသိဆုံးပါ၊ ငယ်ငယ်လေးထဲက ထူးစစ်ဟာ ငါကလွဲပြီး ဘယ်မိန်းကလေးနဲ့မှ ရင်းရင်းနှီးနှီး မနေတတ်ဘူး၊ လူဆိုတာ တစ်နာရီ၊ တစ်မိနစ်အတွင်း ပြောင်းလဲတတ်တဲ့ သတ္တဝါတွေမှန်း ငါနားလည်လိုက်ပြီ"

ဗုနဒီပြောရင်း ဒေါသထွက်လာတယ်၊ ဘာကြောင့် ထူးစစ်က သူမ ကြိုက်တဲ့အရာကို ကွယ်ရာမှာလုပ်နေရတာလဲ၊ ဘယ်လိုတိတ်ခိုးမှုတိုမဆို ... ခွင့်ပြုချက်ရ၍ လုပ်ရမယ်ဆိုတာသိရဲ့သားနဲ့၊ ဗုနဒီ ဒေါသပြင်းပြင်းနဲ့ ... တတ်' ခေါက်လိုက်တော့ အတန်းထဲမှာရှိတဲ့ ကျောင်းသား၊ ကျောင်းသူ ... အားလုံး အလန့်တကြားနဲ့ ငိုင်းကြည့်ကြတယ်၊ သူတို့တွေရဲ့ ... တ်ထဲမှာ ... နာတစ်ခုကို အစချီးနေပြီဆိုတာ ရိပ်မိလိုက်ကြတယ်၊ ဗုနဒီဆိုတာ

www.burmeseclassic.com


တျားသစ်မလေးတစ်ကောင်ထက် ကြောက်စရာကောင်းသလို၊ သူမ နားမှာရှိတဲ့ ထူးစစ်တလည်း ခြွေးတစ်ကောင်လိုပဲ။ ဒါကြောင့် စုနောက်ပိုင်းမှာ သူမတို့ နှစ်ယောက်ဆိုရင် ကျောင်းသား၊ ကျောင်းသူတွေက ဝေးဝေးရှောင်ကြတယ်။

"တွေ့မယ် . . . ဒီကိစ္စကိုပြတ်ပြတ်သားသား မေးပြီး ရှင်းရမယ်"

"ဘာဖြစ်လို့ ဒေါသထွက်ရတာလဲ စုနဒီ၊ သူဘာသာ ဘယ်သူနဲ့ခင်ခင် နင့်ကိုအရင်လို ဆက်ဆံရင်ပြီးနေတာပဲ မဟုတ်လား"

"မလိုချင်ဘူး . . . ငါတလွဲပြီး ဘယ်မိန်းကလေးနဲ့မှ မခင်ရဘူး။ ငါတို့နှစ်ယောက်က သူငယ်ချင်းတွေဆိုပေမယ့် ငယ်ငယ်လေးထဲက မောင်နှမတွေလိုနေလာခဲ့ကြတာ။ မတော်မဆ မိန်းကလေးတစ်ယောက်ကြောင့် ထူးစစ်ဘဝက ပျက်သွားရင် ဘယ်လိုလုပ်မလဲ"

"သူတို့လည်း အကြောင်းကိစ္စတစ်ခုခုရှိမှာပေါ့တာ"

"ဘယ်လိုပဲအကြောင်းရှိရှိ ငါ့ကိုအသိပေးရမယ်။ ငါ့ရဲ့ ခွင့်ပြုချက်မရဘဲ ဘာမှလုပ်ပိုင်ခွင့်မရှိဘူး။ ဘယ်မိန်းမနဲ့မှ လည်း မခင်ရဘူး"

"ထူးစစ်ကို ခင်မင်မှုသံယောဇဉ်တစ်ခုထဲနဲ့ အဲဒီလောက် အထိ ချုပ်ကိုင်လို့ရမလားတာ . . . သေချာစဉ်းစားပါဦး"

"ဘာဖြစ်လို့မရ ရမှာလဲ။ ထူးစစ်ဆိုတာ ငယ်ငယ်လေးထဲက ငါ့ရဲ့စကား ငါ့ရဲ့လမ်းညွှန်မှုတွေနဲ့ နေလာခဲ့တာ။ သူ ကိုယ်တိုင် ငါ့ကိုကြောက်ခဲ့တယ်။ မိဘတွေကလည်း သူ့ကို ဆုံးမဖို့ အပ်ထားတယ်။ တောင်စုတ် . . . တွေ့မယ်။ ငါမသိဘဲနဲ့ ဘယ်သူ့အားကိုးနဲ့ လုပ်နေတာလဲဆိုတာ မေးရမယ်"

စုနဒီအသံတွေ တဆက်ဆက်တုန်လာတယ်။ ဒါတိုင်းဆို ပြဿနာ တစ်ခုကို သွေးအေးအေးနဲ့ ရင်ဆိုင်နိုင်သလောက် စုအခါမှာ သွေးဆူပွက်နေတယ်။

"စုနဒီ . . . နင့်စိတ်ကို နည်းနည်းလျှော့ပြီး ငါပြောတဲ့ စကားကို နားထောင်ပေးပါ။ စုအချိန်ထိ ထူးစစ်အနားထဲကို မလာသေးဘူး။ တတယ်လို့ရောက်လာပြီး အကြောင်းစုံ


www.burmeseclassic.com

www.burmeseclassic.com



ပြောပြရင် ဘယ်လိုလုပ်မလဲ။ နင်က သူ့ဆီကစကားတွေကို မစောင့်ဘဲ စိတ်ထင်သလို ပြဿနာရှာရင် အခြေအနေက တစ်မျိုးဖြစ်သွားမှာပေါ့"

"ငါနားမလည်ဘူး နီလာဝင်း"

နီလာဝင်းက ပြဿနာမဖြစ်စေချင်သဖြင့် စိတ်ရှည်ရှည်နဲ့ ဆက်ရှင်းပြတယ်။

"နင်တို့နှစ်ယောက်က သူငယ်ချင်းတွေလေ၊ သူငယ်ချင်းဆိုတာ သူငယ်ချင်းအတိုင်းအတာတစ်ခုနဲ့ပဲ စိတ်ဆိုးသင့်တယ်။ ခုကိစ္စကို နင်က သူငယ်ချင်းအဆင့်ထက်ကျော်ပြီး မတရားကြီး စိတ်ဆိုးနေတော့ ဘယ်လိုဖြစ်သွားမလဲ။ ငါပြောတာ သဘောပေါက်လား။ ယောကျ်ားနဲ့မိန်းမဆိုတာ ဆန့်ကျင်ဘက်မဟုတ်လား။ ငယ်ငယ်လေးထဲက ဖြူစင်တဲ့ သံယောဇဉ်နဲ့ ဘယ်လောက်ပဲ ခင်ခင်၊ ကြီးလာရင် အရောင်ပြောင်းတတ်ကြတာ သဘောဝပဲ။ အဲဒီတော့ ထူးစစ်က နင့်အပေါ် အရောင်မပြောင်းဘူးလို့ အာမခံနိုင်မလား။ လူစိတ်ဆိုတာ ခန့်မှန်းရ အရမ်းခက်ခဲတယ်။ နင်မကြိုက်တာ သူကလုပ်နေတယ်ဆိုတာ မိန်းကလေးတွေနဲ့ ပတ်သက်နေတယ်။ တကယ်လို့ နင်ပြောတဲ့အချိန်မှာ ထူးစစ်က တစ်မျိုးမြင်သွားရင် သေရော . . . နင့်ဘဝတစ်ခုလုံး ပြောင်းထဲရောက်သွားမှာ။ ဒီလောက်ပဲ ငါပြောချင်တယ်တာ . . . ကျန်တာကို နင့်ဘာသာ ဆက်စဉ်းစား"

စုနဒီ သွေးအေးအေးနဲ့ နီလာဝင်းစကားကို သေသေချာချာစဉ်းစားမိ...တော့ တစ်ခါမှမစဉ်းစားဘူးတဲ့၊ အကြောင်းအရာတွေကို မြင်တွေ့လိုက်ရတယ်။ ...စစ်နဲ့ပတ်သက်ပြီး သူမရဲ့စိတ်တွေ ဘာဖြစ်လို့အဆမတန် လှုပ်ရှားခဲ့ရ...လဲ။ သူငယ်ချင်းဆိုတာ တစ်ယောက်နဲ့တစ်ယောက် နားလည်ပေးနိုင်ရမှာ...။

"ဆော်ရီးပါ . . . ငါစိတ်နည်းနည်းလောသွားတယ်။ လုံးဝမထင်မှတ်တဲ့ သတင်းတွေကြားလိုက်ရလို့ စိတ်လှုပ်ရှားသွားတာဖြစ်မယ်"

စုနဒီအမြင်မှန်ရသွားသဖြင့် နီလာဝင်းကျေနပ်သွားပြီး . . .

"ထူးစစ်လာလို့ရှိရင် စပြီးမမေးနဲ့နော် . . . သူကပြော



www.burmeseclassic.com

www.burmeseclassic.com


ရင်လည်း ဘာမှမဖြစ်တဲ့ပုံစံနဲ့နေ”

“ထူးစစ်မပြောရင် ဘယ်လိုလုပ်မလဲ”

“အဲဒီ ရှေ့ဆက်ဖြစ်ပေါ်လာမယ့် အခြေအနေကို စောင့်ကြည့်ပေါ့”

စုနဒီငြိမ်သက်စွာနဲ့ နီလာဝင်းစကားကို လက်ခံလိုက်မိတယ်။ တစ်ခါ တစ်ခါ လူ့ဘဝက ကျားကစားသလိုပါပဲ။ ကစားတဲ့လူက ကိုယ့်ရဲ့တာကွက်ကို မမြင်ပေမယ့် ဘေးကကြည့်တဲ့လူက မြင်တတ်ကြပါတယ်။

အချိန်ကိုက်လို့ ဆိုရပေမည်။

သူမတို့နှစ်ယောက် စကားပြောအပြီးမှာ ထူးစစ်တစ်ယောက် အခန်းထဲကို ဝင်လာတယ်။ ပုံစံက ရှုန်လန်းတက်ကြွနေသလို မျက်နှာတစ်ခုလုံးမှာလည်း ပျော်မြူးရိပ်တွေသန်းနေတယ်။ ထူးစစ်အနားရောက်သောအချိန်မှာ နီလာဝင်း တစ်ယောက် မသိမသာနဲ့ နောက်ဘက်ခုံပြောင်းသွားတယ်။

“နင်ရောက်တာ ကြာပြီလား”

“အပိုတွေမမေးနဲ့ ထူးစစ်၊ အခုနင်ဘယ်ကလာတာလဲ”

စုနဒီက အမေးကိုမဖြေဘဲ ထပ်မေးတာကြောင့် ထူးစစ် ကြောင်သွားတယ်။ ဒါပေမယ့် သတိရှိတဲ့လူဆိုတော့ ခဏအတွင်းပြန်ငြိမ်ခဲ့တယ်။

“ငါ လွင်ဦးနဲ့ကန်တင်းမှာ ထိုင်ပြီးလာတာ”

“လွင်ဦးနဲ့ပဲလား”

“အေးလေ . . . နင်မှမလာတာ”

စုနဒီက ဆက်မေးမလို့ တန်ပြင်လိုက်ချိန်မှာ ဆရာမအခန်းထဲဝင်လာလို့ မမေးဖြစ်လိုက်ပေ။ ဆရာမက ရောက်တာနဲ့ တပြိုင်တည်း စာသင်တယ်။ သူမလည်း ထူးစစ်ဖုံးကွယ်ထားတဲ့ကိစ္စကို သိချင်ပေမယ့် ကာယကံရှင် ကိုယ်တိုင်က ဖွင့်မပြောတော့ လိပ်ခဲတင်းတင်းနဲ့စာကိုပဲ အာရုံစိုက်လိုက်ရတယ်။ ဆရာမက သစ်ပင်တို့ရဲ့သဘာဝကို သေချာရှင်းပြတယ်။ ထို့နောက် စာမေးပွဲမှာ မေးနိုင်တဲ့ ပုစ္ဆာများကို ကျက်ထားရန် သေသေချာချာမှာတော့ တယ်။ သူမစိတ်တွေတာ ဆရာမပြောနေတာကို အာရုံစိုက်ပေမယ့် မကြား တစ်ချက်၊ ကြားတစ်ချက်နဲ့။

ဒီလိုနဲ့ သူမအဖို့ မေဂျာဆရာမရဲ့အချိန်တာ ဝေဝေဝါးဝါးနဲ့ ကုန်ဆုံး သွားခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေဘယ်လိုလဲ"

အဆောင်ပြန်ရောက်ရောက်ခြင်း နီလာဝင်းက မေးလိုက်တာကြောင့် ရင်ထဲ ဒေါသတွေ စုပြုံရောက်လာတယ်။

"ငါ့ကိုဘာမှမပြောဘူး နီလာဝင်း"

"အဲဆို လျှို့ဝှက်ချက်တစ်ခုရှိနေပြီပေါ့"

"ငယ်သူငယ်ချင်းတစ်ယောက်အပေါ်တောင် ဖုံးကွယ်ထား လောက်ရအောင် ဘယ်လောက်အထိ အတိုင်းအတာရှိသလဲ ဆိုတာ တွေးကြည့်လို့ရတယ်"

"ဒါ နည်းနည်းတော့ ထူးဆန်းတယ်တ"

"ငါသိသိကြီးနဲ့ အလိမ်ခံနေရတာ ဘဝမှာကိုယ်ယုံကြည် စိတ်ချရတဲ့ လူတစ်ယောက်က လိမ်ညာနေတာ အရှုံးခံပြင်း မိတယ်။ တတ်နိုင်ရင် ထူးစစ်လိုကောင်မျိုးကို သူငယ်ချင်း အဖြစ်တောင် စွန့်ပစ်လိုက်ချင်တယ်"

"နင့်စိတ်မှာ ထူးစစ်နဲ့ပတ်သက်ပြီး ပြိုင်ပွဲတစ်ခုပြိုင်နေရ တယ်လို့ သဘောမထားနိုင်ဘူးလား"

"တင်"

"ဘယ်လိုပြိုင်ပွဲလဲ"

"ဒီလိုလေ . . . ပုင်နဲ့ထူးစစ်ရဲ့ ခင်မင်မှုသံယောဇဉ်ကို ဖျက်စီးဖို့ ကြိုးစားနေတဲ့ နှင်းပွင့်ဖြူရဲ့အရည်အချင်းနဲ့ နင်က ထူးစစ်ကို နှင်းပွင့်ဖြူရှက်မပါအောင် ချုပ်ကိုင်နိုင်တဲ့ အရည်အချင်း ဘယ်သူသာမလဲဆိုတာပေါ့။ ဒါပေမယ့် ပြိုင်ဘက်ကိုတော့ လျော့တွက်လို့မရဘူးနော်။ တခဏ ဆိုတဲ့အချိန်ကာလအတွင်းမှာ ထူးစစ်စိတ်ကို သူ့ဘက်ပါ အောင် နင့်ကို လိမ်ညာရဲတာတွေဟာ ဘယ်လော ထူးစစ်အပေါ် လွှမ်းမိုးထားသလဲဆိုတာ တွေးလို့ရတယ်"

www.burmeseclassic.com



ထူးစစ်ရပ်ထဲ နိုလောဝင်းစတားကြောင့် မာနရောင်တွေ လိုက်ခနဲ တတ်လာတယ်။ တောတရာ သူမတို ပြိုင်ဆိုင်ရဲတဲ့မိန်းမဆိုတာ ရှိနေပြီလား။ ဘယ်လိုနေရာမှာပဲဖြစ်ဖြစ် စုနဒီဆိုတဲ့သူမဟာ ထိပ်ဆုံးမှာပဲရှိရမယ်။ နှင်းပွင့်ဖြူဆိုတဲ့ မိန်းကလေးရေ . . . နှင်နဲ့ငါကြားမှာ အပြိုးဆိုတာမရှိခဲ့ပေမယ့် ထူးစစ်နဲ့ပတ်သက်ပြီး ကြီးမားတဲ့ရန်သူဖြစ်သွားပြီဆိုတာတော့ နှင်သိထားလိုက်ပါ။

"ဘယ်လိုလဲ၊ နှင်ပြိုင်ရဲလား စုနဒီ"

"ဘာလို့ မပြိုင်ရဲရမှာလဲတား။ ငါဟာ ပြဿနာကို ရှောင်လွှဲတတ်တဲ့ လူမှမဟုတ်တာဘဲ"

"ဒါဆို ဒီနေ့ကစပြီး ထူးစစ်ရဲ့ အသွားအလာကို မသိမသာ စောင့်ကြည့်ရဖို့ လိုလိမ့်မယ်"

"နှင်ပဲ ကူညီလက်စနဲ့ဆက်ပြီး ကူညီပေးတာ"

"အေးပေါ . . . ငါအားလုံးတာဝန်ယူတယ်"

"ကျေးဇူးပဲ"

စုနဒီစိတ်ပင်ပန်းလွန်းသဖြင့် အိပ်ယာပေါ် လဲချလိုက်တယ်။ ထူးစစ် နှင့်ကြောင့် ငါဘယ်လောက်အထိ စိတ်ဆင်းရဲနေရသလဲဆိုတာ သိရဲ့လား။ ငယ်ငယ်လေးထဲက ခင်ခဲ့တဲ့ သံယောဇဉ်တစ်ခုကို ဘာဖြစ်လို့များ ဖျောက်ဖျက်ချင်ရတာလဲ။ နှင်ဘဝမှာ ငါ့ထက်အရေးကြီးတဲ့လူရှိနေပြီပေါ့။ နှင့်ကို ဆွဲဆောင်နိုင်တဲ့ နှင်းပွင့်ဖြူဆိုတဲ့မိန်းကလေးမှာ ဘယ်လိုအရည်အချင်းတွေ ရှိနေသလဲဆိုတာ ငါစောင့်ကြည့်နေမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဒီနေ့ စနေနေ့။

ထူးစစ်တစ်ယောက် စားသောက်ပွဲနီးလာလို့ ကျောင်းပိတ်တုန်း စာကျက်ရန် အားယူလိုက်ချိန်မှာ မထင်မှတ်ဘဲ နှင်းပွင့်ဖြူရောက်တယ်။ ထို့ကြောင့် အပေါ် ဆင်ကနေ တယောသောပါးဆင်းပြီး အဆောင်ရှေ့က အအေးဆိုင်မှာ ဧည့်ခံ လိုက်ရတယ်။ အမှန်က လွင်ဦးသာရှိရင် ဒီတာဝန်တွေကို သူရှောင်လွှဲလို့ရ တယ်။ ခုတော့ ခွေးသူတောင်းစားက နော်တဲလယ်နဲ့ချိန်းထားလို့ဆိုပြီး မိုးလင်းထဲက ထွက်သွားတာ ပေါ်မလာတော့ဘူး။

"ခုလို ကိုထူးစစ်နဲ့သူငယ်ချင်းဖြစ်ခွင့်ရမယ်လို့ ကျွန်မ မမျှော်လင့်ခဲ့ဘူး"

နှင်းပွင့်ဖြူက ထောပတ်သီးဖျော်ရည်ကို တစ်ငွန်းခပ်စားပြီး အပြုံးမျို ချိုလေးနဲ့ပြောတော့ ထူးစစ် ဘယ်လိုပြန်ပြောရမှန်းတောင် မသိဘူးဖြစ်သွား တယ်။

"ကိုလွင်ဦး ဘယ်သွားလဲ"

"မနက်ထဲက အပြင်ထွက်သွားတာပဲ"

"ကိုထူးစစ်ရန်ဖြစ်တာ ကျွန်မတို့သိတယ်။ စုနဒီကို 'စ' လို့ဆို"

"ဟုတ်တယ် . . . ဒီကောင်တွေ နည်းနည်းရိုင်းလို့ ကျွန်တော် ဆုံးမလိုက်တာ။ ကျောင်းသား၊ ကျောင်းသူ အချင်းချင်းပဲဗျာ . . . တစ်ယောက်မကြိုက်တာ တစ်ယောက် မစနဲ့ပေါ့။ ခုတော့ လူမိုက်ပုံစံမျိုးနဲ့ ဘယ်သူမှ ဂရုမစိုက် သလိုလုပ်တော့ စိတ်ဆိုးတာပေါ့"

"ကျွန်မက ရန်ဖြစ်တာ သဘောမကျဘူး။ ဘယ်လိုပြဿနာ မျိုးမဆို အေးအေးဆေးဆေး ဖြေရှင်းလို့ရပါတယ်"

"ကျွန်တော်အတွက်တော့ ရန်ဖြစ်တာ မထူးဆန်းတော့ ဘူး။ မုနဒီနဲ့ဖတ်သတ်ပြီး ငယ်ငယ်လေးထဲက ရန်ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ။ အဲဒီလိုရန်ဖြစ်ရင် မခံရအောင်လည်း ဧုနဒီက ဆရာတွေကို အိမ်ခေါ်ပြီး ကျွန်တော့်ကိုသိုင်းသင်ပေးတယ်။ ချူရို၊ ကရာတေး၊ တွန်ဖူး စုံနေတာပဲ”

“ဒါဆို ကိုထူးစစ်က ဧုနဒီရဲ့ သူငယ်ချင်းကိုယ်ရံတော်ပေါ့”

“အတင်း . . . တုတ်တယ်၊ အဲဒီလိုဖြစ်နေတာ”

ထူးစစ် ရွှင်ရွှင်လန်းလန်းလေးပြောတော့ နှင်းပွင့်ဖြူမျက်နှာ အရောင်တစ်မျိုးပြောင်းသွားတယ်၊ ဒါပေမယ့် သူမက လိမ္မာပါးနပ်စွာနဲ့ အမြန်ပြုံး လိုက်တော့ ထူးစစ် မရိပ်မိလိုက်ပေ၊

“မနက်ဖြန် ကျွန်မအိမ်မှာ သူငယ်ချင်းတွေစုပြီး တချို့ တာဆုပ်ကိစ္စ ဆွေးနွေးမလို့၊ အဲဒါ ကိုထူးစစ်နဲ့ကိုလွင်ဦးတို့ နှစ်ယောက်ကို လာဖိတ်တာ”

“နှင်းပွင့်ဖြူက ဒီမြို့ကပဲလား”

“တုတ်တယ် . . . ကျွန်မနဲ့ခင်သက်ရီက ဒီမြို့ကပါ၊ နော်တဲလယ်က ကျောင်းရောက်မှခင်တာ”

“ဪ . . .”

နှင်းပွင့်ဖြူတစ်ယောက် ထူးစစ်ရဲ့ အံ့ဩသွားတဲ့ပုံစံလေးကို နှစ်မြို့ ပြုံး မြိုက်မြိုက်ငေးမောကြည့်မိသွားတယ်၊ ယောက်ျားတစ်ယောက်ပီသအော ခန္ဓာကိုယ်အချိုးအစားနဲ့ မိန်းကလေးတိုင်း မငြင်းပယ်နိုင်တဲ့ ရုပ်ရည်တစ်ခု ပိုင်ဆိုင်ထားတဲ့ သူ့လိုလူမျိုးက ရှားမှရှားပါပဲ၊ မျက်လုံးတွေက ရိုးသား သန့်စင်ပြီး တွေ့လိုက်တိုင်း ကြည်လင်နေသဖြင့် အတွင်းစိတ်ဖြူစင်မှု ပေါ်လွင်နေတယ်၊ သူတာ ဧုနဒီနည်းတူ ကျောင်းမှာနာမည်ကြီးတဲ့ လူတ ယောက်ပါ၊ အမြဲတမ်း တည်တည်တံ့တံ့နေတတ်တာကြောင့် မာနကြီး တယ်လို့ သတ်မှတ်ထားကြတယ်၊ သူနဲ့ခင်မင်လို့ဆိုတာ ကျောင်းသူတိုင်း အိပ်မက်တစ်ခုပါပဲ၊ ယခုလွင်ဦးကြောင့် ကျောဇ်သနာပါတဲ့ သူနဲ့သူမ ခင်ခွင့်ရခဲ့ပြီ၊ တကယ်ခင်ကြပြီဆိုတော့လည်း သူ့မှာ မာနဆိုတာ လုံးဝမရှိမှ သိလိုက်ရတယ်၊

“နှင်းပွင့်ဖြူပြန်ရင် ကျွန်တော် ကဗျာစာအုပ်ပေးလိုက်မယ် ကျွန်တော်ရေးတဲ့ ကဗျာကိုမကြိုက်ရင် ပွင့်ပွင့်လင်းလင်း ပြောပါ၊ အားနာပြီး မကြိုက်ဘဲထည့်တာမျိုး မလုပ်ပါနဲ့ အနုပညာမှာ အားနာတာ၊ အထင်ကြီးတာ ... မှုရေးအရ

www.burmeseclassic.com



ဆိုတာ မရှိဘူး။ အနုပညာကို အနုပညာနဲ့ပဲ ရှေးရှုယ်ပါ ကျွန်တော်တို့တာ ဝါသနာရှင်ဆိုပေမယ့် ရင်ထဲခံစားချက် အတွေးအခေါ်စကားလုံးအသစ်အဆန်းတွေကို လူပေါင်း များစွာရှေ့ ချပြရမှာဆိုတော့ အတတ်နိုင်ဆုံး တောင်း စေချင်တယ်"

နှင်းပွင့်ဖြူတစ်ယောက် သူမရဲ့အတွေးကိုမရိပ်မိဘဲ ထူးစစ်က စကား တွေပြောနေတဲ့အတွက် အားနာစွာနဲ့ ပြုံးမိသွားတယ်။

"ကျွန်တော့်စကားမှာ ရယ်စရာပါလို့လားတင်"

"ဆော်ရီးပဲ . . . ကိုထူးစစ်။ ကျွန်မ ကိုယ့်အခွေ ၃နဲ့ ကိုယ် သဘောကျသွားလို့ပါ"

"ဪ"

နှင်းပွင့်ဖြူက ထူးစစ်ရဲ့ အံ့ဩသွားတဲ့ပုံစံလေးကို ငွေးကြည့်ရင်း . .

"ကျွန်မလည်း အကောင်းဆုံးလုပ်မယ်လို့ စဉ်းစားဆုံးဖြတ် ထားပါတယ်။ ဒါကြောင့် ကိုထူးစစ်ဆီက ကဗျာတောင်း တာပေါ့။ ခင်သက်ရှိဆို ကျွန်မကို ကဗျာတွေပေးထားတာ အများကြီးပဲ။ ကဗျာသာဆိုတယ် ဘာတွေရေးထားမှန်း မသိဘူး။ မြန်မာလိုပဲ ရေးထားတာပါ။ ဒါပေမယ့် မြန်မာစာ ဖတ်တတ်တဲ့ ကျွန်မတော့ လုံးဝနားမလည်ဘူး။ စာရေး ဆရာတွေပြောသလို ဒါကျအကျိုးအပျက်တွေနဲ့ ရေးထား တာတဲ့တယ်"

"အနုပညာဆိုတာ ခက်တယ်ဗျ၊ ကျွန်တော်တို့တာ ဝါသနာရှင်တွေဆိုတော့ အနုပညာနဲ့ပတ်သက်ပြီး ဝေဖန် ပိုင်ခွင့်မရှိဘူး။ အချို့ကျတော့ ခံစားလို့မရတာကို အနုပညာ လို့ သတ်မှတ်တယ်။ ကျွန်တော့်ရဲ့အယူအဆကတော့ ဘယ်လိုစကားလုံးပဲ သုံးသုံး။ ဒါကျအကျိုးအပျက်မကလို့ တစေပဲဖြစ်ပါစေ၊ ပရိသတ်ရဲ့ ရင်ကိုစွဲဆောင်နိုင်ရင် ဒါအနုပညာပဲ။ ဘာဖြစ်လို့လဲဆိုတော့ အနုပညာမှာ ချုပ်ချယ် တန့်သတ်ထားတာတွေ တစ်ခုမှ မရှိလို့ပါ"

"ဒါဆို ခင်သက်ရှိကဗျာလေးတွေ ထည့်ရမှာပေါ့"

"အချို့အရာတွေက ရိုးတယ်ထင်ပေမယ့် အမြင်ကွာ ဆန်းနေတတ်တယ်။ အချို့ကျတော့ ဘာမှန်းမသိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဝရိသတ်က ထက်ခံတယ်။ လူတွေအများကြီးလေ . . . ခိတ်တွေ ဘယ်တူမလဲ"

"တေးဇူးပဲ ကိုထူးစစ်၊ ဒီနေ့ ကိုထူးစစ်နဲ့စကားပြောရတာ ကျွန်မအတွေ့အကြုံအသစ်တွေ ရပါတယ်။ ခင်သက်ရှိ တချာကိုလည်း ပြန်ဖတ်ပြီး ထည့်သင့်မထည့်သင့် စဉ်းစားမယ်"

"ခဏ . . . ကျွန်တော်အဆောင်သွားပြီး တချာယူလိုက်ဦးမယ်"

"ကျွန်မပါ လိုက်ခဲ့မယ်လေ"

"အဲဒီ ပိုအဆင်ပြေတာပေါ့"

ထူးစစ်က အိမ်ရှင်ဆိုတော့ အအေးတိုက်ရှင်းလိုက်တယ်။

ထို့နောက် သူတို့နှစ်ယောက် အဆောင်ပြန်လျှောက်လာခဲ့တယ်။ အဆောင်ရှေ့ရောက်တော့ ထူးစစ်က အဆောင်ပေါ်တက်တာ ဖလာစာအုပ်နဲ့ အသင့်ရေးထားတဲ့ တချာကိုယူပြီး နှင်းပွင့်ဖြူကိုပေးလိုက်တယ်။

"ရော့ . . . အဲဒီထဲက ကြိုက်တဲ့ ငါးပုဒ်ယူ"

"တေးဇူးပဲ . . . မနက်ဖြန်ဆက်ဆက်လာနော်"

"တုတ်တဲ့ . . . "

"အဲဒီ သွားတော့မယ်"

ထူးစစ်တစ်ယောက် နှင်းပွင့်ဖြူမြင်ကွင်းထဲမှ ပျောက်သွားတဲ့အထိ ကြည့်နေလိုက်ပါတယ်။

ထို့အတူ . . .

ထူးစစ်လိုပဲ နှင်းပွင့်ဖြူကိုကြည့်နေတဲ့ နောက်တစ်ဦးလည်း ရှိနေပါတယ်။

ထိုလူက ဘယ်သူလဲ။

ဘာကြောင့် ကြည့်နေတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



“အဲဒီလောက်အထိအောင် ဖြစ်နေကြပြီလား”

နီလာဝင်းရဲ့စကားအဆုံးမှာတော့ စုနဒီရဲ့ဒေါသသံက ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာပါတယ်။

“အေးတဲ . . . ငါလည်း သူတို့လှုပ်ရှားမှုတွေ ရက်ပိုင်းအတွင်း လူမြှားလိမ့်မယ်လို့ထင်ပြီး စောင့်ကြည့်နေတာ ထင်တဲ့အတိုင်းပဲ”

စုနဒီအောက်နှုတ်ခမ်းလေးကို ပြတ်လုခမန်း ကိုက်လိုက်တယ်။ ရင်ထဲမှာ ဒေါသတွေက ပြည့်ကြပ်သိပ်နေတော့ နာကျင်ရမှန်းမသိပေ။ သဝမှာ မထင်မှတ်တာတွေ ဆက်တိုက်ဖြစ်ပေါ်နေပါလား။ ဒါဟာ သာမန် ရင်းနှီးကျွမ်းဝင်မှုတော့ လုံးဝမဖြစ်နိုင်ဘူး။

“ငါဘာဆက်လုပ်ရမှာလဲ နီလာဝင်း။ လုံးဝ သည်းခံနိုင်တော့ဘူးတာ”

“အဲဒီ နင်ရှုံးသွားမှာပေါ့။ အခုမှ ပြိုင်ပွဲက အစပဲရှိသေးတာ”

“တောက် . . . ငါ့သဝမှာ ငါနဲ့ပြိုင်မယ့်မိန်းမရှိမယ်လို့ မထင်ခဲ့ဘူး။ နင်းပွင့်ဖြူတာ တတယ့်ကိုပြိုင်ဆိုးမစဲ၊ စုနဒီဆိုတဲ့ ငါတလည်း ပြိုင်ဘက်မှန်ရင် အလဲထိုးဖို့ ဝန်မလေးပါဘူး။ အတင်း . . . တွေကြသေးတာပေါ့တာ”

စုနဒီ အံ့တင်းတင်းလေးကြိတ်တာ ကြိမ်းဝါးလိုက်လို့ နီလာဝင်း ကြက်သီးထသွားတယ်။

“နင် နင်းပွင့်ဖြူကိုပဲ အပြစ်မပြောနဲ့။ ဒီကိစ္စမှာ ဂျူးစင် ကိုယ်တိုင်လည်း ပါနေတာ”

“စိတ်ချ . . . အဲဒီအကောင်ကိုလည်း ငါက သူငယ်ချင်း တရင်းထဲက ထုတ်ပစ်မှာပါ။ ဒါပေမယ့် နင်းပွင့်ဖြူကတော့ထဲ ကိုတော့ ဖျော့ဝမထည့်နိုင်ဘူး။ ငါ့ဆီတာနေ ဂျူးစင်ကို

www.burmeseclassic.com


ထုတ်သွားသလို၊ သူ့ဆီကနေ ဖြန့်ဆွဲထုတ်ပြီး လွှတ်ပစ်
လိုက်မယ်"

နီလာဝင်းတစ်ယောက်ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်တတ်တဲ့ စုနဒီအကြောင်းသိနေသဖြင့် ဖြိုင်ဆိုင်မှုက ပိုမိုပြင်းထန်တော့မှန်း နားလည်လိုက်ပါတယ်။ သိတဲ့အတိုင်းပဲ . . . စုနဒီဆိုတာ စိတ်မထင်ရင် ယောကျ်ားတစ်ယောက်ကိုတောင် ပါးရိုက်ဖို့လက်တွန့်တဲ့လူ မဟုတ်ဘူး။ နှင်းပွင့်ဖြူဆိုတဲ့မိန်းမကိုလည်း လည်မျိုညှစ်ချင်ညှစ်နေမှာ။

"နင်နဲ့ထူးစစ် တွဲနေကြတာ တစ်ကျောင်းလုံးအသိပါ၊ နှင်းပွင့်ဖြူပုံစံကြည့်ရတာ ထူးစစ်ကို တစ်ဖက်သက်ကြွေနေသလိုပဲ။ အဲကြောင့်လည်း နင့်လက်ထဲက အတင်းဝင်လုတာဖြစ်မယ်"

"ငါ့အတွက် တန်ဖိုးမရှိပါဘူးတား၊ အဲပေမယ့် ထူးစစ်တာ ငါ့စိတ်တိုင်းကျ ဆော့ကစားလာတဲ့ အရုပ်တစ်ရုပ်ဆိုတော့ သူများကို လွယ်လွယ်ကူကူမပေးချင်ဘူး။ နောက်ဆုံး ငါမဆော့ချင်ရင်တောင် မီးရှို့ဖျက်ဆီးပစ်မယ်"

နီလာဝင်း လန့်ဖျန့်သွားတယ်၊ စုနဒီတာ ထင်တာထက်ပိုပြီး မာကျောနေပါလား။

"ငါထင်ပါတယ် . . . နင်တားရင် အချိန်မီမှာပါ။ သူတို့တွေချစ်သူမဖြစ်ကြသေးဘူး။ အဲပေမယ့် သာမန်ခင်မင်မှုထက်တော့ ပိုနေတယ်။ အအေးဆိုင်မှာထိုင်ပြီး စကားပြောနေတာအကြာကြီးပဲ။ ငါ့စကိုးဆိုင်ကနေ ကြည့်နေတာ"

"ထူးစစ်မှာ မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောရဲတဲ့အထိ အစွမ်းအစမရှိပါဘူးတား၊ နှင်းပွင့်ဖြူကစပြောရင်တော့ တစ်မျိုးပေါ့"

"တဲ့ . . . မိန်းကလေးက အရင်ပြောမလား"

"လိုချင်တာ ရအောင်ယူတတ်တဲ့ မိန်းမမျိုးတာ သူတို့ချစ်တဲ့ ယောကျ်ားတစ်ယောက်ကိုရဖို့ အရှက်အကြောက်၊ လူစည်းမျှော်စည်းတောင်တွေကို ဥပက္ခာပြုတတ်ကြတယ်။ အဲဒါနင်သိရဲ့လား"

နီလာဝင်းမျက်နှာ အစွမ်းကုန်ရှုံ့မဲ့သွားတယ်။ ကြည့်စမ်း . . . မိန်းမတစ်ယောက်ဖြစ်ပြီး မိန်းမအချင်းချင်းကို နှိမ့်ချလိုက်တာ ကြ


www.burmeseclassic.com

www.burmeseclassic.com



အတောင် နားထဲမသတ်မသာဖြစ်သွားတယ်။

"နှင်းပွင့်ဖြူလည်း သာမန်မိန်းမ မဟုတ်တာ၊ ကျောင်းမှာ နင်ပြီးရင် အလှဆုံးလို့သတ်မှတ်ခံထားရတာပဲ၊ အဲဒီလောက် အထိ အရှက်တင်းမဲ့လိမ့်မယ်လို့ ငါမထင်ဘူး"

"လူ့စိတ်ဆိုတာ ပြောရခက်တယ် နီလာဝင်း၊ ထူးစစ်လို ကျောင်းသားမျိုးကို မလိုချင်တဲ့ ကျောင်းသူရှိရင် ငါ့ကို လက်ညှိုးထိုးပြစမ်းပါ၊ မရနိုင်မှန်းသိလို့ မလိုချင်ဘူးတော့ မပြောနဲ့၊ ထူးစစ်သာ တကယ်ချစ်တယ်ပြောရင် ဘယ် ကျောင်းသူမှ ငြင်းမှာမဟုတ်ဘူး"

"အဲဆို နင်လည်းပါလား"

နီလာဝင်းက လုံးဝမေးသင့်မေးထိုက်တဲ့ မေးခွန်းမို့လို့ မေးလိုက်တာ ပါ။ လတ်တလောဆိုတော့ စုနဒီတွေဝေသွားတယ်၊ ဒါပေမယ့် တန်ဆောင်ခြင်းနဲ့ ဆိန်းချုပ်လိုက်ပြီး ခပ်ဆတ်ဆတ်လေး ပြန်ပြောလိုက်ပါတယ်၊

"ဒီမှာနီလာဝင်း . . . ရှင်ဘုရင်တာ ပွဲတော်အုပ်နဲ့ ထမင်း စားတာ ဘာမှမထူးဆန်းပေမယ့် တိုင်းသူပြည်သားတွေ အတွက်တော့ ပွဲတော်အုပ်နဲ့ထမင်းစားဖို့ဆိုတာ အိပ်မက် တစ်ခုပါ၊ ဒီအတိုင်းပဲ ထူးစစ်တာ ငါ့အတွက် ပွဲတော်အုပ် လိုပဲ"

"အဲဆို နင့်ရဲ့ပွဲတော်အုပ်လေး စွန့်ရင် ငါ့ဆီစွန့်လိုက်ပါ တာ၊ မီးရှိုပြီးတော့ မချက်ဆီးပါနဲ့နော်"

"တင် . . . နင်ထူးစစ်ကို ချစ်နေတယ် . . . ဟုတ်လား"

စုနဒီ တအံ့တသြဖြစ်သွားတာကို ကြည့်ပြီး နီလာဝင်းရယ်မောတာ . .

"နင်ပဲ ထူးစစ်ကိုမလိုချင်တဲ့ ကျောင်းသူမရှိဘူးဆို"

"ကြည်း . . . အဲကြောင့် နှင်းပွင့်ဖြူနဲ့ပတ်သက်ပြီး မနာလို ဖြစ်နေတာပေါ့"

"ဟုတ်တယ် . . . စုနဒီ၊ ထူးစစ်ကို ငါကြိတ်ချစ်နေတာ ကြာပြီ၊ နင့်ကိုကြောက်လို့ငြိမ်နေတာ၊ နှင်းပွင့်ဖြူနေရာမှာ အဲဆိုလည်း နင်တာ ပြဿနာရှာမှာပဲလေ၊ ခုလည်း နင်စွန့် ပစ်မှ ငါယူမှာပါ၊ အဓိက နှင်းပွင့်ဖြူနဲ့ချစ်သူဖြစ်မသွားဖို့ ဘဲ၊ အဲဒီကိစ္စတာ နင့်အတွက်အရေးကြီးသလို၊ ငါ့နှလုံးသား အတွက်လည်း အရေးကြီးတယ်"

www.burmeseclassic.com



"တော်ပါတော့ နီလာဝင်းရယ်။ နင်က အကျိုးလိုလို့ ပြောင်ရေလောင်းတာပဲ။ ငါကတော့ သူငယ်ချင်းဘ ဂ်က နာတယ်ထင်ပြီး နင့်ကိုလေးစားနေတာ"

"ဒါဆို ဆက်ပြီးလေးစားလိုက်ပါတာ၊ ငါက ထူးစစ်ကို ချစ်တယ်ဆိုပေမယ့် ပိုင်ဆိုင်ခြင်းကို သိပ်မျှော်လင့်မထား ပါဘူး"

ထူးစစ်တလည်း နင့်လိုမိန်းမမျိုးကို စိတ်မဝင်စားပါဘူးလို့ ပြောချင် တာ ပါးစပ်တယားယားနေတာပဲ။ ဒါပေမယ့် ခုလောလောဆယ် သူမအတွက် အထောက်အကူတွေ အများကြီးရနေသဖြင့် အရှိန်နဲ့ဆက်မျှောထားမိတယ်။

"ငါအပြင်သွားဦးမယ်၊ နင်သာ ထူးစစ်ကိုစွန့်ရင် ငါ့ဆီ စွန့်ဖို့မမေ့နဲ့"

နီလာဝင်းက တိုးတိုးလေးပြောပြီး အခန်းထဲက ထွက်သွားတယ်။ ခုအချိန်မှာ ထူးစစ်နဲ့ပတ်သက်ပြီး သူမခေါင်းထဲမှာ အတွေးတွေနဲ့ ပြည့်ကြပ် သစ်နေပါတယ်။ နင်းပွင့်ဖြူဆိုတဲ့မိန်းမတာ ဘယ်လောက်သတ္တိရှိလို့ သူမကို စိန်ခေါ်တာလဲ။ ပြိုင်ဘက်အဆင့်မှာမရှိပေမယ့် စိန်ခေါ်လာရင်တော့ ကြိုးဝိုင်း ထဲဝင်ရတော့။ သူမကိုယ် သူမ ယုံကြည်ပါတယ်၊ ဒီပွဲမှာ သူမနိုင်မှာပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"သူတို့ကြိမ်းသေလာမှာလား"

ခင်သက်ရီက ပြည်းတာလို့ပြောပြီး ဇလုံကြီးကြီးထဲ အုန်းနို့ဖေါက်ထွဲ အပြည့်ထည့်တာ စားရင်းမေးလိုက်တယ်။

"ဒို့တိုတော့ လာမယ်ပြောတာပဲ"

နှင်းပွင့်ဖြူ ပြန်သာဖြေလိုက်ရတာ စိတ်ထဲမှာတော့ လာပါ့မလားလို့ တွေးမှုနေမိတယ်။

"ကဗျာလေးတွေက ကောင်းတယ်တ။ နှင့်ကိုစောင်းပြီး ရေးထားသလိုပဲ"

နော်တဲလယ်က ထူးစစ်ရဲ့ကဗျာစာအုပ်ကိုဖတ်ရင်းပြောတော့ ဘာရယ်မှတ် နှင်းပွင့်ဖြူရင်ထဲ အပြုံးပန်းတစ်ပွင့် ဖူးပွင့်သွားတယ်။ ဒါပေမယ့် အချိန်မှာ ထူးစစ်နဲ့ပတ်သက်ပြီး သူမခံစားချက်ကို ဘယ်သူမှ မသိစေချင်လို့ ဟန်ဆောင်ကာ ပြန်ပြောလိုက်တယ်။

"ဘာမှမဆိုင်ပါဘူးတာ၊ သူ့ခံစားချက်နဲ့ သူရေးတာပါ"

"အံမယ် ဘာမှမဆိုင်ဘူးတာဆိုတယ်. . .မျက်နှာမှာ ဝမ်းသာတဲ့အရိပ်အရောင်က အထင်းသားပဲ။ မှန်မှန်ပြောစမ်း နှင်းပွင့်ဖြူ ကိုထူးစစ်ကို စိတ်ဝင်စားနေတယ် မဟုတ်လား"

"နင်တလည်းတော ငါတို့ခင်တာမှ မကြာသေးဘူး။ ပြီးတော့ သူ့မှာက စုနဒီရှိတယ်လေ"

"ပေါ်လာပြီ. . .ပေါ်လာပြီ။ နင့်ရင်ထဲမှာ ကိုထူးစစ်နဲ့ ပတ်သက်ပြီး ခံစားချက်တစ်ခုရှိနေပြီဆိုတာ ငါတို့ရိပ်မိပါတယ်။ တကယ် ကိုထူးစစ်ကို စိတ်ဝင်စားတယ်ဆိုရင် စုနဒီကို မစဉ်းစားနဲ့. နှင်းပွင့်ဖြူ သူတို့နှစ်ယောက်က သူငယ်ချင်းတွေလို့ ပြောဖူးထားပဲ၊ ဒီတော့ နင့်အတွက် မျှော်လင့်ချက်က အများကြီးပဲ၊ ငါတို့ကလည်း ကြားထဲက မြှားနတ်မောင်လုပ်ပေးမှာပေါ့"

www.burmeseclassic.com



"တင့်အင်း. . နင်ပြောတဲ့စကားကို လုံးဝလက်မခံဘူး"

"ဘာဖြစ်လို့လဲ. . .ငါတို့က ကြားထဲက ကူညီတာပဲတာ"

"တုတ်တော့တုတ်ပါတယ်. . .ဒါပေမယ့် မိန်းကလေးတစ်ယောက်က ရေမှ ပိုင်ဆိုင်ခွင့်ရမယ်ဆိုတဲ့ အချစ်မျိုးက ဘယ်လောက်အထိ ခိုင်မြဲမှာလဲ၊ အဲဒီလို အချစ်မျိုးဆိုရင် မပိုင်ဆိုင်ရရင်နေပါစေ. . .အသဲကွဲပဲ ခံလိုက်မယ်"

"နင်တကယ်ပဲ ကိုထူးစစ်ကို အဆုံးရှုံးခံနိုင်သလား"

နော်တဲလယ်စကားကြောင့် နင်းပွင့်ဖြူ တွေဝေသွားတယ်၊ တကယ်ပဲ သူမတာ ထူးစစ်လိုလူမျိုးကို ဆုံးရှုံးဝင့်သလား၊ ဒီမေးခွန်းကို ကိုယ့်ကိုကိုယ် ပြန်မေးကြည့်မိတော့ ရင်ထဲမှာ စစ်ခနဲနာကျင်သွားတယ်၊

"အေးပေါ့တာ. . . နင့်အလှက စုနဒီကို မမီပေမယ့် စိတ်ဝင်စားတဲ့ လူတွေအများကြီးရှိနေတာပဲ၊ စိတ်ကြိုက် ခေါ်င်းခေါက်ယူလို့ရတယ်"

"ငါ့ကို စုနဒီနဲ့ မယှဉ်ပါနဲ့တာ"

"ဘာဖြစ်လို့လဲ"

"စုနဒီနဲ့ယှဉ်စရာအကြောင်းမှ မရှိတာ"

"ဒါဆို နင့်စိတ်ထဲမှာ စုနဒီအပေါ်မနာလို ဖြစ်မနေဘူးပေါ့၊ ဥပမာ မုန်းတီးနေတာမျိုးလေ"

"ဘာဆိုင်လို့လဲတာ. . . ယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရဖို့အတွက် ကိုယ်နဲ့မရင်းနှီးတဲ့မိန်းမတစ် ယောက်ကို မုန်းတီးနေရမယ်ဆိုတာ သဘာဝမကျဘူး၊ ဖြစ်နိုင်ရင် ကိုထူးစစ်နဲ့ပတ်သက်ပြီးစုနဒီနဲ့တောင် ခင်ချင် သေးတယ်၊ ခင်အောင်လည်း ကိုထူးစစ်ကို မိတ်ဆက် ခိုင်းမယ်၊ နင်ပြောနေ တာတွေကို ငါလက်မခံတာ ဘာမှ မရှိလို့ မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကို မိန်းမ တစ်ယောက် ပါလားဆိုတဲ့ အသိနဲ့ သိက္ခာရှိချင်တာပါ"

"နင့်စိတ်ဓါတ်အရမ်းဖြူစင်မှန်း ငါတို့သိပါတယ်တာ၊ ဒါပေမယ့် တစ်ခါ တစ်လေ လူတိုင်းကို နားလည်ခွင့်လွှတ် နေတာတာ ကိုယ့်ကိုယ်ကို ဒုက္ခပေးတတ်သလို သူများကို လည်း ဒုက္ခပေးတတ်တယ်၊ ဥပမာ နင့်ကိုကြိုက်တဲ့ လူတွေကို တစ်ခါမှ ပြတ်ပြတ်သားသား မတုံ့ပြန်ဘဲ

www.burmeseclassic.com

www.burmeseclassic.com


ပြောတာနားထောင်၊ တမေ့ရင်ယူနေတာတွေတာ အပြောနော
တတ်တဲ့စိတ်၊ နားလည်ပေးနိုင်တဲ့စိတ်ကြောင့် ဆိုလေ့မယ့်
ကျန်တဲ့လူအဝို့ နင်လက်ခံမလားဆိုပြီး မျှော်လင့်ချက်တွေ
တသီကြီးနဲ့စောင့်နေကြရတယ်။ အဲဒီတော့ အားလုံးခုတွေ
မရောက်အောင် ကိုထူးစစ်နဲ့ အဆင်ပြေအောင် ငါတို့ပိုင်း
ကြိုးစားပေးမယ်”

“နင့်စေတနာကို ငါနားလည်ပါတယ်။ ဒါပေမယ့် ပေါ့ဆ
ခြင်းနဲ့ ချစ်ခွင့်ရတဲ့ တစ်ဖက်သတ်အချစ်တလည်း အချစ်
ပါပဲ။ ကိုထူးစစ်ကို ငါမပိုင်ဆိုင်ရလို့ ပေးဆပ်ခွင့်
ရရင်လည်း ကျေနပ်နေမယ်။ သူနဲ့ငါ တခဏလေး ဆုံခဲ့
ကြပေမယ့် နှလုံးသားမှာ ထာဝရငြိတွယ်သွားပြီဆိုတာ
အမှန်အတိုင်းဝန်ခံပါတယ်။ ဒါပေမယ့် အချစ်တစ်ခုကို
ငါသာပိုင်ဆိုင်ရမယ်ဆိုတဲ့ အတ္တတွေနဲ့တော့ မရုံးကွှမ်း
ချင်ပါဘူး။ တကယ်လို့ ငါတို့နှစ်ယောက်ချစ်သူတွေ ဖြစ်ခဲ့
ကြရင်တောင် ဘယ်သူ့ ပယောဂမှ မပါတဲ့ အချစ်တွေနဲ့ပဲ
ဖြစ်ချင်တယ်”

“အေးပါ. . . နင့်ဆန္ဒအတိုင်းပဲ ရှိပါစေတော့။ ပြီးမှ
အသည်းကွဲပြီး လွမ်းမနေပါနဲ့”

နှင်းပွင့်ဖြူတစ်ယောက် ရင်ထဲနုံးချိသွားပါတယ်။ ဘဝမှာ ယောကျ်ား
တစ်ယောက်ကို ဒီလောက်အထိ စွဲစွဲလမ်းလမ်းနဲ့ ချစ်သွားမိလိမ့်မယ်လို့
ထင်ခဲ့ပါ။ ထူးစစ်ကို စုနဒီဘေးမှာအရိပ်လိုနေထဲက သူမစိတ်ထဲမှာ
အတ်မှတ်ထင်ထင်လေး ရှိနေတာပါ။ အချို့ညတွေဆို အိပ်မက်ထဲထိအောင်
ရောက်လာတတ်တယ်။ ဒါပေမဲ့ ထူးစစ်နဲ့ ခင်မင်လိမ့်မယ်လို့ ယောင်လို့တောင်
မ ခေဒိုးစားခဲ့။ အမြဲတမ်း တည်တည်တံ့တံ့နေပြီး စုနဒီအနားမှာ တောက်တဲ့
ဆစ်တောင်လို တွယ်တာပ်နေတဲ့ လူတစ်ယောက် စိတ်ကူးနဲ့မျှော်လင့်နေတာ
ဘာ ရှူးနေတာလို့ ကိုယ့်ကိုကိုယ်အပြစ်တင်မိသေးတယ်။ အခုတော့ မမျှော်
လင့်သောအရာ၊ မြတ်နိုးတွယ်တာနေသော လူတစ်ယောက် သူမဆီကို
ရောက်လာပြီ၊ အိပ်မက်တွေက အံ့ဩစရာကောင်းလောက်အောင် တတောင်
ဖြစ်လာခဲ့ပါလား။

ထိုအချိန်မှာပဲ လူရှေ့ခါတဲလ်သံမြည်လိုက်သဖြင့် နှင်းပွင့်ဖြူရဲ့ကိုယ်
လေး ဆတ်ခနဲ တုန်ရီသွားတယ်။

www.burmeseclassic.com



"သူတို့လာကြပြီ။ ငါသွားကြိုလိုက်အုံးမယ်"

နှင်းပွင့်ဖြူ သွက်လက်ပေါ့ပါးစွာနဲ့ ညှော်ခန်းထဲမှ ပြေးထွက်သွားတယ်။ ခဏကြာတော့ နှင်းပွင့်ဖြူနောက်မှာ ထူးစစ်နဲ့ လွင်ဦးပါလာကြတယ်။ နော်တဲလယ်က လွင်ဦးကိုမြင်တော့ အပြုံးနဲ့ဆီးကြိုကာ သူမအဘေးမှာ ထိုင်ရန်အချက်ပြတယ်။ ခင်သက်ရီက လက်ကျန်မုန့်တို ပါးစပ်ထဲထိုးထည့်ပြီး ဘာမှမရှိတော့တဲ့ ဇလုံကို ရှေ့တွန်းပို့လိုက်တယ်။

"တဲ. . . ကိုထူးစစ်နဲ့ ကိုလွင်ဦးတို့ ခဏနားကြအုံး။ နင်တို့နှစ်ယောက်က မုန့်သွားပြင်တော့။ ပြီးရင် လှမ်းခေါ် ငါတို့လာခဲ့မယ်"

"ကိုဦး. . . ခဏထိုင်အုံးနော်"

"ရပါတယ်. . . နော်ရယ်"

"လာ. . . ခင်သက်ရီ သွားမယ်"

နော်တဲလယ်က ခင်သက်ရီကိုခေါ်ကာ မသွားချင်သလိုနဲ့ ထမင်းစားခန်းထဲ ဝင်သွားတယ်။ ထူးစစ်လည်း ရောက်ရောက်ခြင်းပဲ လူကြီးတွေကို မတွေ့သဖြင့် မေးလိုက်မိတယ်။

"လူကြီးတွေ မရှိကြဘူးလား"

"ဖေဖေက ပွဲရုံမှာ။ မေမေက ဈေးထဲက ရွှေဆိုင်မှာ ထိုင်တယ်"

"ဪ"

နှင်းပွင့်ဖြူစိတ်ထဲ ထူးစစ်ရဲ့ အံ့ဩသွားတဲ့ပုံစံလေးကို ကြည့်လို့အကောင်းဆုံးပဲလို့ ထင်မိသွားတယ်။ ဒါကြောင့် သူမရှေ့မှာ ထူးစစ်ကို ခဏ၊ ခဏ အံ့ဩစေချင်မိတယ်။

"ဘယ်လိုလဲ ဘွဲ့နှင်းတော်မေးတဲ့ကဗျာ ကြိုက်ရဲ့လား"

"အရမ်းကောင်းတယ်။ တကယ်ပြောတာ"

"ထူးစစ်က ကဗျာတင်မဟုတ်ဘူး။ ဂစ်တာတီးပြီးသီချင်းဆိုတာလည်း ကောင်းတယ်"

"တယ်. . . တကယ်"

"ဘာလဲ. . . မယုံဘူးလား။ နင်ကအဆောင်မှာမနေတော့ ဘယ်သိမလဲ"

"ဒါဆို ကိုထူးစစ် ဂစ်တာတီးပြီး သီချင်းဆိုပြပါလား။ ခဏနော်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းပွင့်ဖြူတစ်ယောက် လှစ်ခနဲ အပေါ်ထပ်ပြေးတက်သွားတယ်။ သူမပုံစံ ... တလေးတစ်ယောက်လို ဖြူးကြွနေပါရဲ့။

"မင်းကွာ. . . ဘာဖြစ်လို့သွားပြောတာလဲ"

"ဗိုကြီးစည်စည်ကားကား ဖြစ်သွားအောင်ပါ။ မကောင်းဘူးလား"

"မကောင်းဘူး. . . လွင်ဦး။ အခုအခြေအနေတောင် လွန်နေပြီ။ တကယ်လို့ စုနန္ဒီသိသွားရင် ဘယ်လိုမှ ရှင်းလို့ရမှာ မဟုတ်ဘူး။ ဝစ်တာတီးပြီး သိချင်းဆိုရင် ပိုဆိုးလိမ့်မယ်"

"တာကွာ. . . အလကားနေရင်း ဒီမိန်းမအကြောင်းပဲ တွေးနေ။ တော်တော်အမြင်ကပ်ဖို့ကောင်းတယ်။ ဥပဒေ ဘာမရှိရင် သွားသတ်မိမလား မသိဘူး"

"ဘာကွ"

ချက်ချင်းပဲ ထူးစစ်မျက်နှာ မည်းမှောင်အုံ့ကျလာပြီး လွင်ဦးကို အစိမ်းလိုက် ဝါးစားတော့မယ့်အတိုင်းကြည့်တာ. . .

"ဒီမှာ လွင်ဦး။ မင်းမှာသေရဲတဲ့သတ္တိရှိတယ်ဆိုရင် စုနန္ဒီကိုလက်ဖျားနဲ့ပဲ တို့ကြည့်လိုက်ပါ။ ငါကိုယ်တိုင် မင်းကို သတ်ပစ်မယ် မှတ်ထား"

"ဒါလေးပြောတာများ"

"ဘာမှမပြောနဲ့ကွာ။ စုနန္ဒီနာကျင်မယ့်ကိစ္စဆိုရင် လေသံတောင် ငါမကြားချင်ဘူး"

စုနန္ဒီနဲ့ပတ်သက်လာရင် အမျက်ဒေါသကြီးလွန်းသော ထူးစစ်အကြောင်းကို သိနေသဖြင့် လွင်ဦးစိတ်လျှော့ကာ ပြန်တောင်းပန်လိုက်တယ်။

"ဆောရီးကွာ။ ငါစကားမှားသွားတယ်"

"နောက်တစ်ခါမပြောရင် ပြီးတာပဲ"

ထူးစစ်လည်းလွင်ဦးတောင်းပန်တော့ စိတ်ကနဂိုအတိုင်းပြန်ဖြစ်သွားတယ်။ ဒီလိုပါပဲ။ သူတာ စုနန္ဒီနဲ့ပတ်သက်လာရင် ဘယ်လိုလူမျိုးကိုမှ သည်းမခံနိုင်တာ ငယ်ငယ်လေးတည်းကပါ။

ထိုအချိန်မှာ အပေါ်ထပ်တက်သွားတဲ့ နှင်းပွင့်ဖြူက ဝစ်တာကိုင်ပြီး ပြန်ဆင်းလာတယ်။ သူတို့အနားရောက်တော့ ဝစ်တာကို ပြောင်းပြီး ပြောလိုက်ပါတယ်။

"ကိုထူးစစ် တီးပြီးရင် ဂစ်တာတီးပြရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်ကြမှ ထူးစစ်လည်းမငြင်းသာတော့ပေ။ လွင်ဦးစကားက လွန်သွားပြီ မဟုတ်ပါလား။

"တုတ်တဲ့ . . . ကျွန်တော်တီးပြပါ့မယ်"

"ဒါဆို . . . ထ။ အစားက အရေးကြီးတဲ့အတွက် အရင်သွားစားကြမယ်"

သူတို့နှစ်ယောက် နှင်းပွင့်ဖြူ ဦးဆောင်တဲ့နောက်ကို လိုက်လာကြပါတယ်။ ဒီလိုနဲ့ ထမင်းစားခန်းထဲကို ရောက်တဲ့အချိန်မှာတော့ သူတို့နှစ်ယောက်စလုံး ငြိုင်တုချက်လုံးပြူးသွားကြတယ်။ ကြည့်စမ်း. . . ခင်သက်ရီတစ်ယောက် စလုံးအကြီးကြီးမှာ ချိန်းရို့ဖော်တွဲအပြည့်ထည့်ပြီး အသားတုန်စားနေပုံက တစ ဆ သရဲနဲ့ တူလှပါတယ်။

"တီး. . . ထိုင်ကြလေ"

ခင်သက်ရီက သူစားနေတာကိုကြည့်ပြီး အံ့ဩနေတဲ့သူတို့နှစ်ယောက်ကို ဖိတ်ခေါ်လိုက်တယ်။ ဒါပေမယ့် ထူးစစ်နဲ့လွင်ဦးတို့ တွန့်ဆုတ်နေကြတယ်။ သူတို့ဘဝမှာ ဒီလောက်အစားကြီးတဲ့ မိန်းကလေး ဒီတစ်ခါပဲမြင်ဖူး ကြုံဖူးကြတာပါ။ ဒါတောင်စောစောက အဲဒီချိုးတစ်ဇလုံစားထားတာသိရင် ထိပ်ပြာလွင့်သွားကြလိမ့်မယ်။

"လာ. . . ကိုထူးစစ် ထိုင်လေ"

နှင်းပွင့်ဖြူက ထူးစစ်ကို သူမဘေးနားထိုင်ခိုင်းတော့ အားတုန့်မခံ လွင်ဦးနဲ့နော်တဲလယ်တို့ကလည်း အတူတွဲပြီး ထိုင် ကြတယ်။ အဲဒီနေရာမှာအတွေ့မရှိသူက ခင်သက်ရီပါ။ သူမပုံစံက ယောကျ်ား တစ်ယောက်ကို အစားတစ်လုပ်လောက်တောင် ဂရုစိုက်မယ့်ပုံ မဟုတ်ဘူး။ ဘယ်သူတွေပြောပြော ဘယ်လိုပဲနေနေ၊ သူမစားနေရရင် ကျန်တာအားလုံး ကို ဥပေက္ခာပြုထားနိုင်သူ တစ်ယောက်လေ။

"စားနော်"

နှင်းပွင့်ဖြူက ထူးစစ်ပန်းကန်ထဲကို တင်းရည်ခပ်ထည့်ပေးရင်း ပြောတယ်။ စေတနာကြောင့်လား မသိဘူး။ ခပ်ထည့်ပေးတိုင်း အသားဖတ်တွေ အများကြီးပဲ။

"တောက်. . . ဒီလိုသာ အစားရှိမှန်းသိရင် ဗိုက်ဆံ အတုန်ခံပြီး လက်ဖက်ရည်သောက်မလာပါဘူး"

ထူးစစ်တစ်ယောက် လွင်ဦးကို ဆတ်ခနဲကြည့်ကာ အားရိုးကြားအောင် ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"လွင်ဦး. . . လက်ဖက်ရည်ဖိုး ငါရှင်းတာနော်"

"သိပါတယ်ကွာ ငါက မင်းပိုက်ဆံကုန်လို့ပြောတာ"

"အတင်း. . . ကိုထူးစစ်နဲ့ ကိုလွင်ဦးတို့ တော်တော်ရယ်ရတယ်"

နှင်းပွင့်ဖြူတစ်ယောက် ဘယ်လိုအဓိပ္ပါယ်ပေါက်သွားလည်း မသိဘူး။ အစ်တို လက်တလေးနဲ့ပိတ်ကာ ရယ်နေတယ်။

ခုတော့ သူတို့အားလုံးရဲ့ စားသောက်ပိုင်းလေးတာ ပျော်ရွှင်စရာလေး ဖြစ်သွားပါတော့တယ်။

"ကိုထူးစစ်. . . စားလေ"

"တုတ်ကဲ့. . . စားပါတယ်"

"တင်. . . စားတယ်လို့သာပြောတာ။ စိတ်မပါသလိုပဲ"

ထူးစစ်က သူမကျေနပ်အောင် စားပြလိုက်တယ်။ ချက်ချင်းပါပဲ။ နှင်းပွင့်ဖြူမျက်နှာလေး ပြုံးရွှင်သွားတယ်။ တစ်ဘက်မှာလည်း နော်တဲလယ်တို့က အားကျမခံ။

"ကိုဦး. . . စားလေ"

"စားပါတယ်. . . နော်ရယ်"

"တင်. . . စားတယ်လို့သာပြောတာ စိတ်မပါသလိုပဲ"

"အဲဆို နော်ခွန့်ကျွေးပါလား"

"တင့်အင်း. . . ကိုဦးစားတာကိုပဲ ကြည့်နေမယ်"

"မကြည့်ပါနဲ့ကွာ။ ကိုယ်ရှက်လို့ပါ။ မုန့်ထပ်ထည့်ပေးအုံး"

"တင်း. . . တင်း. . . တင်း"

"ခစ်. . . ခစ်. . . ခစ်"

လွင်ဦးနဲ့ နော်တဲလယ်တို့ရဲ့ ရယ်သံက စီစီညံသွားတယ်။ ထူးစစ်လည်း သူနဲ့နှင်းပွင့်ဖြူကို စောင်းပြောနေမှန်းသိနေသဖြင့် စိတ်ထဲက ကြိမ်ဆဲလိုက်မိတယ်။ ဘယ်လိုပြဿနာတွေလဲ မသိဘူး။ ဒီအချိန်မှာ အမျိုးစ ရောလား။

"အား. . . တောင်းလိုက်တာ"

သူတို့အားလုံးရဲ့အကြည့်က ခင်သက်ရှိဆီရောက်သွားပါတော့။ မြန်ပိုက်တာ။ တစ်ဇလုံကြီးဘယ်လိုစားလိုက်လဲ မသိဘူး။ ကျေနပ်ရော့လှည့်ပညာများ တတ်နေသလား။ ပြီးတော့ ထပ်စားချင်နေသော်လည်း ဗိုက်ကလက်မခံသဖြင့် အောင့်အင်းပြီး နေလိုက်ရသလိုပဲ မျက်လုံးတွေက မုန့်တက်နဲ့ တင်းရှင်းဆီ

www.burmeseclassic.com



တ မျှော်နိုင်ဘူး ဖြစ်နေတယ်။ ထူးစစ်လည်း မိုက်ထဲတင်းသွားသဖြင့် စားဖော
ကို ရပ်လိုက်တယ်။

"တော်ပြီလား ကိုထူးစစ်"

"ထုတ်ကဲ့"

"နည်းနည်းလေးရယ်"

"လက်ဖက်ရည်သောက်လာလို့ပါ"

"အဲဒီ ပြီးမှထပ်စားပေါ့"

ထူးစစ်ဘာမှပြန်မပြောဘဲနေချိန်မှာ ခင်သက်ရီရဲ့ အသံပြဲကြီး ထွက်ပေ
လာတယ်။

"နင်းမွှင့်မြူ ပြောတာတုတ်တယ် ကိုထူးစစ်။ ပြီးမှ ကျွန်မ
တို့နှစ်ယောက် ထပ်စားကြမယ်"

"ရှာ"

ခင်သက်ရီကို ထူးစစ်မျက်လုံးပြူးကာ ကြည့်မိသွားချိန်မှာ နော်တဲလယ်
တ ဝင်ပြောလိုက်တယ်

'ခင်သက်ရီ နင်လူမှုတုတ်ရဲ့လားတာ"

"အံမယ်. . . နင်စားတာလည်း နှစ်ပန်းကန်၊ ငါစားတာ
လည်း နှစ်ဇလုံ၊ အတူတူကို ဘာမနာလိုဖြစ်နေတာလဲ"

ထူးစစ်တစ်ယောက် နော်တဲလယ်စားနေတဲ့ ပန်းကန်လုံးနဲ့ ခင်သက်
စားတဲ့ဇလုံကို နှိုင်းယှဉ်မိသွားတယ်။ တကယ့်ကို ဆင်နဲ့ဆိတ်ပါ။ ထိုအချိ
မှာ နင်းမွှင့်မြူကလည်း စားနေတာကို လက်စသတ်လိုက်ပြီး

"ကျွန်မလည်း ဝပြီ။ ညှိခန်းထဲသွားကြမယ် ကိုထူးစစ်"

"ငါ်ပါလိုက်မယ်"

ခင်သက်ရီတပါ မိုက်တလေးမှုတ်ကာ မတ်တပ်ရပ်လိုက်တယ်။ ထို့နော
သူတို့သုံးယောက်စားပြီးတဲ့ပန်းကန်တွေကို ဒီအတိုင်းထားခဲ့ပြီး ညှိခန်း
ကို ထွက်လာခဲ့ပါတယ်။ ခုတော့ ထမင်းစားခန်းထဲမှာ လွင်ဦးနဲ့ နော်တဲလ
နှစ်ယောက်တည်းရယ်၊ ခုမှ နော်တဲလယ်က မျက်လွှာလေးပင့်ကာ လွင်ဦး
မေးလိုက်တယ်။

"ကိုဦး. . . နော်ကို တကယ်ချစ်လားတင်"

"သိပ်ချစ်တာပေါ့နော်ရယ်။ ကိုယ့်အသက်နဲ့ခန္ဓာမြဲနေသ၍
နော်တစ်ယောက်တည်းကိုပဲ ချစ်တယ်"

နော်တဲလယ် မျက်နှာအပြုံးပန်းတွေနဲ့ လန်းဆန်းသွားတယ်။ ချက်ငေ



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ်နေတဲ့ အချစ်ရိပ်တွေက ချိုမြတဲ့သစ်သီးတစ်လုံးပါပဲ။

သူတို့နှစ်ယောက်ရဲ့ချစ်ခရီးလမ်းဟာ ဘယ်လောက်အထိ ရေရှည်မှာလဲ။ ရည်းစားတွေအများကြီးထားလာတဲ့ လွင်ဦးတစ်ယောက် နော်တဲလယ်ကို ကြည့်ပြီး သနားဂရုဏာသက်မိသွားတယ်။ ဒီကရင်မလေးဟာ သူ့ကို အတယ်ချစ်တာပဲ။ သူကလည်း ချစ်တော့ချစ်ပါတယ်။ ဒါပေမယ့် တစ်ဘဝလုံး အတွက် ရည်ရွယ်ပြီး ချစ်တဲ့အချစ်မျိုးတော့ မဟုတ်ဘူး။ တော့ာင်းပြီးတဲ့အထိ သူတစ်ယောက်တည်းကိုပဲ သတ်သတ်မှတ်မှတ်ထားမယ်လို့တော့ ဆုံးဖြတ် မိပါတယ်။

"သွားကြမယ် . . . ကိုဦး။ ကြာရင်သူတို့တွေ တစ်မျိုးမြင် နေလိမ့်မယ်"

"ခဏ"

"သွား . . . ဘာမှန်းမသိဘူး"

နော်တဲလယ် ခေါင်းလေးငုံ့ကာ ပြေးထွက်သွားတာကိုကြည့်ပြီး လွင်ဦး ခေါင်းကို အသာပွတ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


❋ ❋ ❋

"ဒီ ကျွန်မရေးထားတဲ့ ကဗျာစာအုပ်လေး၊ အဲဒီထဲက ကိုထူးစစ်ကြိုက်တာ ရွေးထုတ်ပေးနော်"

ထူးစစ်က နှင်းပွင့်ဖြူပေးတဲ့ ကဗျာစာအုပ်ကို ယူကြည့်တော့ ကဗျာတွေရေးထားတာအပြည့်ပဲ၊ သူမဟာ သူ့ထက်တောင် ကဗျာပိုရေးနိုင်ပါလား။ လက်ရေးတွေကလည်း မိန်းကလေးပီပီ ဝိုင်းစက်နေတာပဲ။

"ကျွန်တော်ကို အဆောင်ငှားလိုက်လို့ရမလား။ တစ်ရက် နှစ်ရက်ပေါ့"

"ပြောနေစရာမှမလိုတာပဲ ကိုထူးစစ်ရယ်"

ထိုအချိန်မှာ ထမင်းစားခန်းထဲမှ ခေါ်တဲလာယ်ထွက်လာပြီး နှင်းပွင့်ဖြူ သေနားမှာ ဝင်ထိုင်တယ်၊ မျက်နှာမှာရှိတဲ့သနပ်ခါးက ချွေးကြောင့်ထင်တယ် နည်းနည်းပျက်နေတယ်၊ တော်တော်ကြာတော့ လွင်ဦးလည်းထွက်လာပြီး ထူးစစ်သေနားမှာ ဝင်ထိုင်လိုက်ပါတယ်၊ ထူးစစ် မျက်ခနဲကြည့်လိုက်တော့ လွင်ဦးနှာခေါင်းမှာ သနပ်ခါးစတွေနဲ့ ဘယ်လိုဖြစ်တာပါလိမ့်၊

"ကိုထူးစစ် . . . ဂစ်တာတီးပြ"

"ဘာသီချင်းတီးရမလဲ"

"ရွှေကျေးတမာကွာ၊ အဲဒါကို လိဒ်နဲ့တီး"

"မင်းဘိုးအေ"

ရွှေကျေးတမာကို လိဒ်နဲ့တီးရင် ခက်တယ်လို့ သူတစ်ခါက လွင်ဦးကို ပြောဖူးပါတယ်၊ ဒါကို ဒီကောင်မှတ်ထားပြီး သူ့ကိုပြန်နှိပ်ကွပ်တာ အမှတ်တမဲ့ဆို သူကိုယ်သူ ဂီတဆရာကြီးလိုလိုပေါ့၊ ထိုအချိန်မှာ နှင်းပွင့်ဖြူအသံ လွင်လွင်လေးနဲ့ ဝင်ပြောတယ်၊

"ကိုထူးစစ် ကြိုက်တာတီးပါ။ ခံစားချက်ပါတဲ့ သီချင်းမျိုး ဆိုရင်ပိုကောင်းတာပေါ့"

ထူးစစ်လည်း နှင်းပွင့်ဖြူစကားကြောင့် ဂစ်တာကိုယူကာ ပြုံးညှိလိုက်တယ်၊ ထို့နောက် ဂစ်တာစသင်ခဲ့သော ပိုင်စိုးမှုကောရီသီချင်းကို တီးလိုက်


www.burmeseclassic.com

www.burmeseclassic.com



ာသ်။ ဂစ်တာသံနဲ့အတူ ထူးစစ်ရဲ့အသံလေးက အိမ်ထဲကို ပြန့်လွင့်သွား ါတယ်။

ထိုမှ နောက်တစ်ပုဒ် . . .

ဒီလိုနဲ့ ရှာန်ဝင်သွားသဖြင့် သီချင်းငါးပုဒ်ကို ဆက်တိုက်တီးဆိုပြီး ဆ်လိုက်ပါတယ်။

"ကိုထူးစစ်က အသံကောင်းတယ်။ အဆိုတော်လုပ်ရင် အောင်မြင်မှာ သေချာတယ်"

"ထင်လို့ပါ . . . နှင်းပွင့်ဖြူ။ မြန်မာပြည်မှာ ကျွန်တော့် ထက်အသံကောင်းပြီး စီးရီးထုတ်နိုင်တဲ့လူတွေတောင် အဆိုတော်မဖြစ်ကြပါဘူး"

"မဟုတ်ပါဘူးနော်"

"ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို သွားခွင့်ပြုပါ"

"တင် . . . ပြန်တော့မလို့လား"

"ဟုတ်ကဲ့ . . . ကျောင်းပိတ်တုန်း စာကျက်ချင်လို့"

"နေပါအုံးလား . . . ထူးစစ်ရယ်"

ထူးစစ်အကြည့်က လွင်ဦးဆီရောက်သွားပြီး

"မင်းနေရစ်ခဲ့လေ။ ငါတစ်ယောက်တည်း ပြန်မယ်"

"တာ . . . မင်းပြန်ရင်ငါပါလိုက်မှာပေ့ါ"

"အဲဆိုထ . . . သွားမယ်"

လွင်ဦးမထချင်၊ ထချင်နဲ့ မတ်တပ်ရပ်လိုက်ချိန်မှာပဲ နော်တဲလယ် လည်း နှင်းပွင့်ဖြူတို့ကို ခွင့်တောင်းလိုက်တယ်။

"နှင်းပွင့်ဖြူ ခွင့်ပေးတော့ နော်တဲလယ် ဆတ်ခနဲ မတ်တပ်ရပ်လိုက်ပါတယ်။

"ကဲ . . . အားလုံးပဲ ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါ"

ထူးစစ်နှုတ်ဆက်လိုက်ချိန်မှာ ခင်သက်ရီက

"ကိုထူးစစ် မုန့်ထပ်စားသွားပါလား"

"ကျေးဇူးပဲ။ တော်ပါပြီ"

"အဲဆို အားတော့နာပါတယ်။ ကျွန်မသွားစားလိုက်အုံး မယ်"

ထူးစစ်အံ့ဩသွားချိန်မှာပဲ ခင်သက်ရီခန္ဓာကိုယ်ရဲ့လိုက်အောင် ားအုံ၊ တို့တို့နဲ့ ထမင်းစားခန်းထဲ ပြေးဝင်သွားတယ် နှင်းပွင့်ဖြူကတော့

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို ခြံအထိလိုက်ပို့တယ်။

ခွဲခွါခါနီးမှာတော့ နှင်းပွင့်ဖြူရဲ့မျက်ဝန်းတွေဟာ အနည်းငယ် ရီဝေေ အခြင် ဘာကြောင့်လည်းဆိုတာ ထူးစစ်တစ်ယောက် ရှာဖွေလိုက်ပါတယ် သို့သော် လုံးဝရှာဖွေလို့ မတွေ့ပေ။ ဒါပေမယ့် ထိုအဖြေက ဘာလဲဆိုတာ လွင်ဦးကတော့ ရှာဖွေတွေ့ရှိလိုက်တယ်။ ထို့ကြောင့် ဆုံးဖြတ်ချက်တစ်ခု ကို ချလိုက်မိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

စုနှီးဆိုတဲ့မိန်းကလေးဟာ သူ့အတွက်တော့ အချိန်မရွေး ပြင်းထန်စွာ ပေါက်ကွဲစေနိုင်သော ဗုံးတစ်လုံးဖြစ်ခဲ့ပါတယ်။ တစ်ခါတလေ သူ့ရဲ့အယူအဆနဲ့ အတွေးအခေါ်တွေကို ကြောင်ကြောင်ကြီးဆန့်ကျင်ပြီး သူမပြောတာပဲ လက်ခံထားတယ်ဆိုတဲ့ အချက်အလက်တွေနဲ့ သူ့ရဲ့အမှန်တရားကို နင်းချေဖျက်တတ်တယ်။ တစ်ခါတလေ သူဘာပဲလုပ်လုပ် အဆိုးမြင်ဝါဒီနဲ့ ကြည့်ပြီး ရက်ရက်စက်စက်စကားလုံးတွေနဲ့ အားမနာတမ်း တရစပ်ပစ်ခတ်တတ်တယ်။ ပြီးတော့ သူမပြောချင်တာကို အားရအောင်ပြောပြီး ဘာမှမဖြစ်သလို ဆက်ဆံတတ်ပါတယ်။

အဲဒီလိုမိန်းကလေးကိုမှ သူကအရမ်းချစ်မိသွားပါသတဲ့။

ထူးစစ်

www.burmeseclassic.com

www.burmeseclassic.com



၁

## အခန်း (၇)

"စုနဒီ ရှိလားတင်"

ထူးစစ်က အဆောင်ရှေ့မှာထိုင်နေတဲ့ ကျောင်းသူတစ်ယောက်ကို မေး လိုက်ပါတယ်။ ထိုကျောင်းသူက ထူးစစ်နဲ့ မျက်မှန်းတန်းမိနေသဖြင့် ပြုံးပြ စိစိလုပ်တာ ခေါင်းညိမ့်ပြတယ်။

"အဲဒီ ကျေးဇူးပြုပြီး သွားခေါ်ပေးပါလားဗျာ"

"မှန့်ကျွေးမှာလား"

"ဗျာ"

"မကျွေးချင်လည်း လက်ဖက်ရည်တိုက်လေ"

"တုတ်. . .တုတ်တဲ့၊ တိုက်ပါ့မယ်"

"အလကားစတာပါ၊ ကျွန်မသွားခေါ်ပေးပါ့မယ်"

ကျောင်းသူလေးအဆောင်ထဲ ပြေးဝင်သွားတာကို ထူးစစ်ကြည့်နေလိုက် တယ်။ စိတ်ထဲမှာတော့ စုနဒီနဲ့ နှစ်ရက်လောက်မတွေ့ရတာကို နှစ်ပေါင်း များစွာ ခွဲခွာရသလို ခံစားရတယ်။ ဒါတိုင်းဆို စနေ၊ တနင်္ဂနွေကျောင်းပိတ် ရက်တိုင်း တစ်နေ့တစ်ခေါက်လောက်တော့ တွေ့ဖြစ်ကြတယ်။ နောက်ဆုံး သူမဆီမသွားရင်တောင် သူ့ဆီသူမရောက်လာတတ်တယ်။ ယ သူအဆောင်မှာရှိနေတဲ့အချိန် သူမ မလာဘူး။ အပြင်သွားတဲ့အချိန်မှာလည်း မလာဘူးလို့ အဆောင်ပိုင်ရှင်ဦးလေးသောင်းက ပြောတယ်။ ဘာကြောင့် သူမ မလာသလဲ။ သူတွေးနေတဲ့အချိန်မှာ စုနဒီအဆောင်ထဲက ထွက်လာ တယ်။

"ဒို့ဆီလာဖို့ သတိရသေးတာပဲ"

"ဒါမအားလို့ပါတာ"

"ဘာမှပြောရှင်းချက်မပေးနဲ့၊ ကျောင်းသွားမှာ မဟုတ်လား။

ခဏစောင့်၊ ငါအဝတ်အစားလဲလိုက်အုံးမယ်"

စုနဒီက ပြောချင်တာပြောပြီး အဆောင်ထဲပြန်ဝင်သွားတယ်။ ကြိမ် တာတစ်ခုကတော့ စုနဒီတာ အနည်းနဲ့အများ သူ့ကိုစိတ်ပျက်ပြောလိမ့်မ



www.burmeseclassic.com

www.burmeseclassic.com



မေး တနှစ်ဖွေ ဘယ်သွားသလဲလို့မေးလာရင် အဆင်ပြေဆုံး လိမ်ညာချက်တွေလုံးလုံးလုံးလေးတွေ ဦးနှောက်ထဲမှာ စီထားပြီးသားပါ။ ခဏကြာတော့ ရှုံ့မဲ့ပြုံးထွက်လာတယ်။ သူ့ရုပ်မျက်ထဲမှာ စုနှီးတာ အရုပ်လေးလို့နေပါတယ်။

ထို့နောက် သူတို့နှစ်ယောက် တျောင်းကို အတူတူလျှောက်လာခဲ့ကြတယ်။ သူတာ စုနှီးလက်မခံနိုင်တဲ့ တိစ္ဆတစ်ရာကို မသိအောင် ဖိဖိရိရိလုပ်ထားတယ်ဆိုပေမယ့် စိုးရိမ်စိတ်တလေးတစ်တော့ ရှိနေသဲပါ။ ဒီလိုနဲ့ လမ်းလျှောက်နေရင်း စုနှီးဆီက ဘယ်လိုမေးခွန်းတွေထွက်လာမလဲဆိုတာ စောင့်မျှော်နေပေမယ့် ဘာစကားသံမှ ထွက်မလာတော့ အံ့ဩမိမြန်တယ်။ တိုတုန်းက စုနှီးဆိုတဲ့ ခပ်ထန်ထန်မိန်းကလေးတစ်ယောက်တာ သူမစိတ်ထဲမှာ မကျေနပ်ရင် အသေးအမွှားလေးတာအစ စစ်စစ်ပေါက်ပေါက်မေးပြီး လုံးဝ အုပ်ရှားခွင့်မရအောင် ချောင်ပိတ်ရန် လုပ်တတ်တယ်။ ယခု ဒီလိုမတုတ်တဲ့အတွက် အတွေ့ရတဲ့အချိန်ကာလမှာ ဘယ်လိုအတွေးအခေါ်တွေက သူမကို ရင့်ကျက်စေသွားတာလဲ။ လမ်းလျှောက်လာရင်း စုနှီးမျက်နှာကို ခိုးကြည့်လိုက်တော့ အရမ်းကို တည်ငြိမ်အေးစက်နေတာကို တွေ့ရတယ်။

သူတို့နှစ်ယောက် တိတ်တိတ်ဆိတ်ဆိတ်နဲ့ပဲ တန်းတင်းရောက်လာခဲ့တယ်။ ထိုင် ထိုင်ခြင်း အနားရောက်လာတဲ့ စားပွဲထိုးလေးကို လက်ဖက်ရည်နှစ်ခွက်မှာလိုက်တယ်။ အဲဒီအထိ စုနှီးတာ ငြိမ်သက်နေတုန်းပါပဲ။

"စုနှီး နင်ဘာဖြစ်နေတာလဲ"

"ငါ ဘာဖြစ်လို့လဲ"

"စကားမပြောလို့ပေါ့တာ။ အဲဒီလိုကြီးမနေပါနဲ့တော့။ နင်က ခပ်တည်တည်နေတော့ ငါဘာလုပ်ရမှန်းမသိဘူး"

"တင်း. . . တင်း. . . တင်း"

စုနှီးသဘောကျစွာနဲ့ ခပ်တတလေး ရယ်မောလိုက်ပြီး

"ထူးစစ်. . . နင်က တချာလေးတွေ ရေးတတ်လာလို့လား မသိဘူး။ စကားပြော ကောင်းလာတယ်။ ဒါပေမယ့် ငါမအံ့ဩပါဘူး။ သိချင်တာတော့ ရှိတာပေါ့။ ငါ့ကို ဘယ်အကြောင်းအရာ၊ ဘယ်လိုစကားလုံးတွေနဲ့ လိမ်ညာမလဲဆိုတာလေ။ နင်က ဖိရိသေသပ်စွာ လိမ်တတ်နေပြီဆိုတာ ငါနားလည်ထားတယ်။ အထူးသဖြင့် ငယ်ငယ်လေးတည်းက ခင်မင်လာတဲ့ငါ့ကို နင်လိမ်နေတယ်။ မှန်မှန်ပြော်။ ငါ့အပေါ် ဘာတွေဖုံးကွယ်ထားသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တင်"

စုနဒီစကားကြောင့် ထူးစစ်စိတ်ထဲ အထိတ်တလန့်နဲ့ တုန်လှုပ်သွားတယ်။ နှင်းပွင့်ဖြူကိုနဲ့ ကဗျာရေးတဲ့ကိစ္စကို သိသွားပြီလား။ ဒါလည်း ဘယ်လိုမှဖြစ်နိုင်ပါ။ ကဗျာစာအုပ်ထွက်လာရင်တော့ တစ်မျိုးပေါ့။ နောက်ဆုံး ဒီကိစ္စကို သူမ မသိနိုင်ပါဘူးလို့တွေးတာ ကွယ်ဝှက်လိုက်တယ်။

"အဲဒီလို နှင်ထင်နေသလား. . . စုနဒီ၊ ငါ့မှာတော့ ဘာမှ လိမ်ညာဖုံးကွယ်စရာမရှိဘူး။ ငါ့ကိုယုံစမ်းပါ"

စုနဒီရဲ့အကြည့်က ထူးစစ်ဆီ ဆတ်ခနဲ ရောက်သွားတယ်။ ရင်ထဲမှာတော့ ခံပြင်းမှုကြောင့် ဒေါသတွေအလိမ့်လိုက်ပဲ၊ ဒီလောက် သတင်းအတိအကျရှိတာတောင် သူမကို လိမ်ရဲသေးတယ်။ နှင်းပွင့်ဖြူဆိုတဲ့ မိန်းကလေးတာ ဘယ်လိုအတတ်ပညာ၊ ဘယ်လိုမာယာတွေနဲ့ ထူးစစ်ရဲ့စိတ်ဓါတ်တစ်ခုလုံးကို ချုပ်ကိုင်ထားလိုက်တာလဲ။ တွေးရင်းပြဿနာကို ထိပ်တိုက်ဖြေရှင်းပစ်ချင်စိတ်ပေါ်လာတယ်။

"ထူးစစ်"

စုနဒီရဲ့ဒေါသံက နည်းနည်းကျယ်သွားသဖြင့် ဘေးဝိုင်းကလှည့်ကြည့်တယ်။ ဘယ်လိုဖြစ်ဖြစ် သူမတော ဘာကိုမှဂရုမစိုက်တတ်ပါ။

"ဘာလဲ. . . နင်ဘာပြောမလို့လဲ"

"ငါမေးမယ်. . . နင်မှန်မှန်ဖြေ၊ စနေနေ့က နင့်ဆီ ဘယ်သူလာလဲ၊ တနင်္ဂနွေနေ့က နင်ဘယ်သွားလဲ"

"တာ"

ထူးစစ်တစ်ယောက် ဖျတ်ယွင်းသွားတဲ့မျက်နှာကို စုနဒီမမြင်အောင် အချိန်မီ ထိန်းချုပ်လိုက်တယ်။ ဒါတာ တိုက်ဆိုင်မှုတစ်ခုဆိုရင်တောင် တော်တော်အံ့ဩစရာပါ။ သူမမျက်ဝန်းတွေကို ကြည့်လိုက်တော့ သူ့အကြောင်းတို့ သိနေသလိုပဲ။ သူအမှန်တရားကို ဝန်မခံရဲသဖြင့် ဆက်လက်လိမ်ညာ လိုက်တယ်။

"ငါ့ဆီကို ဘယ်သူမှမလာပါဘူးတာ၊ ပြီးတော့ တနင်္ဂနွေနေ့က အဆောင်မှာ တစ်နေကုန်ဇါတကျက် နေတာ။ မယုံရင် လွင်ဦးကို မေးကြည့်ပါလား"

တင်. . . ကြည့်စမ်း။ ဒီလောက်အရိပ်ပြပြီးမေးတာတောင် ဝန်မခံသေးပါလား။

"ငါ့ကို စိတ်ချစမ်းပါတာ၊ နင်မကြိုက်တာ ဘာမှမလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ထူးစစ် . . . နင့်ရဲ့ပေါ့ပျက်ပျက်စကားလုံးတွေနဲ့ ငါ့ကို လာမချဉ်နှောင်နဲ့။ ငယ်ငယ်လေးတည်းက ငါပြောလာတဲ့ စကားတွေဟာ နင့်ကိုချစ်ချယ်တန့်သတ်တယ်လို့ထင်ရင် လုပ်ချင်တာလုပ်လို့ရတယ်။ တကယ်တော့ နင့်ရဲ့ဘဝ၊ နင့်ရဲ့စိတ်ကို ငါတစိုးမိုးချယ်လှယ်ပိုင်ခွင့်မရှိပါဘူး။ ငယ်ငယ်လေးတည်းက ခင်လာတဲ့ သံယောဇဉ်ဆိုတာ တလည်း အချိန်တန်ရင် သူ့ဘာသာပြတ်သွားမှာပါ"

"စုနှီ"

ထူးစစ်အသံနှင့်တကြောရှစ်သွားတော့ စုနှီအမည်ကို လွှတ်ခနဲ ခေါ်လိုက်မိတယ်။ ခီစကားတော့ ဘယ်အတိုင်းအတာအထိ ရောက်သွားသလဲဆိုတာ သူမ သိရဲ့လား။

"နင်ဘယ်လိုပြောလိုက်တာလဲ စုနှီ။ ငါတို့နှစ်ယောက် ကြားမှာ သံယောဇဉ်တိုပြတ်တောက်ဖို့ ဘယ်လိုအင်အား မျိုးတွေ ထုတ်သုံးမှာလဲ။ ဒီစကားဟာ လုံးဝအဓိပ္ပါယ် မရှိဘူးလား။ နင်နဲ့ငါ ဘယ်အတိုင်းအတာအထိ သံယောဇဉ် ရှိခဲ့သလဲဆိုတာ သိရဲ့သားနဲ့"

"နင့်ငါ့စပ်ပိတ်ထားစမ်း ထူးစစ်။ ငါ့လက်ဝါးက ပါးရှေး တာမတုတ်ဘူး။ နောက်နောင် ငါနဲ့ပတ်သက်ပြီး ဘာမှပြော ခွင့်မရှိဘူးဆိုတာ မှတ်ထားပါ"

စုနှီ ဆတ်ခနဲ ထကာ ထူးစစ်ရှေ့ကနေ ထွက်လာခဲ့တယ်။ ရင်ထဲမှာ အဲရိုက်ချင်တာထက်ပိုတဲ့ ဒေါသတွေကအပြည့်ပဲ။ နောက်ဆုံး တော့ခြင်းတတ် နှင်းစိတ်မရှိတော့သဖြင့် အဆောင်ပြန်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



❋ ❋ ❋

"မင်းတစ်ယောက်ထဲလား"

လွင်ဦးအသံကြောင့် ထူးစစ်ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားတယ်။ ခုအချိန်မှာ သူ့စိတ်တွေအရမ်းကို ပွန်းကြပ်နေပါတယ်။ ဘာကြောင့် ဒီလောက်အထိ စုနန္ဒီပြောင်းလဲသွားတယ်ဆိုတာ လုံးဝနားမလည်မိချေ။

"တင် လက်ဖက်ရည်က နှစ်ခွက်ပါလား။ ကြော် ငါလာမယ် ဆိုတာ ကြိုသိလို့မှာထားတာလား။ ကျေးဇူးပဲသူငယ်ချင်း"

လွင်ဦးတ စုနန္ဒီမသောက်ဘဲထားခဲ့တဲ့ လက်ဖက်ရည်ကို မွှေကာမော့သောက်လိုက်တယ်။ အဲဒီအထိ ထူးစစ်ဘာမှ မပြောသေးပါ။

"မင်းဘာဖြစ်နေတာလဲ ထူးစစ်။ အူတူတူ ငိုင်တိုင်တိုင်နဲ့"

ဒီတစ်ကြိမ်တော့ ထူးစစ်လှုပ်ရှားလာပြီး

"တချို့ကိစ္စကို မစဉ်းစားတည်းက ရှပ်သိမ်းလိုက်ရင် ကောင်းမယ် ထင်တယ် လွင်ဦး"

"တ ဘာအရှုံးထတာလဲ"

"အရှုံးထတာ မဟုတ်ဘူးကွ။ စုနန္ဒီနဲ့ပြဿနာ မတတ်ချင်လို့။ ပွင့်ပွင့်လင်းလင်းပြောရရင် သူမကြိုက်တာ ငါမလုပ်ချင်ဘူး"

"စုနန္ဒီနဲ့ မင်းတွေငြိုးလို့လား"

"ခုလေးတင် ငါနဲ့စကားများပြီး ပြန်သွားတာ။ မင်းသောက်တဲ့လက်ဖက်ရည်ခွက်က စုနန္ဒီသောက်ဖို့ မှာထားတဲ့လက်ဖက်ရည်ခွက်"

"ဟာ"

လွင်ဦးတစ်ယောက် လက်ဖက်ရည်ခွက်ကိုကြည့်ပြီး ထိတ်လန့်သွားတယ်။ တော်ပါသေးရဲ့။ တစ်ငုံပဲသောက်ရသေးလို့။ ဒီကောင်မ[illegible]တာ မဟုတ်ဘူး။ ဒေါသဖြစ်ဖြစ်နဲ့ တံတွေးတွေထည့်သွားရင် ဘယ်နှယ့်လုပ်မလဲ။

www.burmeseclassic.com


"ငါ့အပေါ် ရုနဒီဆက်ဆံပုံက ထူးခြားနေတယ် လွင်ဦး။ အရင်လို လုံးဝမတုတ်ဘူး။ သူမချက်လုံးထဲမှာ ငါ့အကြောင်းကို သိနေသလိုပဲ"

"မင်းစိတ်ထင်လို့ ဖြစ်မှာပါကွာ။ ငယ်ငယ်လေးတည်းက ရုနဒီမသိအောင် ကြိုးတျယ်တဲ့ကိစ္စတွေကို မလုပ်ဖူးတော့ သွေးလေချောက်ချားပြီး ကိုယ့်ကိုယ်ကို မလုံမလဲ ဖြစ်နေတာပါ"

ထူးစစ်က လွင်ဦးစကားကို နားထောင်ပြီး သက်ပြင်းချလိုက်တယ်။ အတွေးထဲမှာတော့ ကြိုပြီး ရုနဒီအမုန်းတွေကို မြင်နေရပါတယ်။

"ကမ္ဘာစာအုပ်ကိစ္စကို ဖွင့်ပြောလိုက်ရင် ကောင်းမယ် ထင်တယ်"

"မင်းတော်တော် 'အ' တဲ့ကောင်ပဲ။ နဂိုတည်းက ရုနဒီမကြိုက်တာကို လုပ်ပါတယ်ဆို သိလို့ဖြစ်မလား။ ဒီကိစ္စမစခင်တည်းက မင်းကိုငါ ဘယ်လို 'အကြံပေးခဲ့သလဲ။ ခေါ်တိုင်းလိုက်၊ ထားရာနေ စေရာသွား။ ပြောတဲ့အတိုင်း နားထောင်ပြီး အလိုဆန္ဒဖြည့်ဆည်းပေးရုံနဲ့ မရနိုင်ဘူး။ တင်းသင့်တဲ့နေရာမှာ တင်းရမယ်၊ လျော့သင့်တဲ့နေရာမှာ လျော့ရမယ်။ ဇာတ်သင်ညို့လို အချိန်အခါ ကိုလိုက်ပြီး ပြောင်းလဲတတ်ရမယ်။ တသတ်မတ်တည်းဖြစ်နေရင် အချိန်ကြာလာတာနဲ့အရှိုးအီသွားလိမ့်မယ်။ မင်းလည်း ရုနဒီကို ဘဝတစ်လျှောက်လုံး အရှုံးပေးကြည့်ပါလား။ တစ်ချိန်ကြရင် ငြီးငွေ့ပြီး စွန့်ပစ်မှာသေချာတယ်။ စွန့်ပစ်ခံရတာထက်စာရင် စိတ်ဆိုးခံရတာ အသေးအဖွဲ့ပါကွာ။ ဘဝတစ်ခုလုံး စိတ်ချမ်းသာဖို့အတွက် တခဏတော့ နာကွခံရမှာပဲ"

လွင်ဦး ကမ္ဘာစာအုပ်ကိစ္စမို့သာ အာပေ့ာင်းခံပြီး ပြောလိုက်ရတာ ဒါကို တတယ်ပဲမုန်းတီးမိတယ်။ အမှန်အတိုင်းဝန်ခံရရင် ထူးစစ်ကို ရုနဒီ ဆုံးဝမပတ်သက်စေချင်ပေ။ ထူးစစ်က အဲဒီလိုမတုတ်တော့ ခက်တာပေါ့။

"ရုနဒီအကြောင်းကို ငါသေချာသိနေတယ် လွင်ဦး။ ကမ္ဘာစာအုပ်ထွက်လာရင် ပိုဆိုးလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩပါတယ် ထူးစစ်ရယ်၊ အခြားလူတွေဆို ထင်ပေါ်ကျော်ကြားချင်လို့တောင် ဇာတ်ကြီးလုပ်ယူနေကြရတာ။ မင်းက ရှားမှရှား သူရဲကောင်းတစ်ယောက်လို မိန်းမ တစ်ယောက်ရဲ့ အချစ်ကိုရဖို့ ကိုယ့်ကိုယ်ကို ချောင်ထဲ ထိုးထည့်နေတယ်၊ ဒီမှာ ထူးစစ်. . . လောကမှာ စုနှီး တစ်ယောက်တည်း မိန်းမရှိတယ်ထင်လား။ သူလိုလှတဲ့ မိန်းမတွေ အများကြီးပါကွာ"

"အဲဒီပါနဲ့ မဆိုင်ဘူး လွင်ဦး။ စုနှီးသာလျှင် ငါ့အတွက် ချစ်ဦးသူပဲ၊ ချစ်တယ်ဆိုတာထက် ပိုပြီးလေးနက်ပိုပြင်းတဲ့ စကားလုံးတွေရှာလို့ရရင် ငါရှာဖွေပြီး စုနှီးကို ပေးချင် တယ်၊ ငါ့ရဲ့သွေးသားနဲ့တည်ဆောက်ထားတဲ့ ခန္ဓာ ကိုယ် တစ်ခုလုံးစွန့်ပစ်ရမယ်ဆိုရင် အချိန်မရွေး အသင့်ပါပဲ၊ လောကမှာ ငါ့အကြောက်ဆုံးက စုနှီးစွန့်ပစ်သွားမှာတွေး အဲဒါ မင်းမှတ်ထား"

"တော်တော်ကြောင်တာပဲ"

"ကြောင်တာမဟုတ်ဘူး။ ခံစားချက်တွေ ဗွင့်ထနေတာ၊ မင်းပဲ ပြောဖူးတယ်လေ၊ ငါကအချစ်ကို ကိုးကွယ်တယ်၊ အချစ်ကို တန်ဖိုးထားတယ်၊ မင်းစကားအတိုင်းပေါ့၊ ငါ လူ့လောကကို ရောက်လာတာ စုနှီးအတွက်ပဲ ဖြစ်ရမယ်"

လွင်ဦးစိတ်လျှော့လိုက်ရပါပြီ။ စုနှီးနဲ့ပတ်သက်ပြီး ထူးစစ်ကို ဘယ်လို မှ ပြောလို့မရတော့ပါ။ ဒါကြောင့် အသာလေးရှော့မော့ပြီး တရားတိစ္စကို ဦး တည်လိုက်တယ်။

"ထူးစစ် စုနှီးနဲ့ပတ်သက်တဲ့ မင်းရဲ့အချစ်ကို ငါနားလည် ပါတယ်ကွာ။ ဒါပေမယ့် တရားမထည့်တော့ဘူးလို့တော့ မလုပ်လိုက်ပါနဲ့၊ အားလုံးမျက်နှာ ပျက်ကြရလိမ့်မယ်။ အဓိက မင်းကိုအပြောင်းအလဲမြန်တဲ့လူလို့ ထင်သွားမှာ၊ နှင်းပွင့်ဖြူနဲ့ကလည်း တစိမ်းတွေမဟုတ်တော့ဘူးလေ၊ မင်းသေသေချာချာစဉ်းစား ကြည့်စမ်းပါ"

ထူးစစ်စိတ်ထဲ လွင်ဦးရဲ့အချက်ကျကျပြောစကားကြောင့် အလွန် လေးလံထိုင်းမှိုင်းသွားတယ်။ တရားသာ နှင်းပွင့်ဖြူကို့တာဝန်ယူပါရင် ရှေ့ဆ ဖြစ်ပေါ်လာမယ့် ပြဿနာက အတော်ကိုကြီးမားမှာ သေချာတယ်၊ တကယ်

www.burmeseclassic.com

www.burmeseclassic.com



အချာမထည့်မြန်ရင်လည်း နှင်းပွင့်မြူတို့အုပ်စုကို ဘယ်လိုမျက်နှာပြရမလဲ၊ ကိုယ်က သူ့အိမ်မှာတောင် သွားပြီးစားသောက်ထားတာ။

"တဲပါ. . . ခုအချိန်မှာ မင်းသာမှမစဉ်းစားနဲ့အုံး။ စုနဒီနဲ့ ပတ်သက်ပြီး မင်းစိတ်တွေရှုပ်ထွေးနေတဲ့အတွက် ဦးနှောက်ကို အနားပေးလိုက်ပါ။ အတန်းသွားကြမယ်"

"သွားကွာ. . . ငါမတက်ချင်ဘူး"

"ဒါဆို ဘယ်သွားမှာလဲ"

"အဆောင်ပဲ ပြန်ကြမယ်"

"မင်းသဘောပဲလေ"

သူတို့နှစ်ယောက် လက်ဖက်ရည်ဖိုးရှင်းပြီး လမ်းခွဲလိုက်ကြတယ်။ တကယ်တော့ တက္ကသိုလ်မြေဆိုတာ ပျော်စိုဖို့တောင်းသလို လွမ်းဖို့လည်းကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သဝေထာ
အထီးကျန်မှုဖြစ်တိုင်း
ချစ်သူကို တွေ့ချင်လာတယ်၊
အဲဒီစိတ်စေတ်နှလုံးသားပိုင်ရှင်ကို
ချစ်တတ်အောင် ဘယ်လိုသင်ခဲ့ရမလဲ၊
တစ်နေ့ဆိုတဲ့ မျှော်လင့်ချက်နဲ့
အသက်ရှင်လာတာ ကြာပါပြီ၊
တစ်ကြိမ်တစ်ခါမှာတော့
အမှတ်တမဲ့နဲ့ မျှော်လင့်နေမိတယ်၊
ဒါပေမယ့်
အကြိမ်ကြိမ်အခါခါတိုင်းမှာ
မျှော်လင့်ချက်တွေ ကွဲပြိုခဲ့ရတယ်၊
ဒါ. . . တာ. . .
ဝင့်ကြွေးတစ်ခုလားတွေယ်၊
ချစ်ခဲ့တာ တစ်ခုတည်းနဲ့
ငါ. . .
အရှုံးအမှုဖြစ်ခဲ့ရပါပြီ၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"စုနဒီရှိလားဟင်"

"မရှိဘူး"

"ဘယ်သွားလဲ"

"ကျောင်းသွားပြီ ဖြစ်မှာပေါ့"

"ကျွန်တော် ကျောင်းထဲလိုက်ရှာပြီးပြီ၊ မတွေ့ဘူး"

"အဲဒီ ကျွန်မတို့လည်း မသိဘူး"

"စုနဒီ ဒီလာရင် ကျွန်တော်လာသွားတယ်ဆိုတာ ပြောပေးပါနော်"

"အင်း. . . ပြောပေးမယ်"

ထူးစစ်ချိန်နဲ့ရွာနဲ့ စုနဒီရဲ့အဆောင်ရှေ့က ပြန်လာခဲ့ပါတယ်။ ထိုနေ့တစ်နေ့လုံးပါပဲ၊ သူတာ စုနဒီဆီကို လိုက်ရှာခဲ့ပါတယ်။ အဲပေမယ့် မိရွှေရောင်ကို အရိပ်အရောင်တောင် မတွေ့ရပေ။

လွမ်းရပါပြီ စုနဒီ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

ကျောင်းဝင်းထဲကို ဝင်လိုက်တာနဲ့ တပြိုင်တည်း သူ့ရဲ့အသိဉာဏ်က အိုဇာချောင်ရဲ့စကားကို သတိရမိတယ်။

ထိုစကားက သင်စိတ်ညစ်တဲ့အခါ ချစ်သူလက်ကို ကိုင်လိုက်ပါတဲ့။

ယခု

သူအရမ်းစိတ်ညစ်နေပါတယ်။ ဒါပေမယ့် သူ့မှာကိုင်စရာချစ်သူလက် မရှိဘူးဖြစ်နေတယ်။ သေးနားက ဖြတ်သွားတိုင်း လွင့်ကျန်ခဲ့တဲ့ တဗွာဒိုလ် ထိပ်ပြာမယ်လေးတွေရဲ့ မွှေးရနံ့တလည်း သူ့စိတ်ကို ရွှင်လန်းစေအောင် မစွမ်းဆောင်နိုင်ပါ။ သူ့ကို စုနဒီဘာဖြစ်လို့ ရှောင်နေတာလဲ။ အဆောင်သွား တိုင်း သူမ မရှိဘူး ဖြစ်နေတယ်။ သူရှာဖွေရတာ မောလှပါပြီ။ ကျောင်းကို လည်း မလာ၊ အဆောင်သွားတော့လည်း မတွေ့။ ဘယ်များရောက်နေပါလိမ့်။

"ကိုထူးစစ်"

ထူးစစ်တစ်ယောက်တည်း အတွေးနဲ့လမ်းလျှောက်လာချိန်မှာ နာမည် ခေါ်သံကြောင့် အလန့်တကြားလှည့်ကြည့်မိသွားတယ်။ ဘယ်သူများလဲလို့။ နှင်းပွင့်ဖြူပါလား။ သူမ သွားစွယ်လေးပေါ်တဲ့အထိ ပြုံးပြီး သူ့ဆီလျှောက် လာတယ်။

"နှင်းပွင့်ဖြူ တစ်ယောက်တည်းလား"

"အင်း. . . တုတ်တယ်။ ကိုထူးစစ်ကြည့်ရတာ တစ်ခုခု ကို တွေးနေသလိုပဲ"

"နှင်းပွင့်ဖြူက လူတဲခတ်တော်သားပဲ"

"ကိုထူးစစ်မျက်နှာက အမြဲတမ်းကြည်လင်နေတယ်လေ။ ဒါပေမယ့် စိတ်ရှုပ်စရာရှိတဲ့အခါမှာ မျက်နှာက အလိုလို ညှိုးမှိုင်းလာပြီး တစ်ခုခုကို တွေးနေလို့ရှိရင် မျက်ခုံးနှစ်ခု ကို အလယ်စုနေတယ်"

နှင်းပွင့်ဖြူစကားကြောင့် ထူးစစ်အရမ်းကို အံ့ဩမိသွားတယ်။ သူ့ မျက်နှာအနေအထားကို သူ့ထက်တောင် သူမကပိုသိနေပါလား။ ဘယ်အချိန်



www.burmeseclassic.com

www.burmeseclassic.com


သများ ရေတစိုက်ကြည့်ထားပါလိမ့်။

"ဘာလဲ. . . ကိုထူးစစ် အံ့ဩသွားမြန်ပြီလား"

"ဒါလည်း နှင်းပွင့်ဖြူက သိနေတယ်နော်"

"တင်း. . . တင်း. . . တင်း"

နှင်းပွင့်ဖြူက ခပ်ဖွဖွရယ်မောလိုက်ပါတယ်။ ဒါပေမယ့် သူမရယ်သံတာ ပါရယ်သံလေးက သူ့နှလုံးသားကို မဆွဲဆောင်နိုင်တာ အတိအလင်း ဝန်ခံ ခံပါရဲ့။

"နော်တဲလယ်နဲ့ ခင်သက်ရီတို့ ဘယ်သွားလဲ"

"အဲဒီအကြောင်းကို ထူးစစ်ကို တိတ်တိတ်လေးအတင်း ပြောရအုံးမယ် သိလား။ အခုဆိုရင် နော်တဲလယ်က ကိုလွင်ဦးတို့မှ ကိုလွင်ဦးဖြစ်နေတာ။ ကျွန်မကို သူငယ်ချင်း လို့တောင် သတိရသေးလား မသိဘူး။ အဆောင်သွားမေး တော့ အစောကြီးတည်းက ကိုလွင်ဦးလာခေါ်လို့ ထွက်သွား ပြီတဲ့။ ခင်သက်ရီကတော့ မိုက်အောင့်နေတယ်။ ဒီလောက် အစားကြူးတော့ ဖြစ်ချက်တောင်နည်းသေး။ မတုတ်ဘူး လားနော်"

နှင်းပွင့်ဖြူ ချစ်စဖွယ်အမူအယာလေးနဲ့ ပြောလိုက်တာကြောင့် ထူးစစ် အကြည့်မိသွားတယ်။ တကယ့်ကို ဖြူစင်တဲ့မိန်းကလေးပါ။ မျက်နှာတစ်ခုလုံး အရိပ်အသေတွေကင်းမဲ့နေသလို ဝတ်စားဆင်ယင်ပုံကလည်း သပ်ရပ်ရိုးရှင်း တယ်။ သူမအကြောင်းကို သေချာမသိတဲ့လူဆိုရင် ချမ်းသာတဲ့သူဌေးသမီး လို့ ထင်မှာမဟုတ်။

"ကိုထူးစစ်"

"ခင်"

"ကြည့်. . . ဘာတွေ တွေးနေတာလဲ"

"ဟို ဘာမှမဟုတ်ပါဘူး"

"ထားပါတော့လေ။ အခုကိုထူးစစ်အားလား။ ကျွန်မ တစ်ခုခုစားချင်လို့ပါ"

"ဟာ. . . အားနာစရာကြီးဗျာ"

"ကျွန်တော်. . ."

"ထပ်ငြင်းမနေပါနဲ့"

"ဟုတ်တဲ့ ကျွန်တော့်လိုက်ခဲ့ပါ့မယ်"

www.burmeseclassic.com



ချက်ချင်းပဲ နှင်းပွင့်ဖြူမျက်လုံးထဲမှာ လိုက်မှုးငွယ်တောင်းတဲ့ အလင်း
တန်းတစ်ခု လျှပ်တပြက်ဖြာထွက်ပေါ်လာပါတယ်။ ထို့နောက် သူတို့နှစ်ယောက်
တန်တင်းဆီကို ဦးတည်လိုက်ကြတယ်။ လမ်းမှာ နီလာဝင်းဆိုတဲ့တောင်
မလေးနဲ့တွေ့တော့ ရုနှီးအကြောင်းမေးလို့ စိတ်တူးလိုက်သေးတယ်။ နှင်းပွင့်ဖြူ
အနားမှာရှိတော့ မကောင်းပါဘူးလေဆိုတဲ့ အတွေးနဲ့ ပြုံးပြရုံကလွဲ၍ မမေး
ဖြစ်ပေ။ တန်တင်းထဲရောက်တော့ သူတို့နှစ်ယောက် လွတ်နေတဲ့ဝိုင်းမှာ
ထိုင်လိုက်ကြတယ်။

"ကိုထူးစစ် ဘာစားမှာလဲ"

"နှင်းပွင့်ဖြူ ကြိုက်တာမှာလိုက်ပါ"

"ဒါဆို နန်းကြီးသုပ်နှစ်ပွဲ မှာလိုက်မယ်"

"တင်"

ထူးစစ်ရင်ထဲ သေိမသာလှုပ်ရှားသွားပါတယ်။ ဒါဟာ အံ့ဩစရာမဟုတ်
ပေမယ့် အံ့ဩရတဲ့တိုက်ဆိုင်မှုတစ်ခုပါ။ နန်းကြီးသုပ်ဆိုတာ သူနဲ့ရုနှီတို့ရဲ့
အကြိုက်ဆုံးအစားအစာ မဟုတ်ပါလား။

"ကိုထူးစစ် နန်းကြီးသုပ် မကြိုက်ဘူးလား"

"ကြိုက် . . . ကြိုက်ပါတယ်"

"ဒါဆို မှာလိုက်မယ်နော်"

"ဟုတ်တဲ့"

နှင်းပွင့်ဖြူက စားပွဲထိုးလေးကို လှမ်းခေါ်ကာ နန်းကြီးသုပ်နှစ်ပွဲ မှာ
လိုက်တယ်။ ထို့နောက်မှာတော့ နန်းကြီးသုပ်မရောက်မချင်း သူတို့နှစ်ယောက်
ကြားမှာ တိတ်ဆိတ်သွားတယ်။ ဒီအချိန်မှာ နှင်းပွင့်ဖြူက အတတ်နိုင်ဆုံး
ထူးစစ်ကိုမကြည့်မိအောင် လွှဲဖယ်ထားမိပါတယ်။ ဒါပေမယ့် ရင်ခုန်သံတွေ
ကတော့ အဆမတန်လှုပ်ရှားနေတယ်။ ထူးစစ်ဆိုတဲ့သူဟာ အရမ်းကိုရိုးသား
တဲ့ လူတစ်ယောက်လေ။ သူမအပေါ်မှာ ဘာအရောင်မှမဆိုးထားတာတော့
ဝမ်းနည်းစရာကောင်းတယ်။ ကြာလာရင် တဖြည်းဖြည်းနဲ့ သူ့အပေါ်မှာထား
သံယောဇဉ်နှောင်ကြိုးက ပိုမိုတင်းလာတော့မှန်း သူမသိနေပါတယ်။ အရင်ထဲ
ရုနှီနေရာလေးမှာ သူမဖြစ်ရင် သူတို့နှစ်ယောက်ရဲ့ဘဝလေး တော်
ပျော်စရာကောင်းမှာ။ ခုတော့ သူ့နားမှာ ရုနှီရှိနေပါလားဆိုရင် အ
တို မေ့ထားပြီး သူ့အနားမှာပဲ နေချင်ပါတယ်။ ပြီးတော့ ဝါသနာပါတဲ့တ
လေးတွေကို အတူရေးပြီး ပြုံးပျော်ကြည်နူးချင်တယ်။ နောက်ဆုံး သူ
ပတ်သတ်တဲ့အရာအားလုံးကို တရာလေးတွေပဲ ဖြစ်ချင်မိတယ်။ ဒါ သူ

www.burmeseclassic.com



ခိုင်ထဲမှာ ဖြစ်ပေါ်နေတဲ့ တစ်ဇက်သတ်ဆန္ဒပါ။ ဒီလိုမှမဟုတ်လို့ စွန့်ခွာ ခွာတဲ့ခဲ့ ခုလယ်ဆိုရင်လည်း သူမဝမ်းမနည်းပါဘူး။ အဆိုး ဘုံးမျှော်လင့်ထားတဲ့ လူတစ်ယောက်အတွက် အကောင်းဆုံးမရခဲ့ရင်လည်း ခံနိုင်ရည်ရှိပါတယ်။

နှင်းပွင့်ဖြူတစ်ယောက်တည်း တွေးနေချိန်မှာ စားပွဲထိုးလေးက နန်းကြီး ချစ်နှစ်ပွဲလာပို့တယ်။ ဒီတော့မှ နှင်းပွင့်ဖြူ သတိပြန်ဝင်လာပါတယ်။

"စားကြမယ် ကိုထူးစစ်"

"ဟုတ်ကဲ့"

ထူးစစ်စားမလို့ ဇွန်းနဲ့ခရင်းကို ကိုင်တဲ့အချိန်မှာ သူတို့ဆီ ဦးတည်လာတဲ့ လှပတဲ့အရိပ်လေးကို တွေ့လိုက်ရပါတယ်။ ထို့ကြောင့် အားရဝမ်းသာဖြစ်တာ ဇွန်းနဲ့ခရင်းကိုပြန်ချပြီး ဆတ်ခနဲ မတ်တပ်ရပ်လိုက်ပါတယ်။

ထူးစစ်အပြုအမူကြောင့် နှင်းပွင့်ဖြူအံ့ဩသွားပါတယ်။ ဘာဖြစ်တာလဲလို့ မေးမယ့်အချိန်မှာ မာန်၊ မာနအပြည့်ဖြင့် တလောကလုံးကို စိန်ခေါ်ရဲတဲ့မျက်နှာထားပိုင်ရှင် စုနဒီက အနားရောက်လာပြီ။

"စုနဒီ နင်ဘယ်ပျောက်နေတာလဲ။ အဆောင်ကို ငါလာမေးတော့ မရှိဘူးတဲ့"

"ထူးစစ် နင့်စကားကိုနားထောင်ဖို့လာတာ မဟုတ်ဘူး။ ငါပြောချင်တာ ပြောမလို့လာတာ၊ အဲဒါ နင့်ခေါင်းထဲမှာ ထည့်ထားပေါ့"

"နင်ဘယ်လိုဖြစ်နေတာလဲ စုနဒီ။ ပြောချင်တာ ပြောမယ်ဆိုလည်း အေးအေးဆေးဆေးထိုင်ပြီး ပြောပါလား။ နှင်းပွင့်ဖြူနဲ့လည်း မိတ်ဆက်ပေးမယ်လေ"

ထူးစစ်စကားကြောင့် စုနဒီမျက်နှာပေါ်မှာ အခံရခက်စေတဲ့အပြုံးတစ်ပွင့် ဘွားခနဲ ပေါ်ထွက်လာပါတယ်။ ထိုအပြုံးကိုမြင်တော့ ထူးစစ်လည်း လုပ်ခဲ့တဲ့ အမှားအတွက် အရမ်းကို ဖိုးရိမ်သွားမိတယ်။

"နင့်ပါးစပ်ပိတ်ထားလို့ ငါပြောပြီးပြီနော်။ မလိုအပ်တဲ့ ကိစ္စတွေကို လာမပြောနဲ့။ နားငြီးတယ်၊ ညနေကြရင် တန်ဆောင်မှာ ငါနဲ့လာတွေ့၊ မလာနိုင်ဘူးဆိုရင်လည်း တခါတည်း ပြင်းလိုက်၊ ယောကျ်ားတစ်ယောက်ကို တမ်းတမ်း စွဲမက်မောတွယ်တာနေတဲ့ အပေါစားမိန်းမစာရင်းထဲမှာ ငါမပါဘူး"

စုနဒီက ထူးစစ်ကိုအပြတ်ပြောပြီး နှင်းပွင့်ဖြူဘက် မျက်နှာ

www.burmeseclassic.com



"နင့်ကို ငါအရမ်းချီးကျူးပါတယ် နှင်းပွင့်ဖြူ ဘာဖြစ်လို့လဲ ဆိုတော့ ထူးစစ်လိုလူမျိုးတစ်ယောက်ကို နင့်ဘက်ပါအောင် ဆယာသုံးနိုင်လို့ပါ။ အားလို့ရှိရင် ယောကျ်ားတစ်ယောက် ကို ဖြားယောင်းတဲ့ပညာကို စိတ်ဝင်စားလို့ နင့်ဆီမှာ လာသင် ပါအုံးမယ်။ ဒါပေမယ့် တစ်ခုတော့ မှတ်ထားလိုက်ပါ။ စုနန္ဒီဆိုတဲ့မိန်းမအတွက် ထူးစစ်လိုလူမျိုးဟာ ခွန့်ပစ်ပစ္စည်း ထက်မိုပြီး အဖိုးမတန်ပါဘူး။ ခွင့်ပြုပါအုံး"

စုနန္ဒီပြောချင်ရာပြောပြီး ရှုရှုလေးလှည့်ထွက်သွားတယ်။ သူမပုံစံ နန်းတော်ထဲကထွက်လာတဲ့ မင်းသမီးလေးတစ်ယောက်လိုပါပဲ။ နှင်းပွင့်ဖြူ စုနန္ဒီရဲ့ရိုင်းစိုင်းရင့်သီးတဲ့ စကားလုံးကို ကြားလိုက်ရတဲ့အတွက် မယုံနိုင် အောင် ဖြစ်နေတယ်။

"နှင်းပွင့်ဖြူ"

ထူးစစ်ခေါ်လိုက်သံက တိုးတိုးလေးပါ။ နှင်းပွင့်ဖြူလည်း ခုမှ သတိပြ ဝင်လာပြီး

"တင်. . . ကျွန်မကို စုနန္ဒီ. . ."

ထူးစစ်စိတ်မကောင်းစွာနဲ့

"ကြားထဲက ကျွန်တော်ပဲ တောင်းပန်ပါတယ်ဗျာ"

"ဒါ ကျွန်မဘဝမှာ ပထမဆုံးအကြိမ်အစော်ကားခံရခြင်းပဲ ကိုထူးစစ်"

ထူးစစ်က နှင်းပွင့်ဖြူမျက်လုံးထဲက မျက်ရည်ကြည်ဥလေးတွေဝေ့တ စီးဆင်းလာတာကိုကြည့်ပြီး ရင်ထဲနင့်အောင် ခံစားလိုက်ရတယ်။ စုန စကားလုံးတွေက သူမရဲ့ရင်ကို တကယ်ထိရှစေပါလား။

"ကျွန်တော် တကယ်ပဲအနူးအညွတ်တောင်းပန်ပါတယ်ဗျာ။ ခုလိုပြဿနာဖြစ်ရတဲ့အကြောင်းအရင်းက ကျွန်တော့် ကြောင့်ပါ။ စုနန္ဒီမှာ ပြောချင်ပြီဆိုရင် ဘာမှမစဉ်းစားဘဲ ပြောတတ်တဲ့အကျင့်ရှိတယ်။ ဒါကိုနားလည်ပေးပါနော်"

နှင်းပွင့်ဖြူက မျက်ရည်တွေနဲ့ ဖုံးလွှမ်းနေတဲ့မျက်ဝန်းဖြင့် ထူးစစ် ကြည့်လိုက်တယ်။ ပိုးတိုးဝါးတားမြင်တွေ့လိုက်ရတော့ မျက်နှာငယ်လေး တောင်းပန်နေတဲ့ ထူးစစ်ရဲ့မျက်နှာ။

"ဒီတိုင်းကို ကျွန်မလုံးဝနားမလည်ပေးနိုင်ဘူး ကိုထူးစစ်။ စုနန္ဒီမှာ ပြောချင်တာပြောတတ်တဲ့ အကျင့်ရှိတယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တောင် သူတစ်ပါးရဲ့ဂုဏ်သိက္ခာကို ထိခိုက်ပြီး လုံးဝမပြော
သင့်ဘူး။ ကျွန်မလည်း သူ့လိုမိန်းမတစ်ယောက်ပါ။ မသာ
ရင်တောင် မလျော့တဲ့မာန်မာနတော့ ရှိပါတယ်။ ကိုထူးစစ်
ကိုတော့ ကျွန်မအားနာပါတယ်။ စုနဒီဆိုတ သူပြောခဲ့တဲ့
စကားအတွက် တစ်နေ့ကြရင် တန်ရာ တန်ကြေးတစ်ခု
ကျွန်မပြန်ယူရလိမ့်မယ်။ စုနဒီကြိမ်းသေ ကျွန်မကို လျော်
ကြေးပေးရလိမ့်မယ်။ ခုလို ကျွန်မပြောလို့ ကိုထူးစစ်
အထင်သေးရင်လည်း ဝမ်းနည်းပါတယ်။ လူတစ်ယောက်
တာ ရှိသင့်ရှိထိုက်တဲ့အားနဲ့ စော်ကားတာကို ပြန်ပြီးခုခံ
တိုက်ခိုက်တယ်လို့ပဲ သဘောထားလိုက်ပါ"

ထူးစစ်ဘာမှ ဆက်မပြောတတ်အောင် ဖြစ်သွားတယ်။ လောလောဆယ်
တော့ နှင်းပွင့်ဖြူခံစားလိုက်ရတာကို စာနာနားလည်ပေးမိတယ်။ ဒါတာလည်း
အမှား အမှန်ကိုခွဲခြားနိုင်တဲ့ စိတ်ကြောင့်ပါ။

ခုတော့ သူတို့နှစ်ယောက်ရဲ့သာယာတဲ့အချိန်ကို စုနဒီဆိုတဲ့မုန်တိုင်း
တစ်ခုက မွှေရမ်းသွားသဖြင့် ဖရိုဖရဲကျန်ရစ်ခဲ့တယ်။ စောစောက သာယာ
ချော့ရှင်မှုတွေဟာ တစ်စစီပြန့်ကျဲ့ကုန်ကာ ဝမ်းနည်းခြင်း၊ ခံပြင်းခြင်းတွေက
အစုအပြုံနဲ့ ဝင်ရောက်လာခဲ့ပြီ။

ထို့ကြောင့် ဘာမှမစားရသေးဘဲနဲ့ နှစ်ယောက်စလုံးရဲ့ရင်ထဲမှာ ခံစား
ချက်တစ်မျိုးစီနဲ့ ပြည့်လျှံနေပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com

ခုအချိန်မှာ သူမသိပ်ချစ်မိတဲ့ကောင်လေးတစ်ယောက်ကို ပိုင်ဆိုင်ဖို့ ထက် မာနတွေနဲ့ပြည့်လျှံနေတဲ့ မျက်နှာထားပိုင်ရှင် မိန်းမတစ်ယောက်ကို ဘဝတစ်ခုလုံးရစရာမရှိအောင် စုတ်ဖြဲပစ်လိုက်ချင်ပါတယ်။ အဲဒီအတွက် သူမ ပေးဆပ်မှုက တန်ဖိုးထက် အဆပေါင်းများစွာ ကြီးမားနေပါစေ၊ လုံး နောက်မဆုတ်ဘဲ ဖြစ်ချင်တဲ့ဆန္ဒကို ရအောင်ကြိုးစားမှာပါ။

နှင်းပွင့်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

"ဒါ နှင့်ကိုသက်သက်စော်ကားတာ"

ခင်သက်ရှိအသံက ဒေါသကြောင့်တင်းတယ် တစ်အိမ်လုံးကို ဂုံးလွှမ်းသွားပါတယ်။ ဖြစ်ပုံက နှင်းမွှင့်ဖြူစိတ်ညစ်သွားသဖြင့် အတန်းမတက်ဘဲ ခင်သက်ရှိသိလာပြီး အကျိုးအကြောင်းပြောပြတာပါ။ ဒါကြောင့် ခင်သက်ရှိ အကြီးအကျယ်ပေါက်ကွဲနေတာ။

"နှင် တစ်ခွန်းမှ ပြန်မပြောခဲ့ဘူးလား"

"မပြောလိုက်ဘူးဘာ။ ပြောဖို့အချိန်မရတာဆိုရင် ပိုမှန်တယ်။ ဝုနဒီက ပြောပြီး တန်းထွက်သွားတော့ ရုတ်တရက် ကြောင်သွားတာပေါ့"

"ကိုထူးစစ်ကလည်း နှင့်ဘက်ကနေ တစ်ခွန်းမှ ဝင်မပြောဘူးလား"

"သူလည်း ဘာမှမတက်နိုင်ဘူး။ မျက်နှာငယ်လေးနဲ့တော့ ငါ့ကို တောင်းပန်ပါတယ်။ တကယ်တော့ ကိုထူးစစ်က သနားစရာပါ။ ဝုနဒီကိုလည်း ကြောက်ပုံရတယ်။ သူတို့ နှစ်ယောက်ကြားမှာ ဘယ်လိုပတ်သက်မှုရှိလည်း ဆိုတာ ငါမခန့်မှန်းနိုင်ဘူး"

"ကိုထူးစစ်သနားဖို့ကောင်းတာ ဘာလုပ်ရမှာလဲ။ ဝုနဒီ ဆိုတဲ့ကောင်မ နှင့်ကိုစော်ကားတာ ဘယ်လိုတုန့်ပြန်မလဲဆိုတာ သိချင်တာ။ 'တောက်' တစ်ရက်တော့အောင်း မတက်မိတာ အရမ်းကိုနာသွားတယ်။ ငါသာရှိရင် အဲဒီနေရာမှာပဲ ဝုနဒီကို ကိုင်ပေါက်ပစ်လိုက်တယ်။ အား. . . ကျွတ်. . . ကျွတ် . . . ကျွတ်"

ခင်သက်ရှိပြောရင်း ဝမ်းဗိုက်လေးကို လက်နဲ့ဖိတာ ရှုံ့မဲ့လိုက်တယ်။ အဲဒါကြောင့် ဗိုက်အောင့်တာက ပိုဆိုးလာတယ်။ တော်ရုံတန်ရုံမနေတာလေး [illegible]ယောက်ဆိုရင် ဒီနေရာမှာ လူးလှိမ့်သွားနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်တို့ ဆရာဝန်က ဘာပြောလဲ"

"အစာအိမ်ရောင်တာတဲ့"

"အစားအသောက်ကို ဂရုစိုက်ပေါ့တာ"

"ရတယ် ငါ့မှာ ခံနိုင်ရည်အင်အားရှိတယ်။ အခု နင်ဘာဆက်လုပ်မယ်လို့ စဉ်းစားထားလဲ"

နင်းပွင့်ဖြူမျက်လုံးထဲမှာ ပထမဆုံးအကြိမ် မာန်၊ မာနအရိပ်များ တလက်လက်တောက်ပလာပါတယ်။ သူမဟာ ဘယ်သူတရားမျက်မျက် ကိုယ်တရားမပျက်စေနဲ့ဆိုတဲ့ စကားကို လေးစားလိုက်နာချင်ပါတယ်။ ဒါပေမဲ့ အချွဲအနေအမှန်ကို သေသေချာချာမလေ့လာဘဲ တိုက်ခိုက်စော်ကားတာ စုနဒီရဲ့အပြုအမူအပြောအဆိုအတွက် အနိုင်ပြန်ယူတာလဲ့စားချေခြင်းတော့ ရအောင် ပြုလုပ်ရမှာပဲ။

"တစ်ခုခုတော့ တုန့်ပြန်သင့်တယ် နှင်းပွင့်ဖြူ ဒီအတိုင်း ငြိမ်ခံနေရင် စုနဒီဆိုတဲ့ကောင်မဟာ သူ့ကိုယ်သူအဝင်မြင့်ပြီး အတုတ်ကြီးထင်နေလိမ့်မယ်"

"စိတ်ချပါတာ. . . ငါ့ကို စုနဒီ ကြိမ်းသေလျော်ကြေးပေးရအောင် ကြိုးစားမှာပါ"

"ကြိုက်တယ်၊ သိပ်ကြိုက်တယ်။ အရင်က နင့်ကိုစိတ်ပျော့ညံ့တဲ့ မိန်းကလေးလို့ ထင်ခဲ့မိတာ ငါ့အမှားပဲ"

"အတင်း. . . ဘဝမှာ ယောကျ်ားတစ်ယောက်အတွက်နဲ့ မိန်းမအချင်းချင်း မယှဉ်ပြိုင်ဘူးဆိုတဲ့ ဆုံးဖြတ်ချက်ကို ပြင်လိုက်တာပဲ ခင်သက်ရီ။ စုချိန်မှာ မှားမှားမှန်မှန် ဘာကိုမှဂရုမစိုက်တော့ဘူး"

"အဲဆို ဘာလုပ်မယ်ဆိုတဲ့ အစီအစဉ် နင့်မှာရှိတယ်ပေါ့"

"လွယ်လွယ်လေးပါတာ။ ကိုထူးစစ်အချစ်ကို ငါရအောင် ကြိုးစားမယ်။ ပြီးတော့ စုနဒီရဲ့အသဲကိုခွဲမယ်။ ဒီထက်ကောင်းတဲ့အကြံ ရှိသေးလား"

နှင်းပွင့်ဖြူက ပြောပြီးနာနာကြည်းကြည်းလေး ရယ်မောလိုက်ပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲ ရယ်ရယ်ပါစေ။ ရင်ထဲမှာတော့ ပြင်းထန်တဲ့ဒဏ်ရာတွေက ရှိနေတုန်းပါ။ တကယ်တမ်းပြောရရင် ထူးစစ်ဆိုတဲ့ကောင်လေးကို သူမအသဲနင့်အောင် ချစ်ခဲ့ပါတယ်။ ခုတော့ သူမရဲ့ချစ်တွေကြောင့် ...စ်မိသူ စိတ်ဆင်းရဲရတော့မယ်။ အရင်က နှင်းပွင့်ဖြူဆိုတဲ့သူမဟာ ...

www.burmeseclassic.com



ရိုးသာရင် ထိုချစ်သူကို အမြဲတမ်းပျော်ရွှင်အောင် ထားနိုင်တဲ့ ချစ်သူတောင်း တစ်ယောက်ဖြစ်ချင်သူပါ။ ဒါပေမယ့် မမြင်နိုင်တဲ့ အလှည့်အပြောင်းတစ်ခု ကြောင့် သူမစိတ်ကို ပြောင်းလဲစေခဲ့တယ် မတုတ်ပါလား။ အဲ့ဒီအတွက် သူမ နှလုံးသားတွေ ကွဲကြေသွားပါစေ၊ လုံးဝအပြုံးမပျက်ပါဘူး။

"ဒါနဲ့ ငါနားမလည်လို့ ရှင်းပြစမ်းပါအုံး။ ကိုထူးစစ် အချစ်ကိုရတာနဲ့ စုနန္ဒီကို အသဲခွဲတာ ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့တာ။ စုနန္ဒီက ထူးစစ်ကို ချစ်နေတာ"

"တင်. . . တုတ်လို့လားတာ"

"ဘာလို့မတုတ်ရမှာလဲ၊ သူငယ်ချင်းဆိုတဲ့ သံယောဇဉ် တနေ့ သဝန်တိုလာရင် အချစ်ဆိုတာ ဖြစ်ပေါ်လာတာပဲ၊ ဒါကို စုနန္ဒီကိုယ်တိုင်တောင် သိမှာမတုတ်ဘူး။ ဘာကြောင့် လဲဆိုတော့ ချစ်တတ်တဲ့စိတ်ကို သဝန်တိုခြင်းနဲ့ ဖုံးကွယ် နေလို့လေ။ ဒါပေမယ့် မကြာပါဘူး။ ပွင့်ထွက်လာမှာပါ။ မှတ်ထား ခင်သက်ရှိ၊ တစ်ခါတလေ လိုချင်တဲ့ အရာတစ်ခု ကိုရဖို့အတွက် ပေးဆပ်ခြင်း တစ်ခုတော့ ရင်းနှီးကြရ တယ်။ ခုအချိန်မှာ ငါ့ရဲ့ဦးတည်ချက်လမ်းကြောင်း တစ်ခုတည်းရယ်၊ ငါဖြစ်ချင်တာဖြစ်ဖို့အတွက် နှလုံးသား ထဲကအချစ်ကို မဆိုထားနဲ့၊ အသက်တောင်မှ စွန့်လွှတ် ရဲတယ်"

"နှင်းပွင့်ဖြူ. . . နှင့်ရဲ့ဆုံးဖြတ်ချက်တွေ အရမ်းပြတ်သား နေပါလား"

"နာကြည်းခြင်း၊ ခံပြင်းခြင်းတွေက တဆင့်ထွက်ပေါ်လာ တဲ့ လက်စားချေချင်တဲ့စိတ်လေ။ အဲ့ဒီအတွက် အရာရာ ပြတ်သားမှ ဖြစ်မှာပေါ့"

ဒီတစ်ခါ စိတ်ကြီးပါတယ်ဆိုတဲ့ ခင်သက်ရှိတောင် နှင်းပွင့်ဖြူကို အံ့ဩ တကြီးနဲ့ ငေးကြည့်မိသွားတယ်။ တတယ်ကို မထင်တာပါ။ နှင်းပွင့်ဖြူဆိုတဲ့ မိန်းမတစ်ယောက်မှာ ဒီလောက်ပြတ်သားတဲ့စိတ်တွေ ရှိနေတာကို အစော ကြီးထဲက ဘာလို့မရိပ်မိတာပါလိမ့်။

"ငါသွားတော့မယ် ခင်သက်ရှိ"

"ဘယ်ကိုလဲ၊ ငါလိုက်ခဲ့ရမလား"

"အိမ်ပဲပြန်မှာ။ နင်ဂဇနေမကောင်းတော့ အေးအေး

www.burmeseclassic.com



ဆေးဆေးနားပါ"

"အေး. . . ဒါဆိုလည်း နေကောင်းမှပဲ ထပ်တွေ့ကြ

တာပေါ့"

နှင်းဖွင့်ဖြူအပြုံးနဲ့ နှုတ်ဆက်ပြီး ခင်သက်ရီအိမ်က ထွက်လာခဲ့ပါတယ်။ တကယ်တော့ ဘဝဆိုတာ အေးချမ်းတည်ငြိမ်ခြင်းတွေနဲ့ သက်ဆုံးတိုင် တည်ဆောက်ထားတာ မဟုတ်မှန်း သူမလက်တွေ့သိလိုက်ရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



* * *

"နှင်လာတွေ့ဖို့သတ္တိရှိသားပဲ"

သူတို့နှစ်ယောက်ရဲ့တိတ်ဆိတ်ခြင်းကို စတင်ဖြိုခွဲလိုက်သူက စုနှီ ပဲ။ ထူးစစ်က စုနှီနဲ့ မျက်နှာခြင်းဆိုင်ရပ်နေသော်လည်း မျက်လုံးအစုံ က မြေပြင်ပေါ်ကို စူးစူးစိုက်စိုက်ကြည့်နေတယ်။ တကယ်တမ်း ထူးစစ်မျက်လုံး က လောင်ကျွမ်းအားကောင်းတဲ့ မီးတောက်မီးလျှံများရှိနေမယ်ဆိုရင် မြေ နှစ်ထပ်စလုံးပြာကျသွားနိုင်တယ်။

"ငါက နှင့်ကိုမလာရဲဘူးထင်နေတာ။ နှင်က ငါထင်တာထက် ပိုပြီး သတ္တိရှိသားပဲ"

"နှင့်ကို အတွေ့ချင်စရာအကြောင်းမှမရှိတာပဲ စုနှီရယ်။ အရင်လို နှင့်ကိုတွေ့ဖို့ကြိုးစားခဲ့တယ်ဆိုတာ ယုံပါ။ နှင်က သာ တစ်ဇက်သတ်အမြင်တွေနဲ့ ငါ့ကိုအထင်လွဲနေတာလေ"

ထူးစစ်က နူးညံ့ကိုးရှုတဲ့လေသံနဲ့ တစ်လုံးချင်းပြန်ပြောပေမယ့် တင်းမာ တင်းထန်နေတဲ့ စုနှီက အပြစ်တစ်ခုလို့ ထပ်မြင်သွားတယ်။

"ထူးစစ်. . .ငါ့ကိုသေချာကြည့်စမ်း။ နှင့်ကို ငါဘာပြော ဖူးလဲ။ စုနှီဆိုတဲ့ငါက လိမ်ညာတဲ့လူဆိုရင် သေအောင် မုန်းတယ်။ ဒါကြောင့် ဒီအချိန်ကစပြီး နှင့်ကိုသူငယ်ချင်း အဖြစ်က စွန့်လွှတ်လိုက်ပြီ။ ခုလို ငါပြောလို့ နှင့်စိတ်ထဲ မှာ ဝမ်းသာနေမယ်ဆိုရင်တောင် လုံးဝဂရုမစိုက်ဘူး ဆိုတာ မှတ်ထားပါ"

"စုနှီ"

ထူးစစ်တစ်ယောက် အသိစိတ်တွေ ပျောက်ဆုံးမတတ်ပြစ်ပြီး စုနှီ ညီတို့ တုန်လှုပ်ခြောက်ချားစွာနဲ့ လွှတ်ခနဲ ခေါ်လိုက်မိတယ်။

"ဘာလဲ. . .ထူးစစ်။ နှင်က ငါ့ကိုဆက်လိမ်ဖို့ ကြိုးစား အုံးမှာလား"

"နှင့်ရဲ့ တစ်ဇက်သတ်ဆုံးဖြတ်ချက်ကို မငြင်းတော့

www.burmeseclassic.com



ဘူးလားတင်။ ငါသေရာရှင်းပြပါရစေ”

စုနဒီအလိုအလျောက် ထူးစစ်ကို ဒေါသမျက်စောင်းတစ်ချက် ထိုးမိလိုက်တယ်။ ဘဝမှာအရင်းနှီးဆုံးလူတစ်ယောက်ရဲ့ လိမ်ညာလှည့်ဖျားခြင်းကို သိသိကြီးနဲ့ ခံခဲ့ရတာကြာပြီ။ ဒီတစ်ခါထပ်ခံရရင် ကိုယ့်ကိုယ်ကို ခွင့်လွှတ်နိုင်မှာမဟုတ်တော့ပေ။ တကယ်တော့ ထူးစစ်ကို သူငယ်ချင်းတစ်ယောက်လိုသံယောဇဉ်ထားခဲ့မိတာကိုက သူမရဲ့ အမှားပဲ။

“ငါမှားခဲ့တယ်ဆိုတာ ဝန်ခံပါတယ် စုနဒီ။ နောက်နောင်နင်မကြိုက်တဲ့ အရာအားလုံးကို စွန့်လွှတ်ပါမယ်လို့ ကတိပေးပါမယ်”

“တော်တော့. . .ထူးစစ်။ နင်ထပ်ဆင့်ပြီး လိမ်ညာဖို့ကြိုးစားပြန်ပြီလား”

“မဟုတ်ဘူး စုနဒီ။ ငါအမှန်အတိုင်းပြောတာပါ။ ငါ့ရဲ့ဘဝမှာ နင်နဲ့ခွဲဖို့ဆိုတာ လုံးဝမဖြစ်နိုင်ဘူး။ တကယ်လို့သာ နင်နဲ့ဝေးရမယ်ဆိုရင် ငါသေသွားနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နင့်ကိုသိပ်ချစ်လို့ပါ စုနဒီ”

“ဘာ”

စုနဒီအော်သံကြောင့် ထူးစစ်လန့်သွားတယ်။ ဒါကို စုနဒီက ဂရုမစိုက်ဘဲ

“နင်ထပ်ပြီး စော်ကားတာပေါ့ ဟုတ်လား. . .ထူးစစ်”

“ငါအမှန်အတိုင်း ပြောတာပါ”

ချက်ချင်းပဲ စုနဒီအသားတွေ တဆတ်ဆတ်တုန်လာတယ်။ ထူးစစ်ရဲ့မထင်မှတ်တဲ့စကားက သူမဒေါသကို ဆွလိုက်သလိုပဲ။ ထို့ကြောင့် သူမရဲ့လက်တစ်ဖက် လေထဲမြောက်တက်သွားပြီး ထူးစစ်ပါးကို ရိုက်ချလိုက်တယ်။ ထို့ကြောင့် လက်ဝါးနဲ့ပါးထိသံ ကျယ်လောင်စွာ ပေါ်ထွက်လာပါတယ်။

“ဖြန်း”

“မှတ်ထား. . .ထူးစစ်။ ငါ့ကို ဘယ်တော့မှ စော်ကားဖို့မရည်ရွယ်နဲ့”

“စော်ကားတာ မဟုတ်ပါဘူး စုနဒီ။ ငါ့ရင်ထဲက စကားကိုပြောတာပါ။ အဲဒီအတွက် နင်မကျေနပ်ရင် ထပ်ရိုက်လို့ရပါတယ်”

“ထင်”

စုနဒီတစ်ယောက် သူမကိုကြည့်နေတဲ့ ထူးစစ်ရဲ့မျက်ဝန်းထဲမှာ ထား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာမြူမှုန်တစ်စက်တောင်မရှိဘဲ ဝမ်းနည်းခြင်း၊ ယူကြုံးမရခြင်း၊ ဗိုးရိမ်ပူပန်ခြင်းများသာ ရောယှက်နေတာတွေ့ရသဖြင့် မသိမသာလေး တုန်လှုပ်သွားမိတယ်။

ကြည့်စမ်း. . .ချက်ချင်းပါပဲ၊ ထိုမျက်ဝန်းကိုမြင်တော့ သူမစိတ်တွေ နူးညံ့လာပါလား။ ဒီလိုသာအကြည့်တစ်ချက်နဲ့တင် သူမစိတ်တွေ နူးညံ့ပျော့ပြောင်းလာပါက နှင်းပွင့်ဖြူဆိုတဲ့မိန်းမကို ဘယ်လိုယှဉ်ပြိုင်မလဲ၊ သူမနူးညံ့ပျော့ပြောင်းတဲ့စိတ်ကို တင်းပစ်လိုက်ပါတယ်။ ပျော့ညံ့ခြင်းကြောင့် ဖြစ်ပေါ်လာမယ့် အရှုံးဆိုတာကို မလိုချင်လို့ပါ။

"ငါ့ကို ဘယ်လိုမိန်းမထင်နေသလဲ. . .ထူးစမ်း၊ နင်တွေ့ခဲ့တဲ့မိန်းမစာရင်းထဲမှာ ငါ့ကိုထည့်တွက်နေတာလား။ ဝေးပါသေးတယ် ထူးစမ်းရယ်။ နင်တာ မိုးသားဖြူစင်တဲ့ သူငယ်ချင်းတစ်ယောက်လို တန်ဆောင်ခဲ့တယ်၊ ဘာမှမသိနားမလည်တဲ့ သိုးငယ်လေးတစ်ကောင်လို လိမ်ညာခဲ့တယ်၊ ခုတော့ အောက်တန်းကျတဲ့စိတ်ဓာတ်တွေ ပေါ်လွင်သွားပြီ၊ နင်တာ ငါ့ကိုချစ်တယ် ဟုတ်လား။ သိပ်ရယ်စရာကြီးဟာ။ ဒါပေမယ့် အမေးရှိရင် အဖြေရှိတယ်ထင်လို့ ငါပြောခဲ့မယ်၊ နင့်ကို ပြန်ချစ်ဖို့မပြောနဲ့၊ မျက်နှာနဲ့လေသံတောင် မမြင်ချင်၊ မကြားချင်အောင် ဒါးသိုးရှုံ့ရှာသွားပြီ၊ နင့်ရဲ့စကားတွေကို နောက်တစ်ယောက်က မျှော်နေမှာပါ"

စုနဒီလှည့်ထွက်သွားပါတယ်။

ခုတော့ ထူးစမ်းတစ်ယောက်တည်းရယ်၊ စုနဒီနဲ့ပတ်သက်ပြီး ဘာမှမျှော်လင့်ခွင့်မရှိတော့ပေ၊ သူမရဲ့နောက်ဆုံးစကားက ဘာရည်ရွယ်ပြီး ပြောသွားသလဲဆိုတာ ထူးစမ်းနားလည်ပါတယ်။ ဒါကြောင့် စကားလေးတစ်ခွန်းကို တိုးတိုးလေးပြောလိုက်မိတယ်။

ငါ့ဘဝမှာ နင်တစ်ယောက်ကိုပဲ ချစ်တာပါ စုနဒီ။

ထိုစကားပြောအပြီးမှာတော့ တရွေ့ရွေ့ထွက်သွားတဲ့ စုနဒီကိုကြည့်ပြီး မျက်ဝန်းထဲမှာ မျက်ရည်စတွေလိမ့်ဆင်းလာပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ခင်မိုးမိုးဇာတ်လမ်းတစ်ခုက သူ့ကြောင့်ဖြစ်ပေးလာပေမယ့် မဖြေရှင်းနိုင်ခဲ့ဘူး။ ဘယ်လိုမှနားမလည်နိုင်တဲ့ လူနှစ်ယောက်ကြားမှာ သူတာဝန်ကြီးဝင်ပါ။ တစ်ယောက်က သူနဲ့ငါသနာတူခင်ခဲ့တဲ့ သူငယ်ချင်း။ နောက်တစ်ယောက်က ဘဝတစ်ခုလုံးထားစရာမရှိအောင် ချစ်ခဲ့တဲ့ချစ်သူ၊ သူတို့နှစ်ယောက်ရဲ့ အငြိုးတွေပြေပျောက်မယ်ဆိုရင် သူ့ရင်ခွင်ကိုခွဲပြီး သွေးစိမ်းရဲရဲနဲ့ ဆားပက်မီးတင်ခံရဲပါတယ်။

ထူးစစ်

www.burmeseclassic.com

www.burmeseclassic.com



* * *

"ဘယ်လိုဖြစ်တာလဲ ထူးစင်"

ထူးစင်တစ်ယောက်အဆောင်ပေါ်ကို ယိမ်းထိုးနေတဲ့ခြေလှမ်းတို့ဖြင့် တက်ထောက်တက်လာသဖြင့် လွင်ဦးက တအံ့တဩမေးလိုက်တယ်။ ဒါပေမယ့် ထူးစင်ချက်ချင်းပြန်မဖြေသေးပါပဲ လေးဘက်ထောက်ပြီး လွင်ဦး ဆီသွားလိုက်တယ်။ အနားရောက်မှ လွင်ဦးမျက်နှာကို စေ့စေ့ကြည့်ပြီး

"ဪ.. ဘယ်သူများလဲလို့၊ ရောမပညာရှင်ကြီးပါလား။ ဘာဖြစ်တာလဲဆိုရင် မင်းပေးတဲ့အကြံအတိုင်း လျှောက်သွားတာ မှောက်ထဲ တန်းခနဲ ကျတော့တာပဲ၊ တွေ့လား။ အပေါ်ကို မနည်းကုန်းရုန်းတက်နေရတယ်"

"တင်"

လွင်ဦးတစ်ယောက် ထူးစင်ဆီမှ ဆိုးရွားလှတဲ့အရက်နံ့ကို ရလိုက်သဖြင့် ကြီး အံ့ဩသွားတယ်။ ဒီကောင် တိုတုန်းက ဒါတွေမသောက်တတ်ပါ။ အခု ဘယ်လိုဖြစ်တာပါလိမ့်။

"ထူးစင်.. .မင်းအရက်တွေသောက်လာတယ် ဟုတ်လား"

"အေး.. ဟုတ်တယ် ပညာရှိကြီးရဲ့၊ မင်းပြောတဲ့အတိုင်း လုပ်တာ ခုနေ ပိုကိုမှန်းသွားပြီ။ ငါလည်း အသဲတွေဘယ်လိုမှ ဆက်စပ်လို့မရအောင် တစစီကွဲကြေသွားပြီ။ အဲဒါ မင်းကြောင့်၊ မင်းရဲ့သောက်သုံးမကျတဲ့ အကြံကို ဦးနှောက် မရှိတဲ့ငါယုံမိလို့၊ ခုတော့ ဘယ်လိုမှရှင်းပြခွင့်မရအောင် စုနဒီက နာကြည်းမုန်းတီးသွားပြီ"

ထူးစင်မတ်တပ်ရပ်ဖို့ ကြိုးစားလိုက်တယ်၊ ဒါပေမယ့် မူးနေတော့ လဲပြိုသွားတယ်၊ သူဖွဲ့မဖလျှော့ပါ၊ ဒုတိယအကြိမ် ထပ်ကြိုးစားတော့ ဒါလည်း ထပ်ပြီးလဲပြိုသွားတာပါပဲ၊

"မင်းကွာ.. တစ်ခါမှ မသောက်ဖူးတဲ့အရက်ကို ဘာဖြစ်လို့သောက်ရတာလဲ၊ ပြဿနာတစ်ခုကို အရက်သောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မှ ရွေ့ရှင်းလို့ ရမလား"

"ဒို့ကို မင်းဘာမှမပြောနဲ့ လွင်ဦး။ နဂိုတည်းက ငါ့ဘာသာ သိုးသိုးသန့်သန့်နေရင် ဘာမှမဖြစ်ဘူး။ အခု မင်းပြောက် ပေးတဲ့အတိုင်းကလို့ ပြဿနာတက်ရတာ။ ဒို့ကို စုနဒီ မုန်းတာ ဘာမှလုပ်လို့မရတော့ဘူး။ အားလုံးဟာ ပြီးဆုံး သွားပြီ။ ငါ့ဘာယ်လောက်ခံစားရတယ်ဆိုတာ မင်းသိလား"

ဒီတစ်ခါတော့ ထူးစစ်ကြိုးစားပြီး မတ်တပ်ရပ်လိုက်ပါတယ်။ အမူး လျော့သွားလို့လား မတ်တပ်ရပ်ချင်စိတ်ပဲ ပြင်းထန်လို့လားတော့ မသိဘူး ယိုင်တိုင်တိုင်နဲ့ မတ်တပ်ရပ်လို့ရသွားတယ်။ ဒီတော့ ချိတ်ထားတဲ့ ဂစ်တာ ဆိုတာရွှေ့ရွှေ့သွားတာ လှမ်းဖြုတ်ယူလိုက်တယ်။ ပြီးတော့ လက်ကွက်မကိုင်ဘဲ ဂစ်တာကြိုးကို ခေါက်လိုက်တယ်။ ချက်ချင်းပါပဲ ဂစ်တာသံစဉ်မညီမညာနဲ့ ကျယ်ကျယ်လောင်လောင်ထွက်ပေါ်လာပါတယ်။ ဒါကို ထူးစစ်က လုံးဝဂရုမစိုက် ဘဲ ဂစ်တာကို ဆက်ကာ ဆက်ကာ ခပ်ပြင်းပြင်းတီးခပ်နေတယ်။ အဲဒီအချိန် မှာပဲ (တစ်)ကြိုးက တောက်ခနဲ ပြတ်တောက်သွားတယ်။ မကြာပါဘူး နောက် ထပ် (နှစ်)ကြိုး။ ဒီအတိုင်းဆို ကြိုးတွေအားလုံးပြတ်တော့မယ်။ ထို့ကြောင့် လွင်ဦးလည်း စိုးရိမ်တကြီးနဲ့ တားမြစ်လိုက်တယ်။

"ဖြည်းဖြည်းတီးပါကွာ. . .ဂစ်တာကြိုးတွေ ပြတ်ကုန်ပြီ"

ထူးစစ်ဂစ်တာတီးတာကို ရပ်ပြီး အော်ကြီးတစ်ကျယ်ရယ်မောလိုက် တာ. . .

"မင်းအရမ်းအပြောကောင်းတယ် လွင်ဦး။ ဂစ်တာကြိုး ပြတ်တာ ဝယ်ထည့်လို့ရတယ်ကွာ။ ကြိုးတင်မတုတ်ဘူး။ ဂစ်တာတစ်ခုလုံး ပေါက်ကွဲလိုက်တော့လည်း အသစ်ပြန် ဝယ်လို့ရတယ်"

ထူးစစ်လုပ်ရှားမှုက မှုးပေမယ့် မြန်ဆန်တယ်။ သိုင်းသမားလို့ မပြော ရဘူး။ ဂစ်တာကို ရိုက်ခွဲလိုက်ပုံက ရန်သူနဲ့တိုက်ခိုက်နေသလို အားအင် အပြည့်နဲ့ ခဏအတွင်းမှာပဲ ဂစ်တာတစ်ခုလုံးကွဲကြေသွားတယ်။ ထူး ကြေသွားတဲ့ ဂစ်တာကို ပစ်ချပြီး

"ဒီနေ့ ငါ့အပြတ်နိုးဆုံးအရာတွေ ဆုံးရှုံးသွားတဲ့နေ့ လွင်ဦး။ မိန်းမတစ်ယောက်ကိုချစ်ရို့ သက်သက်အပြင် ဘာမှ ဖြေရှင်းခွင့်မရှိတော့တဲ့ ဒို့ဘဝကို နားလည်ပေးစမ်း ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com 

လွင်ဦးစိတ်မကောင်းသလို ခေါင်းကိုခါယမ်းလိုက်တယ်။ ဒီအချိန်မှာ ထူးစစ်ရဲ့ခံစားချက်က အရမ်းပြင်းထန်နေတော့ ဘာမှမပြောတာ အကောင်းဆုံး ။ ခဏကြာတော့ ထူးစစ်အိပ်ယာပေါ် တုံးခနဲ လှဲချကာ အိပ်လိုက်တယ်။ နေတော့ တခဏအတွင်းမှာပဲ အိပ်ပျော်သွားတယ်။ ဒီတော့မှ လွင်ဦးလည်း ထူးစစ်ကိုယ်ပေါ်ကို စောင်အထူလေးတစ်ထည်ခြုံပေးကာ ခြင်ထောင်ချပေးလိုက် တယ်။ ထို့နောက် အဆောင်ပေါ်ကနေ စိတ်ရှုပ်စွာနဲ့ ဆင်းလာခဲ့ပါတော့ တယ်။ အတွေးထဲမှာတော့ မမြင်ရတဲ့ ကံကြမ္မာကို အပြစ်တင်နေမိတယ်။

ကံကြမ္မာတာ ဘာကြောင့်များ ထူးစစ်ကို အရက်သောက်ခွင့်ပေးလိုက် သလဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ပြတင်းပေါက်ကတဆင့်တိုးကျလာတဲ့ စူးရှရှအလင်းရောင်ကြောင့် ထူး... အိပ်ယာကနေ လန့်နိုးသွားခဲ့တယ်။ ထို့နောက် ကပျာကယာမျက်လုံး... ပွတ်သပ်ပြီး နေရောင်ကျတဲ့နေရာကို လှမ်းကြည့်မိတော့မှ ညကအရက်သော... ပြီး အမူးလွန်သွားတာကို သတိရလိုက်မိသည်။

သူ ညကဘယ်လိုအိပ်ပျော်သွားတာလဲ။ တစ်ကြိမ်တစ်ခါမှ မသော... မူးသောကြောင့် ခေါင်းတစ်ခုလုံးအုံခဲနေတယ်။ နာရီကြည့်လိုက်တော့ ဆယ်... ထိုးနေပြီ။ ဒီနေ့တော့ ကျောင်းသွားဖို့ ဘယ်လိုမှ အချိန်မမီတော့ပေ။

ထို့ကြောင့် ဆက်အိပ်ရန်ဆုံးဖြတ်လိုက်ချိန်မှာ မုန့်တင်းခါးထုပ်နဲ့အ... အပေါ်တက်လာတဲ့လွင်ဦးကို တွေ့လိုက်တယ်။

"မင်းကျောင်းမသွားဘူးလား လွင်ဦး"

"တင့်အင်း. . .ဒီနေ့အရက်သမားကို ပြုစုရမယ်လေ။ တဲ. . .ထတော့။ မင်းအတွက် ငါမုန့်တင်းခါးဝယ်လာတယ်"

ထူးစစ်အိပ်ယာကထဖို့ ခေါင်းထောင်လိုက်ချိန်မှာ တစစ်စစ်နဲ့ ကိုက်... လာသဖြင့် ချက်ချင်းပဲ ပြန်လှဲလိုက်တယ်။

"ညက ငါတော်တော်မူးသွားလား လွင်ဦး"

"ကိုယ့်ကိုယ်ကို လူမှန်းမသိတာ တစ်ခုတည်းပါ။ မုန့်တင်းခါးကို ချေပ်သီးစပ်စပ်နဲ့စားရင် ပွင့်ထွက်သွားလိမ့်မယ်"

"ငါကြားဖူးတာကတော့ အရက်သောက်လို့ ခေါင်းကိုက်တာတာ အရက်နာကျတာတဲ့။ အဲဒါ အရက်နဲ့ပဲပြန်ဖြေရတယ်"

"မင်းထပ်သောက်အုံးမယ်ပေါ့"

"ခုလောလောဆယ် အိပ်အုံးမယ်ကွာ"

"ဒါနဲ့ မင်းနဲ့စုနဒီ ပြဿနာတတ်တယ်ဆို"

"အဲဒါပြောတာပေါ့ကွ။ ငါ့ကို စုနဒီလုံးဝနားမလည်ဘူး။ ချစ်တယ်လို့ပြောတာကို အဖြေမပေးဘဲ လက်ထပ်မိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တယ်။ ဒီမှာကြည့်ပါလား"

"အားပါး. . .တော်တော်မြင်းတာတဲ့ ရိုက်ချက်ပါလား"

လွင်ဦးတစ်ယောက် ယောင်တိုင်းနေတဲ့ ထူးစစ်ရဲ့ပါးတစ်ခြမ်းကို ကြည့်ပြီး ကြက်သီးထသွားတယ်။

"မင်းသိုင်းတတ်နေတာပဲ။ မရှောင်ဘူးလား"

"ပထမတော့ ရှောင်ဖို့စိတ်ကူးသေးတယ်။ ဒါပေမယ့် ရှောင်လိုက်ရင် ဒေါသကို ဖိုပြီးဆွပေးသလို ဖြစ်မှာစိုးလို့ ငြိမ်ခံလိုက်တာ။ ဘာပဲဖြစ်ဖြစ် ဇီ့အချစ်ကို သူသိသွားတဲ့ အတွက် ကျေနပ်ပါတယ်"

"အမှန်ဆို မင်းကို ဒီလောက်ရိုက်ပြီးမှ ပြန်ချစ်ဖို့ကောင်း တယ်"

"မပြောပါနဲ့ကွာ။ ရုနဒီက စိတ်အရမ်းကြီးတာ။ ငယ်ငယ် တဆို သာတောင်ဆိုးသေး"

"နှင်းပွင့်ဖြူနဲ့လည်း ပြဿနာတက်တယ်ဆို"

"မင်းကို ဘယ်သူပြောလဲ"

"ဒီသတင်းက ကျောင်းထဲမှာ ပြန့်နေပြီ"

"တကယ်တယ် လွင်ဦး။ အဲဒါတော့ ရုနဒီလွန်တာ။ နှင်းပွင့်ဖြူ က ခပ်အေးအေးနေတတ်တာ အားလုံးအသိပဲ။ ရုနဒီက ဇီ့ကိုတင်းပြီး အတူတူရှိနေတဲ့ နှင်းပွင့်ဖြူကိုပါ ရန်ရှာသွား တာ။ လူတွေကလည်း ခက်တယ်ကွာ။ ဘာမှမဟုတ်တဲ့ အကြောင်းအရာကို ပုံကြီးချဲ့ပြီးပြောချင်ကြတယ်။

လွင်ဦးစိတ်ထဲ ထူးစစ်ခပ်ပေ့ါပေ့ါလေးပြောလိုက်ပေမယ့် ပြဿနာတစ်ခု ဟာ လွယ်လွယ်ကူကူပြီးဆုံးသွားမှာ မဟုတ်ဘူးဆိုတာ သိနေတယ်။ ဘယ်အကြောင့်လဲဆိုတော့ ရုနဒီဟာ ဘယ်လောက်ထက်မြက်တဲ့လူ တစ်ယောက် ပါစေ၊ နှင်းပွင့်ဖြူမှာလည်း အသိုင်းအဝိုင်းရှိတယ် မဟုတ်ပါလား။

"ရုနဒီကို မင်းမမေ့နိုင်ဘူးလား ထူးစစ်။ တိုယ့်ကိုမှ မချစ်တာပဲ"

"မင်းဘယ်လိုပြောလိုက်တာလဲ လွင်ဦး။ ရုနဒီကို ဘယ်လောက်အထိချစ်မြတ်နိုးတယ်ဆိုတာ မင်းသိရဲ့သား နဲ့။ အဲဒီစကားက ဇီ့နှလုံးသားကို တိုက်ရိုက်စော်ကား လိုက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



လွင်ဦးက အိပ်ယာပေါ်ကနေတစ်ခွန်းမဲ့ ပြန်လည်တိုက်ခိုက်နေတဲ့ ထူးစစ်ကို စိတ်ပျက်စွာကြည့်ပြီး

"မင်းထင်တာတွေ မှားနေပြီ ထူးစစ်။ ငါကပတ်ဝန်းကျင်နဲ့ အဆင့်မြင့်တဲ့ မိန်းမတစ်ယောက်ကြောင့် မင်းရဲ့ဂုဏ်သိက္ခာ တွေ ထိခိုက်သွားမှာစိုးလို့ပြောတာ"

ထူးစစ် ဆတ်ခနဲ ထထိုင်လိုက်ပါတယ်။ ဒေါသကြောင့် ထင်တယ် အနီ အချိန်မှာ စောစောက ဆစ်ဆစ်နဲ့နာနေတဲ့ ဝေဒနာတွေ ထွက်ပြေးကုန်ပြီ။

"ဒီမှာ စုနီက ပတ်ဝန်းကျင်နဲ့ မဆင့်မြတ်ရအောင် ဘယ်သူ့ ကို ဘာတွေစော်ကားနေသလဲ။ မင်းလည်းသူများပြောတိုင်း ယုံတဲ့လူတစ်ယောက်ပဲ။ ဒီတော့ ငါအမြတ်ပြောလိုက်မယ်။ ဒီလောကမှာ စုနီကလွဲပြီး ငါ့ဘယ်သူ့ကိုမှ ဂရုစိုက်ဘူး။ တကယ်လို့ စုနီက ပတ်ဝန်းကျင်ရဲ့ ရန်သူဆိုရင် ငါက အဲဒီရန်သူတွေအားလုံးကို ရှေ့မှန်းပစ်မယ်။ ငါ့ကို စုနီ ဆိုင်းမညာသင်နိုင်းတာ သူနဲ့ပတ်သတ်လာရင် တိုက်ခိုက် ဖို့တွ။ ငြိမ်ခံဖို့မတုတ်ဘူး။ အဲဒါ မင်းမှတ်ထား"

"မင်းရဲ့အတွေးအခေါ်တွေ မှားနေပြီ ထူးစစ်။ တကယ်ဆို မိန်းမတစ်ယောက်ကို အဲဒီလောက်အထိ ချစ်သင့်ဘူး။ အရမ်းချစ်ရင်ခံစားရာရှိရင် အရမ်းခံစားရတယ်။ အဲဒါယုံ"

"တော်စမ်းကွာ. . .မင်းပါးစပ်ပိတ်ပြီး ငါ့ရှေ့ကထွက်သွား တော့။ ကြာလာရင် မင်းကို ငါထိုးမိလိမ့်မယ်"

"မိန်းမတစ်ယောက်အတွက်နဲ့များ"

လွင်ဦးမချိတင်ကဲလေသံနဲ့ပြောပြီး ထူးစစ်ကိုကျောခိုင်းကာ အခေါ် ဆင်းလာခဲ့တယ်။ ရင်ထဲမှာတော့ တော်တော်ကြီးကို မကောင်းတာပါ။ ဝေဒနာ တွေဖြစ်ခဲ့ရပြီ။ ဘာတတ်နိုင်မှာလဲ။ လူဆိုတာ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီး ကြတာပဲ မဟုတ်ပါလား။

⁂

www.burmeseclassic.com

ဒီည

နေ မပူပါဘူး

ဒါပေမယ့်

ငါ့နှလုံးသားတွေ

ခြောက်သွေ့အက်ကွဲနေတယ် ဝုနီ။

www.burmeseclassic.com

www.burmeseclassic.com



❋ ❋ ❋

ဝတ်ဝန်းကျင်တစ်ခုလုံးတိတ်ဆိတ်နေတယ် ရုနဒီ၊ မှုန်ဝါးဝါးမီးရောင်အောက်မှာ ကြေကွဲခြင်းတွေကို တပြုံကြီးလိုက်တွေးပြီး နင့်ကို တိတ်တိတ်လေး စောင့်ကြည့်နေတဲ့ လူတစ်ယောက် ဒီကမ္ဘာလောကကြီးမှာ ရှိနေပါတယ်။ တစ်ခါ တစ်ခါ ပြတင်းပေါက်လိုက်ကာပေါ်မှာ မြင်တွေ့ရမယ့် နင့်ရဲ့အရိပ်ကို မျှော်လင့်စောင့်တရင်းပေါ့။ ဒါကို နင်သိရဲ့လားး ပြီးတော့ ငါ့ကို သနားလို့ထင်ပါရဲ့၊ လေရူးတစ်ချို့တာ နင့်ရဲ့ကိုယ်သင်းရနံ့လေးတွေကို ငါ့ဆီသယ်ဆောင်ပေးခဲ့တယ်၊ ငါ့ကို မရုန်းပါနဲ့တာ၊ ဘဝတစ်ခုလုံးမှာ တစ်ကြိမ်တည်းဖြစ်ပေါ်လာတဲ့ ချစ်ခြင်းတွေအားလုံးနဲ့ ချစ်လိုက်တာပါ။ အချိန်တိုင်းသတိရမိတယ် ရုနဒီ၊ နှလုံးခုန်နှုန်းတွေ လှုပ်ရှားနေသ၍ နင့်ကိုချစ်သွားမယ်ဆိုတာ ကတိပေးပါတယ်၊ ငါဟာ နင်ဘယ်လောက်ပဲအမုန်း မုန်တိုင်းတွေတိုက်ခိုက်ပါစေ အပြုံးမပျက်သယ်ဆောင်ရာကို လွင့်မျောမယ့်လူပါ။ သိပ်ချစ်တယ် ရုနဒီ၊ တစ်သဝလုံး ငုံထားမတတ်ကို ချစ်တာပါ။ ရှူလီယက်က ရိုမီယိုကို ချစ်တယ်ဆိုတာ ငါ့အချစ်တွေနဲ့ နှိုင်းယှဉ်ရင်မပြောပလောက်ပါဘူး။ ကမ္ဘာလောကကြီးဖြစ်တည်လာတည်းက အချစ်ဆိုတာပေါ်လာခဲ့တယ် ရုနဒီ၊ အဲဒီအချစ်တွေအားလုံးကိုစုစည်းပြီး၊ ငါ့နှလုံးသားမှာ သိမ်းထားခဲ့တယ်၊ ဘာဖြစ်လို့လဲ သိလား။ နင့်ကိုပေးရမယ့် ငါ့အချစ်တွေ မလောက်ငှမှာစိုးလို့ပါ။ ဖြစ်နိုင်ရင် ကြေဝဠာတစ်ခုလုံးမှာရှိတဲ့ သတ္တဝါအားလုံးရဲ့ရင်ထဲက အချစ်တွေကို ယူပြီး နင့်ကိုပေးချင်ပါတယ်၊ တကယ်တော့ အချစ်ဆိုတာ အတိုင်းအတာနဲ့ ပြလို့ရပေမယ့် အနိုင်းအဆမဲ့ ထုထည်ကြီးမားပါတယ်၊ ဒါကြောင့် နင့်ရဲ့အချစ်တွေရဖို့အတွက် အရာအားလုံးကို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ၊ ငါ့ကိုအမုန်း မာနတွေပြေလျော့တဲ့အထိ ကြိုးစားစွင့်ပြုပါစေနော်။

"ထူးစစ် ရိုးရိမ်လိုက်တာကွာ၊ ဒီမှာထိုင်ပြီး ဘာလုပ်နေတာလဲ"

လွင်ဦးတစ်ယောက် ထူးစစ်ကို ရုနဒီအဆောင်ရှေ့မှာ တွေ့လိုက်ရသဖြင့် အားရဝမ်းသာနဲ့ ပြောလိုက်ပေမယ့် ရုနဒီနဲ့ပတ်သတ်ပြီး ကြေကွဲစတွေ လွင်

www.burmeseclassic.com

www.burmeseclassic.com


မြှိန့်နေတဲ့ ထူးစစ်တစ်တော့ မတွေ့မနပ်ဖြစ်သွားတယ်။

"ဘာလာလုပ်တာလဲ လွင်ဦး"

"မင်းတို လာခေါ်တာလေ။ တစ်ရေးနိုးလို့ထကြည့်တော့မှ မင်းပြန်မလာသေးဘူးဆိုတာ သိရတယ်။ ဖို့မှာ အရမ်းစိုးရိမ်သွားတာပဲ"

"ငါမပြန်ချင်သေးဘူး လွင်ဦး"

"မပြန်လို့မရဘူး သူငယ်ချင်း။ အခုမနက်လေးနာရီတောင်နေပြီ"

"မပြန်ဘူးကွာ၊ စုနဒီကို မတွေ့မချင်း ငါမပြန်ဘူး"

"မင်းရူးနေတာလား ထူးစစ်၊ စုနဒီက မင်းကိုမတွေ့ချင်လို့ ရှောင်နေတာသိရဲ့သားနဲ့"

"ရူးတာက မင်းကွ။ မနက်ဆို စုနဒီက ကျောင်းသွားမှာ။ ဒီတော့ ငါဆုံးဖြတ်ပြီးပြီ။ စုနဒီထွက်လာတဲ့အထိ ငါစောင့်မယ်"

လွင်ဦးစိတ်ပျက်သွားတယ်။ သူ့တစ်သက်မှာ ဒီလောက်တဇွတ်ထိုးနိုင်တဲ့လူမျိုး ဒီတစ်ယောက်ပဲ တွေ့ဖူးတယ်။ ဘယ်လိုမျိုးရိုးက ဆင်းသက်လာ ငါလိမ့်၊ ထားခဲ့ပြီး အဆောင်ပြန်လို့ရပေမယ့် သူငယ်ချင်းဆိုတဲ့ သံယောဇဉ်က ချည်နှောင်ထားသဖြင့် မပြန်နိုင်ဘဲ ဖြစ်နေတယ်။

"မင်းကွာ. . ခုလိုလာပြီး စုနဒီကိုကြိုးစားနေတာ ကျောင်းသွားတဲ့အချိန်ထိ စောင့်နေတာတွေဟာ တကယ်တော့ အလကားပဲ။ အိပ်ချင်ယောင်ဆောင်နေတဲ့လူကို အနိုးရခက်တယ် ထူးစစ်။ ဒီထက်ပိုခက်တာက ရှောင်တဲ့လူကို တွေ့ဖို့ကြိုးစားတာပဲ။ မကြိုးစားပါနဲ့ကွာ။ မနက်ကျရင် ငါသွားပြောပေးမယ်"

"မင်းတကယ်ပြောတာလား လွင်ဦး"

"သူဝ.စ်ငါ့စိတ်ညစ်တဲ့အချိန်မှာ ငါမနောက်တတ်ဘူး ထူးစစ်"

ထူးစစ်က အားရဝမ်းသာနဲ့ လွင်ဦးလက်တစ်ဖက်ကို ဆွဲယူလိုက်ပြီး

"ငါအရမ်းကျေးဇူးတင်တယ် လွင်ဦး။ တကယ်တော့ ငါနဲ့ စုနဒီကြားမှာ နားလည်ပေးနိုင်တာ မင်းတစ်ယောက်ပဲ ရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ပြန်ကြမယ်လေ။ တော်ကြာမိုးလင်းလို့ ငါတို့နှစ်ယောက်ကို ဒီအဆောင်ရှေ့မှာ မြင်သွားရင်မကောင်းဘူး။ စုနဒီလည်း သိကွာကျသွားနိုင်တယ်"

"တုတ်တယ်။ မင်းပြောတာမှန်တယ်။ စုနဒီသိကွာကျမယ့်ကိစ္စဆိုရင် ဘာမှမလုပ်ဘူး"

လွင်ဦးတစ်ယောက်ခုမှပဲ သက်ပြင်းချမိလိုက်တယ်။ တော်သေးတာပေါ့။ လွယ်လွယ်ကူကူနဲ့ခေါ်လို့ရလို့။ နို့မို့လို့ရှိရင် မိုးလင်းသွားနိုင်တယ်။

ထို့နောက် ထူးစစ်နဲ့ လွင်ဦးအဆောင်ရှေ့မှာ တရွေ့ရွေ့ပြန်လာခဲ့ကြတယ်။ သူတို့နှစ်ယောက်ရဲ့လှုပ်ရှားမှုအားလုံးကို မျက်ဝန်းတစ်စုံကစောင့်ကြည့်နေပါတယ်။

ဒါကို သူတို့နှစ်ယောက်သိရှိနေခဲ့မယ်ဆိုရင်. . .။

www.burmeseclassic.com



* * *

တရွေ့ရွေ့ထွက်ခွာသွားတဲ့လူနှစ်ယောက်ကို ငေးမောကြည့်နေသူမှာ နုဒီကိုယ်တိုင်ပဲ မဟုတ်ပါလား။

သူမဟာ အချစ်ဆိုတဲ့အရာကို သေချာနားမလည်ခဲ့ပေမယ့် ရင်ထဲမှာ ဝမ်းနည်းကြေကွဲခြင်းတွေ ရှိနေပါတယ်။ ပြီးတော့ ထိုဝမ်းနည်းကြေကွဲခြင်းနဲ့ အတူ သူမကို အရှုံးပေးသောယောကျာ်းတစ်ယောက်မပေါ်ခဲ့လည်း ထပ်ဆင့် ခံနိုင်လိုချင်တဲ့ အတ္တတွေ ဖုံးလွှမ်းနေပါတယ်။

"နင့်ကို သိပ်ချစ်လို့ပါ စုနဒီ"

ဒီစကားကို သူမစတင်ကြားလိုက်ရချိန်က အထင်သေးခြင်း၊ ခင်မင်မှုကို အခွင့်ကောင်းယူခြင်းလို့ထင်ပြီး ကိုယ်ထိလက်ရောက်တုံ့ပြန်ခဲ့တယ်။ သူမ ရိုက်လိုက်ချိန်မှာ ဝမ်းနည်းခြင်း၊ ယူကြုံးမရဖြစ်နေခြင်း၊ စိုးရိမ်ပူပန်ခြင်း တွေ ရောထွေးနေသော ထူးစစ်အကြည့်ကို မျက်ဝန်းထဲမှာ ခုအချိန်ထိစွဲနေ ဆဲပါပဲ။

ထူးစစ် နင်အဆောင်ရှေ့မှာရှိနေသလို ငါကလည်း တိတ်တိတ်လေး နင့်ကို ငေးကြည့်နေတယ်ဆိုတာ သိရဲ့လား။ ညဆိုတဲ့အမှောင်ထုကို ရဲဝံ့စွာ ဖြတ်ကျော်ပြီး ငါ့ကိုချစ်တဲ့အကြောင်း သက်သေမပြပါနဲ့တော့။ တကယ်တော့ နင့်ကိုသူငယ်ချင်းတစ်ယောက်ရဲ့ သံယောဇဉ်ထက်ပိုမိုလွန်ကဲနေတယ်ဆိုတာ ငါကိုယ်တိုင်အသိဆုံးပါ။

အချစ်ဆိုတာဘာလဲလို့ ငါ့ကိုယ်ငါမေးခွန်းမေးခွင့်မပြုခဲ့ဘူး ထူးစစ်။ ဘာဖြစ်လို့လဲဆိုတော့ နင့်ကို ချစ်မိသွားမှာကြောက်လို့ပါ။ နင်လည်း ငါ့ကို မချစ်ပါနဲ့နော်။ အရင်လို ဖြူစင်မွန်မြတ်တဲ့ သံယောဇဉ်တွေနဲ့ အေးချမ်းပျော် ရွှင်ရယ်မောနေတဲ့ဘဝဟာ ဘယ်လောက်ကောင်းသလဲ။ အားလုံးပြောနေကြ တယ်၊ ငါမှားတယ်တဲ့၊ ဟုတ်ပါတယ်၊ ငါမှားခဲ့ပါတယ်။ အဲဒီအမှားတွေဟာ နင့်အပေါ်အနိုင်ယူလွှမ်းမိုးချင်တဲ့စိတ်ကြောင့် မှားခဲ့တဲ့ အမှားတွေပါ။ အမှားကို အမှန်းသိနေပေမယ့် အမှန်တရားဘက်ကို ရွေ့လျားပြီး ဝန်ခံဖို့ဘယ်တော့မှ မတွေးနိုင်ဘူး ထူးစစ်။ ပြီးတော့ အဲဒီအမှားတွေကိုပဲ ဆက်တိုက်ကျူးလွန်



www.burmeseclassic.com

www.burmeseclassic.com



နေဆုံးမှာပါ။ ဘာကြောင့်လဲဆိုတော့ ငါ့ဘဝမှာ အရှုံးဆိုတာ မရှိချင်လို့ပါ
တကယ်လို့ ကံကြမ္မာက မျက်နှာသာပေးလို့ပဲဖြစ်ဖြစ်၊ ငါ့ရဲ့အယူအဆ လွဲမှားမှုတွေကြောင့်ပဲဖြစ်ဖြစ် အရှုံးတွေပေါ်လာခဲ့ရင်လည်း ငါ့ရင်ထဲက ထောင့်တစ်နေရာမှာ လျှို့ဝှက်လုံခြုံစွာသိမ်းထားပါ့မယ်။ သေချာတာတစ်ခုကတော့ မျက်နှာမှာပြုံးနေပေမယ့် ရင်ထဲမှာကြေကွဲနေတယ်။ လောကမှာ ဟန်ဆောင်ခြင်းအတတ်ပညာကို ဆရာမရှိဘဲ အကျွမ်းကျင်ဆုံး တတ်မြောက်ခဲ့တယ်ဆိုတာ နင်သိလား။ ဘယ်လောက်အထိ ကျွမ်းကျင်သလဲဆိုရင် အချစ်နဲ့ပတ်သက်လာရင် အမုန်းတွေနဲ့ တတုတ်ခြင်းပြောင်းလဲနိုင်စွမ်းရှိပါတယ်။ ပြီးတော့ ဘာတို မှ ခံစားတတ်တဲ့ ပကတိမျက်နှာအမူအယာတွေ မပျက်ယွင်းအောင် ငါဖေ နိုင်ခဲ့တယ်။

အမုန်းကို နင်မသိအောင် ဝန်ခံပါရစေ။ နင့်ရဲ့အချစ်ဆိုတဲ့စကားကို ငါ့ရင်ထဲမှာ သက်ဆုံးတိုင်အထိ သိမ်းထားချင်ပါတယ်။ ဒါပေမယ့် ငါ့ရဲ့အချစ်ကိုတော့ မမျှော်လင့်ပါနဲ့တာ။ ငါ့ဘဝမှာ နင့်ကိုပြန်ချစ်ဖို့ဆိုတာထက် အရှုံးမပေးမိအောင်ကြိုးစားချင်လို့ပါ။ နောက်ဆုံး ငါ့ကိုစွန့်ပစ်သွားပြီး အခြားတစ်ယောက်နဲ့လက်ထပ်သွားရင်တောင် ရင်ထဲက အချစ်တွေကို နင်မြင်တွေ့ခွင့်ရမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ရင်ထဲကအချစ်တွေကို နင်မြင်တွေ့လိုက်တာနဲ့ တပြိုင်နက်တည်း နှင်းပွင့်ဖြူကို အရှုံးပေးလိုက်ရမှာ အခုအချိန်မှာ ငါဘယ်သူ့ကိုမှ မရှုံးချင်ဘူး ထူးစင်။

“စုနဒီ”

နီလာဝင်းတစ်ရေးနိုးလာတဲ့အချိန်မှာ ပြတင်းပေါက်မှာ ခုံချပြီးအပြင် လှမ်းကြည့်နေတဲ့ စုနဒီကိုတွေ့လိုက်ရသဖြင့် လှမ်းခေါ်လိုက်တယ်။ ထို့ကြောင့် စုနဒီတစ်ယောက် ကြေကွဲစရာတွေကို အလျှင်အမြန်မောင်းထုတ်ကာ ဘာမှ မဖြစ်သလိုနဲ့ ဟန်ဆောင်ပြီး နီလာဝင်းဘက်ကို လှည့်လိုက်တယ်။

“တစ်ရေးနိုးပြီလား နီလာဝင်း”

နီလာဝင်းက ခေါင်းညိမ့်ကာ အိပ်ယာကထလာပြီး စုနဒီရှိတဲ့ ပြတင်းပေါက်မှာလာရပ်တယ်။ ထိုအချိန်မှာပဲ တိုင်ကပ်နာရီက ငါးနာရီထိုးပြီဆိုတာကို ပြသလိုက်တယ်။

“နင်ပြတင်းပေါက်မှန်ကနေ အပြင်ဘက်ကိုကြည့်ပြီး ဘာတွေ တွေးနေတာလဲ”

“ဘာမှမဟုတ်ပါဘူးဟာ။ စာမေးပွဲနီးပြီဆိုတော့ ကျက်ထားတဲ့စာတွေကို ပြန်စဉ်းစားနေတာ”



www.burmeseclassic.com

www.burmeseclassic.com



"တင်. . .အဲဒီ မအိပ်ရသေးဘူးပေါ့"

"ခုတလော ငါ့ချက်စိတွေ ကြောင်နေတယ်။ ကိစ္စမရှိပါ ဘူး။ နေ့ခင်းကြရင် ငါအိပ်လိုက်ပါ့မယ်"

"အဲဒီ ဒီနေ့လည်း ကျောင်းမတက်ဘူးပေါ့။ ဟုတ်လား"

"အေး. . .အဆောင်မှာပဲ စာကျက်တော့မယ်"

"ဘာတွေမှန်းလဲ မသိဘူး။ ထူးစစ်လည်း အတန်းထဲမှာ ငါမတွေ့တာ နှစ်ရက်ရှိသွားပြီ။ ပြဿနာဖြစ်ပြီးတဲ့နောက်ပိုင်း နင်တို့တွေဘာဖြစ်နေလို့ အတန်းမတက်ကြတာလဲ။ ပြီး တော့ နင့်ရဲ့အမြဲတမ်းတက်ကြွနေတဲ့ စိတ်တွေ တစ်ခုခု ကြောင့်လေးလံထိုင်းမှိုင်းသွားသလိုပဲ"

ထူးစစ် နှင့်ကြောင့် ငါ့စိတ်တွေ အဲဒီလောက်ဖြစ်သွားပြီလား။ ငါ့စိတ်တွေ ပြောင်းလဲရတာ နှင့်ကြောင့်ဆိုတဲ့ အထင်မျိုးလုံးဝမခံနိုင်ဘူး။

"စုနဒီ. . .ငါတို့နှစ်ယောက်ကြားမှာ ဘာမှဖုံးကွယ်စရာ အကြောင်းမရှိဘူးလို့ ထင်တယ်"

"ဩော်. . .နင်က ငါလိမ်ညာနေတယ်လို့ စွပ်စွဲတာလား"

"အဲဒီလိုတော့ မဟုတ်ပါဘူးဟာ။ အရင်က ပညာရေးနဲ့ ပတ်သက်လာရင် အမြဲတမ်းလိုချင်လောဘရှိတဲ့ နင့်စိတ်တွေ လုံးဝပြောင်းလဲသွားတာကို စိုးရိမ်လို့ပါ။ ထူးစစ်နဲ့ ပတ်သက် ပြီး နင့်ခံစားနေရသလား တင်"

"သွားစမ်းပါ နီလာဝင်းရယ်။ ထူးစစ်ဆိုတာ ငါ့ဘဝမှာ ဘယ်တော့အခါမှ မရှိတော့ဘူး။ စုနဒီဆိုတဲ့ငါက ယောကျ်ား တစ်ယောက်အတွက်နဲ့ အရှိန်ကုန်ခံမယ့် မိန်းမတစ်ယောက် လား။ အချစ်ကို ကိုးကွယ်တဲ့အထဲမှာ ငါမပါဘူး နီလာဝင်း။ ဘယ်လိုမှအထောက်အထားမိုင်မာခြင်းမရှိတဲ့ အချစ်ဝေါ ဟာရကို မက်မက်စက်စက်စွဲကိုင် ရှုးသွပ်ရအောင် ငါက ခပ်ညံ့ညံ့မိန်းမမှမဟုတ်တာ။ ငါက ရုပ်ဝါဒီသမား။ အရှိကို အရှိတိုင်းပဲ မြင်တယ်။ မရေရာတဲ့အနာဂတ်ကို လှမ်းမျှော် ပြီး မျှော်လင့်ချက်တွေအများကြီးနဲ့ စိတ်ကူးယဉ်ပီတိဖြစ် နေတဲ့လူ မဟုတ်ဘူး။ အဲဒါ နင်မြဲမြဲမှတ်ထား"

စုနဒီစကားကြောင့် နီလာဝင်းတစ်ယောက် အိပ်ချင်ပြေသွားတယ်။ ဘဝ ဘဝမှာ ဒီလိုစကားမျိုးကို အခုမှကြားဖူးတာပါ။ စဝ.ဂးလုံးတော့ တတယ့်



www.burmeseclassic.com

www.burmeseclassic.com



တို မှတ်သားလောက်ပါတယ်။ ဒါပေမယ့် ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် အချစ်ကို တော့ ခံစားတတ်ရမှာပေါ့။

"နင့်ကို ထူးစစ်ချစ်တယ်လို့ ပြောတဲ့အချိန်မှာ ဘယ်လိုမှ မခံစားရဘူးလား။ ဥပမာရင်ခုန်တာမျိုးပေါ့"

"ခံစားခြင်း၊ မခံစားခြင်း၊ ချစ်ခြင်း၊ မုန်းခြင်းဆိုတာ ငါ့နဲ့ မဆိုင်တဲ့ ဝေါဟာရစကားလုံးတွေပဲလို့ သတ်မှတ်ထား တဲ့အတွက် နင်မေးတဲ့ မေးခွန်းကို ငါမဖြေနိုင်တာ ဝမ်းနည်း ပါတယ်"

"စုနှီ နင်တာလှုသလောက် တော်တော်အသဲမာတာပဲ နော်။ ဒါပေမယ့် နင်းပွင့်ဖြူကို အသားလွတ်ပြဿနာရှာ တာတော့ နင်မှားတယ်"

"လုံးဝမမှားဘူး နီလာဝင်း။ ငါလုပ်သင့်လုပ်ထိုက်တဲ့ အမှန် တရားပဲ"

"နင့်ရဲ့အမှန်တရားဆိုတာ အမှားတွေရှုပ်နေပဲ မဖြစ်နိုင်ဘူး လို့ နင်ပြောနိုင်သလားတင်။ မကျေနပ်တဲ့စိတ်ကို အခြေခံ ပြီး ဖြစ်ပေါ်လာတဲ့ ဒေါသနဲ့ ပြဿနာကို အဲဒီလိုရှင်းရင် ဘယ်လိုလုပ်အဖြေမှန်ရမလဲ"

"တ. . .ငါကအဖြေရှာနေတဲ့ လူမှမဟုတ်တာ၊ အဲဒီ အတွက် ဘာကိုမှ ငါဂရုမစိုက်ဘူး"

"ဘာဖြစ်လို့မာနတွေပြည့်လျှံနေရတာလဲ စုနှီ၊ တစ်ဖက် သားကို အနိုင်ယူစိုးမိုးချင်တဲ့နင့်ရဲ့အတ္တကို လျှော့သင့် တယ်၊ ငါ့စေတနာနဲ့ပြောတာပါ။ ပြဿနာတစ်ခုရဲ့အဖြေကို အစအဆုံးခေါင်းအေးအေးနဲ့ စဉ်းစားပြီး အကောင်းဆုံး ဘယ်လိုလုပ်ရမလဲဆိုတာ မတွေးဘဲစိတ်ထင်တိုင်း လျှောက် လုပ်တော့ သိက္ခာကျတာပေါ့။ ခုတော့ ပြဿနာရဲ့အဆုံး မှာ နင်မှားတယ်လို့ ပြောနေကြတယ်"

"ပြော. . .ပြောတာ"

"အခု ကျောင်းမှာဘာအသံတွေ ထွက်နေသလဲ သိလား"

"မသိဘူး"

ဒီစကားကို စုနှီအမှန်အတိုင်းပြောလိုက်တာပါ။ ဘာမှာ ရက်ပေါင်း တော်ကြာအောင် ကျောင်းမတက်ဘဲ အဆောင်မှာ စာတွေကျက်နေခဲ့တယ်၊ ထူး



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ရှိရင်လည်း မရှိဘူးလို့ လိမ်ညာခိုင်းခဲ့တယ်။ ထူးစစ်နဲ့ နှင်းပွင့်ဖြူတို့ ရှိတဲ့တန်တင်းကို ရောက်သွားတာကလည်း နီလာဝင်းက သူတို့ တန်တင်း ဘက်သွားတယ်လို့ သတင်းအတိအကျပေးလို့ပြင်းမရအောင် လက်ပူးလက် ကြပ်ဖမ်းလိုက်တာပါ။ အဲဒီနောက် သူမအဆောင်အပြင်ကို မထွက်တော့ဘေး အပြင်ကရောက်လာတဲ့ သတင်းကလည်း သူမများတယ်လို့ အဆောင်ရှေ့မှာ ထူးစစ်ကိုတွေ့ခဲ့တာကလည်း အမှတ်မထင် လမ်းမဘက်ကို ဘေးရင်းတွေ့ခဲ့ ဘာပါ။ စတွေ့ထဲက သူမလည်း မအိပ်နိုင်တော့ဘဲ ဘေးမောကြည့်မိတော့တယ်။

"ဒီမှာ စုနဒီ၊ ငါ့စကားကို နင်ယုံပါ။ အခုကျောင်းမှာ ထွက်နေတဲ့အသံက နင့်ကို ထူးစစ်ကထားခဲ့ပြီး နှင်းပွင့်ဖြူ နဲ့တွဲလို့ပြသနာရှာတာတဲ့၊ ကဲ. . .ဘယ်လောက်သိက္ခာ ကျသလဲ"

"တင်"

စုနဒီ ဒေါသဖြစ်လွန်းသဖြင့် အသားတွေ တဆတ်ဆတ်တုန်လာတယ်။ သူမဂုဏ်သိက္ခာ အလွန်အကျူး ထိခိုက်စေတဲ့ စကားပါ။ ဒီအသံထွက်လာ သယ်ဆိုတည်းက နီလာဝင်းပြောသလို သူမသိက္ခာတွေ ကျသွားပြီ။

"အဲဒီစကားကို ဘယ်သူပြောတာလဲ နီလာဝင်း"

"တစ်ကျောင်းလုံးပဲ စုနဒီ၊ ပြီးတော့ နင်တို့သုံးယောက် ရှေ့ဆက်ဘာဖြစ်မလဲဆိုတာ စိတ်ဝင်စားနေကြတယ်"

"အားလုံးဟာ ပြီးဆုံးသွားပါပြီတား ဆက်ရန်မရှိတော့တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို ဘာဖြစ်လို့များ စိတ်ဝင်စားချင်ရတာ လဲ၊ ဘာတဲ့. . .ထူးစစ်ထားသွားလို့ ငါကပြသနာရှာတယ် တုတ်လား၊ အတင်း. . .တစ်ချိန်ကြရင် ဘယ်သူက ဘယ်သူ့ ကို ထားသွားမလဲဆိုတာ အဖြေပေါ်မှာပါ"

"အဲဒါဆို နင်က ထူးစစ်ကိုစွန့်ပစ်လိုက်ပြီပေါ့၊ နှင်းပွင့်ဖြူ နဲ့ ပြိုင်ပွဲကရော ရှေ့မဆက်တော့ဘူးလား"

"မလိုတော့ဘူးလေ၊ ငါ့ကိုချစ်တယ်လို့ပြောတည်းက အားလုံးဟာ လုံလောက်စွာနဲ့ပြီးဆုံးသွားပြီ၊ တကယ်လို့ နှင်းပွင့်ဖြူလက်ထဲက ထူးစစ်ကို ငါပြန်လုရင် ဒီပွဲက ငါရှုံး သွားမှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ထူးစစ်ဟာ ငါ့အတွက် စွန့်ပစ်ပစ္စည်းတစ်ခုဖြစ်နေလို့ပဲ၊ ဒါပေမယ့် ငါကိုယ်တိုင် မီးရှို့မပစ်နိုင်တာတော့ ဝမ်းနည်းမိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ နင်ပြောတာတွေ နားမလည်ဘူးတော်၊ တကယ်လို့ နှင်းပွင့်ဖြူတာ နင့်ကိုပြန်တိုက်ခိုက်လာရင် ဘယ်လိုလုပ်မလဲ"

"အဲဒီလောက် သတ္တိရှိရင် စိန်ခေါ်လိုက်လေ။ ငါ့ဘက်က အဆင်သင့်ပဲ"

"နင့်ကိုတော့ ငါယုံပါတယ်၊ ဒါပေမယ့် စိတ်ကိုတော့ အတတ်နိုင်ဆုံး ထိန်းစေချင်တယ်။ နင့်ဂုဏ်သိက္ခာဘယ်လောက်အထိ ထိခိုက်နေပြီလဲ၊ ဘာမှဘယ်လိုမှ တွေးထင်မထားတဲ့လူတစ်ယောက်က တစ်နေ့ကျရင် ငါ့ရဲ့ဂုဏ်သိက္ခာကိုအမည်းစက် စွန်းထင်းအောင် ပြုလုပ်မယ်လို့ မထင်ခဲ့မိဘူး။ ခုတော့ ဘဝမှာ မထင်တာတွေဖြစ်ပေါ်လာခဲ့ပြီ"

"အိပ်ကြမယ်တာ၊ တစ်ရေးတော့ ရအုံးမယ်ထင်တယ်"

"အင်း. . .အိပ်မယ်"

စုနန္ဒီပြောပြီး နီလာဝင်းနဲ့အတူတူအိပ်ယာထဲဝင်တာ မီးခလုတ်ကို ပိတ်လိုက်ပါတယ်။ ခုတော့ အမှောင်အတိကျသွားတဲ့ အခန်းလေးဟာ တိတ်ဆိတ်လို့ပေါ့။ တကယ်လို့သာ နီလာဝင်းတစ်ယောက် စုနန္ဒီပြောတဲ့ စကားလုံးရဲ့အသုံးများကို တစ်ခုချင်းခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုရင် အရာအားလုံးဆန့်ကျင်ဘက်အရာတွေပဲ တွေ့ရမှာမလွဲပေ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၀)

"ကိုလွင်ဦး"

နှင်းပွင့်ဖြူက တန်တင်းဘက်ကို တစ်ယောက်ထဲ ငိုက်စိုက် ငိုက်စိုက် ဘနေတဲ့ လွင်ဦးကိုမြင်သဖြင့် လှမ်းခေါ်လိုက်တယ်။ လွင်ဦးလည်း နှင်းပွင့် ဖြူအသံကိုကြားတော့ လှည့်ကြည့်ပြီး အားရဝမ်းသာနဲ့ တန်တင်းထဲကို ဝင် လာတာ သူမတို့ဝိုင်းမှာ ထိုင်လိုက်ပါတယ်။

"ကိုလွင်ဦး တစ်ယောက်တည်းလား"

"အေးတ"

"ကိုထူးစစ်ရော ဘာလုပ်နေလဲ။ ကျွန်မတို့နဲ့ မတွေ့တာ ကြာပြီ"

"တာ. . .မမေးနဲ့။ ဒီကောင်နာမည်ကြားရင် ဇါကြက်သီး ထတယ်"

"တင်. . .ဘာဖြစ်လို့လဲ"

"မပြောချင်ပါဘူးတာ။ အရမ်းကို စိတ်ညစ်ဖို့ကောင်းတာ။ ငါ့မှာ သူ့အတွက်နဲ့ အိပ်ရေးလဲပျက်တယ်။ စာလည်းတစ် လုံးမှ မတျက်ရသေးဘူး။ ခုတောင် အိပ်နေလို့ ကျောင်းကို အေးအေးဆေးဆေးလာလို့ရတာ"

"ကိုလွင်ဦးပြောတာ ကျွန်မနားမရှင်းဘူး။ အခု ကိုထူးစစ် က ဘာတွေဖြစ်နေတာလဲ"

"တာ. . .နင်ကလဲ. . .ဒီကောင် ရူးသွားပြီ။ ကဲ. . . ရှင်းလား"

"တင်. . .မဖြစ်နိုင်တာ။ ကျွန်မနဲ့ နောက်ဆုံးတွေ့တဲ့အချိန် မှာတောင် အကောင်းကြီးရှိသေးတာကို မနောက်ပါနဲ့ ကိုလွင်ဦးရယ်။ ကျွန်မကတွေ့ချင်လို့ မေးတာပါ"

လွင်ဦးထပြေးချင်လောက်အောင် စိတ်ပျက်သွားတယ် တကယ်။ စောစော ပါးထဲတတောင် ဒီမြန်းခွန်းကိုမေးမယ်ဆိုတာ ကြိုသိရင် မကြား



www.burmeseclassic.com

www.burmeseclassic.com



ချင်ယောင်ဆောင်ပြီး ဆက်ထွက်သွားမှာပါ။ ခုတော့ နောက်ဆုတ်လို့မ
ဖြစ်နေပြီ"

"ကျွန်မတောင်းပန်ပါတယ် ကိုလွင်ဦး၊
ရှင်းရှင်းလင်းလင်း ပြောပြစမ်းပါ"

နင်းပွင့်ဖြူက သိချင်စိတ်လေးနဲ့ ထပ်ပြောလိုက်တယ်။ ရင်ထဲမှာတော့
ချစ်မိသူအတွက် စိုးရိမ်မှုလေးကတော့ ရှိနေပါတယ်။ မတွေ့ရတဲ့ ရက်ပေ
တွေမှာ တိတ်တခိုးနဲ့ လွမ်းနေရင်း မျှော်တော်ယောင်ဘဝနဲ့ အချိန်တုန်း
တာ ဘယ်သူသိလို့လဲ။ ပြီးတော့ စုနဒီကို ကလဲ့စားပြန်ချေဖို့အတွက် သူ
အနားမှာ ချစ်မိသူရှိမှဖြစ်မှာလေ။ အဆောင်သွားတွေ့ဖို့စဉ်းစားပြန်သော်လည်း
သူမခြေလှမ်းတွေကို ရိပ်မိသွားမှာ စိုးရိမ်ရတယ်။ အဓိက ချစ်မိသူတစ်ယောက်
သူမကိုချစ်ဖို့ပါပဲ။ အဲ့မှ အကြံအစည်အောင်မှာ မတုတ်လား။

"ဒီကောင် တကယ်ရူးသွားတာ နင်းပွင့်ဖြူ၊ ရူးတာတောင်
ရိုးရိုးရူးရင် ဆေးရုံပို့လို့ရသေးတယ်။ ခုဟာက အချစ်ရူး၊
ရူးသွားတာ၊ အဆိပ်ရည်တွေပြည့်လျှံနေတဲ့
အချစ်မြွေတစ် ကောင်က
ဒီကောင်ရဲ့နှလုံးသားအလယ်ဗဟိုတည့်တည့်ကို
စိတ်ဝင်သွားလို့ ရူးသွားတာ ရှင်းပြီလား"

"မရှင်းသေး"

ဒီစကားကို ခင်သက်ရီက ပလုပ်ပလောင်းအသံကြီးနဲ့ ဝင်ပြောလိုက်တာ
ပါ။ အနားကပ်ထိုင်တဲ့ လွင်ဦးနဲ့ နင်းပွင့်ဖြူတို့တောင် ခနွာကိုယ်နောက်ပ
ရို့သွားကြတယ်။

"သေချာပြောပြစမ်းပါ။ ကိုထူးစစ်ဘယ်သူနဲ့ ချစ်နေလို့လဲ။
ကျွန်မတို့သိသလောက်ဆိုရင် ကိုထူးစစ်မှာ ချစ်သူမရှိပါဘူး"

ဒီဝက်မကလည်း စိတ်ညစ်ပါတယ်ဆိုမှ အမေးအမြန်းထူနေသေးတယ်။
အပင်းဆို့ပြီး မြန်မြန်သေစမ်းပါ။

လွင်ဦးစိတ်ထဲ ကြိမ်ဆဲလိုက်လို့ထင်တယ်။ ခင်သက်ရီက စမူဆာတစ်
ကို ကောက်ကိုင်ပြီး ပါးစပ်ထဲထိုးကြိတ်ထည့်လိုက်ပြန်တယ်။

"ခင်သက်ရီပြောတာ တုတ်တယ် ကိုလွင်ဦး။ ကိုထူးစစ်မှာ
မှ ချစ်သူမရှိတာ"

"နင်တို့ပြောသလို ချစ်သူမရှိတာတော့ မှန်ပါတယ်။ ဒါပေ
မယ့် ချစ်ရမယ့်လူတော့ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com


"ဒါဆို ဘယ်သူလဲ ကိုလွင်ဦး"

"ဘယ်သူရှိရမှာလဲ၊ စုနဒီပေါ့။ ဒီကောင်က စုနဒီကလွဲပြီး ဘယ်သူနဲ့တွဲဖူးလို့လဲ"

"တင်. . .ကိုထူးစစ်ပြောတော့ ရိုးရိုးခင်တာဆို"

"ငယ်ငယ်တုန်းကတော့ ရိုးရိုးပေါ့ဗျာ၊ ကြီးလာတော့ ဘယ်ရိုးနိုင်တော့မလဲ"

"ဒါဆို ကိုထူးစစ်က ဖွင့်ပြောပြီး အပြေတောင်းလိုက်ပေါ့။ စုနဒီကလည်း ပြန်ချစ်မှာပါ"

သူမရင်ထဲအပြေတစ်ခုကို သိထားသဖြင့် ရင်နာနာနဲ့ အကြံပေးမိတယ်။

"နင်ပြောသလို ဖွင့်ပြောလိုက်လို့ ပိုဆိုးတာပေါ့"

"စုနဒီက ပြန်မချစ်ဘူးလား"

"ဝေးသေး. . .သူငယ်ချင်းအဖြစ်ကတောင် စွန့်သွတ်လိုက်လို့ အရစ်ခံထားရပြီး အရက်ကို နင်းကန်သောက်နေတာ၊ ညဘက်ဆိုလည်း စုနဒီအဆောင်ရှေ့မှာ သွားထိုင်တယ်၊ ငါ့မှာ စောင့်ပြီးခေါ်ရတဲ့ အလုပ်က သိပ်စိတ်ညစ်ဖို့ကောင်းတာ၊ သူငယ်ချင်းဆိုတော့လည်း အသည်းအသန်ခံစားနေရတာ မကြည့်ရက်နိုင်ဘူးလေ၊ စုနဒီက လုံးဝတွေ့ခွင့်မပေးတော့ ပိုဆိုးတာပေါ့"

နင်းပွင့်မြာတစ်ယောက် လွင်ဦးစကားနားထောင်ပြီး တွေဝေသွားမိပါတယ်။ ...တစ်ခါ သူမရဲ့ ထင်မြင်ချက်တွေ လွဲသွားပြီလား။ တကယ်လို့သာ စုနဒီက ...ကို လုံးဝမချစ်တာအမှန်ဆိုရင် သူမရဲ့အကြံအစည်တွေက ကိုယ့်နှလုံး...သား ကိုယ်သတ်သလို ဖြစ်သွားလိမ့်မယ်၊ သူမဘာဆက်လုပ်ရမလဲ၊ ချစ်သူ...ကို မြားတစ်ချက်မှ မပစ်ဘဲ အရှုံးပေးရမှာလား။ ဒီလိုတော့ လုံးဝအဖြစ်...နိုင်ပါ။

"ကိုလွင်ဦး. . .သူဘယ်အချိန်လောက်ရှိမှာလဲတင်"

"ပြောမရဘူးဟ၊ ဘာလဲ. . .နင်သွားမလို့လား။ ပြီးရင် မှုးကြောင်ရှုးကြောင်နဲ့ စုနဒီအဆောင်ရှေ့သွားမယ်၊ ဒါ သူ့ရဲ့တစ်နေ့တာအလုပ်၊ ငါ့မှာရှိတဲ့ ပိုက်ဆံလည်း အကုန်ပေးလိုက်ရလို့ တစ်ကျပ်မှ မရှိတော့ဘူး"

"ကိုလွင်ဦးပုံစံက အရမ်းစိတ်ပျက်နေသလိုပဲ"

"ဘယ်လိုပြောလိုက်တာလဲဟ၊ ညနေရောက်လာမှာကို

www.burmeseclassic.com



တောင် ကြောက်တတ်လာပြီ"

"ဒီလို ကျွန်မပေးတဲ့အကြံကို လက်ခံမလား။ အဲဒီဒုက္ခတွေ ပြိမ်းသွားစေရမယ်"

"လုပ်စမ်းပါ ကျေးဇူးရှင်ရယ်၊ အားကိုးပါတယ်"

"ဒီမြင့် ဒီနေ့အတာန်းမတတ်နဲ့တော့"

"ဘာဖြစ်လို့လဲ"

နှင်းပွင့်ဖြူက သူမရဲ့အကြံအစည်ကို တစ်လုံးချင်းသေချာပြောပြလိုက်တယ်။ ထိုအကြံအစည်ကြောင့် လွင်ဦးရဲ့မျက်နှာ ဝင်းပကြည်လင်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



* * *

"ထူးစစ်. . . ထတော့၊ ညနေစောင်းနေပြီ"

လွှင်ဦးက ခန္ဓာကိုယ်ကို လှုပ်ရမ်းပြီး နှိုးလိုက်တာကြောင့် ထူးစစ်အိပ်ယာ ထဲမှာ လန့်နိုးသွားတယ်။ ဒါပေမယ့် စိတ်ထဲမှာတော့ အိပ်ရေးမဝသေးသဖြင့် အိပ်ပြီး ကြည်ကြည်လင်လင်မရှိပေ။

"ဘယ်နှစ်နာရီထိုးပြီလဲ လွှင်ဦး"

"ငါးနာရီ. . .ထူးစစ်"

"ဒါဆို တတယ့်ကို နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတာ ပေါ့"

"အိပ်ရေးပျက်တာများလို့ဖြစ်မှာပါ။ အောက်မှာ နှင်းပွင့်ဖြူ ရောက်နေတယ်"

"တာ. . .ငါမတွေ့ချင်ဘူး"

"မတွေ့လို့မရဘူး ထူးစစ်၊ သူရောက်နေတာ တစ်နာရီ လောက်ရှိပြီ၊ ဘယ်လောက်အားနာဖို့ကောင်းသလဲ"

ထူးစစ်စိတ်ရှုပ်ထွေးစွာနဲ့ ကျွတ်တစ်ချက် စုပ်သတ်လိုက်ပါတယ်။ အမှန်အတိုင်းပြောရရင် စုနဒီနဲ့ပြဿနာဖြစ်ပြီးတဲ့နောက်ပိုင်း နှင်းပွင့်ဖြူကို တွေ့ရန် မျက်နှာပူသောကြောင့် ရှောင်နေခဲ့တယ်။ ခုတော့ သူ့ဆီကို ဇွတ်ဇိုက် ဆတ်မတ် ရောက်လာပြီ၊ ဘယ်လိုမျက်နှာပြုပြီး ဘယ်လိုစကားပြောရမလဲ။

"မင်းတွဲ. . .မရှိဘူးလို့ပြောလိုက်ရင် ပြီးရော"

"ဒီစကားကို အစောကြီးထဲက ပြောထားပါလား။ အခု လည်းရပါတယ်လေ။ မင်းမတွေ့ချင်ဘူးလို့ ငါဆင်းပြော လိုက်မယ်"

"မင်းတော်တော် အသုံးမကျတာပဲ၊ ခုအချိန်မှ ပြောတော့ ဘယ်ကောင်းမလဲ၊ ခဏစောင့်၊ ငါဆင်းလာခဲ့မယ်"

"ဒါဆိုပြီးရော့"

လွှင်ဦးကျေနပ်စွာပြုံးပြီး အောက်ထပ်ကို ဆင်းလာခဲ့ချိန်မှာ ထူးစစ်တ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ယာဖုလူးလဲထတာ မျက်နှာသစ်၊ သွားတိုက်လိုက်ပါတယ်။ ခုအချိန်ထိ ညတုန်းကသောက်ထားတဲ့ အရက်နံ့က မပျောက်ချင်သေးပါ။ သွားတိုက်ပြီး လို့ဝါးစပ်ထဲကလေကို မှုတ်ထုတ်၍ အနံ့ပြန်ခံကြည့်လိုက်တော့ ချဉ်စုတ်စုတ် ရနံ့က ရှိနေတုန်းပဲ၊ ဒါ့ကြောင့် မျက်နှာတစ်ခုလုံး အလိုလိုရှုံ့မဲ့မိလိုက်တယ်။

ဒီတိုင်းနေ့တွေက အိပ်ယာထပြီးတာနဲ့ ပလုတ်ကျင်းပြီး ရေတစ်ခွက် သောက်တာ အရက်ဆိုင်ကို တန်းသွားသဖြင့် ဒီလိုအနံ့ပြန်မခံမိပေ။

"ဟူး. . .တော်တော်ဆိုးတဲ့ အရက်နံ့ပါလား"

ထူးစစ် ညီးညူကာ စိတ်ပျက်စွာနဲ့ အောက်ထပ်ကို ဆင်းလာခဲ့တယ်။ အဆောင်ရှေ့မှာတော့ လွင်ဦးနဲ့ နှင်းပွင့်ဖြူတို့ စကားပြောနေကြတယ်။ သူမ ထာ ရုနီလို ထင်ရှားတဲ့အလှတစ်ခုကို မပိုင်ဆိုင်ပေမယ့် ရယ်လိုက်တိုင်း သွားစွယ်လေးပေါ်လာတာ အလွန်ပဲကြည့်လို့ကောင်းနေတယ်။

"ကျွန်မတို့ ရှောင်နေတာလား. . .ကိုထူးစစ်"

"မတွက်ပါဘူး။ ကျွန်တော်မအားလို့ပါ"

"ဟုတ်လို့လား"

ထူးစစ်က လိမ်ညာနေတဲ့လူဆိုတော့ မျက်နှာသယ်လိုထားရမှန်းမသိ ပဲ ဖြစ်သွားတယ်။ အားကိုးတကြီးနဲ့ လွင်ဦးကိုကြည့်မိတော့လည်း သူ့ မျက်လုံးမြင်းဆုံမှာစိုးလို့ ထင်တယ်၊ တစ်ဘက်ကို လှည့်သွားတယ်။

"ရုနီကိစ္စကို မတွေ့နုပ်လို့လာတာလားဟင်"

"ဘာဆိုင်လို့လဲ ကိုထူးစစ်ရယ်။ ကျွန်မက ဖြစ်ပြီးတဲ့ကိစ္စ ကို အစပြန်ဖော်ပြီး ရန်တွေ့တတ်တဲ့လူမဟုတ်ပါဘူး။ ကျွန်မတို့နှစ်ယောက်စလုံး သေးမွှားတဲ့ကိစ္စတစ်ခုကို ဦးနှောက်ထဲက ထုတ်ပစ်လိုက်ကြရအောင်။ ဘယ်လိုလဲ။ အရင်လိုပဲ ပျော်ပျော်ရွှင်ရွှင် ပြန်နေကြတာပေါ့"

ပျော်ရွှင်ခြင်းတဲ့လား နှင်းပွင့်ဖြူရယ်။ အချစ်အတွက်နဲ့ နှလုံးသားတစ်ခု လုံးကြေကွဲမတတ်ခံစားနေရတဲ့ လူတစ်ယောက်မှာ ပျော်ရွှင်ခြင်းဆိုတာ ဘယ်မှာရှိမှာလဲ။

"ထူးစစ် ဒီနေ့နှင်းပွင့်ဖြူမွေးနေ့လေ၊ အဲဒါ ဝါတို့ကို ညစာ ကျွေးမလို့လာခေါ်တာ"

"ဟာ. . .ဝါသွားစရာရှိသေးတယ် လွင်ဦး"

"ကိုထူးစစ် အရက်ဆိုင်သွားမလို့ထား။ ဒီလို တကူးတက သွားမနေနဲ့တော့။ ကျွန်မတို့နဲ့လိုက်ပြီး သောက်လို့ရတယ်၊

www.burmeseclassic.com



ရပါတယ်”

နှင်းပွင့်ဖြူစကားကြောင့် လွင်ဦးကိုကြည့်လိုက်တယ်။ တကယ်တော့ သူအရက်သောက်တာ လွင်ဦးတလွဲပြီး ဘယ်သူမှမသိပါ။ အခု နှင်းပွင့်ဖြူက သိတယ်ဆိုတော့ လွင်ဦးပြောလို့ပဲဖြစ်ရမယ်။

“လွင်ဦး မင်းဘာတွေလျှောက်ပြောနေတာလဲ”

“ငါဘာမှမပြောဘူး ထူးစစ်။ မင်းအရက်သောက်တယ် မသောက်ဘူးဆိုတာ ပါးစပ်ထဲက ထွက်လာတဲ့အနံ့က သက်သေခံနေတယ်”

“တဲပါ. . .ငြင်းမနေကြနဲ့တော့။ သွားကြမယ်”

“ကျွန်တော်မလိုက်လို့ မရဘူးလားတင်”

“ဘာလဲ. . .ကျွန်မမွေးနေ့ကို ဂုဏ်မပြုချင်လို့လား”

ရုတ်တရက်ထူးစစ်အဖြေခက်သွားပါတယ်။ တကယ်ဆို ကိုယ့်အကြောင်း ကိုယ်သာအသိဆုံးပါ။

“လာ. . .သွားကြမယ် ထူးစစ်၊ နှင်းပွင့်ဖြူမှာ ကားပါတယ်”

ထူးစစ်လည်း လွင်ဦးပြောမှ အဆောင်ရှေ့မှာရပ်ထားတဲ့ အနက်ရောင် ဘူးလေးကို သတိပြုမိသွားတယ်။ နဂိုတည်းက နှင်းပွင့်ဖြူတို့ ချမ်းသာမှုန်း ရှိနေသဖြင့် အထွေအထူးတော့ မအံ့ဩမိပေ။

ထို့နောက် အတင်းခေါ်သဖြင့် အားနာတတ်တဲ့စိတ်နဲ့ သူတို့နောက်ကို လိုက်လာခဲ့မိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



***

စားပွဲတစ်ခုလုံးစားစရာတွေနဲ့ ပြည့်ကြပ်နေတယ်။

ထူးစစ် ရှေ့မှာရောက်နေတဲ့ ဘီယာနှစ်လုံးကိုကြည့်ပြီး အံ့ဩနေတယ်။

"တဲ. . .အားလုံးပျော်ပျော်ပါးပါးစားကြရအောင်။ ထူးစစ် မင်းမျက်နှာကို ပြုံးပြုံးလေးထားစမ်းပါကွာ။ လခကြီးတျ နေတာပဲ"

"တုတ်ပါတယ် ကိုထူးစစ်ရယ်။ ကျွန်မတို့ကို မကျေနပ် သလိုပုံစံမျိုးနဲ့တော့ မနေပါနဲ့"

ထူးစစ်မျက်နှာကိုပြုပြုင်လိုက်ပါတယ်။ နဂိုတည်းက ကိုယ့်အကြောင်း ကိုယ်သိလို့မလိုက်ချင်တာ။ သူတာ စုနဒီနဲ့ပတ်သတ်ပြီး အမြဲတမ်း လွမ်းဆွေး တတ်သူ မတုတ်ပါလား။

"ကိုထူးစစ်က လိမ္မာသားပဲ။ တဲ. . .အားလုံးပဲ စားကြ မယ်"

"ထတ်ပီးဆာတ်အေး နှင်းပွင့်ဖြူ"

ထူးစစ်က နှင်းပွင့်ဖြူအတွက် တိုးတိုးလေးဆုတောင်းပေးပြီး ဘီယာ ကို ငုံ့လိုက်တယ်။

"သောက်. . .ကိုထူးစစ်။ ယောကျ်ားတစ်ယောက်ဘီယာ သောက်တာ ကျွန်မအတွက် မထူးဆန်းဘူး။ အိမ်မှာ ဖေဖေ ဆို ညတိုင်းဘီယာနဲ့ ဝီစကီရောပြီးသောက်တာ။ ဆင်ခြေ ပေးတာကတော့ ဦးနှောက်ဆေးတာတဲ့"

ထူးစစ်ဘီယာကို မော့သောက်လိုက်ပါတယ်။ ပါးစပ်ထဲ ရောက်သွားတဲ့ အေးစက်စက်ဘီယာအရသာကြီးက တစ်မျိုးပဲ။ သူ့သက်တမ်း တလျှောက် ဘီယာဆိုတာ ဒီတစ်ခါပဲ သောက်ဖူးတာပါ။ အရက်လောက်မပြင်းတဲ့အတွက် အားမလို အားမရ ဖြစ်မိတယ်။

"သောက်ပြီးလည်း စားနော်"

"တုတ်ကဲ့ပါ"

www.burmeseclassic.com



"မစားရင် ကျွန်မအတင်းခွံ့ကျွေးမှာ"

"အင်"

ထူးစစ်တစ်ယောက် ရှက်စိတ်ကြောင့် မျက်နှာကြီးနီရဲသွားတာကို ကြည့်ပြီး နှင်းပွင့်ဖြူရယ်မောလိုက်ပါတယ်။ အဲဒီအချိန်မှာ ထူးစစ်ရှက်စိတ်ကို ဖုံးလွှမ်းတဲ့သဘောနဲ့ ဖန်ခွက်ထဲက လက်ကျန်ဘီယာကို မော့သောက်လိုက်တယ်။

"ကိုနှစ်ကောင် ဘာလို့မပါတာလဲ"

"ဘာလဲ. . .ကိုထူးစစ်က ခေါ်စေချင်လို့လား"

"အဲဒါက မွေးနေ့ရှင်ရဲ့သဘောပါ"

"ကျွန်မက ခေါ်ပါတယ်။ သူတို့ကမှ မလိုက်တာကို"

နှင်းပွင့်ဖြူတစ်ယောက် ပိုရိုသေသပ်စွာနဲ့ ညာလိုက်ရပေမယ့် စိတ်မကောင်းဖြစ်သွားတယ်။ အမှန်က ဒီနေ့ဟာ သူမမွေးနေ့အစစ်အမှန် မဟုတ်ပါဘူး။ အဲဒါကိုလွင်ဦးနဲ့ ခင်သက်ရီပဲသိကြတာ။ တကယ်လို့ ကိုထူးစစ်သိရင် အယ်လိုထင်မလဲ

"ဒီတရင်မ မပါတာပဲကောင်းတယ်ကွာ။ ပါလာရင် စိတ်ကောက်အုံးမယ်"

"စိတ်ကောက်ရင်ချော့လိုက်ပေါ့ကွာ"

လွင်ဦးက ထူးစစ်စကားကြောင့် နှာခေါင်းကို လက်နဲ့ယောင်ပြီး ခစ်ခစ်တယ်။ စိတ်ကောက်တိုင်းချော့ရလွန်းလို့ နှာခေါင်းတောင် နည်းနည်းပြားသွားပြီ။ မိန်းကလေးတွေကလည်း တော်တော်ခက်ပါတယ်။ ချစ်သူသဝရောက်သို့ တစ်ဒါလောက်နမ်းပြီးသွားရင် ဆက်ကာ ဆက်ကာ အနမ်းခံချင်တော့တာပဲ။ နောက်ဆုံး ပါးစပ်က ကျွန်မကိုနမ်းပါရှင် လို့ပြောရမှာရှက်ရင် မူယာ ဓာယာတွေနဲ့ စိတ်ကောက်ချင်ယောင်ဆောင်ရော။ ဒီအထာကို ယောကျ်ား တော်တော်များများက သိထားတဲ့အတွက် စိတ်ကောက်ပြီဆိုရင် အနမ်းနဲ့ ချော့တတ်တာ ဓလေ့တစ်ခုလို ဖြစ်နေပြီ။ (မယုံရင် ချစ်သူရှိတဲ့ မိန်းကလေး အချင်းချင်း တိုးတိုးလေးမေးကြည့်ပါလား)

"အတင်း. . .ကိုလွင်ဦးက နော်တဲလယ်ပါလာမှာ စိုးရိမ်နေသလား။ ကျွန်မကတော့ ထင်ပါတယ်။ ခင်သက်ရီပါလာရင် စားပွဲပေါ်က စားစရာတွေ တခဏလေးမှာ တုန်သွားလိမ့်မယ်"

"အင်းနော် ခင်သက်ရီက တော်တော်စားတာ"

www.burmeseclassic.com



"ကိုထူးစစ်တောင် သဘောပေါက်သွားပြီပဲ"

သူတို့သုံးယောက်ပြိုင်တူ ရယ်မောလိုက်ကြပါတယ်။ ဒီလိုကြတော့လည်း ရွှေနေ့ပွဲလေးက ပျော်စရာကောင်းသားပဲလို့ ထူးစစ်တွေးမိတယ်။

"သောက်. . .ကိုထူးစစ်၊ ဘာမှအားမနာနဲ့"

လွင်ဦးက ဘီယာပုလင်းကို ယူပြီး ငှဲ့ပေးတယ်။

"ဘီယာက အေးတယ်ကွ"

"အဲဒီ ရေခွေးရောမလား"

ထူးစစ်ကြောင်သွားပါတယ်။ ဘီယာကို ရေနွေးရောသောက်လို့ရသလားဆိုတာ ဘီယာသောက်နေတဲ့ဝိုင်းကိုကြည့်လိုက်တော့ ဘယ်သူမှ ရေနွေးရောသောက်တာ မတွေ့ရဘူး။

"နေပါစေကွာ၊ ဒီအတိုင်းပဲ သောက်ပါ့မယ်"

"လိုရင်ပြော ငါရေနွေးမှာပေးမယ်"

ထူးစစ်ဘာမှပြန်မပြောတော့ဘဲ ဘီယာကိုမော့သောက်လိုက်တယ်။ ဒီတစ်ခါတော့ ဘီယာက အအေးလျော့နည်းလာလို့ ထင်တယ် တစ်ခါတည်း မော့သောက်နိုင်တယ်။ ဒီ့နောက် ကုန်သွားတဲ့ဖန်ခွက်ကို ပြန်ရှာတာ ဘီယာထပ်ငှဲ့ထားလိုက်ပါတယ်။ အဲဒီမှာ သူသတိထားမိတာကတော့ ဘီယာပုလင်းက ဖန်ခွက်နှစ်ခွက်စာပဲရှိပြီး ဘီယာသောက်ရင် အမြည်းမလိုဘူးဆိုတာပါ။

"တဲ. . .ထူးစစ်၊ ဘီယာသောက်ပြီးရင် မွေးနေ့အမှတ်တရ အနေနဲ့ ဓာတ်ပုံရိုက်ကြမယ်"

"တာ. . .မရိုက်ချင်ပါဘူးကွာ"

"ဘာဖြစ်လို့လဲ၊ တစ်ပုံ နှစ်ပုံပဲတာ"

နှင်းပွင့်ဖြူကပါ ဝင်ပြောသဖြင့် ထူးစစ်အတွက် ငြင်းဆန်ဖို့ အားနည်းသွားပါတယ်။

"ဒို့တင်မရာအသစ်ကွ၊ မင်းတို့ကို ချောလို့ရိုက်ပေးမှာ"

"ရုပ်ဆိုးရင် ရိုက်ဘူးပေါ့၊ တုတ်လား. . .ကိုလွင်ဦး"

"ရိုက်တော့ရိုက်ချင်ပါတယ်၊ ဒါပေမယ့် တင်မရာက လက်မခံဘူး"

"အံမယ်. . .ကြိုးကြိုးကျယ်ကျယ်"

"ဘာလဲ. . .မယုံဘူးလား"

"ကိုထူးစစ် ယုံလား"

ထူးစစ်အယောင်ယောင်အမှားများနဲ့ ခေါင်းညိမ့်လိုက်တယ်၊ နှင်း

www.burmeseclassic.com

www.burmeseclassic.com



နှင်းပွင့်ဖြူက သဘောကျသွားပြီး

"တွေ့လား. . .မယုံသူတဲ့"

"အဲဒီ လက်တွေပြရမှာပေါ့"

လွင်ဦးတင်မရာအသေးလေးကို ထုတ်လိုက်သဖြင့် ထူးစစ်အံ့ဩသွားသယ်။ ဘယ်အချိန်ကများ တင်မရာဝယ်လိုက်တာပါလိမ့်။ ထူးစစ်တွေးလိုက်တဲ့အချိန်မှာ လွင်ဦးက တင်မရာကိုင်ကာ နေရာမှာထသွားပြီး အစမ်းချိန်လိုက်တယ်။ ပြီးတော့ ရှေ့ကိုပြန်တိုးလာပြီး

"မင်းတို့နှစ်ယောက် တစ်ထိုင်တည်း၊ ဝေးတော့ရိုက်ရတာ ခက်တယ်"

"ဒီအတိုင်းပဲ ရိုက်ကွာ"

"တစ်တော့ မိုက်တောင်းတာပေါ့ကွာ"

ထူးစစ်မိတ်ပျက်စွာနဲ့ ဘီယာမော့သောက်လိုက်တယ်။ ထိုအချိန်မှာ နှင်းပွင့်ဖြူက ဆေးနားရောက်လာတယ်။ ထို့ကြောင့် ရက်ချည်းဆိုသလို ဘီယာသောက်နေရင်းနဲ့ သူမရဲ့ကိုယ်သင်းရနံ့လေးကို ရှူရှိုက်လိုက်မိတယ်။

ထူးစစ်ဘီယာကို ကုန်အောင်မော့သောက်လိုက်ပါတယ်။ ခုမှ ခေါင်းထဲ ရီတီတီဖြစ်လာတယ်။ ဒီအတိုင်းဆို မူးဖို့အတွက် ဘီယာငါးလုံးသောက်မှ ဖြစ်မယ်။

"တဲ. . .ရိုက်မယ် ထူးစစ်၊ တင်မရာကိုကြည့်"

လွင်ဦးပြောရင်း တင်မရာကိုချိန်လိုက်တယ်။ ထိုအချိန်မှာပဲ မထင်မှတ်တဲ့ အဖြစ်အပျက်က လျှပ်တပြက်ပေါ်လာတယ်။

"အား. . .မူးလိုက်တာ"

"တာ"

ထူးစစ်အလန့်တကြားနဲ့ လှည့်ကြည့်လိုက်ချိန်မှာ နှင်းပွင့်ဖြူရဲ့ခန္ဓာကိုယ်လေးက ရင်ခွင်ထဲကို ယိမ်းကျလာပါတယ်။

"မူးတယ်. . .မူးတယ်"

"နှင်းပွင့်ဖြူ သတိထားလေ"

"အား"

ထူးစစ်အရမ်းစိုးရိမ်သွားပြီး ရင်ခွင်ထဲရောက်လာတဲ့ နှင်းပွင့်ဖြူကိုယ်အားကို ထွေးပွေ့လိုက်မိတယ်။ ထိုအထိအတွေ့ကြောင့် သူရင်တွေတုန်ခါမိတ်ခြိတ်ခုန်လို့ ရင်ခွင်ထဲရောက်နေတဲ့ သူမမျက်နှာလေးကို ငုံကြည့်မိတော့ ချစ်စရာတောင်းလောက်အောင် အဖြစ်တင်းစင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းပွင့်ဖြူ သတိထားနော်"

"အင်း . .ကျွန်မပိုက်ဆံအိတ်ထဲမှာ ဆေးရှိတယ်။ အဲဒါ ပေးပါ"

"လွင်ဦး ဘာလုပ်နေတာလဲ"

"ကြော်. . .အေး . .ဆောရီး"

ငူငူ ကြောင်ပြီးကြည့်နေတဲ့ လွင်ဦးတစ်ယောက်သတိဝင်လာပြီး ပိုက်ဆံအိတ်ကို ဖွင့်ကာ ဆေးတစ်လုံးယူပေးတယ်။ နှင်းပွင့်ဖြူလည်း ဆေးရတာနဲ့ တပြိုင်တည်း ပါးစပ်ထဲထည့်ကာ ဝါးစားလိုက်တယ်။

"တော့ . .တော့ရှုပဲ ကိုထူးစစ်"

"သက်သာသွားပြီလား"

"ဟုတ်တဲ့. . .တစ်ခါ တစ်ခါ အဲဒီလိုအရမ်းမူးတတ်တာ၊ ဆေးသောက်ရင်တော့ ချက်ချင်းသက်သာပါတယ်"

နှင်းပွင့်ဖြူပြောရင်း ထူးစစ်ရင်ခွင်ထဲကနေ ရုန်းထွက်လိုက်တယ်။ ပြီးတော့ ထူးစစ်မျက်နှာကို မကြည့်ရဲသလိုနဲ့ မျက်လွှာလေးချနေတယ်။

လွင်ဦးလည်း ကားကို ပြန်သိမ်းလိုက်ပါတယ်။ ထို့နောက် စားပွဲဝိုင်းမှာ ပြန်ထိုင်တယ်။

"ပြန်ကြရအောင်"

"ထင်. . .မင်းမသောက်တော့ဘူးလား"

"တော်ပါပြီကွာ. . .နှင်းပွင့်ဖြူလည်း သိပ်မှနေမကောင်းတာပဲ"

"ရပါတယ် ကျွန်မသက်သာသွားပါပြီ"

"ရောဂါဆိုတာ ပြောလို့မရဘူး။ နှင်းပွင့်ဖြူ အိမ်ပြန်ပြီး အနားယူတာ အကောင်းဆုံးပဲ"

"ဟုတ်တဲ့. . .ကျွန်မ ကိုထူးစစ်စကားကို နားထောင်ပါ့မယ်"

ထိုစကားကြောင့် ထူးစစ်ရင်ထဲ လှိုက်တက်သွားပါတယ်။ နှင်းပွင့်ဖြူ စိတ်ဓါတ်မျိုး စုနှီးသိမှာရှိရင် ဘယ်လောက်ကောင်းမလဲ။ ဒါကာ လုံးဝမ နိုင်မှန်းသိရက်နဲ့ မျှော်မှန်းမိလိုက်တာပါ။

"တဲ. . .သွားကြရအောင်"

"ရှင်းပြီးပြီလားတင်"

"အတင်း . .ဒီဆိုင်က ကျွန်မတို့ ရှယ်ယာပါဝင်တယ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ထားတော့၊ ဆိုင်မန်နေရာတာလည်း ဖေဖေတာပည့်လေ”

“ကြော်”

နှင်းပွင့်ဖြူတစ်ယောက် အံ့ဩသွားတော့ထူးစစ်ပုံလေးကို ကြည့်ပြီး ချစ်တဲ့ခိတ်တွေ ပိုတိုးလို့လာပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com


အခန်း (၁၁)

"တောက်"

စုနှီရဲ့ပြင်းထန်တဲ့ ပေါက်ကွဲသံကြောင့် နီလာဝင်းခန္ဓာကိုယ် ဆတ်ခနဲ တွန့်သွားတယ်။ တကယ်လည်း ပေါက်ကွဲမယ်ဆိုလည်း ပေါက်ကွဲစရာပဲ။ စုနှီနေရာမှာ သူမဆိုရင် ဒီထက်မကတောင် ပေါက်ကွဲအုံးမယ်။

"ဒါ နင်ဘယ်ကရတာလဲ"

"ကောင်လေးတစ်ယောက်လာပေးတာ"

"ဓါတ်ပုံထဲကအတိုင်းဆို သူတို့နှစ်ယောက်တော်တော် ပျော်နေကြတာ၊ နှင်းပွင့်ဖြူမျက်နှာက ပြုံးနေတာပဲ၊ ထူးစစ်ကလည်း လွတ်ထွက်မှာစိုးတဲ့အတိုင်း ဖက်ထားတာ လွန်ပါတယ်တာ"

"ဒါ နှင်းပွင့်ဖြူလက်ချက်ဖြစ်ရမယ်၊ ထူးစစ်သဘောအတိုင်းဆို ဒီဓါတ်ပုံ ဒို့ဆီရောက်လာစရာအကြောင်းမရှိဘူး"

"ဓါတ်ပုံနောက်ကျောမှာလည်း စာရေးထားတယ်တာ"

နီလာဝင်းကပြောရင်း ဓါတ်ပုံနောက်ကျောက စာကိုဖတ်လိုက်တယ်။

"ချစ်သူဘဝ အမှတ်တရ"

"ဒီအတိုင်းဆို သူတို့နှစ်ယောက် တကယ်ချစ်သူတွေ ဖြစ်သွားကြပါလား။ လုံးဝမယုံနိုင်တဲ့ အဖြစ်အပျက်ပဲ စုနှီ၊ ထူးစစ်နှလုံးသားတွေ ဘာကြောင့်များ ဒီတောင်မရှေ့မှာ ကျရှုံးသွားရတာလဲ"

"နင်သိပ်အံ့ဩနေတာလား နီလာဝင်း"

"နင်ကရော မအံ့ဩမိဘူးလား စုနှီ"

"ဘာအံ့ဩစရာရှိလို့လဲ၊ နောက်ဆုံး ဒီသူတာပဲဆိုက်မယ် ဆိုတာ ငါတွေးပြီးသားပါ။ ဒါပေမယ့် ဒီလောက်မြန်မြန် ဆန်ဆန်ကြီး ဖြစ်သွားလိမ့်မယ်လို့တော့ ဘယ်ထင်မလဲ၊ အင်းလေ. . .နှင်းပွင့်ဖြူမှာက ယောကျ်ားတစ်ယောက်ကို


www.burmeseclassic.com

www.burmeseclassic.com



ဆွဲဆောင်နိုင်တဲ့အလှအပတွေ ရှိနေတော့ သိပ်ပြီးမာယာ
သုံးလိုက်ရမှာမဟုတ်ဘူး"

"တင်. . .နင်ပြောတဲ့သဘောတ"

စုနှီက နီလာဝင်းကို ခပ်တင်းတင်းလေးကြည့်ပြီး

"နင်သာ နင်းပွင့်ဖြူနေရာမှာဆို ဘယ်လိုလုပ်မလဲ"

"ဒါဆို. . ."

နီလာဝင်းတစ်ယောက် အံ့ဩမှုဖြင့် မျက်လုံးလေးပြူးကျယ်သွားတယ်။

"နင်သဘောပေါက်ပြီ မဟုတ်လား။ ဒီအခြေကို ရင်ထဲမှာပဲ
သိမ်းထားလိုက်ပါ"

"တောက်. . .ဒါသက်သက်ယုတ်မာတာ စုနှီ။ တကယ်ဆို
ထူးစစ်လိုရိုးသားတဲ့လူတစ်ယောက်ကို နင်းပွင့်ဖြူ မာယာ
မသုံးသင့်ဘူး။ ဒီကိစ္စကို ငါသွားရှင်းမယ်"

နီလာဝင်းဒေါသတွေ အလွန်အမင်းပေါက်ကွဲလာတယ်။ နဂိုတည်းက
ထစ်ဖက်သက်ချစ်သူကို လက်လွှတ်ဆုံးရှုံးရလို့ ကြေကွဲနေတဲ့စိတ်က ဒေါသ
အဖြစ်ပြောင်းလဲသွားတော့ ရိုပြင်းထန်တာပေါ့။

"စိတ်လျှော့လိုက်ပါတော့ နီလာဝင်းရယ်။ နင်ဘာမှလုပ်လို့
မရတော့ပါဘူး"

"ဒါဆို သူတို့နှစ်ယောက်ချစ်သူတွေဖြစ်နေတာကို နင်က
လွယ်လွယ်ကူကူခွင့်ပေးလိုက်ပြီပေါ့။ ဟုတ်လား"

"ဘယ်လိုပဲဖြစ်ဖြစ် သူတို့နှစ်ယောက်က တရားဝင်ချစ်သူ
တွေဖြစ်သွားကြပြီဆိုတာ ငါတ်ပုံက သက်သေပြနေတယ်။
ခုအချိန်မှာ ကြားဝင်တဲ့လူ က ဘာဖြစ်သွားမလဲ။ နင်တွေး
ကြည့်လိုက်စမ်းပါ"

နီလာဝင်းအဆုံးစွန် စိတ်ပျက်တာ ကြမ်းပြင်ပေါ်ကို ခြေပစ်လက်ပစ်
ထိုင်ချလိုက်တယ်။

ထူးစစ်နဲ့ပတ်သက်ပြီး မျှော်လင့်ထားတာတွေဟာ အားလုံးပျောက်ဆုံး
သွားပြီ။ အဓိက ပတ်သက်ဆက်နွယ်နေတဲ့ စုနှီတောင် အေးစက်နေမှ
တော့ သူမက ဘာဆက်လုပ်လို့ရမှာလဲ။

"အစောကြီးထဲက ထူးစစ်ကို နင်အခွဲပေးလိုက်ရင်
နင်းပွင့်ဖြူဆိုတဲ့ကောင်မ ချောင်တပ်သွားမှာ။ ခုတော့
နင်လည်းမရ ငါလည်းမရ ကြားထဲကကောင်မှာ အလစ်



www.burmeseclassic.com

www.burmeseclassic.com



သုတ်သွားတယ်၊ ငါ့အရစ်ရှင်နာတာပဲတာ”

နီလာဝင်းရဲ့အေးသအရှိန်မပြောသေးတဲ့စကားကြောင့် ရုနမီပြုံးသွားပါတယ် တတာယ်လည်း ပြောတဲ့အတိုင်းဖြစ်သွားတာ မဟုတ်လား။ ဒါပေမယ့် သု စဉ်းစားမရတဲ့အချက်ကတော့ နှင်းပွင့်ဖြူဟာ သူမဆီကို ဘာကြောင့်ဖါတ် ဖို့လိုက်တာလဲ၊ သမရိုးကျသိစေချင်တဲ့ စိတ်တစ်ခုတည်းတော့ လုံးဝမ နိုင်ဘူး။ စဉ်းစားတော့ အဖြေနှစ်ခုပေါ်လာတယ်၊ ဒါက သူမကို တန်ပြန် ခေါ်လိုက်တာ၊ ဒါမှမဟုတ် ထူးစစ်နဲ့ပတ်သတ်ပြီး အဝေးဆုံးနေတော့ဆို သဘောကိုပြောတာ၊ ထို့နောက် သူမတာဆုံးဖြတ်တဲ့လေသံနဲ့

“ဒီနေ့ ငါကျောင်းတက်မယ် နီလာဝင်း”

“တင်. . .နင်ပြောတော့ အဆောင်မှာပဲ စာကျက်မယ်ဆို”

“ငါ့စိတ်ထဲ မွန်းကြပ်နေလို့ပါ။ အပြင်ထွက်တော့ စိတ် လန်းတာပေါ့”

“ဒါဆိုလည်း သွားမယ်လေ”

“ခဏ. . .ငါအဝတ်အစားလဲလိုက်အုံးမယ်”

“အေး. . .မြန်မြန်လုပ်၊ ထူးစစ်တတော့ အတန်းတက်မှာ မတက်ဘူး”

ခုအချိန်မှာ ထူးစစ်နဲ့ပတ်သတ်ပြီး သူမမှာ တုန်လှုပ်ခြင်းကင်းမဲ့ တယ်၊ ကျောင်းတက်တဲ့ရည်ရွယ်ချက်တလည်း နှင်းပွင့်ဖြူရဲ့စိန်ခေါ်မှုကို လည်တိုက်ခိုက်ဖို့ပါ။ ရုနမီဆိုတဲ့သူမဟာ ပြဿနာတိုင်းကို ထိပ်တိုက်ရင် ဖို့ဝန်လေးတာမှမဟုတ်တာ။ ဒါကို နှင်းပွင့်ဖြူတစ်ယောက် ဘာလို့မသိတာ ထူးစစ်တရော ပြောမပြဘူးလား။

ဘာပဲဖြစ်ဖြစ် သူမရဲ့ခြေလှမ်းတွေက တိုက်ပွဲဆီကို ဦးတည်လိုက်



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်နော်"

"စိတ်ချစမ်းပါတော၊ လွှင်ဦးမဲ ဒီလောက်ညံ့ပါ့မလား"

"အဲဒီ ရုနဒီလက်ထဲကြိမ်းသေရောက်သွားပြီပေါ့"

"ဟုတ်တယ်. . .ငါကိုယ်တိုင်လိုက်တဲ့တောင်လေးက သေသေ ချာချာ ပေးလိုက်ပါတယ်"

ရုမှ နှင်းပွင့်ဖြူချက်နာလေး စိတ်ချသွားတဲ့အရိပ်အရောင်ပေါ်လာပြီး ကြည်ကြည်လင်လင် ဖြစ်သွားပါတယ်။ တကယ်တော့ ရုနဒီရဲ့စိတ်ကို သူစမ်း သပ်လိုက်တာပါ။ အသဲထိအောင်နာခဲ့တဲ့ စကားတစ်ခွန်းအတွက် တန်ပြန် ထက်စားချေဖို့ လိုအပ်ပါတယ်။ အဲဒီအတွက် သူမရဲ့မိန်းမတစ်ယောက်သိတ္တာ ဘယ်လောက်အထိပေးဆပ်လိုက်ရသလဲ။ ခုအချိန်မှာ ဘာမှမစဉ်းစားချင်ဘူး။ ဒါပေမယ့် ထူးစစ်ရဲ့ရင်ခွင်ထဲရောက်သွားတဲ့ တစေ့တစောတာ တစ်အဝလုံး အတွက် မမေ့နိုင်တော့ပါ။

"ဒီတောင် ဆိုင်ကပြန်လာတည်းက မှိုင်နေတာ၊ ဘယ်မှ လည်း မသွားတော့ဘူး။ လမ်းမဘက်ကိုကြည့်ပြီး တစ်ရုံ တစ်ရကို လေးလေးနက်နက်တွေးနေသလိုပဲ"

အဲတိုက်ဆိုင်မှုတစ်ခုလား။ သူမလည်း ဆိုင်ကပြန်လာတည်းက ညဘက် ဆို အိပ်လို့မရဘူးဖြစ်နေတယ်။ ငတ်မွတ်တကြီးနဲ့ ချစ်သူရဲ့ရင်ခွင်ကိုဘာ တမ်းတရင်း ဘယ်ညာလူးလိမ့်ပြီး မိုးလင်းခဲ့ရတယ်။ စိတ်ထဲမှာ ရုနဒီကို အနိုင်ယူကာလဲ့စားချေဖို့ဆိုပေမယ့် အမှန်တကယ်လည်း ချစ်သူရင်ခွင်ကိုပဲ ခတ်မောတွယ်တာမိပါတယ်။

"တကယ်တော့ ထူးစစ်တာ အရိုးခံတစ်ယောက်ပါ။ ရုနဒီရဲ့ ကြိုးဆွဲတဲ့အတိုင်း ငယ်ငယ်လေးတည်းက ကခဲ့ရတဲ့အတွက် ပတ်ဝန်းကျင်မှာ လူဆိုးတစ်ယောက်လို့ သတ်မှတ်ခံခဲ့ရ တယ်။ ထူးစစ်ကို ဖျက်ဆီးနေတာ ရုနဒီပဲ နှင်းပွင့်ဖြူ အဲကြောင့် နှင့်အနေနဲ့ ထူးစစ်ကို သေချာစဉ်းစားပြီး

www.burmeseclassic.com



လမ်းကြောင်းပေါ် ပြန်ရောက်အောင် ပြုပြင်ပေးစေချင်တယ်”

“စိတ်ချပါ ကိုလွင်ဦး။ ဒီပွဲကို ကျွန်မနိုင်ခဲ့ရင်တောင် ကိုထူးစစ်ကို ရက်ရက်စက်စက်စွန့်ပစ်မှာ မဟုတ်ပါဘူး”

လွင်ဦးကျေနပ်စွာနဲ့ ခေါင်းတစ်ချက်ညိတ်လိုက်ပြီး

“ခုလောက်ဆို စုနဒီဒေါက်တန်မှာ သေချာတယ်။ ထူးစစ်နဲ့ ပတ်သက်ပြီး စုနဒီအကြောင်းကို ပါကောင်းကောင်းသိတယ်”

“ကျွန်မက စိတ်ဆိုးတာထက် ကြေကွဲတာကိုပဲလိုချင်တာ။ အဲဒါပေမယ့် စုနဒီက ကိုထူးစစ်ကို မချစ်တော့ခက်တာပေါ့”

“တင်. . .ကိုမှာ စုနဒီ”

ထိုအချိန်မှာ လွင်ဦးအလန့်တကြားနဲ့ ပြောလိုက်သဖြင့် နှင်းပွင့်ဖြူ လှည့်ကြည့်လိုက်ပါတယ်။ ပထမဆုံးတွေ့လိုက်ရတာကတော့ စူးရှတောက်ပ နေတဲ့ မျက်ဝန်းတစ်စုံ၊ ပြီးတော့မှ ခံစားချက်တင်းမဲ့နေတဲ့ မျက်နှာ။

“ကျွန်မတို့ဆီလာတာဖြစ်မယ်”

“ပြဿနာလာရှာတာလား မသိဘူး”

“အဲဆိုလည်း ကိုလွင်ဦး အေးအေးဆေးဆေး ထိုင်နေပါ။ ကျွန်မသဘောသာ ရှင်းမယ်”

နှင်းပွင့်ဖြူ ကိုယ်လုပ်ခဲ့တဲ့လုပ်ရပ်ကို တာဝန်ယူရန်ဆုံးဖြတ်လိုက်တယ်။ ထိုအချိန်မှာပဲ စုနဒီက သူတို့နားရောက်လာတယ်။ သေးမှာတော့ နီလာဝင်း ဆိုတဲ့ အဖော်တစ်ယောက်နဲ့. . .

“ကိုလွင်ဦး ကျွန်မတို့ကို ထိုင်ခွင့်ပြုပါ”

လွင်ဦးအံ့ဩတကြီးနဲ့ စုနဒီမျက်နှာကို လှမ်းကြည့်လိုက်ပါတယ်။ မထင်ပါ။ စုနဒီဆီက နူးညံ့သိမ်မွေ့ခြင်းနဲ့ ဆက်ဆံလာမယ်လို့ လုံးဝမထင်ပါ။ အမှန်ဆို ဒီအခြေအနေတာ အကြီးအကျယ်ပေါက်ကွဲရမှာ။ သူတို့ဒို့လိုက်တဲ့ ဓာတ်ပုံပဲ သူမဆီမရောက်လို့လား။ ဗို့နှိုင်းတဲ့ကောင်လေးကလည်း သေချာ ပါတယ်။

“ကျွန်မတို့ မတ်တပ်ရပ်နေတာ ညောင်းနေပြီ ကိုလွင်ဦး”

“ဪ. . .ဟုတ်တဲ့ ရပါတယ် ထိုင်ပါ”

စုနဒီဖျတ်ခနဲ ပြုံးလိုက်ပါတယ်။ ထို့နောက် သူမနဲ့အတူတူပါလာတဲ့ နီလာဝင်းကို လှည့်မေးလိုက်တယ်။

“နီလာဝင်း နင်ဘာစားမှာလဲ”

စုနဒီအမေးကို နီလာဝင်းက ခေါင်းလေးခါယမ်းလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"တင့်အင်း. . .မစားတော့ဘူး"

နီလာဝင်းက ငြင်းပေမယ့် စုနဒီက ထပ်မေးတယ်။

"လက်ဖက်ရည်သောက်မလား"

"နင်ပြောစရာရှိတာ ပြောပါ။ ပြီးရင်သွားကြမယ်၊ ဒီနေရာမှာ ထိုင်ရတာ နေလိုမိးလို ပူတယ်တ။ သွပ်နဲ့နီးလို့လား မသိဘူး"

နီလာဝင်းက သွပ်အမိုးကို ချက်ခနဲမော့ကြည့်ပြီး ပြောတဲ့စကားကြောင့် ရည်ရွယ်ချက်တစ်ခုဆီကို ဦးတည်သွားမှန်း အားလုံးနားလည်ကြပါတယ်၊ ဒါပေမယ့် တိကျတဲ့အဖြေတစ်ခုကို ရှာဖွေမရတဲ့အတွက် လွင်ဦးနဲ့နှင်းပွင့်ဖြူတို့ ငြိမ်နေကြရတယ်။ အဲဒီအချိန်မှာပဲ စုနဒီရဲ့အသံလေးက ကြည်ကြည်လင်လင်ပေါ်လာတယ်။

"ကျွန်မဆီမှာ ထူးစစ်ပိုက်ဆံတွေရှိတယ်၊ အဲဒါ ကိုလွင်ဦး ယူပြီး ပေး ပေးလို့ရမလားတင်"

လွင်ဦးလည်း စုနဒီဆီက ဒီလိုအပြုအမူမျိုးဆက်ဆံခံလိုက်ရလို့ အံ့ဩသထက် ပိုအံ့ဩသွားပြီး

"ဪ. . .တုတ်တဲ့ ရပါတယ်၊ ကျွန်တော် ပေးပေးပါ့မယ်"

"ဒါဆို ကျေးဇူးပဲ ကိုလွင်ဦး၊ ရော့. . .ဒါက ထူးစစ်ရဲ့ ပိုက်ဆံ၊ အထဲမှာ စာရင်းရေးထားတယ်"

စုနဒီက သတင်းစာစက္ကူနဲ့အဆင်သင့် ထုပ်ထားတဲ့ ပိုက်ဆံထုပ်လေးကို လွယ်အိတ်ကနေယူပြီး လွင်ဦးကိုပေးလိုက်တယ်၊

"ကျွန်တော်ဆက်ဆက်ပေးလိုက်ပါ့မယ် စုနဒီ"

လွင်ဦး ပိုက်ဆံထုပ်ကိုသူတာ ထပ်မံကတိပေးလိုက်တယ်။

"ဒါဆို ကျွန်မတို့ သွားခွင့်ပြုပါအုံး"

"တုတ်တဲ့"

စုနဒီက ပြုံးရွှင်နေတဲ့မျက်နှာနဲ့အတူ သူတို့ဝိုင်းမှပြန်ထွက်သွားတယ်။ အဲဒီလို ပြန်မထွက်သွားခင် စုနဒီနဲ့ပါလာတဲ့ နီလာဝင်းမျက်နှာမဲ့ရွဲ့လိုက်တာကို သူတို့နှစ်ယောက်လုံး တွေ့လိုက်ရတယ်။

ခုတော့ လွင်ဦးနဲ့နှင်းပွင့်ဖြူတို့ ကြောင်တောင်တောင်လေးတွေဖြစ်နေကြတယ်။ ပြီးတော့ အဖြေတစ်ခုကို အသည်းအသန်စဉ်းစားနေကြတယ်။ တော်တော်ကြာ နှင်းပွင့်ဖြူက သက်ပြင်းတစ်ချက်ချကာ တိုးတိုးလေးပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ပေးတဲ့ဓာတ်ပုံ စုနဒီဆီရောက်ရဲ့လား မသိဘူးနော်"

"ငါသေသေချာချာ ပေးခိုင်းလိုက်တာ၊ မရောက်စရာ ဘာအကြောင်းမှ မရှိဘူး"

ဒါဆို ဘာဖြစ်လို့ စုနဒီစိတ်မဆိုးတာလဲ၊ ကိုထူးစစ်ကို မချစ်ပေမယ့် အနည်းနဲ့အများတော့ ပေါက်ကွဲရမှာပေါ့"

"တန်ဆောင်မှုတစ်ခုရော မဖြစ်နိုင်ဘူးလား နှင်းပွင့်ဖြူ"

"တန်ဆောင်မှု. . ."

နှင်းပွင့်ဖြူက လွင်ဦးစကားကို သံယောင်လိုက်ပြီး

"အဲဒီလို စုနဒီက တန်ဆောင်တတ်လို့လား"

"မသိဘူးတဲ၊ ငါသတင်းကြားရသလောက်ဆိုရင် စုနဒီက ဖြစ်ပေါ်လာတဲ့ပြဿနာကို ချက်ချင်းရှင်းတတ်တယ်"

"ကျွန်မက အပြင်းထန်ဆုံး စိန်ခေါ်တိုက်ခိုက်လိုက်တာ၊ မထိရောက်ဘူးဆိုရင် တန်ဖိုးကြီးကြီးပေးလိုက်ရတဲ့ ရင်နှီးမှုက အလကားဖြစ်သွားပြီ"

လွင်ဦးစိတ်မကောင်းဖြစ်သွားပါတယ်၊ ဒီပွဲကို သူကိုယ်တိုင် နှင်းပွင့်ဖြူ ဘက်က လိုလိုလားလား ပါဝင်ခဲ့တာပါ။ ရလိုထင်တဲ့အတိုင်း ဖြစ်မလာတဲ့အခါ မှာ သတ်ပြင်းတစ်ချက်ရှိုက်သွင်းရုံမှအပ ဘာတတ်နိုင်တော့မှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

"ငါက နင်ပြဿနာရှာပြီလို့ ထင်နေတာ"

မေရှာဆရာမ မဝင်ခင် နီလာဝင်းက သူမရဲ့ထင်မြင်ချက်ကို ပြောလိုက်တာ။ လို့ကြောင့်စုနှီမျက်နှာ လှပစွာပြုံးသွားပြီး

"ငါက နင်းပွင့်ဖြူကို ထက်မြက်တဲ့ပြိုင်ဘက်တစ်ယောက်လို့ ထင်နေတာ လက်တွေ့ကြတော့ ခပ်သေးသေးညိုးနွမ်းတော့ ပိုင်ရှင်တစ်ယောက်ဖြစ်မှန်း သိလိုက်ရတယ်။ အဲကြောင့် ထင်တယ်။ ငါစွန့်ပစ်တဲ့ထူးစစ်ကို မက်မောတာ"

"နင်ပြောတာ ငါနားမလည်ဘူး စုနှီ"

"အဖြေက ရှင်းရှင်းလေးပါတာ။ ဆက်ပုံပို့လိုက်တဲ့ ကိစ္စကို စဉ်းစားကြည့်ရင်း သူတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားပြီလို့ ကြေငြာပြီး ငါ့ကိုစိန်ခေါ်လိုက်တာ။ ပြီးတော့ ခုအချိန်မှာ ငါ့ကိုအရှက်ခွဲသတွေနဲ့ မြင်ရမယ်လို့ ထင်နေကြတယ်။ ခုတော့ သူတို့အထင်နဲ့ အမြင်တာ လွဲမှားသွားမှန်း သိသွားတဲ့အခါ တနုံနုံနဲ့ ဖြစ်နေကြမှာသေချာတယ်။ မှတ်ထား နီလာဝင်း။ အခု ငါ့ရဲ့အပြုအမူက ထိရောက်တဲ့ တန်ပြန် တိုက်စစ်တစ်ခုပဲ။ တစ်ခါတလေ စကားတွေအများကြီးပြော တာထက် စကားတစ်လုံး ပြောတာ ပိုပြီးထိရောက်တယ်"

"အင်း. . .အခုမှ နင့်ရဲ့လုပ်ရပ်ကို သဘောပေါက်တော့ တယ်။ ဒါပေမယ့် ငါ့စိတ်ထဲမှာ သဘောမကျတာတစ်ခုတော့ ရှိတယ်ဟ"

"ဘာလဲ ဘာကိုသဘောမကျတာလဲ"

"နင်နဲ့လွင်ဦးစကားပြောကြတဲ့အချိန်မှာ ငါ နင်းပွင့်ဖြူကို ကြည့်မိတယ်။ အရမ်းကို စိတ်ဝင်စားတဲ့ပုံစံပဲ။ သူ့လက်ထဲ က ထူးစစ်ကို နင်ပြန်လုမလားဆိုတဲ့အတွေးနဲ့ စိုးရိမ်နေ တာလည်း ဖြစ်မှာပေါ့။ ဒါပေမယ့် ငါ့စိတ်ထဲမှာ သဘောမကျ



www.burmeseclassic.com

www.burmeseclassic.com



တာတစ်ခုက ဘာဖြစ်လို့နင့်ကိုပြဿနာမရှာတာလဲ။ ဥပမာ ထူးစစ်ကို မပတ်သတ်ပါနဲ့တော့။ တင်းတင်းရှင်းရှင်းနေပါ။ ဘာညာပေါ့တာ။ ခုအချိန်မှာ သူကဆိုင်နေတဲ့လူတစ်ယောက်လေ။ ချစ်သူတစ်ယောက်အနေနဲ့ ပြောပိုင်ခွင့်ရှိတယ်။ ငါ့ဆိုလည်း ပြောမှာပဲ။ ပြီးတော့ နင်က သူ့ကို တိုက်ရိုက်စော်ကားထားတဲ့လူတစ်ယောက်။ ထူးစစ်နဲ့ ပတ်သတ်ပြီး အကြီးမားဆုံးရန်သူ၊ ဘယ်လိုပဲဖြစ်ဖြစ်တာ ခုလို ထိပ်တိုက်တွေ့ဆုံမှုဟာ အနည်းနဲ့အများ စကားအချေအတင်တော့ ဖြစ်သင့်တယ်”

“ဒါကတော့ သူ့ဘက်က အပိုင်တွက်ထားလို့ဖြစ်မှာပေါ့”

“ဘယ်လိုအပိုင်လဲ”

“ပြောပြ. . .ငါ့ကိုရှုံးနိမ့်သူတစ်ယောက်လို သူ့စိတ်ထဲမှာ အပိုင်တွက်ထားတော ဖြစ်မှာပေါ့”

“ဒါလည်း ဖြစ်နိုင်တာပဲ”

နီလာဝင်းအပြောအတွေနဲ့ ငြိမ်သက်သွားပါတယ်။ ထိုအချိန်မှာပဲ ဆေ[...] ဆရာမအခန်းထဲ ဝင်လာတယ်။ သူမတို့နှစ်ယောက်လည်း အသင့်ထုတ်[...] ဘား စာအုပ်ပေါ်မှာ လိုက်မှတ်ရန်ပြင်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ ဂု[...] စိတ်ထဲ ထူးစစ်ကို ဖျတ်ခနဲသတိရသွားတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သူမရင်ထဲမှာ ထူးစစ်ကို မမေ့နိုင်တာတော့ အ[...] အလင်းဝန်ခံမိပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com


❋❋❋

"ဘာဖြစ်လို့ယူလာတာလဲကွာ"

"မယူလို့ရမလား။ ငါမယူမနေရဆိုပြီး အတင်းပေးတော့ ကြောက်ပြီး ယူလာရတာပေါ့"

"ဒီနေ့ စုနန္ဒီကျောင်းလာတယ်ပေါ့ တုတ်လား"

"မင်းတပြောလေ ဝေးလေးပဲ။ ငါ့ကို တန်တင်းမှာ လာပေး တာပါဆို"

ချက်ချင်းပဲ ထူးစစ်မျက်နှာလွှမ်းဆွတ်ရီဝေသွားတယ်။ လက်ထဲမှာ နနဒီပေးလိုက်တဲ့ ပိုက်ဆံတအထပ်လိုက်နဲ့၊ သူ့ဘဝမှာ သူမတာ ပိုက်ဆံ ာတ်ပိုပြီး အရေးကြီးနေတာ ဘာလို့မသိပါလိမ့်။

"ငါအရမ်းတွေ့ချင်တယ် လွင်ဦး"

"နှင်းပွင့်ဖြူကလည်း မင်းကိုတွေ့ချင်တယ်တဲ့"

လွင်ဦးက စုနန္ဒီနဲ့ပတ်သက်တဲ့ခံစားချက်ကို နှင်းပွင့်ဖြူဆီ လွှဲပေးလိုက် ာယ်။

"စုနန္ဒီလာတယ်ဆိုရင် ငါမနက်ဖြန်ကျောင်းတက်မယ်"

"တကယ်"

"မင်းလို ငါမလိမ်တတ်ဘူး လွင်ဦး။ ပြီးတော့ နှင်းပွင့်ဖြူ တို့ဆီက ဖတ်မယ်ဆိုပြီး ယူထားတဲ့ကဗျာစာအုပ်လည်း ပြန်ပေးရအုံးမယ်။ ကဗျာကိစ္စလည်း ငါ့ဘက်က ဖျက်လိုက် ပြီ"

"မင်းကို ငါတစ်ခုမေးချင်တယ်"

ထူးစစ်က မှိုင်းဝေနေသော မျက်လုံးမျှော့မျှော့နဲ့ ကြည့်လိုက်တော့ ာွင်ဦးက

"မင်းရင်ထဲမှာ နှင်းပွင့်ဖြူကို ဘယ်လိုသဘောထားလဲ။ ဥပမာ ရင်ခုန်လှုပ်ရှားတာမျိုးမရှိဘူးလား"

"ငါမစဉ်းစားဖူးတတ်ဘူး လွင်ဦး"

"အဲဆို အချိန်ယူပြီး စဉ်းစားကြည့်ပါလား။ စုနန္ဒီနဲ့ရင်

www.burmeseclassic.com



နှင်းပွင့်ဖြူက မင်းသဝဲ့ပိုပြီး သင့်တော်မယ်လို့ ငါထင်တယ်"

"လုံးဝမစဉ်းစားဘူး။ နှင်းပွင့်ဖြူကို ငါဖြူဖြူစင်စင် ခင်ခဲ့တာ။ သူ့ကြောင့် ရင်ခုန်သံတစ်ချက်ပေါ်လာရင်တောင် စိတ်ကစားတာပဲ ဖြစ်လိမ့်မယ်"

"အဲဒီ မင်းကို နှင်းပွင့်ဖြူက ချစ်နေတယ်ဆိုရင် ဘယ်လိုလုပ်မလဲ"

"တင်"

ထူးစစ်တခဏတွေဝေဝေးမောသွားတယ်။ သူ့အပေါ်မှာ ဆက်ဆံနေတဲ့ နှင်းပွင့်ဖြူအပြုအမူတွေက လွင်ဦးပြောသလို ဖြစ်နေသလား။ ဒါဟာ အတွေ့အကြုံ လွန်းတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အတွေးမျိုးပါ။ ပြီးတော့ ရင်ထဲမှာ စူး တလွဲပြီး ဘယ်သူမှမရှိတာကို ကိုယ့်ကိုယ်ကို အသိဆုံးပဲ။

"ခင်မင်လို့လိုက်လျောတာကို ချစ်တယ်လို့ ယူဆလို့ မရဘူးကွ။ မင်းစကားတွေ ပြင်လိုက်စမ်းပါ"

"အဲဒီဆို လောင်းမယ်လေ။ မနက်ဖြန်ကျရင် နှင်းပွင့်ဖြူကို ဖွင့်ပြောပြီးအဖြေတောင်းကြည့်။ ချက်ချင်းရလိမ့်မယ်"

"လွင်ဦး"

ထူးစစ်လွင်ဦးနာမည်ကို တအားကြုံးခေါ်ပစ်လိုက်တယ်။ ပြီးမှ

"မိန်းမတစ်ယောက်ကို အထင်သေးပြီး ပြောတဲ့မင်းရဲ့ စကားတွေကို ရပ်တန့်လိုက်ရင်ကောင်းမယ်။ နောက်ဆုံး နှင်းပွင့်ဖြူကိုယ်တိုင်ဖွင့်ပြောရင်တောင် ဒီလိုစကားမျိုး ငါ့ရှေ့မှာ မပြောသင့်ဘူး။ မင်းကိုယ်တိုင်ယောကျ်ားတစ်ယောက်ပါ။ မိန်းမတွေနဲ့ပတ်သက်လာရင် အခွင့်အရေးမယူတတ်တဲ့ ယောကျ်ားမျိုးရှိရင်တောင် အင်မတန်ရှားလိမ့်မယ်။ ဘယ်လိုအနေအထားပဲဖြစ်ဖြစ် နောက်နောင် နှင်းပွင့်ဖြူနဲ့ပတ်သက်ပြီး ငါ့ရှေ့မှာ ဘာမှမပြောပါနဲ့။ ငါ့ရင်ထဲမှာ နှင်းပွင့်ဖြူကို စိတ်သဘောထားမြင့်မြတ်တဲ့ မိန်းကလေးသူငယ်ချင်းတစ်ယောက်လိုပဲ သတ်မှတ်ထားချင်တယ်။ ဒီလောက်ဆို ငါပြောတာ မင်းသဘောပေါက်မှာပေါ့"

"ဆောရီးကွာ။ မင်းရဲ့စိတ်ကို ပြတ်ပြတ်သားသားသိရတဲ့ အတွက် ငါတောင်းပန်ပါတယ်။ စုနဒီနဲ့ပတ်သက်ပြီး ခံစား



www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့မင်းသဝေကို မကြည့်ရက်လို့ ပြောမိတာပါ"

"ရတယ် လွင်ဦး၊ စုနဒီအတွက်ဆို ငါအသက်တောင် ပေး ပေးနစ်နစ်ကြီး ပေးဆပ်ရဲတယ်"

လွင်ဦးတစ်ယောက် ရှားမှာရှား အချစ်သူရဲကောင်းကြီးကို ငြည့်ပြီး ပြုံးသွားတယ်၊ ဟိုတစ်ချိန်တုန်းက ဆယ်ကျော်သက်တလေတွေပြောသလို တစ်ယောက်ဆိုတစ်ယောက် ပိတောက်ဆိုပိတောက်စကားက ထူးစစ်အတွက် များ ဖြစ်နေသလား။

"ရော့. . .မင်းဆီက ငါယူထားတဲ့ပိုက်ဆံ"

ထူးစစ်က လွင်ဦးတွေးနေတဲ့အချိန်မှာ လက်ထဲကိုင်ထားတဲ့ပိုက်ဆံ ထပ်လိုက်မှ အချို့ကို ရေတွက်ပေးလိုက်တယ်၊ လွင်ဦးတမျှာတယောပဲ ပိုက်ဆံကိုလှမ်းယူတာ ကျန်ပိုက်ဆံကို မျက်စောင်းထိုးကြည့်ပြီး ပြောလိုက် တယ်၊

"ဟို. . .ပိုက်ဆံတွေရော ငါသိမ်းထားပေးရမလား"

"ရတယ်၊ ငါ့ဘာသာသိမ်းတတ်တယ်"

သေသား အစေကြီးတည်းက နီလိုမှန်းသိရင် မပေးသေးဘဲယူထား ပါတယ်၊

"ငါသွားမယ် လွင်ဦး"

"တင်. . .ဘယ်ကိုလဲ"

"အရက်ဆိုင်"

"တကွာ"

"ဘာဖြစ်တာလဲ"

"ငါပါလိုက်မယ်"

"မလိုက်နဲ့၊ ပိုက်ဆံတုန်တယ်"

"စိတ်မချဘူးကွာ"

"အရိုတွေပါကွာ၊ ငါကိုင်းပိုက်ဆံမရှိတဲ့အချိန် ခေါ်တုန်း က သေအောင်ပြင်းပြီးတော့"

"ဒါကတော့. . ."

လွင်ဦးစကားတောင်ဆုံးအောင် မပြောလိုက်ရပေ၊ ထူးစစ် လွင်ဦးနံ ဘေးမှာဘဲ ရှိသေးတယ်၊ ဆတ်ခနဲ ထကာ အဆောင်ပေါ်ကနေ ဆင်းသွားတယ်၊ တကြောင့်

လွင်ဦးလည်း ခေါင်ငုံ့သက်သက်နဲ့ ကြိမ်ဆဲလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ရောက်လာပြန်ပြီ"

နီလာဝင်းက ဒုတိယအကြိမ်မြောက် ထပ်ရောက်လာတဲ့ ဓါတ်ပုံကိုကြည့် ပြီး တိုးတိုးလေးရေရွတ်လိုက်တယ်။ ထို့ကြောင့် စုနဒီမျက်နှာလေးဟာ အ ကြောင့် အရောင်တွေ တလက်လက်တောက်ပလာပါတယ်။ အနားမှာသာ ဘ သူမှမရှိရင် လက်ထဲမှာကိုင်ထားတဲ့ ဓါတ်ပုံကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆွဲစုတ်မိမှာပါ။ ဒါပေမယ့် သူမနှလုံးသားရဲ့ခံစားခြင်းတွေကို ဘယ်သူမှ မ မြင်စေချင်သောကြောင့် တန်ဆောင်ခြင်းအတတ်ပညာနဲ့ ထိန်းချုပ်လိုက်တယ်

"စုနဒီ နင်ဘာဆက်လုပ်မှာလဲ။ ဒီအတိုင်းငြိမ်ခံနေမှာလား"

"အဲဒါကို ငါလည်း စဉ်းစားနေတာ နီလာဝင်း။ ဒီလိုသာ ခဏ ခဏဓါတ်ပုံပို့နေရင် နှင်းပွင့်ဖြူနဲ့ငါ စကားပြောဖို့ လိုပြီထင်တယ်"

"ဒါဆို ဒီနေ့ပဲပြောတာ။ ပြောမရရင် ပါးရိုက်ပစ်လိုက်။ နင်မနိုင်ရင်ပြော။ ငါပါနပန်းဝင်လုံးမယ်"

"အဲဒီလောက်အထိ မလိုပါဘူးဟာ။ တော်ကြာ ကျော် မကောင်း ကြားမကောင်းဖြစ်လို့ ကျောင်းထုတ်ခံနေရအုံး မယ်"

"အဲ. . .အဲဒီလိုဆိုရင် မဖြစ်သေးဘူးဟ"

စုနဒီ တက်တက်ပက်ပက်လေးရယ်မောလိုက်ပါတယ်။ ထို့နောက် နှ ခမ်းလေးကို လှပစွာ တွန့်လိမ်ပြီး

"ဒီပြဿနာကို ငါအေးအေးဆေးဆေး ရှင်းနိုင်တယ်ဆို တာ နင်ယုံလိုက်စမ်းပါဟာ။ နဂိုတည်းက စုနဒီဆိုတာ ဘယ်သူကိုမှ အားကိုးတာမှ မဟုတ်တာ"

"ဒါပေမယ့် နင့်နားမှာ ထူးစစ်မရှိတော့ ခက်တယ်ဟ"

"သွားစမ်းပါဟာ။ ထူးစစ်ကြောင့် စုနဒီဖြစ်လာတာ မဟုတ် ဘူး။ စုနဒီကြောင့်သာ ထူးစစ်ဖြစ်လာတာ။ အဲဒါကို နင်မြဲမြဲ

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထား"

"အဲဒီဆို ငါတစ်ခုမေးချင်တယ် ဇုန်ဒီ"

"ဘာလဲ"

"ဒီလိုလေကွာ။ တစ်ယောက်နဲ့တစ်ယောက် ငယ်ငယ်လေးတည်းက တွယ်ငြိလာတဲ့သံယောဇဉ်ကို အဲဒီလို အလွယ်တကူဖြတ်တောက်လို့ရနိုင်မလား။ နင့်ပုံစံကြည့်ရတာ ထူးစစ်ကို အရမ်းပြတ်သားနေလို့ မေးကြည့်တာပါ"

ချက်ချင်းဆိုသလိုပါပဲ ဇုန်ဒီတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားပါတယ်။ ငယ်ငယ်လေးတည်းက တွယ်ငြိလာတဲ့သံယောဇဉ်ကို အဲဒီလို အလွယ်တကူဖြတ်တောက်လို့ရနိုင်မလား။ ထူးစစ်. . .နင့်မှာသာ အဲဒီလို ခံတ်ဖါတ်မျိုးရှိရင် ငါလည်းပြတ်သားမှာ မဟုတ်ပါဘူးကွာ။ ခုတော့ ဇွဲထက် ဘာမယ်ထင်လို့ နင်းပွင့်ဖြူနောက် ပါသွားတဲ့အချိန်ထဲက မလွှမ်းတတ်အောင် ကြိုးစားနေရပါတယ်။

"နင်မဖြေနိုင်တော့ဘူး မဟုတ်လား ဇုန်ဒီ"

"ဘာလို့မဖြေနိုင်ရမှာလဲ။ အလွယ်တကူဖြတ်တောက်နိုင်လို့လည်း ဖြတ်တောက်လိုက်တာလေ။ ငါက ဘာခံစားစရာလိုတော့မှာလဲ"

"တော်တော်ပြတ်သားပါလား ဇုန်ဒီ။ အရင်က ထူးစစ်နဲ့ ပတ်သက်လာရင် နင့်လောက်ဒေါသထွက်တာ နင်ပဲရှိတယ်။ ခုကြတော့လည်း ဘာမှခံစားချက်မရှိတဲ့ပုံစံနဲ့ အရမ်းကို အေးစက်နေတာပဲ။ ငါတော့ ဘယ်လိုမှ နားမလည်နိုင်တော့ဘူး"

"တင်း. . .တင်း. . .ဟင်း"

သူမနာနာကြည်းကြည်းလေး ရယ်မောလိုက်ပါတယ်။ ဘာကြောင့် ဒီလို ရယ်သလဲဆိုတာ သူမကိုယ်တိုင်အသိဆုံးပါ။ တစ်ခါတလေ ဘဝဆိုတာ ဝုန်းဒိုင်း ကြဲနေတဲ့သံစဉ်တွေနဲ့ ပေါက်ကွဲရသလို တစ်ခါတလေ သာယာညင်းပျောင်းတဲ့ သံစဉ်တွေနောက်ကို စီးမျောလိုက်ပါတတ်ကြတယ်။ အဲဒီအခါမျိုးဆိုရင် ဘာယတံရှင်ကိုယ်တိုင်တောင် ကိုယ့်ကိုယ်ကိုနားမလည်အောင် ဖြစ်သွား တတ်တော့တာပါပဲ။

"တဲ. . .အစုတ်အစားလဲတော့။ ကျောင်းသွားကြမယ်"

"ဒီနေ့ ငါအလှလုဆုံးပြင်မှ ဖြစ်မယ်"

www.burmeseclassic.com



"ဘာကြောင့်လဲ"

"ငါ့စိတ်ထဲမှာ အရမ်းလှချင်နေလို့ပေါ့"

ရုနီဘာမှမပြောတော့ပဲ အဝတ်အစားလဲလိုက်ပါတယ်။ ခုအချိန်မှာ သူ့စိတ်တွေ တက်ကြွရွှင်လန်းနေမှ ဖြစ်မယ်။ ပြိုင်ဘက်တစ်ယောက်ရှေ့ မျက်နှာတစ်ချက်မပျက် နေနိုင်ဖို့အတွက် ဥပက္ခာတရားနဲ့ ပျော်ရွှင်နေ ဖြစ်မှာမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



***

"တယ်. . .ကိုထူးစစ်"

နှင်းပွင့်ဖြူတစ်ယောက် လွင်ဦးနဲ့အတူတူပါလာတဲ့ ထူးစစ်ကို တွေ့လိုက်ရသဖြင့် ရင်ထဲအလိုလိုပျော်ရွှင်သွားတယ်။ ထူးစစ်တာ သူမနှလုံးသားကို အချိန်ပြည့်စိုးမိုးနေသူပါ။ စွင့်ကားနေတဲ့ရင်ခွင်ကျယ်ကြီးက တစ်သက်နားခိုချင်စရာပဲ။ သူမက ဒီရင်ခွင်ကျယ်ကြီးထဲမှာ တခဏနားခိုခဲ့ဖူးပါတယ်။

"ရောက်တာကြာပြီလား"

လွင်ဦးက မသိမသာလက်မလေးထောင်ကာ မေးလိုက်တယ်။ ထို့ကြောင့် နှင်းပွင့်ဖြူက ဗိုနိုင်းလိုက်တဲ့ဓါတ်ပုံ စုနဒီဆီရောက်သွားပြီဆိုတာ သိလိုက်ပါတယ်။

"အင်း. . .နည်းနည်းကြာသွားပြီ ကိုလွင်ဦး"

နှင်းပွင့်ဖြူရဲ့စကားအဆုံးမှာ ထူးစစ်နဲ့လွင်ဦးတို့ စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ကြတယ်။

"ကိုထူးစစ် ဘာစားမလဲ၊ နန်းကြီးသုပ်ပဲလား"

"ကျေးဇူးပဲ၊ ကျွန်တော်မစားတော့ဘူး။ ဒါနဲ့ မနေ့က စုနဒီလာတယ်ဆို"

"ဟုတ်တယ်၊ အဲကြောင့် ကိုထူးစစ်ကျောင်းလာတာလား"

"ကျွန်တော် စုနဒီနဲ့အရမ်းတွေ့ချင်တယ်"

နှင်းပွင့်ဖြူတစ်ယောက် လွင်ဦးကိုလှမ်းကြည့်မိသွားတယ်။ သူမနားမှာ ထိုင်နေတဲ့ ထူးစစ်တာ သူမကိုကျော်ပြီး စုနဒီကို တမ်းတနေပါလား။ ရင်ထဲမှာတော့ ထူးစစ်စိတ်တွေ သူမဘက်ပါအောင် မဆွဲဆောင်နိုင်တာ ဝမ်းနည်းသွားမိတယ်။

"နှင်းပွင့်ဖြူကို စုနဒီဘာပြောသွားသေးလဲဟင်"

"ဟင့်အင်း. . .ကျွန်မနဲ့စကားမပြောလိုက်ရဘူး"

"ဒီနေ့ စုနဒီကျောင်းလာမယ်ထင်တယ်နော်"

"မပြောတတ်ဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



ထူးစစ်ခေါင်းငြိမ်သက်သွားပါတယ်။ အဲ့ဒါကိုကြည့်ပြီး နှင်းပွင့်ဖြူရင်ထဲ နှင့်သွားတယ်။ ဘဝမှာ အတွယ်တာရဆုံးလူတစ်ယောက်ရဲ့ လွမ်းရိပ်ဝေနေသော ချက်ဝန်းတွေကို တွေ့မြင်လိုက်ရတဲ့အတွက် တတယ်ခံစားရပါတယ်။ ဘာကြောင့်များ သူမသိပ်ချစ်တဲ့ ချစ်သူဟာ သူမထက် တစ်ပါးသူကို တမ်းတနေတာလဲ။ အဲ့ဒါ အိပ်မက်တစ်ခုဖြစ်ရင်တောင် အမြန်ဆုံးနိုးထလိုက်ချင်မိတယ်။

"နှင်းပွင့်ဖြူ"

"ရှင်"

"စုနဒီပြောခဲ့တဲ့စကားတွေအတွက် ကျွန်တော်ထပ်ပြီး တောင်းပန်ပါတယ်"

"ကျွန်မရင်ထဲမှာ ဘာမှမရှိဘူးလို့ ပြောပြီးပြီပဲ။ ဘာလဲ မယုံလို့လား"

"ယုံပါတယ် နှင်းပွင့်ဖြူ။ ဒါပေမယ့် ဘာရယ်မှန်းမသိဘူး။ ကျွန်တော်စိုးရိမ်နေတယ်"

"ဘာမှမစိုးရိမ်ပါနဲ့ ကိုထူးစစ်ရယ်။ အဓိက ကျန်းမာရေးကိုဂရုစိုက်ပါ"

"တုတ်ကဲ့ ကျွန်တော်ဂရုစိုက်ပါတယ်"

နှင်းပွင့်ဖြူကြည်ကြည်နူးနူးလေး ပြုံးလိုက်မိတယ်။ ထူးစစ်ဟာ သူမဘာပဲပြောပြော သာသာကြည်ကြည်လက်ခံတတ်တယ်။ အဲ့ဒါ သူမအတွက် ကြည်နူးစရာပါ။

ထိုအချိန်မှာပဲ သူတို့သုံးယောက်ရဲ့မြင်ကွင်းထဲကို စုနဒီဝင်ရောက်လာပါတယ်။ ပထမဆုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသူက ထူးစစ်ပါ။ မျှော်လင့်ချက်နဲ့ ရှင်သန်နေရတဲ့နေ့ရက်တွေ ဒီနေ့ပြီးဆုံးသွားပါပြီ။ ရက်ပေါင်းများစွာ မျှော်ဆုံးနေသော ချစ်သူလေးမို့ တမ်းတလွမ်းမောစွာ လှမ်းကြည့်ရင်း တိုးတိုးလေးခေါ်လိုက်မိတယ်။

"စုနဒီ"

ထူးစစ်ခေါ်သံကြောင့် နှင်းပွင့်ဖြူစိုးရိမ်ထိတ်လန့်သွားပါတယ်။ အမှန်ထူးစစ်ရှိနေတဲ့အတွက် စုနဒီနဲ့ ထိပ်တိုက်ရင်မဆိုင်ချင်ပေ။ ပိုဆိုးတာ စုနဒီနဲ့ပါလာတဲ့ နီလာဝင်းဆိုတဲ့ မိန်းမရဲ့အကြည့်တွေကို သူမ မခံနိုင်ပါ။

လွင်ဦးမျက်နှာကလည်း နှင်းပွင့်ဖြူနည်းတူ စိုးရိမ်တဲ့ရိပ်အယောင်တွေ ထင်ဟပ်နေပါတယ်။ တကယ်လည်း ဆိုးရွားလွန်းလှပါတယ်။ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



များ စုနဒီတာ ထူးစစ်ရှိတဲ့အချိန်မှာမှ ချိန်တိုက်လာရတာလဲ။ သူတို့လုပ်ထား တဲ့ ကိစ္စကအလွန်အကျုံ့ဖြစ်နေပြီ။

စုနဒီအနားရောက်လာပါပြီ။ သူမက နှင်းပွင့်ဖြူတစ်မျက်နှာလေးကိုသာ ကြည့်ပြီး အပြုံးလေးတစ်ပွင့် ဖန်ဆင်းလိုက်ပါတယ်။ ထိုအပြုံးကြောင့် နှင်းပွင့် ဖြူရင်ထဲ ခံရခက်သွားတယ်။ ထို့ကြောင့် စုနဒီရဲ့အပြုံးကို ပြန်ရင်ဆိုင်ပြီး အသံတိတ် တိုက်ခိုက်လိုက်တယ်။

သူမတို့နှစ်ယောက်ရဲ့ပြင်းထန်တဲ့ အသံတိတ်ပြိုင်ပွဲကို ထူးစစ်ရိပ်မိ လိုက်ပါတယ်။ သူကြောင့် သူမတို့နှစ်ယောက်ကြားမှာ ပြဿနာဆိုတာ နောက် ထပ်မပေါ်ပေါက်စေချင်တော့ပါ။

"စုနဒီ တကယ်ဆို နှင်းပွင့်ဖြူမှာ ပြဿနာမရှိပါဘူးတာ။ နင်ပြောချင်ရင် ငါ့ကိုပြောပါ"

"နင့်ပါးစပ်ပိတ်ထားစမ်း ထူးစစ်။ ငါနဲ့ပတ်သက်ပြီး နင့်မှာ ဘာမှပြောပိုင်ခွင့်မရှိဘူးဆိုတာ မေ့နေပြီလား"

"သိပါတယ်တာ။ ဒါပေမယ့် နှင်းပွင့်ဖြူကို ပြဿနာရှာမှာ စိုးလို့ပါ"

"အတင်း. . .စိတ်ချပါ ထူးစစ်။ နင့်ချစ်သူကို လက်ချားနဲ့ တောင် မတို့ပါဘူး"

"တာ"

ထူးစစ်တစ်ယောက် စုနဒီရဲ့စကားကြောင့် နှင်းပွင့်ဖြူမျက်နှာကို အလန့် တကြားကြည့်မိသွားတယ်။ သူမမျက်နှာပြုံးနေပါတယ်။ ထိုအပြုံးက စုနဒီ ပြောတာကို ကျေကျေနပ်နပ်ဖြစ်နေတဲ့ အပြုံးမျိုးပါ။ တကယ်ဆို ဒီစကားကို သူမ မပြုံးဘဲကြားဝင်ခြေရှင်းဖို့ ကောင်းပါတယ်။

စုနဒီဆိုတဲ့မိန်းမတစ်ယောက်တာ ..သေးအမှားလေးအစ လွဲမှားလို့ ရေပဲ သူ့အသိဆုံးပါ။ လွင်ဦးတပါ ငြိမ်နေတော့ ကိုယ်ဘာသာပဲ ရှင်းဖို့ ဆုံးဖြတ်လိုက်ပါတယ်။

"နင်ဘယ်လိုပြောလိုက်တာလဲ စုနဒီ။ ဒီကမ္ဘာလောကကြီး မှာ ငါချစ်တာ နင်တစ်ယောက်တည်းပါ"

"တာ"

"တင်"

ထူးစစ်စကားကြောင့် လွင်ဦးနဲ့နှင်းပွင့်ဖြူတို့ မျက်နှာပွတ်တနဲ ဖျက် သွားကြတယ်။ ဒါကို ထူးစစ်ဆီစိတ်ရောက်နေတဲ့ စုနဒီတစ်ယောက်လုံးဝ

www.burmeseclassic.com

www.burmeseclassic.com



ခရိုဝ်မိလိုက်ပေး

"ထူးစစ် နင်ဗိုလ်လို့အရှက်မရှိ ဒီစကားမျိုးပြောတယ်၊ ငါ့ရဲ့ ချစ်တောင်တစ်ပြိုင်တည်း ပမ်းချင်ရင်တောင် နှင်းပွင့်ဖြူက လက်ခံနိုင်ပေမယ့် ငါကတော့ လုံးဝပဲ၊ ရှေ့. . .ဒါ နင်တို့ ရဲ့ ကျက်သရေမရှိတဲ့ပုံ"

စုနဒီက ယူလာတဲ့ဓါတ်ပုံနဲ့ ထူးစစ်ရင်ဘတ်ကို ပစ်ပေါက်ကာ အတူတူ ပါလာတဲ့နီလာဝင်းနဲ့အတူ ရှာကနဲ လှည့်ထွက်သွားတယ်၊

"စုနဒီ"

"သွားပါစေတွာ၊ ကိုယ့်ကိုမချစ်လို့ ပစ်သွားတဲ့မိန်းမကို ဘာမှ အောက်ကျခံနေစရာမလိုပါဘူး"

"ဒီစုနဒီ အထင်လွဲနေတာတွ၊ ငါနဲ့နှင်းပွင့်ဖြူကို ချစ်သူ တွေပဲလို့ ထင်ပြီး ပြောသွားတာ၊ ဒီကိစ္စကို သေချာရှင်းပြ ရမယ်"

ထူးစစ်ပြောရင်း စုနဒီပစ်ပေါက်လိုက်တဲ့ ဓါတ်ပုံလေးကို စိတ်ဝင်တစား နဲ့ ကောက်ယူလိုက်တယ်၊

"မကြည့်နဲ့"

လွင်ဦးအလျှင်အမြန်တားမြစ်လိုက်ပေမယ့် နောက်ကျသွားပြီး ဓါတ်ပုံကို မြင်လိုက်ရတဲ့ ထူးစစ်မျက်နှာမှာ မယုံကြည်နိုင်ခြင်း၊ အံ့ဩခြင်းတွေ ရောယှက် လာတယ်၊

"ဒါ. . ."

ဓါတ်ပုံကို ကိုင်ထားတဲ့ထူးစစ်လက်တွေ တဆတ်ဆတ်တုန်နေပါတယ်၊ ဗိဗိပြင်ပြင်တွေးပိုက်ခြင်းကို ခံနေရတဲ့နှင်းပွင့်ဖြူမျက်နှာလေးက မသိမသာ ပြုံးယောင်သမ်းနေပါတယ်၊ ဘယ်သူမဆိုပေါ့၊ ဒီဓါတ်ပုံကိုမြင်ရင် စုနဒီလိုပဲ သူနဲ့နှင်းပွင့်ဖြူတို့ကို ချစ်သူတွေလို့ထင်ကြမှာပါ၊

"ဒီဓါတ်ပုံကို ဘယ်သူရိုက်တာလဲ၊ ဘယ်လိုလုပ်ပြီး စုနဒီ ဆီ ရောက်သွားတာလဲ"

"ငါ့ကို ခွင့်လွှတ်ပါ ထူးစစ်၊ အဲဒီဓါတ်ပုံကို ငါရိုက်ပြီး စုနဒီဆီ ပို့လိုက်တာ"

"ဘာ"

ထူးစစ်ရဲ့ဒေါသမျက်ဝန်းက လွင်ဦးဆီ ဆတ်ခနဲရောက်သွားပြီး

"မင်းအရမ်းရက်စက်တယ် လွင်ဦး၊ ဒါဟာ ငါ့ဘဝ၊ ငါ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နလုံးသားကို အပြုံးတကြီးနဲ့ မင်းနှင်းရှေ့ကို ကြိုးစားလိုက်တာ။ စုနဒီကို ဘယ်လောက်အထိ ချစ်ခဲ့သလဲဆိုတာ သိရဲ့သားနဲ့ အဲဒီလိုမျိုးလုပ်ရက်တယ်"

"တုတ်ပါတယ်၊ ငါမှားသွားပါတယ် ထူးစစ်"

"ဘာ. . .မှားတယ် တုတ်လား။ အေး. . .အဲဒီအမှားအတွက်တဲကွာ. . ."

ထူးစစ်ရဲ့ခေါ်သလက်သီးက လွင်ဦးရဲ့မျက်နှာပေါ်ကို ဝုန်းခနဲ ပြုတ်ကျသွားပါတယ်၊ ရုတ်တရက်ဆိုတော့ လွင်ဦးလည်း ရှောင်ချိန်မရပါ။ လက်သီးချက်ကပြင်းတော့ မျက်နှာက ချာခနဲ လည်ထွက်သွားပြီး နှုတ်ခမ်းထောင့်စွန်းမှ သွေးများယိုဆင်းလာတယ်၊ အဲဒါပေမယ့် လွင်ဦးစိတ်မဆိုးပေ။ အဲဒါ သူ့ရဲ့အမှားတွေအတွက် ထိုက်တန်တဲ့ ပေးဆပ်မှုတစ်ခုလို့ပဲ သတ်မှတ်ပါတယ်။

"မင်းမကျေနပ်သေးရင် ထပ်ထိုးလိုက်ပါ ထူးစစ်၊ ငါမှားတယ်ဆိုတာလည်း မင်းအပေါ်မှာထားတဲ့ စေတနာကြောင့်မှားတဲ့အမှားပါ"

"မင်းပါးစပ်ပိတ်ထား လွင်ဦး။ ဒီနေ့ကစပြီး မင်းနဲ့ငါ သူငယ်ချင်းလုံးဝ မတုတ်တော့ဘူး"

"တာ"

လွင်ဦးနောင်တရသွားချိန်မှာပဲ ထူးစစ်အံတင်းတင်းကြိတ်ကာ ချာခနဲလှည့်ထွက်သွားတယ်။ ခုတော့ ကျန်ခဲ့သူတွေ ရင်ထဲမှာ ဝမ်းနည်းခြင်းအထွေထွေက တစ်ထပ်ခြင်းစီရှိထားသလိုပဲ၊ အားလုံးဟာ ကြေကွဲစွာနဲ့ အဆုံးသတ်သွားပါပြီ။

www.burmeseclassic.com



❀ ❀ ❀

ညတာတိတ်ဆိတ်နေပါတယ်။ ခုအချိန်ထိ ထူးစစ်တစ်ယောက်အဆောင်ကို ပြန်မလာသေးသဖြင့် လွင်ဦးစိုးရိမ်နေပါတယ်။ ဘာပဲဖြစ်ဖြစ် သူ့ကို အရမ်းကြီးစိတ်ဆိုး နာကြည်းသွားရင်တောင် အချိန်အခါနဲ့ အဆောင်ကို ပြန်လာသင့်ပါတယ်။ တော္ဆ ဒီအချိန်မှပြန်မလာဘူးဆိုတော့ မူးမူးနဲ့ စုနဒီအဆောင်ရှေ့တိုများ ရောက်နေတာဖြစ်မယ်။ အမှန်က သူမှားတာပါ။ စုနဒီအပေါ်မှာ ချစ်တဲ့ထူးစစ်ရဲ့ချစ်ခြင်းတရားကိုလည်း လျှော့တွက်မိတာလည်းပါတယ်။

ခုတော့ သူ့ကိုမုန်းသွားပြီ။

သူငယ်ချင်းတောင် မတုတ်တော့ဘူးတဲ့။

ဒီအခြေအနေအတိုင်းဆိုရင် ထူးစစ်ကို သူလိုက်ခေါ်လို့ ဖြစ်ပါ့မလား။ နေ့တုန်းက ထိုးထားတဲ့လက်သီးချက်ကလည်း ခုအချိန်ထိ ယောင်ကိုင်းနေတုန်းပဲ။ အများအတွက် ပေးဆပ်ရတယ်ဆိုပေမယ့် နာလွန်းလို့ ထမင်းတောင်မစားနိုင်ပေ။

"ကိုလွင်ဦး"

"ဗျို့ ကိုလွင်ဦး"

ထိုအချိန်မှာပဲ ခေါ်သံက တိတ်ဆိတ်နေတဲ့ညကို ဖောက်ထွင်းပြီး အဆောင်အပေါ်ထပ်ကို ပျံ့လွင့်လာသဖြင့် အတွေးတွေနဲ့ မှောနေတဲ့လွင်ဦးတစ်ယောက် အလန့်တကြားဖြစ်သွားတယ်။

"ဘယ်သူလဲကွ"

ပါးစပ်ကို အားယူ'တ'ပြီး ပြန်မေးလိုက်ပေမယ့် အသံက ဗီဗီသာထွက်ပေါ်မသွားပါ။ ဒါပေမယ့် ခေါ်သံရှင်က မေးခွန်းကိုနားလည်ပုံရတယ်။

"ကျွန်တော် သုန်းမြင့်ပါ။ အရက်ဆိုင်မှာ ကိုထူးစစ်ရန်ဖြစ်ပြီး ဓါးထိုးခံရလို့"

"ဘာ. . .အား. . .ကျွတ် ကျွတ်"

လွင်ဦးယောင်ပြီး အော်မိသွားသဖြင့် နာကျင်သွားတဲ့ ပါးစပ်ကို လက်ဖါးနဲ့ အမြန်ဖိတ်တာ အပေါ်ထပ်တနေ 'ဂုန်း'ခနဲ ပြေးဆင်းလာခဲ့မိတယ်။ ဗျ



www.burmeseclassic.com

www.burmeseclassic.com



ဒါမှာတော့ ထူးစစ်အတွက် စိုးရိမ်ခြင်းမှလွဲပြီး ဘာမှမရှိပေ။ ထို့ကြောင့် အစ်ခဏအတွင်းမှာပဲ အဆောင်အပြင်ကို ရောက်ရှိလာခဲ့ပါတယ်။

"ဘယ်မှာလဲ။ ဘယ်အရက်ဆိုင်မှာ အထိုးခံရတာလဲ"

အခုအချိန်မှာ နာကျင်နေတဲ့ပါးစပ်ကို မညှာနိုင်တော့ပါ။ ထူးစစ်ငတ်တာ ဘယ်လောက်ပဲ မုန်းမုန်း၊ သူတာတော့ သူငယ်ချင်းအပေါ် သံယောဇဉ်ရှိနေ ဆဲနေပါပဲ။

"ကိုကျော်ကြီးအရက်ဆိုင်မှာ အထိုးခံရတာ ကိုလွင်ဦး။ ရဲတွေလည်း ရောက်နေတယ်"

"တာ. . .ဒါဆို အမြန်သွားမှဖြစ်မယ်၊ ကျေးဇူးပဲဘုန်းကြီး"

လွင်ဦးအဆောင်ရှေ့ကနေ ပြေးထွက်လာခဲ့တယ်။ ခုတလော သူ့ရဲ့ထင် မြင်ချက်တွေဟာ တော်တော်ကြီးကို လွဲနေပါလား။

ဘုရား၊ ဘုရား ထူးစစ်ဘာမှမဖြစ်ပါစေနဲ့၊

ဒဏ်ရာရခဲ့ရင်တောင် ဆေးကုလို့ရပါစေ၊

လွင်ဦးအရက်ဆိုင်ရှေ့ရောက်တော့ လူများစုရုံးနေသဖြင့် ကရောသောပါ လူအုပ်ကြားထဲကို ပြေးဝင်မေးလိုက်ပါတယ်။

ထူးစစ် ဘယ်မှာလဲ၊

ထူးစစ် ဘယ်မှာလဲ၊

လွင်ဦးရဲ့အလောတကြီးမေးသံကြောင့် လူအများရဲ့အကြည့်တ သူ့ဆီရောက်လာတယ်။

"ထူးစစ်ဆိုတာ ဘယ်သူလဲ၊ ဓါးနဲ့အထိုးခံတဲ့ ကျောင်းသားလား"

တာဝန်ရှိ ခုရဲအုပ်ရဲ့မေးခွန်းကြောင့် လွင်ဦးအမြန်ခေါင်းညိတ်မိပြတာ

"ဟုတ်ပါတယ် ဗိုလ်လေး။ ဓါးထိုးခံရတဲ့ ကျောင်းသားပါ။ အခု သူဘယ်မှာလဲတင်"

"ညီလေးက ဓါးထိုးခံရတဲ့ကျောင်းသားနဲ့ ဘာတော်လဲ"

"တစ်ဆောင်ထဲ အတူတူနေတဲ့သူငယ်ချင်းပါ"

"အေးကွ. . .ကျောင်းသားအချင်းချင်းရန်ဖြစ်ကြတာလို့ ပြောတယ်။ အရင်ကလည်း ရန်ငြိုးရှိတယ်တဲ့၊ တရားခံ သုံးယောက်ကိုတော့ မိထားပါပြီ၊ ထိုမှာလေ"

လွင်ဦး ခုရဲအုပ်ပြတဲ့ဘမှ လက်ထိပ်ခတ်ထားတဲ့ လူသုံးယောက်ကို တွေ့ လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တင်. . .ဒီကောင်တွေ၊ တစ်ခါတ ထူးစစ်နဲ့ရန်ဖြစ်ကြတဲ့ကောင်တွေ ပါလား။

"ဟုတ်ပါတယ် ဗိုလ်လေး။ ဒီကောင်တွေ ထူးစစ်နဲ့ရန်ဖြစ် ခူးကြပါတယ်။"

"သူတို့ကလည်း ဝန်ခံတယ် ညီလေး။ အခုကတော့ ညီလေး တို့ ပါရှုပ်နဲ့တိုင်ပင်ပြီးမှ ဆက်လုပ်ရမှာပါ"

"ကျေးဇူးတင်ပါတယ် ဗိုလ်လေး။ အခုထူးစစ်အခြေအနေရော ဖြင်းသလားတင်"

"သိပ်တော့ မစိုးရိမ်ရပါဘူး။ သွေးထွက်လွန်မှာစိုးလို့သာ ဆေးရုံကိုအမြန်ပို့လိုက်တာ"

"အဲဒီ ကျွန်တော်ဆေးရုံလိုက်သွားအုံးမယ်"

"ကောင်းပြီ ညီလေး"

လွင်ဦးတစ်ယောက် မစိုးရိမ်ရဘူးဆိုပေမယ့် စိုးရိမ်ခြင်းတွေ အထပ် လိုက်နဲ့ ဆေးရုံဆီကို ဦးတည်လိုက်ပါတယ်။

ခုအချိန်မှာတော့ ပါးစပ်ကရာကျင်မှုကို လုံးဝအမှုမထားနိုင်တော့ပါ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

အားလုံးသောလူတွေရဲ့မျက်နှာမှာ စိတ်မကောင်းခြင်း၊ နောင်တရခြင်း နဲ့အတူ စိုးရိမ်ခြင်းတွေ ကြီးစိုးနေပါတယ်။ ထူးစစ်သာ တစ်ခုခုဖြစ်သွား ရင် ဆိုတဲ့အတွေးဟာ အားလုံးရဲ့ ရင်ထဲမှာရှိနေပါတယ်။ တကယ်တော့ ထူးစစ် ဟာ အပြစ်ကင်းစင်တဲ့ လူတစ်ယောက်ပါ။ သူ့မှာ ချစ်သူကို လွန်လွန်ကျူး ကျူးချစ်တတ်တာ တစ်ခုတည်းပဲရှိတယ်။ ဒီလိုလူမျိုးကိုမှ သူတို့တွေက လှည့်စားသလို ဖြစ်သွားကြတာ မဟုတ်လား။

"စုနဒီ. . .ငါနဲ့ခင်ပွင့်ဖြူ ချစ်သူမဟုတ်ပါဘူးဟာ။ ငါ့ကို နင်မရှုန်းပါနဲ့။ လောကမှာ ငါအချစ်ဆုံးမိန်းမဟာ နင်တစ် ယောက်တည်းပါ"

"တင်"

ခင်ပွင့်ဖြူတစ်ယောက် မသိမသာလေး သက်ပြင်းတစ်ချက်ကို ရှိုက် လိုက်မိတယ်။ ကျန်တဲ့လူတွေကလည်း စိတ်မကောင်းသလို ခေါင်းကို ခါယမ်း နေကြတယ်။ ဒီအခြေအနေကို လုံးဝမသိသူက ထူးစစ်ပါ။ သူက နှစ်နှစ်ခြိုက် ခြိုက်ကို အိပ်မောကျနေတဲ့အတွက် ယောင်ယမ်းပြီး ပြောနေတဲ့စကားကို ဘယ်လိုလုပ်ပြန်ကြားနိုင်မလဲ။

"ညကလည်း တစ်ညလုံးပဲ စုနဒီကို တမ်းတနေတယ် ခင်ပွင့်ဖြူ။ အခုလိုအခြေအနေက မိုးမိုင်ရမယ့် နှလုံးသား ကိုတော့ ကုစားဖို့ သိပ်မလွယ်ဘူးထင်တယ်"

"ကျွန်မအားလုံးကို ဝန်ချတောင်းပန်ဖို့ ဆုံးဖြတ်လိုက် ပါပြီ။ ကိုလွင်ဦး ဒီပွဲမှာ အရင်တိုက်ခဲ့တာဟာ စုနဒီဆိုပေ မယ့် ဒီအထိဖြစ်လောက်အောင် လုပ်ခဲ့တာဟာ ကျွန်မပါ။ နောက်ဆုံးအရှုံးကိုလည်း ကျွန်မပဲရခဲ့တာပါ။ အဲဒါ ဘာ ကြောင့်လဲဆိုတော့ ကျွန်မရဲ့အတ္တနဲ့မာနကို ရှေ့တန်းတင်ပြီး မပြိုင်ဆိုင်သင့်တဲ့အရာကို ပြိုင်ဆိုင်ခဲ့မိလို့ပဲ။ ဒီအထိမှာ ကျွန်မကိုယ်တိုင် စုနဒီကိုရှင်းပြရင် သူနားလည်လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



လာမှာပါ"

ဒီစကားကို နှင်းပွင့်ဖြူအားသုပြီး ပြောလိုက်မိတာပါ။ ဘဝမှာ တစ်ခါ တည်းပဲချစ်ဖူးသေးတဲ့ နှလုံးသားတော တစ်ခါတည်းနဲ့ နလံမထူနိုင်အောင် ဖြစ်သွားခဲ့ပါပြီ။ ဒါ ချစ်သူကို ချစ်ခဲ့မိတဲ့ အချစ်ကြောင့်လေ။ ဘာပဲဖြစ်ဖြစ် ခံနိုင်ရည်ရှိအောင် သူမကြိုးစားရပါလိမ့်မယ်။

"အရာအားလုံးဟာ လွယ်တူမယ်လို့နှင်ထင်နေသလား နှင်းပွင့်ဖြူ စုနဒီကမာတယ် ဖြတ်တယ် စိတ်မထင်ရင် ကိုယ်ထိလက်ရောက်တုန့်ပြန်တတ်တယ်။ အဲဒီလို လူမျိုး ကိုသွားပြီး အောက်ကလေပြေထိုးလို့ရမယ်မထင်ဘူး။"

"တုတ်တယ်။ ကိုလွင်ဦးပြောတာမှန်တယ်။ တကယ်လို့ သာ နင်ရဲ့ဖြေရှင်းချက်တွေကို လက်မခံပဲ ကိုယ်ထိလက် ရောက်တုံ့ပြန်ရင် ဘယ်လိုလုပ်မလဲ။ အဲဒီအခါကျရင် ငါက လုံးဝသည်းခံမှာ မဟုတ်ဘူး"

ခင်သက်ရီက လွင်ဦးစကားကို ထောက်ခံရင်း ခွန်ကိုယ်အားကိုးကာ မိုက်သွေးကြွလိုက်သဖြင့် နှင်းပွင့်ဖြူတစ်ယောက် ရင်မောသွားမိတယ်။

"နင်တကယ်ပဲ ဆုံးဖြတ်ပြီးပြီလား နှင်းပွင့်ဖြူ စုနဒီကို တကယ်ပဲ အရှုံးပေးတော့မှာလား။ မိန်းမတစ်ယောက်ဟာ မိန်းမတစ်ယောက်ရှေ့မှာ ဒူးမထောက်သင့်ဘူးလို့ ငါထင် တယ်"

နော်တဲလယ်လည်း အားစက်နေရာမှ ဝင်ပြောပါတယ်။

"ငါဆုံးဖြတ်ပြီးပြီ နော်တဲလယ်။ စုနဒီကို အရှုံးပေးတယ် ဆိုတာ ကိုထူးစစ်ကို သိပ်ချစ်လို့ပါ။ လောကမှာ မိန်းမ တစ်ယောက်ဟာ မိန်းမတစ်ယောက်ရှေ့မှာ ဒူးမထောက် သင့်ဘူးဆိုတာ မှန်ပါတယ်။ ဒါပေမယ့် အချစ်နဲ့ပတ်သက် လာရင်တော့ မိန်းမတစ်ယောက်ဟာ ဘယ်သူ့ရှေ့မှာမဆို ဒူးထောက်သင့်တယ်။ အဲဒီလိုပြောလို့လည်း မိန်းမထု အား လုံးကမှားတယ်လို့ ဆိုရင်လည်း ငါလုံးဝဂရုမစိုက်ဘူး။ အရေးကြီးတာ ငါချစ်တဲ့ချစ်သူ စိတ်ချမ်းသာဖို့ပဲ။ နောက် ဆုံး ချစ်သူဟာ ပြုံးပျော်ကြည်နူးမယ်ဆိုရင် ငါ့နှလုံးသား တစ်ခုလုံး ကွဲကြေသွားပါစေ။ အပြုံးမပျက်စေရဘူးဟာ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းပွင့်ဖြူက ဝေ့တက်လာတဲ့ မျက်ရည်စကို ကြိုးစားသိမ်းဆည်းလိုက်ပါတယ်။ သူမရဲ့ဆုံးဖြတ်ချက်တွေဟာ သူမအတွက်မှားခဲ့ရင်တောင် ချစ်သူ့အတွက် မှန်ကန်ပါလိမ့်မယ်။

"လေးစားပါတယ် နှင်းပွင့်ဖြူ။ ထူးစစ်အပေါ်မှာထားတဲ့ နှင့်ရဲ့ချစ်ခြင်းမေတ္တာအင်အားကို သိလိုက်ရတဲ့အတွက် ဝမ်းလည်းသာပါတယ်။ တကယ်တော့ ငါတို့အားလုံးဟာ ရိုးသားတဲ့ထူးစစ်နဲ့ ဖြူစင်တဲ့နှင့်ကို ချစ်သူအဖြစ်မြင်တွေ့ချင်တဲ့ ဆန္ဒကြောင့် ကူညီခဲ့တာပါ။ ဒါပေမယ့် ဇာတ်သိမ်းမှာတော့ ငါတို့မြင်ချင်တဲ့အရာ ဘယ်လိုမှမြင်တွေ့ခွင့်မရခဲ့ဘူး"

"အားလုံးကို ကျွန်မနားလည်ပါတယ်။ နဂိုတည်းက ကိုထူးစစ်နဲ့ ပတ်သက်ပြီး မျှော်လင့်ချက်ပါးပါးတောင် မရှိတဲ့ဘဝတနေ့ တဖြည်းဖြည်းနဲ့ ရစ်ပတ်နှောင်ဖွဲ့ပြီးမှာ စွန့်လွှတ်လိုက်ရတဲ့အတွက် ခံနိုင်ရည်ရှိပါတယ်"

"တင်း"

ဒီတစ်ခါတော့ လွင်ဦးရင်နင့်စွာနဲ့ သက်ပြင်းချလိုက်မိပါတယ်။ ထို့နောက် သူတို့ရဲ့စကားဝိုင်းလေးဟာ တစ်ခဏတိတ်ဆိတ်ငြိမ်သက်သွားခဲ့တယ်။ ထိုအချိန်ကြမှ ထူးစစ်ရဲ့အသက်ရှူသံကို သူတို့အားလုံးကြားလိုက်ရတယ်။

"ကိုထူးစစ် ဓါးထိုးခံရတာ စုနဒီသိလားတင်"

"မသိသေးဘူး။ လိုအပ်မယ်လည်း မထင်လို့ သူ့ဆီကို အကြောင်းမကြားတာ။ တကယ်လို့သိရင်ရော သူလာမယ်လို့ထင်သလား"

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့မှာ ဂေဝနိရှိပါတယ် ကိုလွင်ဦး"

သူတို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြတယ်။ ပြီးတော့ ပြိုင်တူပါပဲ သက်ပြင်းချလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

“စုနနီ နင့်ကို ဧည့်သည်တစ်ယောက်က တွေ့ချင်လို့တဲ့”

“ဘယ်သူလဲ အန်တီ၊ ယောကျ်ားလား၊ မိန်းမလား”

“နင်နဲ့ရွယ်တူ မိန်းကလေးတစ်ယောက်”

အဆောင်စောင့်တဲ့ အန်တီကြီးကပြောပြီး ချာခနဲလှည့်ထွက်သွားတော့ စုနနီလည်း အတူတူထိုင်နေတဲ့နီလာဝင်းဘက်ကို လှည့်ပြီး နွမ်းရော့တဲ့ လေသံနဲ့ မေးလိုက်ပါတယ်။

“ဘယ်ကမိန်းကလေးလဲ နီလာဝင်း။ ငါ့မှာ မိန်းမဧည့်သည် မရှိဘူး”

နီလာဝင်းမျက်ခုံးလေး တွန့်လိုက်ပါတယ်။ ကာယကံရှင်ကိုယ်တိုင်တောင် ကိုယ့်ဆီလာတဲ့ ဧည့်သည်ကို မသိဘူးဆိုတော့ သူမကအဝေးကြီးပေါ့။

“ဒီတိုင်းက ဆင်းကြည့်မှအဖြေသိရမှာ စုနနီ။ စဉ်းစားရင် ဦးနှောက်ခြောက်တယ်”

“ဟုတ်တယ် ငါဆင်းကြည့်လိုက်မယ်”

စုနနီက ပြောပြောဆိုဆိုပါပဲ၊ အဆောင်အပေါ်ထပ်ကနေ အမြန်ဆင်းလာ ခဲ့ပါတယ်။ ဒီလိုနဲ့ အဆောင်ရှေ့ရောက်တဲ့အခါမှာတော့ ဝန်းစည်းတိုင်ပြီး ရပ်နေတဲ့ နှင်းပွင့်ဖြူကိုတွေ့လိုက်ရသဖြင့် အံ့ဩ စိတ်ထန်တင်းမာသွားတယ်

“တင်. . .နင်ဘာလာလုပ်တာလဲ နှင်းပွင့်ဖြူ။ ငါ့လက်ထဲက ပါးရွေးတာ မဟုတ်ဘူးနော်။ စုချက်ချင်း ငါ့ရှေ့ကနေ ထွက်သွားစမ်း”

စုနနီရဲ့ စိတ်ထန်နေတဲ့အမူအယာနဲ့ ရန်လိုတဲ့စကားတွေကြောင့် နှင်းပွင့်ဖြူ မျက်နှာတွက်ခနဲ ဖျက်သွားပါတယ်။ ဒါပေမယ့် သူမတန်ဆော ဆက်လက်ရပ်နေခဲ့ပါတယ်။ နဂိုတည်းက အရှုံးပေးဖို့ လာခဲ့သူမို့ ကို သည်းခံရမယ်လေ။

“ငါ့အပေါ်တင်းမာနေတဲ့ နင့်ရဲ့စိတ်ကို နည်းနည်းလေးတော့ လျှော့ပေးပါလား စုနနီ။ ငါဟာအမှန်တရားတစ်ခုကို ဝန်ခံပြီး

www.burmeseclassic.com

www.burmeseclassic.com


နင့်ကို အရှုံးပေးဖို့ လာခဲ့သူပါတာ။ တကယ်လို့ ငါ့ပါးကို နင်ရိုက်ချင်ရင်လည်း ပြောတဲ့စကားနားထောင်ပြီးမှ ရိုက်ပါ။ ငါကျေကျေနပ်နပ်ကြီး အရိုက်ခံပါ့မယ်"

"တင်"

တကယ့်ကို မယုံနိုင်စရာကောင်းတဲ့ အဖြစ်တစ်ခုပါ။ သူမရဲ့ပြိုင်ဘက်က သူမဆီကို အရှုံးပေးဖို့လာတာတဲ့။ ပြီးတော့ အမှန်တရားတစ်ခုကို ဝန်ခံချင်လို့တဲ့။ ဒါတာ လိုချင်တာကို ပိုင်ဆိုင်ရလို့ အလျှော့ပေးလိုက်တာလား။

"နင်ဘာရည်ရွယ်ချက်တွေနဲ့ ရောက်လာတာလဲ နင်းပွင့်ဖြူ။ ဘာလဲ ထူးစစ်ကို ပိုင်ဆိုင်လိုက်ရလို့ မျက်နှာပြောင်တိုက်ပြီး ငါ့ဆီက ငြိမ်းချမ်းရေးကို လိုချင်လို့လား"

စုနဒီမျက်နှာမဲ့ရွဲ့ပစ်လိုက်တယ်။ ထူးစစ်နဲ့ပတ်သက်ပြီး ရင်ထဲမှာ အဆာအနာတရရှိရင်တောင် သူမတာ တန်ဆောင်မှုနဲ့ဖုံးကွယ်နိုင်သူပါ။ ခုလည်း သူမလက်ထဲကနေ ထူးစစ်ကို လုယူခဲ့လို့ ခံစားရတဲ့နှလုံးသားကို တန်ဆောင်ခြင်းအတတ်ပညာတွေနဲ့ ပိပိရိရိဖုံးကွယ်ထားနိုင်ခဲ့ပါတယ်။

"ငါ့ကို အထင်မလွဲပါနဲ့ စုနဒီ။ တကယ်တော့ ငါတာကိုထူးစစ်ကို ဘယ်တော့မှပိုင်ဆိုင်ခွင့်မရတဲ့ လူတစ်ယောက်ပါတာ။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့နှလုံးသားမှာ နင်ရှိနေလို့ပဲ"

နင်းပွင့်ဖြူပြောရင်း ငိုရှိုက်ချင်လာတယ်။ ရင်ထဲမှာ တစစ်စစ်နဲ့ ခံစားရတဲ့နာကျင်ကြေကွဲမှုကို ထိန်းချုပ်ထားနေရပေမယ့် တစ်ခါ တစ်ခါ ပြိုလဲမတတ် ဖြစ်သွားပါတယ်။ သူမဆက်ပြီး မတ်တပ်ရပ်ရမယ်။ ပြီးတော့ အမှန်တရားတစ်ခုကို ဖွင့်တဝန်ခံရမယ်။ ဒါမှ သူမချစ်တဲ့ ချစ်သူတစ်ယောက် ငြိမ်းချမ်းသာမှာ။ အဲဒီအတွက် အားအင်တွေကို ဖျစ်ညှစ်ပြီးမွေးမြူလိုက်ပါတယ်။

"နင့်ပါးစပ်ပိတ်ထားစမ်း နင်းပွင့်ဖြူ ခုအချိန်မှာ ဒါတွေ ပြောစရာမလိုတော့ဘူး။ အေး. . .နင်တစ်သက်လုံးမှတ်ထားဖို့က ထူးစစ်ကို နင်ပိုင်ဆိုင်ခွင့်ရလို့ ငါ့ကို နိုင်ပြီလို့မထင်နဲ့။ ပြီးတော့ ပါးစပ်နဲ့အရှုံးပေးပြီး လုပ်ရပ်နဲ့ အနိုင်ယူသွားတဲ့ အဖြစ်မျိုးကိုလည်း ငါလုံးဝလက်မခံဘူး။ တဲ. . .နင်ပြန်တော့"

"မဟုတ်ဘူး စုနဒီ။ နင်အထင်တွေမှားနေပြီ။ ကိုထူးစစ်

www.burmeseclassic.com


တို ငါမပိုင်ဆိုင်ရသလို နင့်ကိုလည်း ငါမနိုင်ခဲ့ပါဘူး။ တကယ်တော့ နင်တာ ဓါတ်ပုံကြည့်ပြီး ငါနဲ့ထူးစစ်ကို အထင်လွဲတာပါတာ"

"ဘာ"

"တုတ်တယ် ရုနီ။ အဲဒီဓါတ်ပုံက ကိုထူးစစ်မသိအောင် ငါနဲ့ ကိုလွင်ဦး ဟန်ဆောင်လှည့်ဖျားပြီး ရိုက်ခဲ့ကြတာ။ ငါပြောတာ ယုံပါတာ။ အဲဒီနေ့က မွေးနေ့ပွဲအတုတစ်ခုကို ခန်းဆင်းပြီး ကိုထူးစစ်ကို ဘီယာတိုက်ခဲ့တယ်။ ပြီးတော့ အမှတ်တရ ဓါတ်ပုံရိုက်မယ်လို့ပြောပြီး ကိုလွင်ဦး ကင်မရာ ချိန်တဲ့အခါမှာ ငါက ခေါင်းမူးသလို ဟန်ဆောင်လိုက်တယ်။ ကိုထူးစစ်တာ အရမ်းရိုးသားတဲ့လူတစ်ယောက်ပါ။ ငါ့ရဲ့ ဟန်ဆောင်ခြင်းကို တကယ်ထင်ပြီး အလန့်တကြားနဲ့ ထွေးပိုက်ခဲ့တယ်။ အဲဒီအချိန်မှာ ကင်မရာမီးပွင့်သွားတာ ကို သူမသိလိုက်ဘူး"

နင်းပွင့်ဖြူတစ်ယောက် မွေးနေ့ပွဲအတုကိစ္စကို သေချာရှင်းပြလိုက်တယ်။ အဲဒီအတွက် ထူးစစ်ရဲ့ရင်ခွင်ကို တမ်းတသတိရသွားပါတယ်။

"တင်. . .ဒါဆိုရင် နင်တို့အားလုံးသက်သက်ယုတ်မာခဲ့တာပေါ့ တုတ်လား"

"ငါ့တို ခွင့်လွှတ်ပါလို့ မတောင်းပန်ချင်တော့ဘူး ရုနီ။ တကယ်တော့ ဒါတွေဖြစ်ပေါ်လာတာ နင့်ကိုအနိုင်ယူချင်တဲ့ စိတ်ကြောင့်ပါ။ နင်က အရင်စော်ကားခဲ့လို့ ကလဲ့စားပြန် ချေရို့ ကြိုးစားခဲ့တာပါ။ နင်မှတ်မိလား။ ငါနဲ့ကိုထူးစစ် ရိုးရိုးသားသားထိုင်နေတဲ့အချိန်မှာ ဖြေရှင်းခြင်းကိုတောင် နားမထောင်ဘဲ တိုက်ရိုက်စော်ကားခဲ့တာလေ။ ခုတော့ အားလုံးမေ့ပျောက်လိုက်ပါပြီ။ အနိုင်ယူချင်သူအတွက် နောက်ဆုံးရလဒ်က အရှုံးဆိုတာလည်း ငါသိသွားပါပြီ"

"ဒါဆို တိုးအရင်တည်းက နင်နဲ့ထူးစစ်ဘာမှ မပတ်သက်ဘူးပေါ့"

"ငါတို့နှစ်ယောက်ကြားမှာ ငါသနားတူတာ ကရုဏာတွေပဲ ရှိပါတယ် ရုနီ"

ဩော်. . .ဒါကြောင့် ထူးစစ်တာ အမှန်တရားတစ်ခုကို ဝန်မခံရဲတာကိုး


www.burmeseclassic.com

www.burmeseclassic.com



ဒီမှ စုနှီလည်း သူမရဲ့ညှိုးဖျော့တဲ့အတွေးအခေါ်နဲ့အတူ အပြစ်တွေကို ဆက်တိုက်မြန်မြင်တွေ့လိုက်ပါတယ်။ တိုးအရင်တည်းက သူမဟာ စည်းဘောင်တွေအများကြီးနဲ့ ထူးစစ်ကို ချုပ်ကိုင်မထားခဲ့ရင် ခုလိုပြဿနာတွေလည်း ဖြစ်ပေါ်လာမှာ မဟုတ်ပေ။ ရှောင်းရေ ဖြစ်ရေစီးဆင်းမှုကိုသာ တာတမံတွေနဲ့ တားဆီးပိတ်ပင်လို့ရနိုင်ပေမယ့် လူတစ်ယောက်ရဲ့ ဓါသနာစီးဆင်းမှုတွေကိုတော့ အမိန့်အာဏာတွေနဲ့ တားမြစ်ပိတ်ပင်လို့မရမှန်း သိသွားပါပြီ။ ထို့ကြောင့် ထူးစစ်ရဲ့ကြေကွဲနေတဲ့ မျက်နှာလေးကို တမျှတ်မျှတ်မြင်ယောင်ဘာ နှလုံးသားတစ်ခုလုံး ဂုဏ်းနိုင်းကြွသွားတယ်။

"နှင်းပွင့်ဖြူ ထူးစစ်ဘယ်မှာလဲတင်း ငါ ထူးစစ်ကို အရမ်းတွေ့ချင်တယ်"

ခုအချိန်မှာ သူမဟာ ထူးစစ်ကို အရမ်းတွေ့ချင်နေပါတယ်။ ငယ်ငယ်လေးတည်းက ရစ်ပတ်နှောင်ဖွဲ့ခဲ့တဲ့ သံယောဇဉ်ကြိုးတမျှင်ဟာ အမျှတ်ဓါတ်တွေ တင်းစင်ခဲ့ပြီးနောက် ထင်ထင်ရှားရှားပေါ်ထွက်လာခဲ့ပါပြီ။

"စုနှီ နင့်စိတ်တွေ ငြိမ်ငြိမ်လေးထားပါ။ ညက ကိုထူးစစ် အရက်သောက်ရင်း ဓါးထိုးခံလိုက်ရတယ်"

"ဘာ"

"ဟုတ်တယ်။ အခု ကိုထူးစစ် ဆေးရုံပေါ်မှာ။ ငါလည်း မနက်တမှ ကိုလွင်ဦးအကြောင်းကြားလို့ သိရတာ။ ညထဲက ခုချိန်ထိ နင့်ကိုပဲ တမ်းတနေတယ် စုနှီ"

"နင်ပြောတာတွေ တကယ်ပဲလား နှင်းပွင့်ဖြူ"

"အစကနေအဆုံးအထိ ငါတစ်ခွန်းမှ မလိမ်သေးပါဘူး စုနှီ၊ ရော့. . .ဒီပန်းစည်းက ငါ့ရဲ့အမှန်တရားအတွက်၊ ပြီးတော့ နင်နဲ့ငါ့ကြားမှာရှိတဲ့ အငြိုးတွေကို ချေဖျက်ဖို့ ကျန်တာတော့ နင်သတ်မှတ်ချင်သလို သတ်မှတ်ပါ။ ငါက အားလုံးကို စွန့်လွှတ်ဖို့ အရှုံးပေးလိုက်သူဆိုတော့ ဘယ်အရာကိုမှ မမှုတော့ပါဘူး"

စုနှီက တမ်းပေးလာတဲ့ပန်းစည်းလေးကို လှမ်းယူပြီး နှင်းပွင့်ဖြူကို ကြည့်လိုက်ပါတယ်။ အဲဒီမှာ ထူးဆန်းအံ့ဩဖွယ်ကောင်းတာက နှင်းပွင့်ဖြူ မျက်ဝန်းထဲ မျက်ရည်စတွေ ဝေ့တက်နေတယ်။

"နှင်းပွင့်ဖြူ နင့်ကို ငါအထင်လွဲမိတာ တောင်းပန်ပါတယ်တား၊ တကယ်တော့ ဒီပွဲမှာ နင်ရော ငါရော နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



စလုံးရှုံးခဲ့တာပါ။ ဘာကြောင့်လဲဆိုတော့ ငါတို့နှစ်ယောက်
စလုံး ထူးစစ်ကို ချစ်မိသွားကြလို့ပဲ”

“တင်. . .နင်. . .”

“လိမ်ညာဖို့မကြိုးစားပါနဲ့ နှင်းပွင့်ဖြူ။ ငါကိုယ်တိုင် ငါ့နှလုံး
သားကို လိမ်ညာခဲ့သူပါ။ အဲဒီအတွက် တစ်ဘက်လူ လိမ်
နေတာကိုလည်း ငါသိတယ်”

နှင်းပွင့်ဖြူတစ်ယောက် ငေးငိုင်သွားပါတယ်။ တန်ဆောင်ခြင်းအတတ်ပညာကို ငယ်ငယ်လေးတည်းက မကျွမ်းကျင်တဲ့အတွက် စုနဒီရိပ်မိသွားတာ မထူးဆန်းပါဘူး။

“အင်းလေ နင်သိနေပြီဆိုတော့ ငါမလိမ်တော့ပါဘူး။
တုတ်ပါတယ်။ ကိုထူးစစ်ကို ငါအရမ်းချစ်ခဲ့ပါတယ်။
ဘယ်အချိန်ကစပြီး ချစ်ခဲ့သလဲဆိုရင် သူနဲ့ငါစပြီးဆုံတဲ့
အချိန်တည်းကပါ။ ဒါပေမယ့် ငါတာ ကိုထူးစစ်ကို ပိုင်ဆိုင်
ဖို့ချစ်ခဲ့တာ မဟုတ်ပါဘူး။ ဒါကို နင်သိရဲ့လား စုနဒီ”

စုနဒီစိတ်မကောင်းဖြစ်သွားတယ်။ မိန်းမအချင်းချင်းဖြစ်နေတဲ့အတွက်လည်း နှင်းပွင့်ဖြူကို သူမကိုယ်ချင်းစာမိတယ်။

“ငါအားလုံးကို နားလည်ခဲ့ပါပြီ နှင်းပွင့်ဖြူ။ တစ်ချိန်က
ဆင်ခြင်တုံတရားကင်းမဲ့စွာနဲ့ ပြောခဲ့မိတဲ့ ငါ့ရဲ့စကားလုံး
ရိုင်းတွေအတွက်လည်း နင့်ကို တောင်းပန်ပါတယ်”

နှင်းပွင့်ဖြူ ပြုံးလိုက်ပါတယ်။ ထိုအပြုံးက ချစ်သူအတွက် ပေးဆပ်နိုင်ခွင့်ရှိသလောက် ပေးဆပ်လိုက်ရသဖြင့် ဖြစ်ပေါ်လာတဲ့ ကြည်နူးခြင်းတွေ တစ်စွန်းတစ်စပါနေတယ်။

“ငါတာ အားလုံးကိုပြေလည်ချင်တဲ့စိတ်ဆန္ဒကြောင့် အရှုံး
ပေးလိုက်သူတစ်ယောက်ပါ။ ဒါကြောင့် နင်မတောင်းပန်
လည်း ငါခွင့်လွှတ်ပါတယ်”

“ကျေးဇူးတင်ပါတယ် နှင်းပွင့်ဖြူ။ တကယ်တော့ နင်တာ
စိတ်သဘောထားမြင့်မြတ်တဲ့မိန်းကလေးတစ်ယောက်ပါ။
ငါ့ဆီကိုရောက်လာတာလည်း ထူးစစ်ကို ဘယ်လောက်
အထိချစ်မြတ်နိုးကြောင်း သက်သေပြလိုက်တာပဲ”

“နင်အရမ်းတော်တာယ် စုနဒီ။ ဒါကြောင့် တော်တယ်ဆိုတဲ့
စကားနဲ့ထိုက်တန်အောင် ကိုထူးစစ်ဆီကို သွားလိုက်ပါလို့

www.burmeseclassic.com



ငါတောင်းဆိုချင်တယ်။ ခုအချိန်မှာ သူ့အတွေ့ချင်ဆုံး လူဟာ နင်ကလွဲပြီး အခြားလူမရှိဘူး”

“ငါသွားမှာပါ နှင်းပွင့်ဖြူ။ သူ့အတွက် ငါဟာ ဘဝအမော တွေပြေပေးမယ့် ဆေးတစ်ခွက်ဖြစ်ရပါမယ်။ နင်ရော ငါနဲ့ လိုက်မယ် မဟုတ်လား”

“မလိုက်တော့ဘူး စုနန္ဒီ။ ခုအချိန်မှာ ကိုထူးစစ်အတွက် နင်သာအရေးကြီးဆုံးပါ။ ငါသွားမယ်။ နင်တို့ဘဝ သာယာ ချမ်းမြေ့ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်”

နှင်းပွင့်ဖြူ တစ်ယောက် တစ်ဇက်သတ် ချစ်သူအတွက် တာဝန်ကျေ သွားပြီမို့ ချာခနဲလှည့်ထွက်သွားပါတယ်။ ထိုမြင်ကွင်းကို ကြည့်ပြီး စုနန္ဒီ ခေါင်းကို ခါယမ်းလိုက်မိတယ်။

ထို့နောက် သူမရဲ့ခြေလှမ်းတို့ကို ချစ်သူရှိမယ့်ဆီ ဦးတည်လိုက်ပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

"တင်"

လွင်ဦးတို့အုပ်စု ဂုနဒီတစ်ယောက်တည်း ဆေးရုံကိုရောက်လာသဖြင့် တစ်ခုံတစ်ရာကို ပြိုင်တူနားလည်လိုက်ကြတယ်။ ဂုနဒီကတော့ ရောက်ရောက်ခြင်းပဲ လွင်ဦးတို့အုပ်စုကို ဂရုမစိုက်နိုင်ဘဲ ကုတင်ပေါ်မှာအိပ်မောကျနေတဲ့ ထူးစစ်ကို လှမ်းကြည့်လိုက်ပါတယ်။ ထူးစစ်ရဲ့ဒဏ်ရာကိုမြင်တော့ သူ့ရင်ထဲမှာ စိုးရိမ်ခြင်းဆိုတဲ့ စကားလုံးတွေ ဖြစ်တည်သွားတယ်။ ထို့ကြောင့် အားလုံးကို တစ်ချက်ဝေ့ကြည့်တာ တိုးတိတ်ညင်သာစွာနဲ့ မေးလိုက်တယ်။

"သူသတိမရသေးဘူးလားတောင်"

ဂုနဒီအသံဟာ စိုးရိမ်ခြင်းကြောင့် တုန်ခါနေတယ်။ မျက်ဝန်းထဲမှာလည်း အချစ်ရဲ့သံစဉ်တွေကို ပေါက်ကွဲစေမယ့် ဆွေးမြေ့ခြင်းတွေ ပြာလွင်နေတယ်။ ဒါကို လွင်ဦးတို့အုပ်စုက တွေ့မြင်လိုက်ကြတယ်။

"အိပ်လဲမစိုးရိမ်ပါနဲ့ ဂုနဒီ။ ဆရာဝန်က အိပ်ဆေးထိုးပေးထားလို့ အိပ်ပျော်နေတာပါ။ ကြာခင် နိုးလာပါလိမ့်မယ်"

လွင်ဦးစကားကြောင့် ဂုနဒီမျက်နှာမှာ စိုးရိမ်ခြင်းတွေအတော်အတန် လျော့ပါးသွားပြီး

"ခုလို ထူးစစ်ကို ဂရုစိုက်ကြတဲ့အတွက် အားလုံးကို ကျွန်မကျေးဇူးတင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ကြားမှာ အမျက်ဒေါသတွေရှိခဲ့ရင်လည်း ဒီနေရာမှာပဲ ကျေအေးပေးကြပါလို့ ကျွန်မအောက်က တောင်းဆိုချင်တယ်"

"ရပါတယ် ဂုနဒီ။ ကျွန်တော်တို့တာ ကိုယ်ပိုင်အစွဲနဲ့ ကိုယ်မှန်တယ်ထင်တာကို လုပ်ခဲ့ကြတာပဲ။ အားလုံးကို ပြန်ကြည့်လိုက်ရင် ဘယ်သူမှ မှားကြသလို ဘယ်သူမှ မှန်ခဲ့ပါဘူး။ အမျက်ဒေါသဆိုတာတလည်း လူတစ်ယောက်ရဲ့ဘဝကို ပုလောင်စေပါတယ်။ ဒါကြောင့် ဂုနဒီပြောသလို ကျွန်တော်တို့အားလုံးအမျက်ဒေါသကို မေ့ပျောက်စေပြီး သူငယ်ချင်းတွေလို ခင်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ကိုလွင်ဦး။ ကျွန်မဘက်က နှင်းပွင့်ဖြူ အပါအဝင် ကိုလွင်ဦးတို့ကို သူငယ်ချင်းမိတ်ဆွေသတ်မှတ်ဖို့ အဆင်သင့်ပါပဲ"

စုနဒီစကားကြောင့် နော်တဲလယ်နဲ့ခင်သက်ရီတို့ မျက်နှာမထားတတ်အောင် ဖြစ်သွားကြတယ်။ နဂိုတည်းက သူမတို့တွေ စိတ်သဘောထား နူးညံ့ပြီး ပျော့ပျော့နေတတ်သူတွေပါ။ နှင်းပွင့်ဖြူဘက်က မခံချင်လို့သာ အချက်အလက်တွေ ထွက်ကုန်ကြတာ မဟုတ်လား။ ခုလို စုနဒီဘက်က အလျှော့ပေးလာတော့ ထွက်ထားတဲ့အချက်အလက်တွေဟာ နွေရာသီမှာ နှင်းတွေပျောက်သလို မြူတစ်မှုန်မှ မရှိတော့ပေ။

"စုနဒီ နင်ပြောတဲ့စကားကို ငါတို့ကြိုဆိုပါတယ်။ တကယ်တော့ ကိုထူးစစ်ရဲ့နှလုံးသားပိုင်ရှင်တာ နင်သာလျှင်အဖြစ်သင့်ဆုံးပါ။ ဘာကြောင့်လည်းဆိုတော့ နင်တို့နှစ်ယောက်ရဲ့ ငယ်ငယ်လေးတည်းက တွယ်ငြိလာတဲ့ သံယောဇဉ်ကို ငါတို့နားလည်လိုက်လို့ပဲ"

ခင်သက်ရီကပြောပြီး လက်ကမ်းပေးလိုက်တယ်။ သူမရဲ့လက်တာ စုနဒီလက်ထက် နှစ်ဆလောက်ရှိနေပါတယ်။ ဒါပေမယ့် စုနဒီတာ တွေဝေမှုတင်းမဲ့စွာနဲ့ ခင်သက်ရီရဲ့လက်ကို ဆုတ်ကိုင်လိုက်တယ်။ အဲဒီအချိန်မှာပဲ နော်တဲလယ်ရဲ့လက်ဖဝါးနုနုလေးတာ သူတို့ဆုတ်ကိုင်ထားတဲ့လက်နှစ်ခုအပေါ်ကို ကျရောက်လာပါတယ်။ ထို့ကြောင့် သူတို့သုံးယောက်ကြားမှာ နားလည်ခြင်းတစ်ရိုတစ်ရာ ထပ်လောင်းတည်ရှိသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


စုနန္ဒီတစ်ယောက် အိပ်မောကျနေတဲ့ ထူးစစ်မျက်နှာလေးကို စိုက်ကြည့်နေရင်းနဲ့ လွင်ဦးမပြန်ခင်ပြောသွားတဲ့ စကားလုံးတွေကိုကြားယောင်လိုက်မိတယ်။

"တကယ်တော့ ထူးစစ်တာ အရမ်းချစ်တတ်တဲ့လူတစ်
ယောက်ပါ စုနန္ဒီ၊ သူဘယ်လောက်အထိ အချစ်အတွက်
ခံစားခဲ့ရတယ်ဆိုတာ ကျွန်တော်အသိဆုံးပါ"

စုနန္ဒီခေါင်းကို ခါယမ်းလိုက်ပါတယ်။ ကိုလွင်ဦးစကားတွေက သူမရဲ့အမှားတွေကို ထောက်ပြလိုက်သလိုပဲ။ ငယ်ငယ်လေးတည်းက ဘ်ယောဇဉ်တွယ်တာလာတဲ့ လူတစ်ယောက်ရဲ့နှလုံးသားကို မရိပ်စားမိခဲ့တာကိုက ညံ့လွန်းမှန်းပေါ်လွင်နေတယ်။ စုတော့ သူမလည်း ချစ်သူကို မြတ်မြတ်နိုးနိုးနဲ့ တန်ဖိုးထားချစ်တတ်တဲ့မိန်းမတစ်ယောက် ဖြစ်နေပါပြီ။ သူမချစ်သူတာ သူမတာလွဲပြီး ဘယ်သူ့ကိုမှ မချစ်တတ်တဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်၊ တကယ်လို့သာ သူမတို့နှစ်ယောက်ကြားကို နှင်းပွင့်ဖြူဝင်မလာခဲ့ရင် စုလိုနင့်နင့်သီးသီးချစ်တတ်အုံးမှာ မဟုတ်သေးပေ။ နှင်းပွင့်ဖြူကြောင့်သာ ငုတ်လျှိုးနေတဲ့ သူမရဲ့အချစ်တာ လှိုင်းပုတ်ပါများလို့ ပြိုကျတဲ့ကမ်းပါးနဲ့ တူနေပါတယ်။ နှင်းပွင့်ဖြူဆိုတဲ့ လှိုင်းလေးသာ သူမရဲ့မာနကမ်းပါးကို လာမပုတ်ခဲ့လျှင် ထုထည်ကြီးမားစွာတည်ရှိနေတဲ့ မာန် မာနတွေကြောင့် အချစ်ဆိုတဲ့အရာ သိသိသာသာပေါ်လာအုံးမှာ မဟုတ်ပေ။

"ကျွန်တော်တို့ကို ဖြန်ခွင့်ပြုပါအုံး စုနန္ဒီ၊ ထူးစစ်နားမှာ
စုနန္ဒီရှိနေရင် အရာအားလုံးပြီးပြည့်စုံသွားသလိုပါပဲ"

ဒါ ကိုလွင်ဦးနောက်ဆုံးပြောသွားတဲ့စကားပါ။ သူမတာ ထူးစစ်အတွက်အဲဒီလောက် အရေးပါတဲ့လူတစ်ယောက်ဖြစ်မှန်း အစကတည်းကလို့ မသိခဲ့တာပါလိမ့်၊ အိပ်မောကျနေတဲ့ ထူးစစ်မျက်နှာလေးကို စိုက်ကြည့်တော့ သနားစရာကောင်းလောက်အောင် အပြစ်ကင်းစင်နေပါတယ်။ ထို့ကြောင့် ပါးပြင်လေးကို ညင်သာစွာပွတ်သပ်လိုက်မိတယ်။

"အင့်"

ထူးစစ်ဆီက ခပ်တိုးတိုးထွက်ပေါ်လာတဲ့ အသံပါ။ နူးညံ့တဲ့အထိအတွေ့

www.burmeseclassic.com



ကြောင့် ထူးစစ်တစ်ယောက်ချက်လုံးကို ဆတ်ခနဲဖွင့်လိုက်တယ်။ အဲဒီမှာ အံ့ဩစရာကောင်းတဲ့မြင်ကွင်းက သူ့ကိုဆီးကြိုနေပါတယ်။

"တင်"

ပထမတော့ သူ့အမြင်မှားသလားလို့ ထင်မိတယ်။ မျက်လုံးကို ဆတ်ခနဲ မှိတ်ပြီး ချက်ချင်းပြန်ဖွင့်ကြည့်လိုက်တဲ့အခါမှာတော့ အမြင်မှားတာ မဟုတ်မှန်း သိရှိလိုက်ပါတယ်။

"စုနန္ဒ နင် ဇို့ဆီလာတယ်နော်"

ထူးစစ်အသံမှာ အံ့ဩခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးခြင်းတွေ ပါနေတယ်။ အချစ်ကို အပြီးအပိုင်ဆုံးရှုံးရပြီလို့ထင်တဲ့ လူတစ်ယောက်အတွက်တော့ မျှော်လင့်ချက်တွေ ပြန်ပြီးတောက်ရလိုက်သလိုပါပဲ။

"နင်သိပ်အံ့ဩသွားလား တင်။ မအံ့ဩပါနဲ့ ထူးစစ်ရယ်၊ နင်တာ ဇို့အတွက်အများကြီး ပေးဆပ်ခဲ့ပြီးပါပြီ၊ ဒါကြောင့် နင့်ကို ပြန်ပြီးပေးဆပ်ဖို့ ဇီလာခဲ့ပါတယ်"

ဒီစကားကို စုနန္ဒကအပြုံးနဲ့ ပြောလိုက်တာပါ။ ထိုအပြုံးမှာ ဝတ်၊ ဆန္ဒတွေ ကင်းစင်တဲ့အတွက် သန့်ရှင်းတောက်ပြောင်နေတယ်။

"နင်တကယ်ပြောတာလား စုနန္ဒ၊ ဇီနဲ့နှင်းပွင့်ဖြူ ချစ်သူတွေ မဟုတ်ဘူးဆိုတာ နင်သိပြီပေါ့"

"ဇီအားလုံးကို သိသွားပါပြီ ထူးစစ်၊ ဇါတ်ပုံကိစ္စတလည်း နင်တောင်းချောက်ဆင်ခံလိုက်ရတာပါ"

"တင်. . .ဒါတွေကို နင်ဘယ်လိုလုပ်သိလဲ"

"နှင်းပွင့်ဖြူကိုယ်တိုင် ဇို့ဆီလာပြီး ရှင်းပြတာလေ"

ထူးစစ်မျက်ဝန်းထဲမှာ နှင်းပွင့်ဖြူရဲ့မျက်နှာ ဖျတ်ခနဲပေါ်လာပြီး

"သူတို့ ဒီလိုဘာဖြစ်လို့လုပ်တာလဲ မသိဘူးနော်။ ဇီတာ နှင်းပွင့်ဖြူကို စိတ်သဘောထားဖြူစင်ရိုးသားတဲ့လူတစ်ယောက်လို့ထင်မိတာ ခုတော့ ဇို့ရဲ့အထင်တွေ မှားသွားပြီ"

"အားလုံးကိုမေ့လိုက်ပါတော့ ထူးစစ်ရယ်၊ ခုလည်း သူ့ရဲ့လုပ်ရပ်တွေမှာ မှားမှန်းသိလို့ ဇို့ဆီလာပြီး အဖြစ်မှန်ကို ဝန်ခံတာပေါ့။ တကယ်တော့ နှင်းပွင့်ဖြူဟာ စိတ်သဘော မြင့်မြတ်ဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ပါ။ ဇို့ကို အမိုက်လိုချင်တဲ့စိတ်ကြောင့်သာ တချားနာတစ်တောင်လို ဦးနှောက် ရာလျှောက်လုပ်နေတာ။ သူ့နေရာမှာ ဇီဆိုလည်း အဲဒီ

www.burmeseclassic.com



ထက်စေတာ လုပ်မိမှာပဲ။ ဘာကြောင့်လည်းဆိုတော့ ငါ့ရဲ့အတွ ဆန့်တဲ့တစ်ဇက်သတ်အမြင်တွေအောက်မှာ သူထား အရှုံ ခွဲခံလိုက်ရလို့ အဲဒီအတွက် ငါတောင်းပန်ပြီးပြီ ထူးစစ်၊ ခုဆို နှင်းပွင့်ဖြူတို့ဆုပ်စုနဲ့ ငါ့ကြားမှာ ဘာအပြီးအစေတာမှ မရှိတော့ဘူး”

“နှင့်စကားတွေကြားရတာ ဝမ်းသာပါတယ် ခုနှီး၊ နှင်းပွင့်ဖြူနဲ့လွင်ဦးကြောင့် နင်နဲ့ငါ ရင်တွဲ ကွဲရမယ့်အခြေ အနေဖြစ်သွားခဲ့ပါတယ်၊ ဒါပေမယ့် သူတို့ကြောင့်ပဲ ငါတို့ နှစ်ယောက် ပြန်ဆုံခဲ့တယ်၊ ဒီတော့ နင့်ကို ငါမရှုံတယ်၊ ငါသူတို့ကို မုန်းရမလား၊ မမုန်းရဘူးလား၊ နင့်စကား အတိုင်း ငါလိုက်နာမှာပါ”

“အို.. ဘာလို့မုန်းရမှာလဲ ထူးစစ်ရယ်၊ ခုဆို ငါတို့အား လုံးဟာ သူငယ်ချင်းတွေဖြစ်သွားကြပြီလေ၊ အချိန်တန်ရင် ကိုယ့်အိမ်ကိုယ်ပြန်ရမှာပဲဟာ၊ တွေ့ဆုံတုန်းမှာ ပျော်ပျော် ပါးပါးနေကြတာပေါ့၊ ငါလည်း အရင်လို မာနမကြီးတော့ဘူး၊ နှင်လည်း ဒီနေ့ကစပြီး အရက်လုံးဝမသောက်နဲ့တော့”

“ဗိတ်ချပါ ခုနှီး၊ ငါဟာ နင့်ရဲ့စကားကို မြေဝယ်မကျ နားထောင်ပါ့မယ်လို့ ကတိပေးပါတယ်၊”

“ဒီစကားကြားရတာ ဝမ်းသာပါတယ် ထူးစစ် အခု နင်ဒဏ်ရာဘယ်လိုနေသေးလဲ၊ အဲဒီလူသုံးယောက် ဘယ်သူတွေလဲ”

“နင့်ကြောင့် ငါနဲ့ရန်ဖြစ်တဲ့ကောင်တွေလေ မှတ်မိလား၊ ငါအရက်သောက်ပြီး ပြန်အထွက်လာမှာ ပိုင်ပြီဆိုပြီး ငါ့နဲ့ အလစ်ချောင်းထိုးတာ၊ တော်သေးတာပေါ့၊ ငါအရှောင်မြန် လို့ နည်းနည်းလေးပဲ ထိသွားတာ”

“နင်သိပ်နာသွားလားဟင်၊ ငါတကယ်စိတ်မကောင်းပါဘူး”

“ဒီလောက်တော့ ငါမမှုပါဘူးဟာ၊ နင်နဲ့ပတ်သက်လာရင် ငါဟာ အသက်ကိုတောင်စွန့်ဖို့ ဝန်မလေးတာပဲ”

“အို. . .ထူးစစ်ရယ်၊ အဲဒီလောက်အထိ ငါ့ကိုချစ်သလဲ လား”

“ချစ်တာပေါ့ ခုနှီးရယ်၊ ငါ့ဘဝမှာ နင့်ကိုသာအရှုံးဆုံးပါ”



www.burmeseclassic.com

www.burmeseclassic.com



“ယုံပါတယ်တာ။ နင့်ရဲ့ချစ်တတ်တဲ့နှလုံးသားဟာ ငါ့အတွက်ပဲဆိုတာ အကြွင်းမဲ့ယုံကြည်လိုက်ပါပြီ”

“ဝမ်းသာလိုက်တာ ဇုနဒီရယ်”

ထူးစစ်အထ်ရာကို မေ့လျော့တာ ဇုနဒီရဲ့လက်ဖဝါးနုနုကို ဆုတ်ကိုင်လိုက်ပါတယ်။

“ဇုနဒီ”

“ပြောလေ ထူးစစ်”

“ကျောင်းပြီးရင် နင့်ကို ငါလက်ထပ်ချင်တယ်။ တစ်သက်လုံး နင့်ရဲ့အစိမ့်အသားမှာ ငါ့ဘဝကို ပေးအပ်ချင်တယ်။ နင့်အတွက် ငါတကြိုးစွဲရတာတဲ့ ရှစ်သေးရှစ်တစေးကြွစ်ရင်တောင် တွေ့နစ်နေမှာပါ”

“အဲဒီလောက်အထိမလိုပါဘူး ထူးစစ်ရယ်။ ငါတာ မိန်းမသားတစ်ယောက်ပီသစွာနဲ့ နင့်ရဲ့အရိပ်အောက်မှာပဲ ခိုလှုံမှာပါ။ နင်တသာ ငါ့ကို သက်ဆုံးတိုင်အထိ သစ္စာရှိနိုင်ပါစေ”

“စိတ်ချပါ ဇုနဒီ။ ငါ့ဘဝတာလည်းနင်၊ ငါ့အသက်တလည်းနင်၊ ငါ့နှလုံးသားတလည်း နင်ပါပဲ”

ဇုနဒီကြည်နူးစွာပြုံးလိုက်ပါတယ်။ သူမဟာ ကမ္ဘာပေါ်မှာ အချစ်တတ်ဆုံးသော ယောကျ်ားတစ်ယောက်ကို ရရှိလိုက်ပါပြီ။ အဲဒီအတွက် သူမကိုယ်သူမ အမြဲတမ်းတွေ့နစ်နေမှာပါ။ တကယ်တော့ သူတို့နှစ်ယောက်တာ နီးကျော်ခဲ့ဝေးခဲ့ကြပြီး ဝေးပြီးမှ ပြန်နီးရတဲ့ ကမ္ဘာသိုလ်ဆဲမြေပေါ်မှ သိပ်ချစ်ကြတဲ့ချစ်သူတွေ ဖြစ်သွားကြပါပြီ။

ခုတော့ နှစ်ဦးစလုံးရဲ့ရင်ထဲမှာ ချစ်ခြင်းရဲ့ ရင်ခုန်သံစည်းချက်တွေ ရုန်းထွက်ပေါ်နေပါတယ်။ ထိုရင်ခုန်သံစည်းချက်တွေနဲ့အတူ မကြာခင်မှာ ယုံကြည်မှု နားလည်မှုတွေနဲ့ တည်ဆောက်ထားတဲ့လှပသောအချစ်ဗိမာန်လေးကို ဖန်ဆင်းနိုင်တော့မှာပါ။

ဒါကို ရင့်ကျက်တည်ငြိမ်ပြီး မိခင်တစ်ယောက်မေတ္တာလို ထုထည်နှင့်ပြည့်စုံလွန်းတဲ့ ကမ္ဘာသိုလ်မြေကြီးကတော့ အံ့ဩမယ်မထင်ပေ။

ဘာကြောင့်လဲဆိုတော့

အချစ်ဆိုတာ အရာရာကို လှုပ်ခပ်ဖန်တီးနိုင်တဲ့စွမ်းအားရှိမှန်း ကမ္ဘာသိုလ်မြေကြီးက သိရှိနေလို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

# နောက် ၂၂ နှစ်ခန့်အကြာ

www.burmeseclassic.com

www.burmeseclassic.com



❋ ❋ ❋

"အူဝဲ အူဝဲ. . ."

ပုခက်အတွင်းမှ သမီးလေးငိုသံကြောင့် ထူးစစ်ယောက်ျားတာဝန်ထမ်း လုပ်နေရင်း အိပ်ရေးတို့ အမြေးကလေးထွက်လာခဲ့တယ်။ ဒီသမီးလေးဟာ သူ့နဲ့စုနှင်းလက်ထပ်ပြီးလို့ ပထမဆုံးထုတ်လုပ်လိုက်တဲ့ မျိုးဆက်သစ်လေးပဲ။ အဖေတူလို့လား မသိဘူး။ ချောလိုက်တာ စက်စက်တိုယိုလို့။

"အူဝဲ အူဝဲ. . ."

"အူဝဲ အူဝဲ. . ."

သမီးလေးက အဆက်မပြတ်ငိုနေတုန်း။ ဒီလောက်ငိုနေတာကို စုနှင်း ဘာကြောင့်မကြားပါလိမ့်။ ဒီမိန်းမကတော့လား. . .တင်း. . .

ထူးစစ်စိတ်ထဲကနေ အပြတ်ကြိမ်းဝါးပြီး သမီးလေးကို ကောက်ယူ ပွေ့ချီချော့လိုက်တယ်။ အနုခေတ်စားနေတဲ့ တစ်တောင့်သီချင်းနဲ့ပဲ။ ဒါကြောင့် သမီးလေးဟာ ကြောင်တောင်တော်နဲ့ အငိုရပ်သွားတယ်။ ထို့နောက် ဘာတို သဘောကျသွားလဲ မသိဘူး။ ပါးစပ်လေးဖြဲကာ ရယ်နေတော့တယ်။

"အံမယ်. . .သမီးလေးက တစ်တောင့်သီချင်းကြိုက်တယ် ပေါ့။ အေး. . .အေး ဖေကြီးထပ်ဆိုပြမယ်။ သေချာနား ထောင်နော်"

သူပြောမှ သမီးလေးပါးစပ်က အရည်တွေကျလာတယ်။ အင်း သဘောကျ တယ်ဆိုတာ ဒါကိုပြောတာဖြစ်မယ်။ ထို့နောက်စိတ်ထဲရှိတဲ့ ခံစားချက်ကို တစ်တောင့်သီချင်းလုပ်လိုက်တယ်။

"ဖိန့်. . .ဖိန့်. . .ခြောက်. . .ခြောက်. . .အဖေဖျောက်"

"ဖိန့်. . .ဖိန့်. . .ခြောက်. . .ခြောက်. . .အဖေဖျောက်"

"တော့. . .အဖေပြောမယ်နားထောင်ပါ. . .ဖိန့်ခြောက်ခြောက် နဲ့သမီးအဖေ နောက်လင်နဲ့လျှောက်လည်နေ"

"ဘာပြောတယ်"

"အမယ်လေး"

မိုးကြိုးပစ်ချလိုက်သလား ထင်ရတဲ့အသံကြောင့် ညိုနေတဲ့သီချင်းရပ်

www.burmeseclassic.com



သွားတယ်။ ဆတ်ခနဲလှည့်ကြည့်လိုက်တော့ ဒေါသတွေနဲ့ ပြည့်လျှံနေတဲ့ ရုနှီရဲ့မျက်နှာ။

"ထူးစစ် ခုနက နင်ဘာစကားပြောတာလဲ"

"ငါဘာပြောလို့လဲတာ"

"လိမ်တယ်ပေါ့ ဟုတ်လား။ ငါအတုန်ကြားတယ်"

"ဘယ်လိုလဲ ကြိုက်လား"

"ဘာ"

"ငါသီချင်းဆိုတဲ့အသံကိုပြောတာ။ ပရိသတ်တစ်ဦးအနေနဲ့ ဝေဖန်ပေးစမ်းပါ"

"ဘာသီချင်းလဲ။ သမီးလေးကို ငါ့မတောင်းကြောင်းတွေ အတင်းပြောနေတာ မဟုတ်လား"

"နင်တာလည်းတော်။ ငါက သမီးရိုလို့ သီချင်းဆိုပြနေတာပါ"

"မလိမ်နဲ့၊ ငါ့အကြောင်းအတင်းပြောနေတာ"

"သီချင်းဆိုနေတာပါဆို"

"အတင်းပြောတာ"

"သီချင်းဆိုတာ"

"အတင်းပြောတာ"

"သီချင်းဆိုတာ"

BURMESE CLASSIC

"ဒီမှာ ထူးစစ်"

"ဘာလဲတင်"

"နင်တာတယ် သီချင်းဆိုတာလား"

"မလိမ်ဘူး တာတယ်"

"ဒါဆို တီးလုံးသံ ဘယ်မှာလဲ"

"တင်"

"ငါနားထောင်ရတဲ့ သီချင်းတိုင်းမှာ နောက်ခံတီးလုံး ရှိတယ်"

"ဒါ. . .တ. . .တော့. . .တာ"

သူဘာဆက်ပြောရမလဲလို့ စဉ်းစားနေချိန်မှာ သမီးလေးရဲ့ငိုသံထွက် ပေါ်လာတယ်။

"အုဝဲ အုဝဲ. . ."

"အုဝဲ အုဝဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



သူခေါင်းထဲမှာ ဖျတ်ခနဲအကြံရလိုက်တယ်။

"အဲဒီမှာတီးလုံးသံတွေလား။ သမီးလေးက စုမှသတိရလို့ ထတီးတာ ဆက်တီးလိုက်စမ်း သမီးလေး"

"အုဝဲ အုဝဲ. . ."

"အုဝဲ အုဝဲ. . ."

"တုတ်ပြီတွ"

သူအားရဝမ်းသာနဲ့

"ပိန်. . .အုဝဲ. . ."

"ပိန်. . .အုဝဲ. . ."

"ခြောက်. . .အုဝဲ. . ."

"ခြောက်. . .အုဝဲ. . ."

"သူ့အမေပျောက်. . .အုဝဲ. . .အုဝဲ. . ."

"တော့. . .အုဝဲ. . ."

"အဖေပြောတာနားထောင်ပါ. . .အုဝဲ. . .အုဝဲ. . .အုဝဲ"

"ပိန်ခြောက်ခြောက်နဲ့သမီးအမေ. . .အုဝဲ. . .အုဝဲ. . . အုဝဲ"

"နောက်လင်နဲ့လျှောက်လို့လည်း. . .အုဝဲ. . .အုဝဲ. . . အုဝဲ"

စုနဒီစိတ်မထိန်းနိုင်တော့ပါ။ ထို့ကြောင့် သမီးလေးကို တွေ့တဲ့ထမင်းချိန်းတာနဲ့ထုးစစ်ခေါင်းကို ခေါက်လိုက်တယ်။

"ဂွမ်း ဂွမ်း ဂွမ်း"

"အား လား လား"

ထို့ကြောင့် ထုးစစ်လည်း ခေါင်းလေးကိုပွတ်တာ စုနဒီမျက်နှာကို ဒေးကြည့်လိုက်တယ်။

အင်း. . .ဒီမျက်နှာပေါက်မျိုးက အမျိုးတုန်းကဆို တော်တော်ချောမှာပဲ။

ရိုးသားစွာ

ကြိုးစားလျက်

နေခ

www.burmeseclassic.com